
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မျိုးကိုမျိုး
# ဆယ်မျက်နှာပုံပြင်


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၁၂၈၆/၂၀၀၄ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၀၀၂၀၅၀၁ |
| | - | ၂၀၀၅ - ခုနှစ် မေလ ပထမ အကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀/- |
| ထုတ်ဝေသူ | - | ဒေါ်ကေခိုင်ဦး (မြဲ - ၀၃၇၆၉) ရွှေသမင်စာပေ ၃၇၊၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံး ပုံနှိပ်သူ | - | ဦးကျော်ဇင် (မြဲ - ၀၄၂၂၉) ခိုင်ရည်မွန်ပုံနှိပ်တိုက်၊ စ၁၊ဗိုလ်ချို ပုဇွန်တောင်မြို့နယ်။ |


ရွှေသမင်စာပေ၏ စီစဉ်တင်ဆက်မှု

# မျိုးကိုမျိုး

## ဆယ်မျက်နှာပုံပြင်

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

“ဟိုက် . . ပြဿနာပဲ”

အအေးအတူထိုင်သောက်ရင်း စကားပြောနေရာမှ ရုတ်တရက်ပေါ်လာသော ကျွန်တော့် ရေရွတ်သံကြောင့် ဘရက်ဏီ စိုးရိမ်းမကင်းသော လေသံဖြင့်

“ဟင် ဘာဖြစ်လို့လဲ မောင်”

ဟု မေးသည်ကို ပြန်မဖြေသေးဘဲ ကျွန်တော် ဆက်လက်ရေရွတ်မြဲ ရေရွတ်လျက် ကျွန်တော့် စိုးရိမ် ရေမှတ် ရောက်ရှိမှုကို ခိုင်မာစေလိုက်သည်။

“ဒုက္ခပါပဲ ပြဿနာမှ တကယ့် ပြဿနာပါပဲ”

“နေရင်း ထိုင်ရင်း ဘာပြဿနာတွေ ကြုံနေရလို့လဲ ပြောစမ်းပါဦး မောင်ရဲ့”



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဘရဏီလည်း သူမ မေးနေသည်ကို မဖြေဘဲ တစ်နေရာဆီသို့သာ မျက်လုံးပြူးလျက် အပြုံးဖြင့်သာ ကြည့်နေသော ကျွန်တော့်အမူအရာကို သတိထားမိလျက် သူမ,ပါ ကျွန်တော် လိုက်ကြည့်နေရာဆီသို့ ကြည့်လေသည်။

ဆုမြတ်ဝတီ . .

ဟုတ်ပါသည် ထက်အောက်အနီရောင် အဝတ်အစားတို့ လိုက်ဖက်ညီစွာ ဝတ်ဆင်ထားသော ဆုမြတ်ဝတီဆိုသည့် မိန်းမချောလေးသည် ကျွန်တော်ရှိရာဆီသို့ ဒေါသတို ထမ်းပိုးလို့ လှမ်းလာနေပါပြီ။

ဘရဏီလည်း အခြေအနေကို ရိပ်စားမိဟန်ဖြင့် တားစင်တင်လိုသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို စေ့စေ့စပ်စပ် ကြည့်ပါသည်။ ထို့နောက် အနီရောင် ဖက်ရှင်မလေးကို ခပ်စူးစူး ကြည့်လိုက်ပြန်သည်။ ပြီးမှ . .

"မောင် . . ဟိုကောင်မလေးကိုတွေ့တာနဲ့ ဘာကြောင့် ထိတ်လန့်တကြား ဖြစ်သွားရတာလဲ . . ကျွန်မ မသိအောင် ဘာတွေများ ရှုပ်ထားလို့လဲ ပြောစမ်းပါဦး"

"ဟာ . . ဘရဏီကလည်း . . အဲဒီကောင်မလေးက ယဉ်ယဉ်လေးနဲ့ ရှုးနေတာ"

"ဘာရယ်"





"မောင့်ကို အတိတ်ဘဝက သူ့ချစ်သူပါဆိုပြီး မောင်သွားရာနောက် တကောက်ကောက် လိုက်နေတာ"

"ဟင် ဒုက္ခပဲ . . အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"တိစ္ဆမရှိဘူး . . သူ ဒီကိုရောက်လာရင်သာ ကြည့်ပြီး ဖော်လိုလိုက်ပေးလိုက် . . အခုကျမှ ရှောင်ပြေးရင်လည်း ပိုပြီး ရှုပ်ကုန်မှာ စိုးရတယ်"

"ဖြစ် . . ဖြစ်ပါ့မလား မောင်ရယ်"

"ဖြစ်ပါတယ် . . အရေးကြီးတာက သူ့ကို ပြေပြေလည်လည် ဆက်ဆံတတ်ဖို့ပဲလိုတယ်"

ကျွန်တော်လည်း စကားဆုံးသည်နှင့် နေရာမှ ထ,လိုက်သည်။

"မောင် ဘယ်သွားမလို့လဲ"

ဟု စိုးရိမ်တကြီး မေးသော ဘရဏီကို ကျွန်တော် မျက်စိတစ်ဖက်မှိတ်ပြပြီး

"မောင်က သူ့ကို အရေးတယူ ပြုတန်နဲ့ သွားကြိုရမယ်လေ၊ အမလေး နို့မို့ဆို မလွယ်ဘူးသာမှတ်"

ဟု စကားပြန်ပြီး ဆုမြတ်ဝတီဆီ ကျွန်တော် ခပ်သွပ်သွပ် လှမ်းသွားလိုက်သည်။ ဆုမြတ်ဝတီကလည်း သူ့ရှေ့ ရောက်လာသော ကျွန်တော့်ကို ရန်လိုစွာကြည့်ပြီး-



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ကိုကို . , ကိုကိုနဲ့အတူ ထိုင်နေတဲ့ မိန်းမက ဘယ်ကလဲ ဘယ်သူလဲ မှန်မှန်ပြောစမ်း"

ဟု တရားခံမေး မေးသဖြင့် ကျွန်တော် လက်ညှိုးတစ်ချောင်းကို နှုတ်ခမ်းကပ်ပြီး မျက်ခုံးနှစ်ဖက်ပါပင့်လျှက်

"ရှူး တိုးတိုး . . တိုးတိုး"

ဟူ၍ အံရေးတကြီး သတိပေးလိုက်သည့်အတွက် ဆုမြတ်ဝတီလည်း ကြောင်သွားရသည်၊ ကျွန်တော်က ဆုမြတ်ဝတီကို ပိုပြီး အလေးဂရုပြုရလေအောင် ခေါင်းလေးပါ မသိမသာ ခါယမ်း ပြလိုက်သေးသည်၊

ဆုမြတ်ဝတီလည်း ဘာမှန်းမသိဘဲ ခေါင်းလေး မသိမသာ ပြန်ညိတ်ပြ၏၊ ထို့နောက် ကျွန်တော့် အနားကပ်ပြီး လေသံဖြင့်

"ဘာ ဘာဖြစ်လို့လဲ ကိုကို"

ဟု ခပ်တိုးတိုး မေး၏၊ ကျွန်တော်လည်း ဘုရားရှိရာ နောက်ကျောဘက်ဆီတစ်ချက်လှမ်းကြည့်လိုက်သေး၏၊ ပြီးမှ

"အဲဒီ အမျိုးသမီးက ယဉ်ယဉ်လေးနဲ့ ရှူးနေတာ ဝတီရဲ့"

"ရှင် . . ဟုတ် . . ဟုတ်လို့လား"

"ရှူး တိုးတိုး ပြောလေ ကြားသွားဦးမယ်"

ကျွန်တော် သတိပေးသဖြင့် ဆုမြတ်ဝတီ ဇက်ကလေး ပုဝင်သွားသည်၊





"တိုကျိုကို အတိတ်ဘဝက သူချစ်သူပါဆိုပြီး ကိုကိုသွားလေရာ တစ်ကောက်ကောက် လိုက်နေတာ"

"ဟယ်တော့ ဟင် ဒုက္ခပါပဲ၊ အဲဒါကို ဘယ်လို လုပ်ကြမလဲ"

"အဲဒါကြောင့် ကိုကိုက သူ့ကို ခဏစောင့်ဆိုပြီး ချော့မော့ထားခဲ့ပြီး ဝတီကို ပြေးပြောတာပေါ့ . . . တော်ကြာ ဝတီက အရင်ရောက်လာပြီး ဘာမသိ ညာမသိနဲ့ စွတ်တောနေရင် ပြဿနာတွေက ကွန်တိန်နာ ခြောက်စီးနဲ့ တိုက်တာတောင် ကုန်မှာမဟုတ်ဘူး တတ်လိုက်မယ့်ဖြစ်ခြင်းဆိုတာ"

"ဟုတ်ပါရဲ့ ကိုကို . . ဝတီ့ကို မြင်လိုက်လို့သာပေါ့ . . ဟူး တော်ပါသေးရဲ့"

ဝတီလည်း ယခုမှ ကြောက်ရကောင်းမှန်းသိတာ၊ ကျွန်တော့်ကိုတွယ်ပြီး ဘုရားကို ခိုးကြည့်၏၊ ထို့နောက် လေသံနှိမ့်လျှက်

"သူ့ရုပ် သူ့ရည်လေးနဲ့ အဲလိုကြီး ဂေါက်နေတယ်ဆိုတော့ သနားတော့ သနားစရာပဲနော် ကိုကို"

"ဘယ်တတ်နိုင်ပါ့မလဲ ဝတီရယ်၊ အတိတ်ဘဝက သူ့ရဲ့ တုသိုလ်တံပေါ့"

"အင်းပေါ့နော် . . ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မပြောရင် သူဝေါက်နေတယ်ဆိုတာ ဝတီလည်း သိမှာ မဟုတ်ဘူး"

"ဩော် ယဉ်ယဉ်လေး ရှုနေတာပါဆိုမှတော့ အကြောင်း သိတွေတလွဲလို့ ဘယ်သူက ရိပ်မိမှာတဲ့လဲ၊ တဲကဲ . . ကိုကို တို့ ဒီလို စကားအကြာကြီး ရပ်ပြောနေလို့ မကောင်းဘူး၊ တော်ကြာ သူစိတ်ဆိုးပြီး ပြဿနာ ရှာနေဦးမယ်"

"ဟင် အဲဒါဆို လာလေ ထွက်ပြေးကြရအောင် မြန်မြန်"

"ဟာ . . မလုပ်နဲ့ ပိုရှုပ်ကုန်မယ် . . သူက အပြေးချန် ပီယံ မာမာမင်းနဲ့တောင် ပြိုင်ပြေးဖူးတယ်တဲ့ သူက အပြေး သိပ်တော်တာ"

"ဟင် . . ဟုတ်လား . . ဘယ်သူနိုင်သွားလဲ"

"သူ နိုင်တာပေါ့"

"ဟယ်တော့ အဲဒါဆို ဝတီတို့ ပြေးလည်း သူက ခဏလေး နဲ့ မိသွားမှာပဲနော် . . ဘယ်လို လုပ်ရမလဲ မသိဘူး စိတ်ညစ် လိုက်တာ"

"ဘာမှ စိတ်ညစ်မနေနဲ့ . . လာ ကိုကိုနဲ့သာလိုက်ခဲ့ သူ့ဆီ ပြန်သွားရအောင်"

"ဖြစ် . . ဖြစ်ပါ့မလား ကိုကိုရယ်"

ဆုမြတ်ဝတီ စိုးရိမ်ကြောင့်ကြဟန်ဖြင့် ဘရဏီကို လှမ်း





ကြည့်ပြန်သည်။

ထိုအချိန်မှ ဘရဏီကလည်း ကျွန်တော်နှင့် ဆုမြတ်ဝတီ စကားပြောတာ အဆင်ပြေပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့် လည်တလေး ဆန့်လို့ လှမ်းကြည့်သည်ဖြစ်ရာ အကြည့်ချင်း ဆုံပြီး တစ်ယောက်ကိုတစ်ယောက် ရှိန်ပြီး ဇက်ကလေးတွေ ပုသွားကြသည်။

"သူ . . သူ . . ဝတီကို ကြည့်နေတယ်သိလား . . ဘာလုပ်မလို့လဲ မသိဘူး"

ဆုမြတ်ဝတီ လေသံနှိမ့်ပြီး စိုးရိမ်စကားဆိုသဖြင့် ကျွန်တော်က . .

"ဘာမှ မလုပ်ပါဘူး၊ ကိုကိုတို့ စကားပြောနေတာ ကြာနေလို့နေမှာပေါ့ လာပါ . . သွားကြရအောင်"

"နေ . . နေပါစေ ကိုကိုသာသာ သွားတော့နော် ဝတီ မလိုက်တော့ဘူး"

"ဩော် ဝတီမလိုက်လို့ ဘယ်ဖြစ်မလဲ၊ ဝတီမလိုက်ဘဲ ကိုကိုတစ်ယောက်တည်း သူ့ဆီပြန်သွားရင် ကိုကို့ကို မရိုးသား ဘူးထင်ပြီး ထပြီး ကျိုင်ရှာနေမှ ဒုက္ခလှလှ တွေ့နေဦးမယ်"

"အင်းနော် ဒါလည်း ဟုတ်တာပဲ"

"ဟုတ်တယ်ဆိုရင်လည်း ဘာမှ ပြောမနေနဲ့တော့ သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်"

"တော်ကြာ ဝတီတို့ကို စိတ်ဖောက်ပြီး ဖန်ခွက်နဲ့ ကောက်ပေါက်တာတို့ ထိုင်ခုံနဲ့ လိုက်ရိုက်တာတို့ လုပ်နေလို့ ပြေးပေါက်မှားနေဦးမယ်နော် ကိုကို"

"ကိစ္စမရှိပါဘူး . . သူက ယဉ်ယဉ်လေးဆိုတော့ မလိုအပ်ဘဲ မကြမ်းတတ်ပါဘူး . . အရေးကြီးတာက သူနဲ့ အလိုက်အထိုက် ပြောဆိုဆက်ဆံတတ်ရင် ပြီးတာပါပဲ ဒါဆို ဘာပြဿနာမှ တက်ဖို့ မရှိပါဘူး ဟုတ်ပြီလား . . တဲ လာလာ သွားကြရအောင်"

ကျွန်တော် ဆုမြတ်ဝတီကို စိတ်မပူဖို့ သဘောပေါက်အောင် ပြောဆိုပြီးနောက် ဆုမြတ်ဝတီလက်ကို ဆုပ်ကိုင်ပြီး ဦးဆောင်လျှောက်လှမ်းလိုက်သည်။

ဆုမြတ်ဝတီက ဘရဏီ အမြင်မကြည်ဖြစ်ပြီး ပွဲကြမ်းမှာ ကြောက်လို့ထင့်။ လက်ကို မသိမသာ ရုန်းဖယ်သဖြင့် ကျွန်တော် အလိုက်တသိ လွှတ်ပေးလိုက်ရင်း ကြိတ်ပြုံးမိသည်။

ယခင်ကဆိုလျှင် သွားလေရာ သူ့လက်ကို ဆုပ်ကိုင်ထားမှ ကျေနပ်တတ်လေသူ လက်ချင်းချိတ်ပြီးမှ စကားပြောတတ်သူ။

ယခုတော့လည်း ကြောက်တတ်လိုက်တာ လွန်ပါရော လား ဆုမြတ်ဝတီရယ်။





ကျွန်တော်နှင့်အတူ ဆုမြတ်ဝတီ ပါလာတာလည်း မြင်ရော ဘရဏီ ချောင်ပိတ်မိနေသည့် တောကောင်လို တုန်လှုပ်ပြီး ဖျာယာခတ်နေတော့သည်။ တစ်စက်တစ်လေမှ မကျန်တော့သည့် အအေးခွက်ထဲသို့ ပိုက်ဖြင့် အတင်း စုပ်သောက်နေသည်ကို တွေ့ရသည်။

ကျွန်တော်လည်း ဆုမြတ်ဝတီကို ကျွန်တော်တစ်ဖက်ဘေးရှိ ခုံတွင် ထိုင်ရန် ညွှန်ပြပြီး ကျွန်တော်ကိုယ်တိုင်လည်း ထိုင်လက်စခုံမှာ ဆက်ပြီး ဝင်ထိုင်လိုက်သည်။

"ဘရဏီ"

"ရှင်"

ဘရဏီလည်း ကျွန်တော် ခေါ်သံကြောင့် ထိတ်လန့်တကြား ထူးပြီး မော့ကြည့်သည်။ တစ်ဆက်တည်းမှာပင် ဆုမြတ်ဝတီကို မကြည့်ရဲ ကြည့်ရဲ ကြည့်သည်။

ဆုမြတ်ဝတီကလည်း ဘရဏီကို ကြောတ်စိတ်စွက်ကာ အတဲခတ်ကြည့်သည်။ သို့ရာတွင် ပါးစပ်က အအေးသောက်သည့် ပလတ်စတစ်ပိုက်က တန်းလန်းကြီးပါလာသဖြင့် ဆုမြတ်ဝတီ ရယ်မိလေသည်။ ကျွန်တော် ပြောတာ မှန်နေပြီမှန်းလည်း ဆုမြတ်ဝတီ သဘောပေါက်သွားသည်။

"ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်း မပြောရသေးဘဲ ဆုမြတ်ဝတီက အသာ လွှတ်ကြီး ရယ်သဖြင့် ဘရဏီလည်း သေချာပေါက် အရှုံးနဲ့ တော့ တည့်တည့်တိုးပြီဟု ထိတ်လန့်လျက် 'ဟိုက်'ဟု ရေရွတ်မိ သည်။ သို့သော် ရေရွတ်သံက ထွက်မလာဘဲ ပါးစပ်မှ တန်း လန်းဖြစ်နေသော ပိုက်တ အအေးခွက်ထဲ ပြန်ပြုတ်ကျသွား သည်။

သည်တစ်ခါတော့ ဆုမြတ်ဝတီ မရယ်ဝံ့တော့ဘဲ ကျွန်တော့်ကို အားကိုးအားထား လှမ်းကြည့်သည်။ ဘရဏီ မျက်နှာက အနည်းငယ် တင်းမာနေသည်ဟု ဆုမြတ်ဝတီ ထင်မိ၍ဖြစ်သည်။

ကျွန်တော်က သဘောပေါက်တယ်နော်ဆိုသည့် မျက်နှာ ထားဖြင့် ခေါင်းမသိမသာ ညိတ်ပြရာ ဆုမြတ်ဝတီကလည်း သဘောပေါက်ပါကြောင်း မသိမသာ ခေါင်းညိတ်ပြီး အချက် ပြပြန်သည်။

ထိုအချိန်မှာပင် ဘရဏီက ကျွန်တော့်ကို လှည့်ကြည့် ပါသဖြင့် ကျွန်တော်လည်း ဘရဏီနှင့်ဆုမြတ်ဝတီကို မိတ် ဆက်ပေးလိုက်သည်။

"ဘရဏီ သူ့နာမည်က ဆုမြတ်ဝတီတဲ့"

"ဪ ဆုမြတ်ဝတီတဲ့လား နာမည်လေးကလည်းလှ၊





လူလေးကလည်းလှနဲ့ ကိုရိုးသား မင်းသမီးအွန့်စောတို့ ကွင်ဆန်းမိတို့လောက်တော့ ပျင်းတောင်ပျင်းသေးတယ်လို့ ပြောလို့ရတယ်"

"ဪ . . အဟင်း အဟင်း အဟင်း"

ဘရဏီထံမှ ထင်မှတ်မထားသော မြှောက်လုံး ပင့်လုံး တွေ ကြားရသဖြင့် ဆုမြတ်ဝတီ ပီတိတွေဖြာသွားသည်။ တစ်ဆက်တည်းမှာပင် "လူတသာ နော်မယ် မဟုတ်တာ၊ ဒါမျိုး ကျတော့လည်း ပြောတတ်သားပဲ"ဟု တွေးမိရင်း မျက်ခုံး နှစ်ဖက်ပင့်မိလျှင် ကျွန်တော့်ကို ကြည့်ပြန်သည်။ ကျွန်တော် လည်း နှုတ်ခမ်းမဲ့ပြီး မျက်ခုံးဖြင့် ပင့်ပြလိုက်သည်။ ပြီးမှ . .

"ဝတီ သူ့နာမည်က ဘရဏီတဲ့"

"ဪ . . ဘရဏီတဲ့လား . . လူချက်ကတော့ အခု နာမည်ကြီးနေတဲ့ မော်ဒယ်မင်းသမီးလေးလောက်တော့ သနားတယ်လို့ အေးအေးဆေးဆေး ပြောလို့ရတယ်၊ ရေဒီယို သီချင်းတစ်ပုဒ်မှာတောင် ဘရဏီရဲ့ အလှကို ချီကျူးထားတာ သတိထားမိပါသေးတယ်"

"ဟုတ်လား အဟင်း အဟင်း အဟင်း"

ဆုမြတ်ဝတီကလည်း အားကျမခံ ပြန်မြှောက်ပင့်သဖြင့် ဘရဏီလည်း သဘောတွေ လွှတ်ကျသွားမိ၊ တစ်ဆက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မှာပင် "အံမယ်. . လူကသာဂေါက်နေတာ အလာကြီး ရယ်" ဟု တွေးမိပြီး ကျွန်တော့်ကို တစ်ချက်ကြည့်ကာ ဆုမြတ်ဝတီအား မျက်ရိပ်ထိုးပြီး မျက်ခုံးတစ်ဖက်ပင့်ပြ၏။ ကျွန်တော်လည်း 'ဟုတ်ပ ဟုတ်ပ'ဟူသော သဘောဖြင့် နှုတ်ခမ်းမဲ့ပြီး မျက်ခုံးပြန်ပင့်ပြလိုက်သည်။

တကယ်တော့ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြောက်ပြီး အပြန်အလှန် မြှောက်ပင့် ပြောဆိုနေကြမှန်း ကျွန်တော် ကောင်းစွာရိပ်မိသည်။

"အဟင်း"

"အဟင်း"

နှစ်ယောက်သား ဘာဆက်ပြောကြရမှန်း မသိဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်မိပြီး ကြောင်တောင်တောင်ဖြင့် အပြန်အလှန် ပြုံးပြကြ ရယ်ပြကြပြန်သည်၊ ထို့နောက် တိုင်ပင်ထားသလိုမျိုး ကျွန်တော့်ကို လှည့်ကြည့်ကြသည်။

ကျွန်တော်လည်း မသိချင်ယောင်ဆောင်ပြီး ဆုမြတ်ဝတီအတွက် သံပရာရည်တစ်ခွက် လှမ်းမှာပေးလိုက်သည်။

"တော်ပြီ၊ ကိုကို ဝတီမသောက်တော့ဘူး မမှာနဲ့တော့"

ဟု ငြင်းဆိုနေသည့်ကြားမှ ဘရဏီက ညှို့ဝတ်တွေ လွှတ်ကျေပွန်ချင်နေသည်။





"သောက်ပါ ဝတီရဲ့ ရာသီဥတု ဒီလောက်ပူနေတော့ ခေါင်းတွေကိုက်ပြီး ငြီးစီစီနေမှာပေါ့ ဒီလိုအချိန်မှာ သံပရာရည်သောက်မှ ခေါင်းကြည်ပြီး စိတ်ပေါ့ပါးမှာပေါ့ ဟုတ်တယ်မဟုတ်လား သိမ္မာပါတယ် သောက်လိုက်နော်"

"ရှင်. . ဪ. . ဟုတ်. . ဟုတ်တာပေါ့၊ သံပရာရည်သောက်မှကောင်းတာ သောက်မယ်လေ"

ဆုမြတ်ဝတီလည်း ဘရဏီ စကားကို မငြင်းပယ်ဝံ့သဖြင့် ကျွန်တော်မှာပေးသည့် သံပရာရည်ကို လိုလိုလားလား လက်ခံလေသည်။ သူကပဲ တစ်ပြန်ကြီး ငါ့ကို သိမ္မာပါတယ်ဆိုပြီး လုပ်နေသေးတယ်ဟု ဆုမြတ်ဝတီ တွေးရင်း ရယ်ချင်သွားသည်။

ဆုမြတ်ဝတီရှေ့ သံပရာရည်ခွက် ရောက်သော်လည်း မသောက်သုံးသေးဘဲ ပိုက်ဖြင့် ရေခဲတုံးလေးများကို မွှေနေလေသည်။

ဘရဏီကလည်း ဘာစကား ဆက်ပြောရမည်မှန်း မသိ၍ ဆုမြတ်ဝတီ သံပုရာရည်ခွက်ထဲရှိ ရေခဲတုံးလေးများကို ပိုက်နှင့် မွှေနေသည်ကိုသာ စိုက်ကြည့်နေမိသည်။

ဆုမြတ်ဝတီလည်း ဘရဏီ သံပုရာရည်ခွက်ကို စိုက်ကြည့်နေသည်ကို သတိထားမိသဖြင့်

"ဟင် သူ ငါ့သံပုရာရည် သောက်ချင်လို့များလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိလျက် သံပရာရည်ခွက်ကို ဘရဏီရှေ့သို့ တိုး ပေးရင်း

"ဟိတ် . . သံပရာရည်လေးကောင်းတယ် . . သောက် ကြည့်ပါလား"

ဟု ဆိုသော် ဘရဏီ လက်ကာပြပြီး-

"ဟင့်အင်း မသောက်တော့ပါဘူး . . ဝတီသောက်ပါ တို့ သောက်ပြီးသွားပြီ"

ဟူ၍ ပျာပျာသလဲ ငြင်းသည်၊ သို့သော် မျက်လုံးက ဆုမြတ်ဝတီကို သိပ်မကြည့်ရဲသဖြင့် သံပရာရည်ခွက်ကိုသာ ဆက်ကြည့်မိလေသည်။

ထို့ကြောင့် ဆုမြတ်ဝတီလည်း သံပရာရည်ကို ဘရဏီ ရှေ့မှ ဖန်ခွက်ထဲသို့ တစ်ဝက်ခန့် ထည့်ပေးလိုက်သည်။

"ကဲပါ ဘာပဲဖြစ်ဖြစ် တစ်ယောက်တစ်ဝက် သောက်ကြ တာပေါ့ . . မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်လေ မကောင်း ဘူးလား"

"ကောင်း . . ကောင်းပါတယ် ဒါပေမယ့် စောစောကပဲ တစ်ခွက်သောက်ပြီးသွားပြီနော် မောင် . . အဲ . . မောင်မင်း"

ဘရဏီလည်း သူ အအေးတစ်ခွက်သောက်ပြီးကြောင်း ကျွန်တော့်ကို သက်သေလှမ်းထူရာမှ 'မောင်'ဟု ခေါ်မည်





ပြီးမှ ဆုမြတ်ဝတီရှေ့မှာ မခေါ်ရဲသဖြင့် ကျွန်တော့် နာမည် ကို ဆက်ခေါ်လိုက်ရာ 'မောင်မင်း'ဟူ၍ ဖြစ်သွားတော့သည်။

ဆုမြတ်ဝတီလည်း ဘရဏီ၏ မောင်မင်းဆိုသည့် အသုံး အနှုန်းကို ရယ်ချင်သဖြင့် ရယ်မည်ပြုပြီးမှ မရယ်တော့ဘဲ ကျွန်တော့်ကို မျက်ရိပ်ပြ၏။

ကျွန်တော်လည်း ရယ်ချင်ဟန်ဖြင့် ခေါင်းပြန်ညိတ် ပြလိုက်သည်။

သေချာသည်မှာ . . သည်အချိန်မှာ သူတို့နှစ်ယောက် စလုံး ကျွန်တော့်ကို ပိုင်စိုးပိုင်နင်း မဆက်ဆံရဲကြပါ။

ဆုမြတ်ဝတီက ကျွန်တော့်ထံမှ အကြည့်ကိုလွှဲပြီး

"ကဲပါ ဘရဏီရယ် တို့က ခင်လို့ တစ်ယောက်တစ်ဝက် သောက်မယ် ပြောတာပါ . . သောက်နော်၊ ကြည့် ဘရဏီက လိမ္မာပါတယ်နော်"

"ရှင် . . ဩော် . အဟင်း . . အဟင်း"

သူ့ကို လိမ္မာပါတယ်ဟု ဆိုလာသဖြင့် ဘရဏီ ရယ်ချင် သွားသည်၊ သို့သော် ပွင့်ပွင့်လင်းလင်း မရယ်ရဲဘဲ ကျွန်တော့် ကို လှမ်းကြည့်တာ မျက်ခုံးပင့်ပြသည်၊ ကျွန်တော်လည်း ဆုမြတ်ဝတီကို တစ်ချက် ခိုးကြည့်လိုက်ပြီးမှ ဘရဏီကို ပြန်ပြီး မျက်ခုံးပင့် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်စလုံး သံပရာရည်ကို ခေါင်းမဖော်တမ်း ငုံ့သောက်ကြသည်။ သံပရာရည်ကုန်ကာမှ ခေါင်းမော့ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မဆီမဆိုင် ရယ်ကြပြန်သည်။

"အဟင်း အဟင်း အဟင်း ကုန်သွားပြီသိလား၊ သောက်လို့အရမ်းကောင်းတာပဲ အဟင်း အဟင်း အဟင်း"

"အဟင်း အဟင်း အဟင်း ဟုတ်တယ်နော် သံပရာရည်က ချဉ်ပြုံးပြုံးလေး အဟင်း အဟင်း"

ကျွန်တော်လည်း သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရှိန်ပြီး ကိုးရိုးကားယားဖြစ်နေပုံကို ကြည့်ကာ ရယ်ချင်သည်မှာ မပြောပါနှင့်တော့။ သို့သော် သည်အချိန် သည်နေရာမှာ ရယ်မောရန် မသင့်သဖြင့် မျက်နှာပိုးသတ်ထားရသည်။

"ပြောလို့ပြောတာ မဟုတ်ဘူး ဘရဏီရဲ့ ပင်လယ်စာတို ချက်ပြုတ်ကြော်လှော်တဲ့ နေရာမှာ ဝတ်ိုကို မီတဲ့သူ တစ်ယောက်မှ မတွေ့ဖူးသေးဘူး"

သူတို့ နှစ်ယောက် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေကြသဖြင့် ကျွန်တော်လည်း ပါးစပ်ထဲ တွေ့ရာပြောပြီး စကားစပေးလိုက်သည်။





ကြက်ဥပင် ပြုတ်ထားပြီး ကျက်လားမသိ မကျက်လားမသိသော ဆုမြတ်ဝတီက ကျွန်တော့်စကားကြောင့် ကျွန်တော့်ကို မျက်လုံးပြူး မျက်ဆံပြူး လှမ်းကြည့်သည်။

ကျွန်တော်က မသိမသာ ခေါင်းညိတ်ပြီး အချက်ပြ လိုက်မှ ဆုမြတ်ဝတီလည်း

"ဩော် အဟင်း ဟုတ်တယ် ပင်လယ်စာကတော့ အပိုင်ပဲ အဟင်း"

ဟူ၍ ချော်လဲရောထိုင် လုပ်လိုက်သည်။ ဘာပိုင်တာလဲတော့မသိ စားတာပိုင်တာပဲ ဖြစ်ပါလိမ့်မည်။

ဆုမြတ်ဝတီထံမှ ထိုစကားကြားသောအခါ ဖော်လိုလိုက်ရန် အသင့်ဖြစ်နေသော ဘရဏီက ချက်ချင်း ဆိုသလိုပင်

"ဟယ် . . တယ်ဟုတ်ပါလား ပင်လယ်စာ အချက် အပြုတ်တောင်းတယ်ဆိုတော့ . . ပင်လယ်ထဲက ဘယ်သတ္တဝါတွေက ပိုပြီး ချက်ပြုတ်ကြော်လှော်လို့ ကောင်းလဲဟင်"

ဟူ၍ လိုသည်ထက်ပိုပြီး အရေးတယူ နှမ်းမြန်းလေသည်၊ ဆုမြတ်ဝတီလည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသေး၏။ ပြီးမှ ဘရဏီ စိတ်ဝင်စားမည်ထင်သော သတ္တဝါများကို ရွေးချယ်ပြောလိုက်ရသည်။

www.burmeseclassic.com



"ငါးမန်းတို့ ဝေလငါးတို့ပေါ့"

"ရှင်"

ဆုမြတ်ဝတီစကားကြောင့် ဘရဏီ မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားရသည်။ ဆုမြတ်ဝတီ တစ်ယောက် ပြောရင်းဆိုရင်း ဖောက်ချင်လာပြီထင်ရဲ့ဟုလည်း ဘရဏီ တွေးမိသေးသည်။ သို့သော် ဖော်လိုလိုက်ရမည့် တာဝန်က ရှိသေးသည် မဟုတ်ပါလား ထို့ကြောင့် -

"ဩော် ဟုတ်လား အဲဒီ ငါးမန်းတို့ ဝေလငါးတို့ကို ဘယ်လို ပုံစံ ချက်ပြုတ်ကြော်လှော်ရင် စားလို့အတောင်းဆုံးလဲတင်"

"ဘယ်လို ပုံစံ ချက်ပြုတ်ကြော်လှော်ရင် . . အင်း တောင်လုံးကြော်ရင် စားလို့ အကောင်းဆုံးပဲ"

"ရှင် . . ဩော် ဟုတ် . . ဟုတ်လား၊ ငါးမန်တောင်လုံးကြော်တို့ ဝေလငါးတောင်လုံးကြော်တို့ကို ပြော ပြောတာလား အင်း ဟုတ်ပါရဲ့ စားကောင်းလိုက်မယ့် ဖြစ်ခြင်းနော် အားတောင် ပြောရင်းနဲ့ သရေက ကျချင်လာပြီ အဟင်း အဟင်း"

ဘရဏီ၏ ဖော်လိုအလိုက်လွန်မှုကြောင့် ဆုမြတ်ဝတီ မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားရသည်။ စိတ်ထဲမှာလည်း 'ဒုက္ခပါပဲ ငါပြောချင်ရာ လျှောက်ပြောတာ တကယ်ထင်ပြီး အခုပဲ ငါးမန်းတောင်လုံးကြော်ပေး၊ ဝေလငါး





တောင်လုံးကြော်ပေး၊ စားချင်တယ်ဆိုရင်ဖြင့် ဘယ့်နှယ်လုပ်ရပါ့မလဲ" ဟု တွေးပူမိသေးသည်။ ထို့ကြောင့် လိုအပ်လျှင် ဝင်ရောက် တယ်ဆယ်ပေးရန် ကျွန်တော့်ကို အားကိုးအားထား လှမ်းကြည့်သည်။

ကျွန်တော်က ဘရဏီကို မျက်နှာမူလိုက်ပြီး

"ဝတီကို ပြောပြရဦးမယ် . . ဘရဏီက ပန်းချီဆွဲတော်တဲ့ နေရာမှာ ဘယ်သူမှ ယှဉ်လို့ကို မရဘူးဗျာ"

ဟု ဆိုလိုက်ရာ ဘရဏီမျက်နှာ ဘောလုံးထိမှန်ခံရသလို ဖြစ်သွားသည်။ သူမမှာ ပန်းချီ အကျော်အမော်ဖြစ်ဖို့ နေနေသာသာ အရောင်တွေတောင် သိပ်ပြီး ကျွမ်းကျင်အောင် ပြောတတ်သူမဟုတ် . .

သို့သော် သူမကို ဆုမြတ်ဝတီ အထင်ကြီး လေးစားဟန်ဖြင့် ကြည့်နေသည်ဖြစ်ရာ-

"ဟုတ် ဟုတ်တယ်၊ တို့က ပန်းချီကတော့ အပိုင်"

ဟု ချော်လဲ ရောထိုင်ပြောရသည်၊ သူမသည်လည်း ပန်းချီမှာ ဘာကိုအပိုင်လဲမသိ၊ တွေ့တာတောင် မကြည့်တဲ့ နေရာမှာပဲ ဖြစ်ပါလိမ့်မည်။

ဘရဏီပြောသမျှ ဖော်လိုလိုက်ကာ မြှောက်ပင့်ပေးရမည်ဟု နားလည်ထားသော ဆုမြတ်ဝတီကလည်း ချော်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလိုပင် -

"ဟယ် အဟုတ် ပန်းချီဆရာတွေဆိုရင် သိပ် လေးစား အထင်ကြီးတာ၊ ဒါနဲ့ ဘရဏီကို ပန်းချီ ပညာသင်ပေးတဲ့ ဆရာက ဘယ်သူလဲဟင်"

ဟု စိတ်ဝင်စားဟန် ပိုပိုသာသာ ပြုကာမေးသည်၊ ဘရဏီ ဘာပြန်ပြောရမှန်းမသိ၊ ဘယ်ပန်းချီဆရာ နာမည်မှလည်း မကြားဖူးဘူးလေ၊ ထို့ကြောင့် စဉ်းစားရင်း ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာသော နာမည်ကို ပြောချလိုက်ရသည်။

"တို့ တို့ရဲ့ ဆရာနာမည်က ဆရာ . . ဆရာ ဗန်ဂိုးတဲ့"

"ဟိုက် သေဟ"

ဘရဏီ ဆရာ့နာမည်ကို ကြားပြီး ဆုမြတ်ဝတီ စိတ်ထဲမှနေပြီး ကိုယ့်နဖူးကိုယ် ရိုက်မိသည်၊ သို့သော် ဖော်လို ဖော်လိုဆိုသော သတိပေး ခေါင်းလောင်းသံ ကြောင့် ဟန်မပျက် ဆက်ရသည်။

"ဪ . . ဆရာ ဗန်ဂိုးရဲ့ တပည့်ရင်းဆိုမှတော့ ထူးချွန်ပြီးသားဆိုတာ လူတိုင်းသိပါတယ်"

"ဪ အဟင်း အဟင်း"

"ဒါနဲ့ ဆရာဗန်ဂိုးက အာလူးစားသူများ ပန်းချီကားကို ဆွဲခဲ့တာလဲဟင်"





ဘရဏီ ဘာပြန်ပြောရမှန်းမသိ၊ မျက်လုံးလေး ကလယ် ကလယ်ဖြင့် စဉ်းစားလိုက်သေးသည်၊ ပြီးမှ . .

"ဪ ဒါက ဒါကတော့ ဟိုလေ ဆရာဗန်ဂိုးက အာလူး သိပ်ကြိုက်တာကိုး"

"ရှင် . . ဪ . . အင်း . . အင်း . . ဟုတ်မှာ ဟုတ်မှာ၊ ဒါနဲ့ နေကြာပန်းဆိုတဲ့ ပန်းချီကားကရော ဘယ်လို စိတ်ကူးမျိုး နဲ့ ဆွဲ . . ဆွဲ"

"ဆရာဗန်ဂိုးက အာလူးတင်မက နေကြာစေ့ပါ သိပ် ကြိုက်တာ ဆရာက အဲလိုပဲ သူကြိုက်တာဆိုရင် ပန်းချီဆွဲ တော့တာပဲ"

"ဪ . . ဟုတ် . . ဟုတ်"

ဆုမြတ်ဝတီလည်း ဘရဏီပြောတာဆိုတာ နားထောင် ပြီး ကြောက်စိတ်ဝင်လာသည်၊ ပြောရင်းဆိုရင်း ဖောက်လာ ပြီထင်ရဲ့ တွေးမိသေး၏၊

ဘရဏီက သူမ ပြောနေသည့် အပေါ်မှာ ဆုမြတ်ဝတီ ဘဝင်မှ ကျရဲ့လား . . မကျရင် ငါ့ကို ထ,သတ်နေမှ ဒုက္ခ၊ ခုတောင် မျက်နှာကို ကြည့်ရ တာက တစ်မျိုးကြီးဟုသော အတွေးဖြင့် ဆုမြတ်ဝတီ အကြိုက်ပြောရန် ပြင်ဆင်ရပြန် သည်၊

www.burmeseclassic.com



"ဒါနဲ့ . . ဝတီရော ဘာကြိုက်လဲတင်"

"နားရွက်"

"ဟင် . . ဘယ်လို"

ဘရဏီက ဘာကြိုက်သလဲ မေးသည်ကို ဆုမြတ်ဝတီက ကြောင်ပြီး နားရွက်ဟု ကြောက်လန့်ပြီး ပြောလိုက်မိသည်။ ဗန်ဂိုးအကြောင်းပြောရင်းနှင့် ဗန်ဂိုးက သူ့နားရွက်တလေးတသိပ်လှတာပဲဟု ပြောသော မိန်းကလေးတစ်ဦးကို နားရွက်ဖြတ်ပေးလိုက်သည့်အကြောင်း ခေါင်းထဲပေါ်လာသဖြင့် ယောင်ပြီး ပြောလိုက်မိခြင်း ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ပြောမိတာ မှားပြီဟုလည်း သဘောပေါက်ကာ ဘရဏီလည်း သူ့ဆရာဗန်ဂိုးလိုပဲ သူ့နားရွက်ဖြတ်ပြီးပေးမှ ဒုက္ခပါပဲ၊ နားရွက်ဖြတ်ပြီးပေးလို့မှ မယူရင်လည်းအခက် ယူရင်လည်းအခက်ဟု တွေးပြီး နှလုံးရောဂါ ရချင်သွားသည်။ ထို့ကြောင့် အလျှင်အမြန် ပြင်ဆင်ပြီး -

"ဟို ဟို မဟုတ်ဘူး . . တို့ကြိုက်တာက ဒူးရင်းသီး"

ဟု ပြန်ပြောလိုက်သည်ကို ဘရဏီက နှာခေါင်းရှုံ့ပြီး

"ဟွန်း နံက နံနဲ့"

ဟု ရေရွတ်သည် ဆုမြတ်ဝတီလည်း ကြောက်လန့်ပြီး

"အို မဟုတ်ပါဘူး မှားပြောတာ တို့ပြောတာ ပိန္နဲသီးကြိုက်တယ်လို့ ပြောတာ"





ဟု ပြောရပြန်သည်။ ဘရဏီလည်း နှာခေါင်းရှုံ့ ရေရွတ်မိသည်ကို နောင်တ,ရပြီး

"ဪ မှားလို့ မှားလို့ ဒူးရင်းသီးနံ့က သိပ်မွှေးတာ . . အရသာလည်း သိပ်ရှိတာပဲ"

ဟု ဆုမြတ်ဝတီ အမျက်ပြေအောင် ပြောရသည်။ သို့သော် ဆုမြတ်ဝတီ ပိန္နဲသီးကြိုက်တယ်ဟု ပြောင်းပြောသဖြင့် ဘာဆက်ပြောရမှန်းမသိသော မျက်နှာဖြင့် ကျွန်တော့်ကို ကြည့်ကာ အကူအညီတောင်းသည်။

ကျွန်တော့်မှာ သူတို့နှစ်ယောက်ကို ကြည့်ပြီး ရယ်ကလည်း ရယ်ချင်းနေလည်း မနေသာတော့သဖြင့်

"တဲ ဝတီ သွားစရာရှိသေးတယ်ဆို . . နောက်ကျနေဦးမယ်"

ဟု ဆိုလိုက်ရာ နှစ်ယောက်စလုံး၏ မျက်နှာများ စိတ်သက်သာရသလို ဝင်းပသွားကြသည်။

"ဟုတ်တယ် စကားပြောတောင်းနေတာနဲ့ မေ့နေလိုက်တာ သွားမယ်နော် ဘရဏီ နေကောင်းအောင်နေနော်"

"ရှင် . . ဪ . . ဟုတ် . . ဟုတ် . . သွားတော့နော် ဝတီလည်း နေကောင်းအောင်နေနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ်ဝတီကို သူ့ကားနားအထိ လိုက်ပို့ပေးမည် ဆိုတာတောင် လက်မခံ ဘရဏီကိုသာ သေချာထိန်းထား ဆိုသည့်သဘောဖြင့် မျက်ရိပ်ပြကာ ခပ်သွက်သွက် ခွာသွားလေသည်။ ဒါတောင် ကျောမလုံသလို ခံစားဟန်ဖြင့် နောက်တို ခဏခဏ လှမ်းကြည့်နေသေးသည်ကို တွေ့ရသည်။ ဘဲရဏီကလည်း ဆုမြတ်ဝတီ ပြန်များ လှည့်လာဦးမလားဟူသော သက်ာမကင်း စိတ်ဖြင့် ဆုမြတ်ဝတီနောက်ကျောကို မယုံမရဲ လိုက်ကြည့်နေသည်။

ထို့နောက်

"ဟင်း"

"ဟင်း"

အန္တရာယ်စက်ကွင်းမှ ရုန်းထွက်လွတ်မြောက်လိုက်ပြီဆိုသော အတွေးဖြင့် စိတ်သက်သာရာ သက်သာကြောင်း မိန်းကလေး နှစ်ဦးစလုံး သက်ပြင်းကိုယ်စီ ချမိကြလေသည်။

ကျွန်တော်ကတော့ ကြိတ်ရယ်ပြီးရင်း ရယ်နေရုံသာ -







## အခန်း (၂)

အင်းလျားတန်ပေါင်ကို မရောက်တာကြာပြီမို့ ရောက်တုန်းရောက်ခိုက် ညနေဆည်းဆာရီ၏ အင်းလျားကန်အလှကို အပြည့်အဝ ခံစားရင်း ဟိုသည် ငေးကြည့်ကာ ကြည့်နူးနေမိသည်။

အရှုအပြင် နေညိုချိန်မှာ ရင်ဖိုအောင် စိမ်းခေါ်နိုင်စွမ်းသော မိန်းမချော မိန်းမလှများက အင်းလျားကန်ပေါင်ရိုးပေါ်မှ လမ်းလျှောက်ထွက်သူထွက် တန်းလျားမှာ ထိုင်သူထိုင်နှင့် စည်ကားဝေဖြာနေသည်ဖြစ်ရာ ကျွန်တော်ကဲ့သို့ အလှအပကို ခံစားတတ်သူ တစ်ယောက်အဖို့ သည်နေရာသည် ဗေဒသသည် ပန်းချီကားတစ်ချပ်ဆိုလည်း ဟုတ်၊ ကဗျာတစ်ပုဒ်ဆိုလည်း မှားအံ့မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . မောင်"

". . . . ."

"မောင်"

". . ."

"မောင် . . ဒီမှာ ဘရဏီ ခေါ်နေတယ်လေကွာ"

"ဟင် ဘရဏီ ဘာပြောတာလဲ"

"အော်မကြား ခေါ်မကြားနဲ့ ဘာတွေများ အတွေးလွန်နေလို့လဲ ဒီမှာက သူ့ အော်ခေါ်နေရတာနဲ့ အသက်ထွက်တော့မယ်"

"ဟင့်အင်း . . . ဘာမှ အတွေးမလွန်ပါဘူး။ ညနေဆည်းဆာရီ အချိန်နဲ့ ပန်းရ လိုက်ဖက်ညီတဲ့ အင်းလျားကန်ရဲ့ အလှမှာ မျောနစ်ဝင်သွားလို့ပါ"

"သေချာရဲ့လား မောင်ရယ်၊ ညနေစောင်း အင်းလျားကန်ရဲ့ အလှကိုပိုပြီး ပီပြင်ရှပ်လုံးကြွသွားစေတဲ့ ကောင်မလေးတွေကိုရော မခံစားမိဘူးလား"

"မောင့်နံဘေးမှာ ဘရဏီ တစ်ယောက်လုံး ရှိနေမှာတော့ မောင်အာရုံထဲမှာ အခြားဘယ်မိန်းကလေးကိုမှ မှတ်တမ်းတင်ခွာတ်ပုံ မရိုက်ချင်တော့ပါဘူး. . မိန်းကလေးဆိုလို့ မောင်ချစ်တာ ဘရဏီတစ်ယောက်တည်း၊ မောင်သိတာ





ဘရဏီတစ်ယောက်တည်း ဆိုတာယုံ"

"ယုံပါတယ် မောင်ရယ်. . . ဘရဏီတ မောင့်ကို ချစ်လို့သက်သက် စ,တာပါ"

"အဲလို တခြားမိန်းကလေးတွေနဲ့ ပတ်သက်ပြီး မောင့်ကို အလကားပဲ စစ တကယ် စစ အဲဒါ ပြစ်မှုကျူးလွန်တဲ့အတွက် ဒဏ်ပေးမယ်၊ ရော့ ဘူးသီးကြော် တစ်ချောင်းလုံး တစ်လုတ်တည်းနဲ့ ကုန်အောင်စားရမယ်"

"ဟယ် ကြည့်ပါလားလို့ မောင်နော်. . အဟင်း အဟင်း"

ကျွန်တော် ဘူးသီးကြော်တစ်ချောင်းကို အချဉ်ရည်တို့ပြီး ဘရဏီပါးစပ်ထဲ ထည့်ပေးလိုက်သည်။ ဘရဏီလည်း ဘူးသီးကြော်တစ်ချောင်းလုံး ကုန်အောင်စားရင်း ကျွန်တော့်ကို မြုံးကြည့်နေလေသည်။

ဘရဏီဘူးသီးကြော် စားနေစဉ် ကျွန်တော်က အကြမ်းဝန်းကန်လုံးထဲ ရေနွေးကြမ်း တစ်ဝက်ခန့် ဖြည့်တာ အပူလျော့သွားအောင် ပါးစပ်မှလေဖြင့် မှုတ်နေလိုက်သည်။

ဘူးသီးကြော် စားလို့ပြီးသွား၍ ဘရဏီ နှုတ်ခမ်းကို တစ်ရှူးစဖြင့် အသာအယာတို့လိုက်၏။ ဘရဏီ အသုံးပြုပြီးသောတစ်ရှူးစကို အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သောအခါ ကျွန်တော်က လက်ထဲမှ ရေနွေးကြမ်းခွက်ကို ဘရဏီအား



www.burmeseclassic.com

www.burmeseclassic.com



တမ်းပေးလိုက်၏။

ဘရဏီ ကြည်နူးစွာဖြင့် ရေနွေးကြမ်းခွက်ကို လှမ်းယူပြီး တစ်ကျိုက်သောက်လိုက်၏။ ထို့နောက် ရေနွေးကြမ်းခွက် ရှေ့မှာချပြီးနောက် ကျွန်တော့်ကို ချစ်ရည်စိုစွတ်သော မျက်ဝန်း တစ်စုံဖြင့် ကြည့်ကာ-

"ဘရဏီလေ မောင့်ကို တစ်နေ့ထက်တစ်နေ့ ပိုတိုးတိုးပြီး ချစ်နေမိပြီသိလား"

ဟု လှိုက်လှိုက်လှဲလှဲဆို၏။ ကျွန်တော်လည်း ဘရဏီ၏ လက်ဖမိုးလေးကို အသာအယာ အုပ်ကိုင်ပြီး-

"မောင်လည်း ဘရဏီကို ဘယ်လိုချစ်မှန်း မသိအောင်ကို ချစ်တာ"

ဟု အကြည့်ချင်းဆုံလျက် ပြောလိုက်ရာ ဘရဏီ၏ အပြုံးသည် လှပအသက်ဝင်လွန်းသည့် အတွက် ညနေဆည်းဆာရိ အင်းလျားကန်အလှကပင် မှိုန်သွားရသည်မှာ အမှန်ပင်ဖြစ်သည်။

"တကယ်ပြောတာ ဘရဏီရဲ့ မောင့်မျက်စိထဲမှာ ဘရဏီ လောက်လှတာ တစ်ယောက်မှကို မတွေ့မိဘူး၊ အထူးသဖြင့် ဘရဏီရဲ့ ဆံပင်ရှည်ရှည်အလှက မောင့်ကို လုံးဝ သိမ်းပိုက်ထားတာ သိလား၊ ဒီခေတ်ကြီးထဲမှာ ဆံပင်တိုတိုထားကြတဲ့ မိန်းကလေးများနေပေမယ့်လည်း ဘရဏီလို နက်မှောင်





သန်စွမ်းပြီး နူးညံ့ပျော့ပျောင်းတဲ့ ကေ့ခြေရှင် ဆံပင်ရှည်ရှည်မလေးတိုသာ မောင်က သိပ်ခိုက် အသည်း နှလုံးရော ရိုးတွင်းချဉ်ဆီကပါ ခိုက်ဆိုတာ ယုံလိုက်တော့ တစ်သက်လုံး"

"အဟင်း အဟင်း မောင်ကတော့ ပြောရော မယ်"

ဘရဏီ ကျွန်တော့်စကားကို ဘဝင်တွေ့ဟန်ဖြင့် နောက်ကျောမှာ ဖြန့်ချထားသော သူ့ဆံပင်ကို ရှေ့သို့မှုပြီး တရှိုက်မက်မက် ကြည့်၏။

သူ့ဆံပင် သူကြည့်နေရင်းမှ ဘာစိတ်ကူးပေါက်သည် မသိ တောက်ခါငင်ခါ

"မောင် ဟို ဟိုကောင်မလေးရော ထပ်တွေ့သေးလား"

ဟု မေးသဖြင့် ကျွန်တော် ကြောင်သွားရသည်။

"ဟင် ဘယ်ကောင်မလေးကို ပြောတာလဲ"

"ဟိုတစ်နေ့ကတွေ့တဲ့ ဆုမြတ်ဝတီဆိုတဲ့ ယဉ်ယဉ်လေး ရှူနေတဲ့ ကောင်မလေးလေ"

"ဩော် . . သူ့ကို ပြောတာလား ဟင့်အင်း မတွေ့ဘူး၊ သူ့ကို တွေ့ချင်ရင်တော့ ရွာသာကြီး လိုက်သွားမှရမှာ၊ သူက ရွာသာကြီးကို တစ်ပတ်ကို (၅)ရက်လောက်သွားနေရတာ"

"ဩော် သနားပါတယ် ဒီလောက်တောင် ဖြစ်နေရှာတာကိုး"

အမှန်က ဆုမြတ်ဝတီသည် စီးပွားရေးတက္ကသိုလ် ကျောင်းသူ

www.burmeseclassic.com



မို့ စီးပွားရေးတက္ကသိုလ်ရှိရာ ရွာသာကြီးသို့ သွားရ သည်ကို ကျွန်တော်က ရှင်းရှင်းမပြောဘဲ လုံးချလိုက် ခြင်းသာဖြစ်သည်။ ကျွန်တော့်အပြောအရ ဘရဏီက စိတ်ကျန်းမာရေး ဆေးရုံဟု အထင်ရောက်သွား လေသည်။

"ဘာဖြစ်လို့လဲ ဘရဏီက သူနဲ့ တွေ့ချင်သေး လို့လား"

"အမလေး တွေ့လည်း မတွေ့ချင်ပါဘူး တွေ့လည်း မတွေ့ရဲပါဘူး"

ဘရဏီ ကြောက်လန့်ဟန်ဖြင့် ပခုံးလေးနှစ်ဖက် တွန့်ပြီး ပြော၏။

"ဘာဖြစ်လို့ မတွေ့ချင်တော့တာလဲ ဘရဏီရဲ့"

"ဩော် . . ဘာဖြစ်ရမှာလဲ ပြောချင်ရာတွေ လျှောက်ပြောနေတဲ့ဟာကို သူက ငါးမန်းကောင်လုံးကြော် ဝေလငါးကောင်လုံးကြော်ပြီး စားတယ်ပြောလို ပြော၊ ပြီးတော့ သူ့အတွက် မှာပေးတဲ့ သံပရာရည်ကို ဘရဏီကို တစ်ဝက်ခွဲတိုက်လိုတိုက်နဲ့လေ. . ဘရဏီမှာ ဖော်လိုသာ လိုက်နေရတာ သူ့ကိုကြည့်ပြီး ကြောက်လိုက်တာ မပြောပါနဲ့တော့. . ခြေဖျား လက်ဖျားကို အေးနေတာပဲ ပြောနေဆိုနေရင်းနဲ့ စိတ်ဖောက် ပြီး လည်ပင်းထ,ညှစ်ရင် ဘယ်လိုလုပ်မလဲနော့"

"ဩော် . . မသိပါဘူး မောင်က သူနဲ့ ဘရဏီနဲ့ လေပေး





ပြောင့်နေတာတွေ့လို့ အေးဆေးပဲဆိုပြီး နေနေတာ"

"ဘယ်တအေးဆေးရမှာလဲ၊ ဒီကမနည်းဟန်လုပ် နေရတဲ့ ဥစ္စာ၊ အံမယ်ပြီးတော့ သူတပဲ ဘရဏီကို ထွက်မြန်ကြီး ပြောသွားသေးတယ်လေ"

"ဟုတ်လား ဘယ်လို ပြောသွားလို့လဲ"

"နေကောင်းအောင် နေနော်တဲ့"

"ဟောဗျ"

"နောက်ပြီး သူ့သံပရာရည် တစ်ဝက်ခွဲတိုက်တုန်းက တည်း သောက်နော် လိမ္မာပါတယ်တဲ့လေ ကြည့် . . အဲဒါကြောင့် လူကြီးသူမတွေကပြောတာ အရူးက တစ်မူးသာတယ် ဆိုတာ တကယ်အဟုတ်ပဲ သိလား"

"ဟား ဟား ဟား ဟား"

ဘရဏီ ပြောသမျှကို ကျွန်တော့်အကြောင်းနှင့် ကျွန်တော်သဘောကျပြီး ရယ်မိတော့သည်။ ကျွန်တော် ရယ်သဖြင့် ဘရဏီလည်း မနေတော့ပဲ လိုက်ပြီး ပြုံးရယ် [illegible]လေသည်။ ပြီးမှ-

"မောင်လည်း ရယ်ချည်းပဲ မနေနဲ့ဦး ဂရုလည်း စိုက်ဦး"

"ဘာကို ဂရုစိုက်ရမှာလဲ"

"ဆုမြတ်ဝတီကိုပေါ့ အတတ်နိုင်ဆုံး မတွေ့အော င် ရှောင်၊



www.burmeseclassic.com

www.burmeseclassic.com



တွေပြီးဆိုရင်လည်း အလိမ္မာသုံးပြီး ဆက်ဆံ . . ယဉ်ယဉ်လေး ရှုးနေတာတွေက ပေါ်တင်ကြီး ရှုးနေ တာထက် ပိုပြီး ကြောက်ဖို့ကောင်းတယ် သိလား"

"စိတ်ချ . . မောင့်အတွက် လုံးဝစိတ်ချ မောင်က မိးစင်ကြည့်က,ပါတယ်၊ သာမန်လူမှ မဟုတ်တာ ဘရဏီ ချစ်သူဝဲ သဘောပေါက်တယ် မဟုတ်လား"

ဘရဏီ ကျွန်တော့်ကို ကျေနပ်မျက်စောင်းလေ ခပ်ပွပွ ထိုးသည်။ ကျွန်တော် ဘရဏီလက်ကို ဆွဲယူပြီး ကျွန်တော့် နှုတ်ခမ်းမှာ ကပ်ထားလိုက်သည်။

ဘရဏီ ဦးခေါင်းလေး ကျွန်တော့် ပခုံးပေါ် တိုင်းညွတ် ကျလာပါသည်။ အင်းလျားရေပြင်ကို ဖြတ်သန်း တိုက်ခတ်လာသော လေပြည်နုလေးများက ဘရဏီ၏ ကိုယ်သင်းရနံ့လေးကို ဝန်းတို့ထံ ယူဆောင်သွားလေသည်။







## အခန်း (၃)

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ ကစားကွင်းမှာ ကျွန်တော်နှင့် ဆုမြတ်ဝတီ ရိုလာကိုစတာစီးသည်။ နိမ့်ချည် မြင့်ချည်ဖြင့် လျှင်မြန်စွာ ရွေ့လျားနေသည့် ရိုလာကိုစကာတို စီးရင်း ဆုမြတ်ဝတီ တကယ်မကြောက်ပါဘဲ ကြောက်ချင်ယောင် ဆောင်ပြီး ကျွန်တော့် ရင်ခွင်ထဲ ခေါင်းလေးဝှက်ထားသည်။

သေချာသည်၊ သူမ ကျွန်တော့် ရင်ခုန်သံတွေကို ခိုးပြီး နားထောင်နေတယ်ဆိုတာ -

ပြီးတော့ လျှပ်စစ်ကားလေးကို နှစ်ယောက်အတူ စီးပြီး ထိုင်းဝေးလမ်းမကြီးတစ်လျှောက် ပြိုင်ကားလေးဖြင့် အပျော်ခရီးထွက်လာသလို စိတ်ထဲမှ ခံစားပစ်လိုက်သည်။

နောက်ဆုံးတော့ . . အကြွေစေ့ထည့်ပြီး မှန်ပုံထဲမှ

www.burmeseclassic.com



အရုပ်ကလေးတွေ ကောက်ယူကြသည်။

ကျွန်တော် ဆုမြတ်ဝတီအတွက် ဝက်ဝံရုပ်လေးနှစ်ရုပ်နှင့် ခွေးရုပ်လေးသုံးရုပ် ကောက်ပေးလိုက်သည်။

ဆုမြတ်ဝတီ ကလေးတစ်ယောက်လို ဝမ်းသာပျော်ရွှင်နေသည်ကိုကြည့်ပြီး ကျွန်တော်လည်း ကြည်နူးရပါသည်။

ထို့နောက် ကျွန်တော်တို့နှစ်ယောက် တီရှပ်ဆိုင်ထဲဝင်ပြီး အရိပ်အာဝါသကောင်းသော သစ်ပင်တစ်ပင်အောက်မှာ ထိုင်ရင်း အပန်းဖြေသည်။

"ကိုကိုက အရမ်းတော်တာပဲ"

"ဟင် . . ဘာဖြစ်လို့လဲ"

"ဝတီ ကောက်တာ တစ်ရုပ်မှလည်း မရဘူး . . အကြွေစေ့တွေသာ အစေ့ (၃၀)လောက် ကုန်သွားတယ်။ ကိုကိုကျတော့ အကြွေစေ့တစ်စေ့ကို တစ်ရုပ် တန်းရတယ်လေ"

"ဪ . . ဒါလား . . တကယ်တော့ ကိုကိုက တော်တာမဟုတ်ဘူး . . အချစ်က တော်တာပါ"

"ဘယ်လို ကိုကို"

"ဝတီ အဲဒီ အရုပ်ကလေးတွေ လိုချင်မှန်းသိတော့ ဝတီ့ကိုချစ်မိတဲ့အချစ်က ကိုကို့ကို တွန်းအားပေးတာကိုး . . ချစ်သူအတွက် လိုချင်တာရအောင် လုပ်ပေးလိုက်စမ်း ဆိုပြီးတော့လေ"





ဆုမြတ်ဝတီ ကျွန်တော့်ကို မြတ်နိုးစွာ ကြည့်ပြီး ရင်ခွင်မှ ထွေးပိုက်ထားသော အရုပ်ကလေးများကို ငုံ့ကြည့်၏။ ထို့နောက် -

"ကိုကို . . အရုပ်ကလေးတွေက ချစ်စရာလေးတွေနော်"

ဟု ဆို၏။ ကျွန်တော်လည်း ဝက်ဝံရုပ်လေး တစ်ရုပ်ကို ထုတ်နှင့်အသာ ထိတို့ရင်း -

"အင်း ချစ်စရာလေးတွေ . . ဝတီလိုပဲ"

ဟူ၍ ပြောဆိုပြီး ဆုမြတ်ဝတီနှင့် အကြည့်ချင်း ဆုံလိုက်သည်။

"ကိုကို ဝတီကို တကယ်ချစ်လား"

"တကယ်ချစ် . . အဟုတ်ချစ် ဘုရားစူးချစ်"

"ဟာ ကိုကို ကောင်းကောင်းပြောကွာ . . နားထောင်ရတာ ပေါ့ရွှတ်ရွှတ်ဖြစ်အောင် မပြောနဲ့"

ဆုမြတ်ဝတီ နှုတ်ခမ်းလေးစူပြီး အလိုမကျ ဆိုလာသဖြင့် ကျွန်တော်လည်း မျက်နှာကို အတည်အခန့် လုပ်ပြီး ဆုမြတ်ဝတီကြားလိုသည်ကို ပြောရ၏။

"ကိုကို . . ဝတီကို သိပ်ချစ်တယ်၊ ဘယ်လိုချစ်မှန်းမသိအောင်ကို ချစ်တာ၊ ကိုကို့ နံဘေးမှာ ဝတီတစ်ယောက်ပုံးနေမှတော့ ကိုကို့အာရုံထဲမှာ တစ်ခြားဘယ်မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



မှ မှတ်တမ်းတင်ဓာတ်ပုံ မရိုက်ချင်တော့ပါဘူး၊ မိန်းကလေးဆိုလို့ ကိုကိုချစ်တာ ဝတီတစ်ယောက်တည်း၊ ကိုကိုသိတာ ဝတီတစ်ယောက်တည်းဆိုတာ ယုံ"

"ယုံပါတယ် ကိုကိုရယ် ဝတီကလည်း ကိုကိုကို ဘယ်လို ချစ်မှန်းမသိအောင်ကို ချစ်မိနေတာ သိလား . . ဝတီလေ ကိုကိုနဲ့ ဘယ်လိုမှ မခွဲနိုင်ဘူးသိလား၊ ညတုန်းက အိပ်မက်ထဲမှာ တောင် ကိုကိုတို့ အခြားမိန်းကလေးတစ်ယောက်နဲ့ လက်ချင်းချိတ်လာတာတွေ့လို့ ငိုလိုက်ရတာ အရမ်းပဲ"

ဝတီ့ အိမ်မက်ကြောင့် ကျွန်တော့်ကျော အနည်းငယ် တွန့်သွားရသည်၊ ဆုမြတ်ဝတီကတော့ ရိပ်မိမည်မထင်၊

ကျွန်တော် နှစ်သိမ့်သောအားဖြင့် ဆုမြတ်ဝတီ၏ နဖူးပြင်ပေါ် ဝဲကျနေသော ဆံယဉ်စများကို ခေါင်းပေါ် သပ်တင်ပေးရင်း-

"အိပ်မက်ဆိုတာ ပြောင်းပြန်ယူရတယ်လို့ ဝတီ မကြားဖူးဘူးလား၊ ဒါကြောင့် ဝတီစိတ်ချလက်ချသာ နေပေတော့. . ဟုတ်ပြီလား"

ဟု ဆိုရာ ဆုမြတ်ဝတီက ကလေးငယ်တစ်ယောက်လို ခေါင်းလေးညိတ်ပြသည်၊

"စိတ်ချ ကိုကို့နံဘေးက ဝတီ့နေရာကို ဘယ်သူမှ မလုစေရဘူး. . ကိုကိုကလည်း အလုမခံဘူး တကယ်ပြော





တာ ဝတီရဲ့. ကိုကို့မျက်စိထဲမှာ ဝတီလောက်လှတာ တစ်ယောက်မှကို မတွေ့မိဘူး၊ အထူးသဖြင့် ဝတီရဲ့ ဆံပင် တိုတိုလေးနဲ့ ခေတ်ဆန်တဲ့အလှက ကိုကို့ကို လုံးဝ သိမ်းပိုက်ထားတာ သိလား၊ သွားသုတ်သုတ် လာသုတ်သုတ် လှုပ်ရှားသွားလာနေရတဲ့ ခေတ်ကြီးထဲမှာ ခေတ်နဲ့လည်း အံဝင်အောင် မျက်နှာအလှလည်း ပိုပေါ်လွင်အောင် ဆံပင်တိုတိုခေတ်ရဲ့ သမီးပျို ဝတီလေးကိုသာ မောင်ကသိမ်းပိုက်၊ နှလုံးသားရော မှိုတွင်းချဉ်ဆီကပါ ခိုက်ဆိုတာ ယုံလိုက်တော့ တစ်သက်လုံး"

"ယုံပါသတဲ့ရှင် နှလုံးသားကရော မှိုတွင်းချဉ်ဆီကပါ ယုံပါသတဲ့"

"ကိုကို ပြောတာကို ယုံကြည်တဲ့အတွက် ဝတီ့ကို ဆုပေးရမယ် တဲ"

ကျွန်တော် ဆုမြတ်ဝတီ၏ ချောမွေ့ပြေပြစ်သော နဖူးပြင်လေးအား ရှုတ်တရက် နမ်းလိုက်သည်၊

"အန် ဘာမှလည်း မဆိုင်ဘဲနဲ့များ"

ဆုမြတ်ဝတီ အောက်နှုတ်ခမ်း ထူထူလေးကို ကိုက်ပြီး ကျွန်တော့်ကို ထပ်ပြီး အသည်းယားလာအောင် လုပ်ပြနေပြန်သည်၊

"ဩော် နဖူးကိုနမ်းတာ ဘာမှ မဆိုင်ဘူးလား ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ပါးကိုနမ်းမယ်”

“ဟိတ်ကိုကို. . မလုပ်နဲ့နော် ဟိုမှာ လူတွေလာနေတယ်”

ကျွန်တော်လည်း မချင့်မရဲဟန်ဖြင့် အံကြိတ်ပြီး ကြည့်ရာ ဆုမြတ်ဝတီ သဘောကျပြီး ခပ်ဟဟ ရယ်လေသည်။

ကျွန်တော်တို့နှစ်ယောက် အနီးမှ လူတစ်ချို့ ဖြတ်ကျော်သွားပြီးမှ ဆုမြတ်ဝတီက တစ်ခုခု မေးလိုဟန်ဖြင့် ကျွန်တော့်လက်ကို အသာကုတ်ပြီး ကျွန်တော်က ဘာလဲဆိုသည့် သဘောဖြင့် မျက်ခုံးပင့်ပြ၏။

“ဟိုလေ . . ဗန်ဂိုးရဲ့ တပည့်ရင်း တပည့် ချာကြီးနဲ့ရော တွေ့သေးလား”

“ဗန်ဂိုးရဲ့ တပည့်ဟုတ်လား . . ဘယ်သူ့ကို ပြောတာလဲ”

“ဟိုနေ့က ကိုကိုနဲ့အတူ အအေးဆိုင် ထိုင်နေတဲ့ ပန်းချီ အကျော်အမော်လေ”

“ဪ ဘရဏီကို ပြောတာလား ဟင့်အင်း မတွေ့ပါဘူး ဘာဖြစ်လို့လဲ”

“ဘာမှ မဖြစ်ပါဘူး ရုတ်တရက် သူ့အကြောင်းက ခေါင်းထဲပေါ်လာလို့”

“ဪ . . သတိရနေတယ်ပေါ့”

“သတိရမဘဲ ဘယ်ရှိပါ့မလဲ ဒီလောက် ကြောင်တောင်





တောင်တွေ လျှောက်ပြောသွားတဲ့ဟာကို အဟား ရယ်ရတယ်။ သူကိုယ်သူ ဗန်ဂိုးရဲ့ တပည့်တဲ့၊ ပြီးတော့ ဗန်ဂိုးက အာလူးတို့ နေကြာစေ့တို့ ကြိုက်လို့ပဲ၊ ပန်းချီဆွဲတယ် ပြောလိုပြောနဲ့ အဟင်း အဟင်း”

“အင်း ဟုတ်တယ်နော် ဘာတွေ လျှောက်ပြောမှန်းလဲ မသိဘူး ရယ်ရတယ်”

“ဝတီလည်း နောက်မှ တွေးပြီးကာ ရယ်ရဲတာပါ သူ့ရှေ့မှာတုန်းက ကြောက်လိုက်တာ မပြောပါနဲ့”

“ဟုတ်လား မသိပါဘူး ကိုကိုက နှစ်ယောက်သား စကားအပေးအယူ မှုနေလို့ အိုကေဆိုပြီး နေနေတာ”

“ဘယ်ကလာ အိုကေရမှာလဲ ကိုကိုရဲ့ . . ဝတီမှာ ဇော်လိုသာ လိုက်နေရတယ် အောက်မှာ ဒူးက တဆတ်ဆတ် တုန်နေပြီး အရေးထဲ သူက ဝတီကို ဘာကြိုက်သလဲမေးလို့ နားရွက်ဆိုပြီး ယောင်ပြောလိုက်မိသေးတယ်။ တော်ကြာ ဗန်ဂိုးလိုပဲ သူ နားရွက်ကြီးဖြတ်ပေးရင် ဒုက္ခဆိုပြီး ဝတီမှာ တွေးပူလိုက်ရတာ”

“ဪ ဝတီကတော့ တွေးပူနေတာပါ သူက ကိုယ့်နားရွက် ဘယ်ဖြတ်ပေးပါ့မလဲ”

“ဗန်ဂိုးတုန်းက သူ့နားရွက်သူဖြတ်ပြီး ရှင်နားရွက်က



www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတာပဲလို့ပြောတဲ့ မိန်းကလေးတစ်ယောက်ကို ပေးလိုက်တယ်လေ. . အဲဒီလိုပဲပေါ့ သူကိုယ်သူ ဗန်ဂိုးရဲ့ တပည့်လို့ထင်နေတဲ့ ဘရက်ကိုလည်းပြောလို့ ဘယ်ရမလဲ၊ သူနားရွက်သူဖြတ်တာ အရေးမကြီးဘူး. . ဝတီတော့ သွေးရဲရဲနဲ့ နားရွက်ပြတ်ကြီး ကြည့်ပြီး လန့်လို့သေမှာ သေချာတယ်"

"ဟား ဟား ဟား ဟား"

ဝတီ့စကားနဲ့ အမူအရာကို ကြည့်ပြီး ကျွန်တော် အားပါးတရ ရယ်မောမိတော့သည်။ ဆုမြတ်ဝတီက ကျွန်တော်လက်မောင်းကို ပုတ်ပြီး

"သူများပြောတာ ရယ်မနေနဲ့ဦး ကိုကိုလည်း သူနဲ့ မတိုးမိအောင် ကြိုးစားရှောင်ဦး ယဉ်ယဉ်လေး ရူးနေတယ် ဆိုတာလည်း ရူးတာပဲလေ ဒါကြောင့် သေချာဝရှစိုက်ဦး"

"ကိုကို့အတွက် စိတ်ချပါ ကိုကို မီးစဉ်ကြည့် က,တတ်ပါတယ် သာမန်လူမှ မဟုတ်တာ၊ ဝတီရဲ့ ချစ်သူ အရင်းခေါက်ခေါက်ကြီးပဲဟာ ဟုတ်ဘူးလား"

*"အဟက် ခစ် ခစ် ခစ် ခစ်"*

ကျွန်တော့်စကားကို သဘောကျပြီး ဆုမြတ်ဝတီ ရယ်လေသည်။

ကျွန်တော်က မျက်မှောင်ကုတ်ပြီး





"ဟင် ဘာရယ်တာလဲ"

"ရယ်ချင်လို့ရယ်တာ"

"ဩော် တော်တော် ရယ်ချင်နေတယ်ပေါ့လေ"

"ဟုတ်တယ် ဘာဖြစ်လဲ"

ဆုမြတ်ဝတီ မျက်ခုံးလေး ချီချီပြီး စကားပြောသည့် အမူအရာက ကျွန်တော့်အသည်းကို ယားစေပြန်ပါသည်။

ကျွန်တော် ဆုမြတ်ဝတီ တစ်ကိုယ်လုံးကို သိုင်းဖက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့သည်။

ငှက်ရုံထဲမှ ငှက်များ၏ အော်မြည်သံနှင့်အတူ ဒေါင်းမလေးတစ်ကောင်ကလည်း အတောင်ကို ဖြန့်ကျက်လို့ လှပညက်ညောစွာ က,ပြ အသုံးတော်ခံနေသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com



## အခန်း (၄)

"အားပါ မိုက်တယ်ကွာ"

ကျွန်တော် အားပါးတရ ရေရွတ်သံကြောင့် ကျွန်တော်၏ တပည့်ကျော်ကြီး မဲလုံး ကားပွဲစား တစ်ဦးချင်း စစ်တုရင်ကစားနေရင်းမှ နှုတ်ခမ်းမွေးထောင်ကာ ကျွန်တော် ကြည့်နေရာဆီသို့ လှမ်းကြည့်၏။

"တို့ ဆရာကတော့ ခံစားချက်သမား ဘာပီသ,သလဲ မပြောနဲ့ . . ယောင်လိုများ သွားမထိလိုက်နဲ့ ရင်ခုန်ဖို့တအသင့်ဖြစ်နေပြီးသားပဲ"

နှုတ်ခမ်းမွေးကို သပ်ပြီးပြောလိုက်သော မဲလုံးစကားကို ကျွန်တော် ပြုံးလျက် နားထောင်ပြီးနောက် -

"ရင်ခုန်လွယ်တာ ငါ့အပြစ်မဟုတ်ပါဘူးကွာ၊ သိပ်ပြီး





လှနေကြတဲ့ မိန်းကလေးတွေရဲ့ အပြစ်ပါ"

ဟု တုံ့ပြန်ပြောဆိုရာ မဲလုံးခေါင်းတညိတ်ညိတ်ဖြင့် ပြုံးရယ် ရယ်လေသည်။

"ဒါနဲ့ နတ်သမီးက (၂)ပါးဖြစ်နေတော့ ဆရာသမားကို စမ်းစားသွားတာ ဘယ်တစ်ယောက်လဲ"

"အကျီအနက် လက်ပြတ်လေးနဲ့လေကွာ. . ပြောပုံ ဆိုပုံကြည့်ရတာ ထက်မြက်မယ့်ပုံပဲကွ၊ ဟိုတစ်ယောက်က သူ့လက်အောက်ဝန်ထမ်း ဖြစ်မယ်ထင်တယ်ကွ"

မဲလုံးက ကျွန်တော်ပြောတာ သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ ထိုမိန်းမချောလေးသည် ယခု ကြိုက်ကားတွေ့လျှင် ယခုဝယ်မည့်ပုံရှိသည်၊ သို့သော် ကြိုက်ကား တွေ့သေးဟန်မတူ ဟံသာဝတီ ကားပွဲစားတန်း တစ်ဝင်းလုံးကို ခြေတိုအောင်လျှောက်ပြီး စိတ်ကြိုက် ကားရှာမည် ဆိုတာကိုလည်း ခန့်မှန်းလို့ရသည်။

ကားပွဲစား ထွန်းထွန်းကလည်း သူကိုင်ထားသော ကားများကို တစ်စီးပြီး တစ်စီး လိုက်ပြပြီး သူ့ကားများ ကောင်းကြောင်း အစွမ်းကုန် ညွှန်းဖွဲ့နေသည်၊ ဟံသာဝတီ ကားပွဲစားတန်းတွင် ထွန်းထွန်းလောက် အာကောင်းသူ မရှိ။

ကားရောင်းမည့်သူသာ ထွန်းထွန်းနှင့်တွေ့လျှင် ကားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်အနာအဆာတွေကို တစ်ခုပြီးတစ်ခု ရှာပြလျှင် သူ့လက်ထဲ အလကားထိုးပေးရတော့မတတ် ပြောတတ်သည်။ ကားဝယ်မည့်သူ ဆိုလျှင်လည်း သူပြောသည့်ကားမှ မဝယ်မိလျှင် တစ်သက်လုံး စားမဝင် အိပ်မပျော်နှင့် နောင်တရသွားတော့မတတ် ပြောဆိုတတ်သည်။

သို့သော် ယခု မိန်းမချောလေးတတော့ ထွန်းထွန်း စကားပေါက်အောင် စွမ်းဆောင်နိုင်ဟန်မတူ ဟိုကား ကြည့်လိုက် ခေါင်းခါလိုက်၊ ဒီကားကြည့်လိုက် လက်ခါလိုက် လုပ်နေသည်။ကားပွဲစားလောကမှ ကျင်လည်ဖူးသော အတွေ့အကြုံအရ မိန်းကလေးတွေ ကားလာဝယ်လျှင် အများအားဖြင့် ဆူပါဆလွန်းကို ရွေးချယ်လေ့ရှိကြသည်။

"ရှုတ်"

စစ်တုရင်ပွဲဆီ အာရုံပြန်ကျသွားသော မဲလုံးကို ကျွန်တော် လှမ်းခေါ် လိုက်ရာ မဲလုံး ကျွန်တော့်ကို ခေါင်းထောင်ကြည့်သည်။

"မဲလုံး မင်း ထွန်းထွန်းဆီသွားပြီး ဆူပါဆလွန်းထိုးပေါက်ဈေးထက်လျှော့ပြီး လှည့်ထုတ်လိုက်"

"ဗျာ တစ်က,ကြီးကို ဟုတ်လား"

"တစ်က,ကြီးတွေ ဘာတွေ လုပ်မနေနဲ့ ငါပြောတဲ့အတိုင်းသာလုပ် နောက်ပြီး တည့်သွားရင်လည်း တား





အရောင်းအဝယ် စာချုပ်ကို မင်းနဲ့ပဲချုပ်လိုက်. . လောလောဆယ် ငါမျက်နှာ သူ့ကို မတွေ့စေချင်သေးဘူး"

"ဗျာ. . သူက ကျွန်တော့်ကို ကျွန်တော် ဒီကားကို ပိုင်ဆိုင်ကြောင်း အထောက်အထား ပြခိုင်းရင်ကော"

"ဟာ. . မင်းကလည်း ကားပွဲစားတန်းထဲ လိုက်လိုက်လာပြီး ဘာလုပ်နေသလဲ၊ စစ်တုရင်ထိုးဖို့ပဲ သိသလား ရှုံးတဲ့မှပဲ ဘာမှလည်း မလေ့လာဘူး. . သူနဲ့ ပတ်ကားစာချုပ် မချုပ်ခင် ခင်းကိုရောင်းထားတဲ့ အရောင်းစာချုပ်တစ်ခု လုပ်ပေးမှာပေါ့ကွ"

"ဪ ဟုတ်သားပဲ၊ ဒါဆို ကျွန်တော် အခု သွားရမှာလား"

"အေးလေကွာ"

"ဒါဆို ကျွန်တော် အခုပဲ သွားလုပ်ရှားလိုက်တော့မယ်"

"သွားသွား မြန်မြန်သွား ဪ နေဦးဟေ့"

"အဲဒီကားကိုပဲ ပြောတဲ့ဈေးနဲ့ ထုတ်ခိုင်းတယ်ဆိုတာ ထွန်းထွန်းနဲ့အတူ ကားလိုက်ကြည့်နေတဲ့ နတ်သမီးလေး တစ်ဦးတည်းအတွက်ကိုပဲ ပြောတာနော်၊ အခြား ဝယ်သူတွေအတွက် ပြောတာမဟုတ်ဘူး"

"စိတ်ချပါ. . အာစရိကလည်း ဆရာတပည့်ပဲ ဒီလောက်တော့ နပ်ပါတယ်"



www.burmeseclassic.com

"နပ်ရင်လည်း လိုမ့်ပေတော့"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

မဲလုံးလည်း စကားဆုံးသည်နှင့် ခပ်သွက်သွက် ထွက်သွားပြီး ထွန်းထွန်းအနီးသို့ သွားရပ်ကာ ကားဝယ်သူ မိန်းမချောလေး မရိပ်မိအောင် တစ်စုံတစ်ရာ တီးတိုးကပ်ပြောလိုက်သည်။

ထွန်းထွန်းကလည်း နပ်သည်၊ မိန်းမချောလေးကို တားတစ်စီးထံသို့ အာရုံလွှဲလိုက်ပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော် လက်ဟန်ခြေဟန်ပြလိုက်ရာ သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။ ထို့နောက် ထွန်းထွန်း မဲလုံးနှင့် ကားဝယ်လိုသူ မိန်းမချောလေးတို့ စကားအနည်းငယ် ပြောပြပြီးနောက် မဲလုံးနှင့်အတူ ကျွန်တော့်ကားရှိရာဆီသို့ သွားကြပြန်သည်။

ခဏအကြာတွင် မဲလုံးပြန်ရောက်လာသည်။

"အာစရိရေ ဟို အမျိုးသမီးကတော့ ကားကို လုံးဝကြိုက်သွားပြီ . . သိလား"

"အဲဒါဆိုလည်း လုပ်စရာရှိတာသာ သွားလုပ်လိုက်တော့လေ ထွန်းထွန်းလည်း ပါမှာပဲဆိုတော့ အေးဆေးပါ"

"ဟုတ်တယ် . . . အခုလည်း ကားအနေအထားရော





ဆိုထွန်းထွန်းရဲ့ တော်ကီမှာရော အဲဒီ အမျိုးသမီး ပြောသွားသော တားဈေးကို ပေါက်ဈေးအောက်လျှော့ပေးပြီး တစ်ခွန်းဆိုလိုက်တာလည်း သူက သဘောကျသွားတယ် သိလား၊ နောက်ပြီး အဲဒီ အမျိုးသမီးက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိတဲ့ ပုံမျိုးပဲ . . မတ္တင်းနစ်တွေဘာတွေ ကားနားလည်တဲ့သူသည်း မခေါ်လာဘူး"

"ဟုတ်ပြီလေ ဒါဆို ပြီးမှ ဆုံကြတာပေါ့ ဟုတ်လား ကဲတဲ သွားတော့"

"ဟုတ်ကဲ့ ဒါဆို ကျွန်တော်သွားပြီ"

ကျွန်တော် မဲလုံးကို စကားဖြတ်ပြီး အနီးရှိ ကားတစ်စီးဆဲ ဝင်ထိုင်ကာ လေချွန်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၅)

"အစ်ကိုလေးရာ . . အစ်ကိုလေး လုပ်ပုံတော့ ကျွန်တေ နားမလည်တော့ဘူး"

"ဘာကို နားမလည်တာလဲ"

"အစ်ကိုလေး အဲဒီ အမျိုးသမီးကို သဘောကျသွ လျှတ်နဲ့ ဘာကြောင့် ဒီတားကို သူ့လက်ထဲ ထိုးထည့် အချဉ်ဖမ်းလိုက်ရတာလဲ"

ကျွန်တော် မဲလုံးကို စကားမပြန်သေးဘဲ ပြုံးရယ် ရယ် လိုက်သည်။ မှန်သည် ကျွန်တော် ပေါက်ဈေးအော လျှော့ပြီး ပေးလိုက်တာ (၁၀/ . . . .) ဆူပါဆလွန် အင်ဂျင်မှလွဲ၍ တော်တော်များများမှာ အော်ရီဂျင်နယ် ပစ္စ များ မဟုတ်တော့။





"အဲဒီ အမျိုးသမီးက လှတာတော့ တကယ့်ရှယ်ပဲ၊ နာမည် ကလည်း အပျံစားပဲ ဘာတဲ့ မဏိဇာနည်တဲ့ သူ Travel & Tour ကုမ္ပဏီထောင်ထားတာ. . ကုမ္ပဏီကိုလည်း သူ့နာမည်ပဲ ပေးထားတာသိလား အစ်ကိုလေး"

မဲလုံးပြောသည်ကို ကျွန်တော် မတုံ့ပြန်ဘဲ စားပွဲပေါ်မှ တော်ဖီခွက်ကို လှမ်းယူကာ တစ်ကျိုက်တည်းနှင့် ကုန်အောင် သောက်ပစ်လိုက်သည်။ ထို့နောက်

"မဏိဇာနည် မဏိဇာနည်"

တု ခပ်ဖွဖွ ရေရွတ်ရင်း မဲလုံးကို ကြည့်ကာ

"ကဲ မဲလုံး . . ဒီတစ်ရက် နှစ်ရက်အတွင်း သူ့ဆီက ကား ကို ရောင်းဈေးအတိုင်း ပြန်ဝယ်ရမယ် . . ဒီတော့ ပိုက်ဆံနဲ့ အရောင်းစာချုပ်မှာ လက်မှတ်ထိုးဖို့သာ အသင့် ပြင်ထား ထားတော့"

"ဗျာ ရောင်းပြီးသားကားကို ပြန်ဝယ်မယ် . . ဟာ အစ်ကို လေး ဘာတွေလုပ်နေတာလဲ ကျွန်တော်တော့ ထပ်ပြီးတော့ကို နားမလည်တော့ဘူး ဒီကားကို ဒီဈေးနဲ့ထွက်အောင် လုပ်နိုင်ဖို့ အတွက် နောက်ထပ် အချဉ်တစ်ကောင်ရအောင် ထပ်လောက်စောင့်ရမလဲ မသိဘူးနော် . . အခု ဒီလို ထော်ထဲက လျှော့ခနဲလွှတ်သွားအောင် ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုထွန်းထွန်းတို့ ဘယ်လောက်တောင် ခွင်ဆင်ခဲ့ရတယ်ဆိုတာ . . ဆိုတာ"

"ကလင် . . ကလင်"

ထိုအချိန်မှာပင် ဖုန်းခေါ်သံမြည်လာသဖြင့် မဲလုံး စကားဆုံးအောင် မပြောနိုင်အောင် ကျွန်တော် တယ်လီဖုန်းကို လက်မဖြင့် ထိုးညွှန်ပြရင်း

"တဲ ကိုမဲလုံး အဲဒါတွေ နောက်မှပြော လောလောဆယ် ဖုန်းသွားကိုင်လိုက်ပါဦး"

ဟု ဆိုလိုက်သဖြင့် မဲလုံး တယ်လီဖုန်း စကားပြောခွက်ကို ပြေးကိုင်ရသည်။ မဲလုံးဖုန်းပြန်ထူးပြီးနောက် စကားပြောခွက်ကို လက်ဖြင့်အုပ်ကာ-

"အစ်ကိုလေး ဆုမြတ်ဝတီတဲ့" ဟု ဆိုသဖြင့် ကျွန်တော်လည်း နေရာမှထပြီး ဖုန်းသွားကိုင်ရသည်။

"ဟဲလို အသည်းလေးလား"

ဟူ၍ အချိုရည် ကြော်ငြာတစ်ခုထဲက အမျိုးသားသရုပ်ဆောင်၏ လေသံဖြင့်ဆိုရာ ဆုမြတ်ဝတီကလည်း ထိုကြော်ငြာထဲမှ အမျိုးသမီးသရုပ်ဆောင်၏ လေသံဖြင့်-

"ဟဲလို ဝတီ ကိုကို"

ဟု ပြန်နောက်သည်။ ထို့နောက် နှစ်ယောက်သား ရယ်မိ





ကြသည်။ ရယ်သံများဆုံးကာမှ ကျွန်တော်က-

"ကိုကိုလည်း အခုပဲ ဝတီဆီ ဖုန်းဆက်မယ်ဆိုပြီး လုပ်နေတုံး ဝတီဖုန်းမြည်လာတာ"

"ဟုတ်လား ဒါဆို ဝတီနဲ့ကိုကို စိတ်ချင်းဆက်နေတာပေါ့"

"စိတ်ချင်းတင် ဘယ်ကမလဲ နှလုံးသားချင်း ရင်ခုန်သံချင်းပါ ဆက်နေတာ"

"ဒါနဲ့ ကိုကို မနက်ဖြန်အားလား"

"အင်း အားတယ် ဘာလုပ်မလို့လဲ"

"မနက်ဖြန် ဝတီ ကျောင်းပိတ်ရက်မှာ ကိုကိုနဲ့အတူ ရုပ်ရှင်ကြည့်ချင်လို့"

"ကောင်းတာပေါ့ . . ကိုကိုလည်း ရုပ်ရှင်မကြည့်ရတာကြာပြီဆိုတော့ အဲ ဆောရီး ဝတီရာ ကိုကိုမေ့သွားလို့ မနက်ဖြန် ကိုကို မအားဘူး"

"ကြည့် . . အမျိုးမျိုးပဲ"

"တကယ်ပါ . . ဝတီကို ကိုကို လုံးဝ တောင်းပန်တယ်။ ဒီလိုလုပ် သန်ဘက်ခါ ကြည့်မယ်လေ သန်ဘက်ခါ တနင်္ဂနွေနေ့ဆိုတော့ ပိုမကောင်းဘူးလား"

"ဟင် ဝတီက မနက်ဖြန် စနေနေ့ပွဲကို ကြည့်ချင်တာ"

"ကိုကို တကယ်မအားလို့ပါ ဝတီရယ် ဒါဆို ဒီလိုလုပ်လေ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို လက်မှတ်ကို ဘွတ်တင်လုပ်ထားပေးမယ်၊ သူငယ်ချင်းတွေနဲ့ ကြည့်ပေါ့နော် ဝတီက လိမ္မာပါတယ်ကွာ”

“သူငယ်ချင်းတွေနဲ့ ကြည့်ချင်မှတော့ ကိုကို့ဆီကို ဘာလို့ တကူးတက ဖုန်းဆက်နေတော့မှာလဲ၊ ဒီက သူနဲ့အတူ ကြည့်ချင်လို့ဟာကို”

“အင်းလေ . . ဒါဆိုလည်း ကိုကိုအလုပ်ကိစ္စအရေးကြီးနေပေမယ့်လည်း ဖျက်လိုက်ပါ့မယ်”

“ဝတီ အလကားပြောတာပါ ကိုကို့ရာ . . အလုပ်ကိစ္စက ဒီလောက် အရေးကြီးတာပဲ မဖျက်လိုက်ပါနဲ့၊ ကိုကို အလုပ်ကြိုးစားနေတာလည်း ဝတီနဲ့ကိုကိုရဲ့ ဘဝရှေ့ရေးအတွက်ပဲ မဟုတ်လား၊ ရုပ်ရှင်က ဘယ်အချိန် ကြည့်ကြည့် ရပါတယ်၊ ဟုတ်တယ် မဟုတ်လား”

“ဒီလိုတော့လည်း ချစ်သူအလိမ္မာလေးကို ချစ်နေရတာ ဒါကြောင့် ဆုချတဲ့အနေနဲ့ အာ . . ဝါး”

မဲလုံးက ကျွန်တော်၏ စဉ်းစားမှုကို မနာလိုဟန်ဖြင့်

“တတ်လည်းတတ်နိုင်တဲ့ အာစရိ” ဟု တီးတိုးရေရွတ်သည်ကို နားထောင်ပြီး ကျွန်တော် ကြိတ်ပြုံးမိပါတော့သည်။







## အခန်း (၆)

ကျွန်တော့် လက်မှ နာရီကို ကြည့်လိုက်သည်။

သည်အချိန်ဆို မဏိဇာနည် နေ့လယ်စာ ထွက်စားနေကျ ဖြစ်သည်။ ကျွန်တော် ကားပေါ်မှဆင်းပြီး မဏိဇာနည်၏ ရုံးခန်းရှေ့သို့ လျှောက်သွားလိုက်သည်။ ထို့နောက် ဝယ်ယူထားတာမကြာသေးသော မဏိဇာနည်၏ကားကို ရှေ့နောက် ဝဲယာ ထက်အောက်အလယ်ကို စေ့စေ့စပ်စပ် လျှောက်ကြည့်နေလိုက်သည်။

သိပ်မကြာလိုက်ပါ၊ မဏိဇာနည် ရုံးခန်းထဲမှ ထွက်လာတာ ကားအနီးတွင် ရပ်ပြီး ကျွန်တော့်ကို အကဲခတ်နေသည်။ ကျွန်တော် မဏိဇာနည် ရောက်နေသည်ကို သတိမပြုမိဟန်ဖြင့် ကားဘော်ဒီတွေကို လက်ဖြင့် လိုက်ခေါက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် . . ဒီမယ်"

ကျွန်တော် မကြားချင်ယောင်ဆောင်ပြီး ကားကို ဆက်ကြည့်နေပြန်သည်။

မဏိဇာနည် စိတ်မရှည်ဟန်ဖြင့် ကျွန်တော့်အနီး ကားဘော်ဒီကို ခပ်ကြမ်းကြမ်း လာခေါက်၏။

"ဒီမယ် ဒီမယ်"

"ဒုန်း ဒုန်း ဒုန်း"

ကျွန်တော်လည်း ထိုအခါမှ ခေါင်းမော့ကြည့်လိုက်သည်။ မဏိဇာနည်က မျက်နှာတည်ဖြင့်-

"ဒီမယ် ဒီကားရောင်းမယ်လို့ ရှင့်ကို ဘယ်သူပြောသလဲ"

ဟု ဆို၏။ ကျွန်တော်လည်း မတ်တတ်ထရပ်ပြီး မဏိဇာနည်ကို ကြည့်ကာ

"ဟင့်အင်း . . ဘယ်သူမှ မပြောပါဘူး"

"ဒါဆို ရှင် ကျွန်မကားကို တောင်ကြည့်မြောက်ကြည့်လုပ်နေတာ ဘာသဘောလဲ . . ကားခိုးချင်လို့လား"

"အလိုဗျာ . . စွပ်စွပ်စွဲစွဲ . . ဒီရုပ် ဒီရည်တိုလည်း ကြည့်ပါဦး၊ ကားသူခိုးရုပ် ပေါက်နေလို့လား"

"ဒီမယ် ဘယ်သူကမှ ကျွန်တော် ကားသူခိုးပါလို့ နဖူးမှာ စာကပ်ထားတာ မဟုတ်ဘူး"





"အန်း"

မဏိဇာနည်သည် ရုပ်ကလေး လှသလောက် နှုတ်သီးတောင်း လျှာပါးနှင့် ဘယ်လိုကြည့်ကြည့် တော်တော် စွဲမက်ဖို့ကောင်းသည့် မိန်းကလေးဆိုတာ ကျွန်တော် ယခင်ကထက် ပိုမိုလက်ခံ သဘောပေါက်လိုက်မိသည်။

သူမ ကားတံခါးကို ဆွဲဖွင့်ပြီး ကားမောင်းသူ နေရာတွင် ဝင်ထိုင်မည်ပြုစဉ် -

"ခင်ဗျားကားကို . . ကျွန်တော်မပြောနဲ့ တကယ့်ကားသူခိုးကတောင် ခိုးပါဆိုလို့ မခိုးဘူး စိတ်ချ"

ဟူ၍ ကျွန်တော်က ပြောရာ သူမ မျက်မှောင်ကုတ်ပြီး ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်လည်း အခွင့်အရေးရတုန်း စကားကို ဆက်ပြောရသည်။

"ဒီထက်သေချာတာ ထပ်ပြောဦးမယ် . . ခင်ဗျားကားကို ရောင်းချင်လို့ပါဆိုပြီး အလကား မတ်တင်းဆိုပြီး ရောင်းတာတောင် ဝယ်မယ့်သူရှိမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ပြောရဲတယ်"

"ရှင် ဘာပြောတာလဲ ဘာသဘောနဲ့ ကျွန်မကို နှောင့်ယှက်နေတာလဲ"

"ကျွန်တော် တကယ်ပြောနေတာ ခင်ဗျားကားက အားလုံးမှားနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ခင်ဗျားကို အမှားကြီးလို့ ပြောနေတာ"

"အို . . ကျွန်မက ဟို ကျွန်မက ဘယ်သူ့ကားနဲ့ မှားရမှာလဲ ပေါက်ပေါက်ရှာရှာ လာပြောမနေနဲ့ သွားတော့မယ်"

မဏိဇာနည် ကားမောင်းသူ နေရာတွင် ဝင်ထိုင်ပြီး တံခါးကို ဆွဲပိတ်ကာ ကားစက်နှိုးမည်ပြုစဉ် ကျွန်တော်လည်း သူမ ကားပေါ် လက်ထောက်လိုက်သည်။

မဏိဇာနည် တင်းမာသော မျက်နှာဖြင့် ကျွန်တော့်ကို တစ်ချက်မော့ကြည့်သည်။

"ဒီမယ် ခင်ဗျားကို ကားပွဲစားက အချဉ်ဆိုပြီး 'အင်'ကြီး ခင်ဗျားလက်ထဲ ထည့်ပေးလိုက်တယ်ဆိုတာကိုရော ခင်ဗျားသိလား"

"ဟင်"

မဏိဇာနည် ကျွန်တော့်စကားကြောင့် တစ်ချက်တွေသွားသည်။ ဘာမျှတော့မပြော။ ကျွန်တော် ဆက်ပြောလာမည့် စကားကို နားစွင့်နေဟန်ရှိသည်။

"ကျွန်တော်ပြောမယ် ဒီကားရဲ့ ရှေ့လေကာမှန်ရော နောက်မှန်ပါ ဘော်ရီကွင်နက်တွေ တစ်ချက်မှ မဟုတ်တော့ဘူး"

"ရှင်"

"နောက်ပြီး ကားမီးခွက်တွေအားလုံးလည်း အော်ရီဂျင်





နယ်တစ်ခုမှ မဟုတ်တော့ဘူး"

ကျွန်တော့် စကားကြောင့် မဏိဇာနည် ကားစက်မနှိုးဖြစ်တော့ဘဲ ကားပေါ်မှ ပြန်ဆင်းလာကာ ကားမှန် နှစ်ချပ်နှင့် ရှေ့မီး နောက်မီးများကို လိုက်ကြည့်သည်။

ကျွန်တော် ပြောလို့သာ လိုက်ကြည့်နေသည်။ တကယ်တော့ မဏိဇာနည် ဘာမျှနားမလည်ဘူးဆိုသာ ကျွန်တော် ကောင်းစွာ သိနေသည်။

"ခင်ဗျား သိအောင် ထပ်ပြောလိုက်ဦးမယ် ကားထိုင်ခုံတွေ အားလုံးကလည်း ဒီကားရဲ့ မူရင်းခုံတွေ မဟုတ်ဘူး"

"ရှင် တကယ် တကယ် ပြောတာလား"

မဏိဇာနည်ကားအတွင်းရှိ ထိုင်ခုံများကို ငုံ့ကြည့်၏။ ထို့နောက် ကားမောင်းသူနေရာမှ ခုံကို လက်သီးဆုပ်ဖြင့် ထုကြည့်၏။ ပြီးတော့ ကျွန်တော့်ကို လည်ပြန်ကြည့်သည်။

ခင်ဗျား ကားနဲ့ ပတ်သက်ပြီး ဆက်လက်နားထောင်ချင်သေးတယ်ဆိုရင် ကျွန်တော့်မှာ ပြောပြစရာတွေ ကျန်သေးတယ်"

မဏိဇာနည် တုံ့ပြန်ပြောဆိုခြင်း မရှိသော်လည်း နားထောင်လိုစိတ် ပြင်းပြနေသည်ကို ကျွန်တော်ရိပ်မိသည်။

သို့သော် မဏိဇာနည်နှုတ်မှ ဘာမှ ထွက်မလာသဖြင့် ကျွန်တော်လည်း ပခုံးတစ်ချက်တွန့်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . ခင်ဗျားမှ နားထောင်လိုတဲ့ ဆန္ဒမရှိတော့ဘူးဆိုရင်လည်း ကျွန်တော့်ဘက်က အလိုက်သိရမှာပေါ့"

ဟူ၍ ပြောဆိုကာ မဏိဇာနည်ကို ကျောခိုင်းလိုက်သည်။ သို့သော် ကျွန်တော် ခြေလှမ်းသုံးလှမ်းပင် ပြည့်အောင် မလှမ်းလိုက်ရ မဏိဇာနည်မှ အသံထွက်ပေါ်လာသည်။

"ဟိတ် ဒီမှာ ဒီမှာ"

ကျွန်တော် ကြားသော်လည်း လှည့်မကြည့်ဘဲ ဆက်လျှောက်သွားလိုက်သည်။ သူမ ကျွန်တော့်နောက်သို့ ခြေလှမ်းသွက်သွက်ဖြင့် လိုက်လာပြီး ကျွန်တော် ဘယ်ဘက်လက်မောင်းကို ကားသောဖြင့် လှမ်းတို့သည်။

"ဟိတ် ဒီမှာ . . ဒီမှာ"

ကျွန်တော် လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်ပြီး သူမကို လှည့်ကြည့်လိုက်သည်။ ထို့နောက် -

"တို့နာမည် ဒီမှာ ဒီမှာ မဟုတ်ဘူး . . မင်းပိုင်စိုးဇေ"

"အို ရှင့်နာမည်ကို ဘယ်သူက မေးနေလို့လဲ"

"ဆို ဒါဆို ဘာကိတ်"

ကျွန်တော် မျက်ခုံးတစ်ဖက်ပင့်ပြီး မဏိဇာနည်ကို မထီတရီ ကြည့်လိုက်သည်။ မဏိဇာနည်လည်း ကျွန်တော် သက်သက်စျေးကိုင်မှန်းသိသဖြင့် မျက်စောင်းထိုး၏။ ပြီးမှ . .





"ကျွန်မကားနဲ့ ပတ်သက်ပြီး ရှင်တွေ့တာ မြင်တာလေးတွေ ပြောစမ်းပါဦး"

"ဩော် နားထောင်နိုင်သေးတယ်ပေါ့"

"ပြောမယ့်အရေးသာ ပြောစမ်းပါ. . အပိုတွေ မပါစမ်းပါနဲ့"

"ဟ ကားလည်း ကြည့်ခိုင်းသေးတယ် လေသံကလည်း မာလှချည်လား"

မဏိဇာနည် တုံ့ပြန်ပြောဆိုခြင်း မရှိတော့ဘဲ တစ်ဘက်သို့ မျက်နှာမူကာ လှည့်ရပ်သည်။ ကျွန်တော် ညာဘက်ထောင့်စွန်းတွင် အပြုံးတစ်ချက် တင်လိုက်သည်။

"ကောင်းပြီးလေ သိချင်သပဆိုရင်လည်း ပြောပြရတာပေါ့. . ကားရဲ့ ရှေ့ညာဘက် အခြမ်းနဲ့ နောက်ဘယ်ဘက်အခြမ်း ဘော်ဒီက ပွတင်းကိုင်ထားတာ များနေတယ်"

"ပွတင်းကိုင်ထားတယ် ဟုတ်လား ဘာကို ပြောတာလဲ"

"လူတွေစားတဲ့ ပွတင်းကို ပြောတာ မဟုတ်ဘူး"

"ဒါတော့ ကျွန်မလည်း သိတာပေါ့၊ အခုကားမှာ တိုင်ဆယ်ဆိုတဲ့ ပွတင်းကို မေးနေတာ"

"ဟုတ်ပါပြီ တိုယ်တလည်း အဲဒါကို ပြောနေတာ"

ကျွန်တော် စကားတို မရှုပ် ရှုပ်အောင် ပြောနေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ရိုပ်မိသဖြင့် မဏိဇာနည် ဘာမျှ ထပ်မပြောတော့ဘဲ ကျွန်တော့်ကို မျက်စောင်းထိုးပြန်သည်။ နဂါးသေလို့ ဝင်စားသလားတော့ မပြောတတ်၊ မဏိဇာနည်ဆိုသော ကလေးမ မျက်စောင်းထိုးတာ အလွန်ဝါသနာပါသည်။

"ပွတင်းကိုင်ထားတယ်ဆိုတာ ကားဘော်ဒီရဲ့ ပေါက်နေစုတ်ပြဲနေတဲ့ နေရာတွေကို ပေါက်နေစုတ်ပြဲနေမှန်း မသိအောင် ဖာထေးတာကို ပြောတာ အဲဒါကို ပတ်တီးရိုက်ထားတယ်လို့ ခေါ်တယ်"

"ဟင် ဟုတ်လား အပေါက်အပြဲတွေက တော်တော်ဝဲများ နေသလား"

"ဟင့်အင်း သိပ်မများပါဘူး. . အချပ်လိုက်လဲပြီး ဖြတ်ဆက်လုပ်ပေးရုံပါပဲ"

"ရှင်"

မဏိဇာနည် မျက်စိမျက်နှာပျက်သွားလျက် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသလို ကျွန်တော့်ကိုကြည့်၏။

"ဒါကြောင့်ပြောတာ . . မင်းကားကို ရောင်းချင်တယ်ဆိုရင်တောင် မင်းဝယ်ခဲ့တဲ့ ငွေရဲ့ တစ်ဝက်ပြန်ရရင်တောင် တော်တောင်းဆိုတာ၊ ဒါတောင် အကုန်စုံအောင် လိုက်မကြည့်ရသေးဘူး၊ သေချာလိုက်ကြည့်ရင် ဘာအပြစ်တွေ ထပ်တွေ့ဦး





မယ်မသိဘူး . . တို့ပြောတာကို မယုံဘူးဆိုရင် . . အခြားကားနားလည်တဲ့သူတွေ လိုက်မေးကြည့်လိုက်ဦး"

မဏိဇာနည် စကားမပြောတတ်တော့သလို နှုတ်ဆွံ့အလျက် မျက်နှာလေး မှုန်မှိုင်းသွားသည် ပြီးမှ . . .

"တောက်"

ဟူ၍ တက်ပြင်းပြင်း တစ်ချက်ခေါက်သည်။

ထို့နောက် တားခေါင်မိုးကို လက်ချောင်းထိပ်များဖြင့် ဒေါက်ဒေါက်ခေါက်ရင်း -

"တောက် မဏိဇာနည်ကို ဒီလို လာကျော့လို့ မရဘူး. . ကားအစုတ်ကြီး ညာရောင်းလိုက်တဲ့ လူတော့လား တွေ့မယ်"

ဟူ၍ တစ်ယောက်တည်း ကြိတ်မနိုင်ခဲမရ ကြိမ်းဝါးနေသည်။

"နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် လုပ်ပြီးမှတော့ မင်းတွေ့လည်း တွေ့ရုံပဲ ရှိတာပဲ ဘာတတ်နိုင်မှာမို့လဲ"

"ဟင်"

ထောက်ပြပြောဆိုသော ကျွန်တော့် စကားကြောင့် မဏိဇာနည် ကျွန်တော့်ကို ချာခနဲ လှည့်ကြည့်သည်။ ကြံရာရနေသော မျက်နှာဖြင့်

"ဒါဆို ဘယ်လို လုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စိတ်ရှုပ်သော လေသံဖြင့် တစ်ဦးတည်း ရေရွတ်သလိုလိုနှင့် ကျွန်တော့်ထံမှ စကားတောင်း၏၊ ကျွန်တော်လည်း စာနာနားလည်သော လေသံဖြင့်-

"ဒါနဲ့ ဒီကား ဘယ်ကိုသွားဝယ်တာလဲ"

"ဟံသာဝတီ ပွဲစားတန်းက"

"ဩော် . . ဒါကြောင့် မြင်ဖူးသလိုလို ရှိပါတယ်လို့ ထင်နေတာ. . ဒါနဲ့ ဘယ်သူ့ဆီက ဝယ်တာလဲ"

"ကိုမဲလုံးဆိုတဲ့ လူဆီက"

"မဲလုံးဆိုတာ အသားမည်းမည်းနှုတ်ခမ်းမွှေးကားကားနဲ့ မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ရှင်နဲ့ သိသလား"

"ဩော် . . လက်စသတ်တော့ မဲလုံးရဲ့ကားကို . . ကြည့်ရတာ ဝယ်တာ မကြာသေးဘူးနဲ့ တူတယ်"

"ဟုတ်တယ် . . သုံးရက်လောက်ပဲ ရှိသေးတယ်"

"ကိစ္စမရှိပါဘူး . . မဲလုံးရဲ့ကား ဆိုရင်တော့ တို့ ရှင်းပေးနိုင်တယ်"

"ရှင် တကယ် . . တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ . . တို့နဲ့ ပတ်သက်ရာပတ်သက်ကြောင်းဆိုရင် မဲလုံး တစ်ကွက်လေးမှ လုပ်မစားရဲဘူး"





"အို ရှင်နဲ့ ဘယ်သူက ပတ်သက်ရာ ပတ်သက်ကြောင်းရှာလဲ"

"ဩော် သူနဲ့ စကားပြောရင် ဒီလိုပဲ ပြောရမှာပေါ့ . . ဒါလောက်လေးမှ အပြောမခံချင်ရင်လည်း အနေသာကြီးပေါ့နေပါတယ် တို့သွားတော့မယ်"

"နေ. . နေဦးလေ. . ရှင်ကူညီနိုင်တယ်ဆိုရင်လည်း ကူညီဆေးဦးလေ. . ကျွန်မ ထိုက်သင့်တဲ့အကျိုးဆောင်ခပေးပါ့မယ်"

"ကောင်းပြီလေ ဒါဆိုရင် မင်း . . . တို့ကားနောက်က လိုက်ခဲ့ပေါ့"

"ဩော် . . ရှင့်မှာလည်း ကားပါတယ်လား"

ကျွန်တော် တုံ့ပြန်ပြောမနေတော့၊ တစ်ချက်ပြုံးလျက် ကျွန်တော့်ကားဆီ လျှောက်သွားလိုက်သည်။

ထို့နောက် ကားကို ကားပတ်ကင်ထဲမှထုတ်ကာ မောင်းထွက်ရင်း နောက်ကြည့် မှန်မှတစ်ဆင့် လှမ်းကြည့်လိုက်သည်။

ကျွန်တော့်ကားနောက်မှ ကပ်ပြီး မဏိဇာနည်ကားလိုက်ပါလာသည်ကို တွေ့ရသည်။ ကျွန်တော် ပြုံးမိလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

ကျွန်တော့်ကားကို ကားဝင်းထဲ မသွင်းတော့ဘဲ အပြင်မှာပဲ ရပ်ထားသဖြင့် မဏိဇာနည်လည်း သူ့ကားကို ကျွန်တော့်ကားနောက်မှာ ထိုးရပ်ထားလိုက်သည်။ ကျွန်တော် ကားပေါ်မှဆင်းပြီး-

"တစ်ခုတော့ ကြိုပြောထားမယ်နော် . . မဲလုံးနဲ့ စကားပြောတဲ့အခါ မပေါက်တွဲစေနဲ့ . . ပြေပြေပြစ်ပြစ် ဖြစ်ပါစေ"

"အို ဒီလောက်ကတော့ ကျွန်မ နားလည်ပါတယ်၊ တစ္ဆေအရပ်ရပ်က လူမျိုးပေါင်းစုံနဲ့ ပြောဆိုဆက်ဆံနေတာပါ"

"နားလည်ရင်လည်း ပြီးတာပါပဲ . . တို့က စိုးရိမ်လို့ ပြောတာ . . တော်ကြာ မဲလုံးကလည်း ရှုးရှုးရှားရှား ပြန်လုပ်ပြီး ကားပြန်မယူဘူးဆိုရင် ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"





"ဪ . . ဒီလောက်တော့ နားလည်ပါတယ်လို့ ပြောနေတဲ့ဟာကို"

မဏိဇာနည် ကျွန်တော့်ကို ဆရာလုပ်လွန်းရန်ကောဟူသော အကြည့်ဖြင့် ပေစောင်းစောင်း ကြည့်ပြီး မျက်စောင်းထိုးသည်။

"ကောင်းပြီလေ . . ဒါဆိုရင် . . မင်းကားပေါ်ကပဲ စောင့်နေပါ၊ တို့ မဲလုံးကို သွားခေါ်လိုက်ဦးမယ်"

မဏိဇာနည် ခေါင်းညိတ်ပြသည်။ ကျွန်တော် ခြေလှမ်းငါးလှမ်းခန့်လျှောက်ပြီးတာမှ နောက်ပြန်လှည့်လာသဖြင့် ဘာပြောစရာများ ရှိပါသေးသလဲဟူသော အကြည့်ဖြင့် မဏိဇာနည် ကျွန်တော်ကို ကြည့်နေသည်။

"ဒီမှာ ရှိတဲ့ လူတိုင်းလိုလိုက ကားနားလည်တဲ့ လူတွေချည်းပဲ . . ဒီတော့ ဒီကား မှားနေတာ ဟုတ်မဟုတ် ဘယ်သူ့ကိုမှဆို ခေါ်ကြည့်ခိုင်းလို့ရတယ်"

"တော်ပါပြီ . . ဘယ်သူ့မှ ခေါ်ကြည့်မခိုင်းတော့ပါဘူး၊ မြန်မြန်သွက်သွက် ရှင်းဘာသာ မဲလုံးခေါ်မယ့်အရေးသာသွားခေါ်"

"တို့က ပိုပြီး သေချာစေချင်လွန်းလို့ပါ"

မဏိဇာနည် ဘာမှ ဆက်မပြောလိုဟန်နှင့် မျက်နှာတစ်ဘက်သို့ လွှဲသွားသဖြင့် ကျွန်တော်လည်း ပခုံးတွန့်ပြီး မဲလုံးရှိရာ

www.burmeseclassic.com



သွားရတော့သည်။

သိပ်မကြာခင် ကျွန်တော်နှင့်အတူ မဲလုံး လိုက်ပါလာလျှက် မဏိဇာနည်ဆီ ပြန်ရောက်လာသည်။

မဏိဇာနည်က မဲလုံးကို မနှစ်မြို့သော အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်သေးသော်လည်း ဘာမှတော့မပြော ထို့ကြောင့် မဲလုံးကပဲ စ,ပြောရသည်။

"အမ ဒီကား ပြန်ရောင်းချင်လို့ . . ဆို"

မဏိဇာနည် ဘာပြန်ပြောရမည် မသိသလို ကျွန်တော့်ကို လှမ်းကြည့်သဖြင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်ရသည်။ ထိုအခါမှ မဏိဇာနည်လည်း -

"ဟုတ်တယ် ပြန်ရောင်းချင်လို့"

"ဘာလို့ ပြန်ရောင်းမှာလဲ အမရယ် ဒီကားက အမ ရတဲ့ ဈေးနဲ့ဆိုရင် တကယ်တန်တယ်"

"ရှင်က တန်တယ်သာပြောနေတယ်၊ ဒီကားမှာ သူ့ရဲ့ အော်ရီဂျင်နယ်ပစ္စည်းကဖြင့် ဘာတစ်ခုမှ မရှိတော့ဘဲနဲ့များ"

မဏိဇာနည်လည်း ကျွန်တော် ပြောထားသည့် အပေါ် တည်ပြီး သူသိသလိုလိုဖြင့် အပိုင်ကြီး ပြောချလိုက်သည်။

မဲလုံး မလုံမလဲပြုံးရင်း

"အင်ဂျင်နဲ့ ဖရိန်ကတော့ အော်ရီဂျင်နယ်တွေပါပဲ . .





ကျန်တာတွေကသာ လဲတပ်ထားတာ . . လဲထားရတယ် ဆိုတာကလည်း မကောင်းတာနဲ့ ကောင်းတာကို လဲထားတဲ့သဘောပါ"

"ဟုတ်ပါပြီ . . ကျွန်မ ဒီကားကို ပြန်ရောင်းချင်တယ်"

"ဘာလို့ရောင်းမှာလဲ အမရာ ဒီကားက ဒီလောက်သန့်တဲ့ဟာကို . . နောက်ကို ဒီဈေးနဲ့ ဒီကားမျိုး လိုချင်လို့ မရတော့ဘူး အစ်မ . . ကျွန်တော် ရောင်းတုန်းကလည်း အမကို ပွင့်ပွင့်လင်းလင်း ပြောသားပဲ . . ပိုက်နာနေလို့သာ ရတဲ့ဈေးနဲ့ အရေးပေါ် ရောင်းရတာပါလို့လေ"

"ကျွန်မလည်း ရှင်ပြောဖူးတဲ့ စကားအရ ရှင့်ဆီလာတာပါ ရှင်ပဲ ပြောခဲ့တယ်လေ ဒီကား ပြန်ရောင်းချင်ရင် အချိန်မရွေး ပြန်လာခဲ့ ချက်ချင်းထွက်အောင် လုပ်ပေးမယ်ဆို . .

ဒီကားမျိုးတွေက ရောင်းရခက်တဲ့ ကွက်ပျောက်ကား မဟုတ်ဘူးဆို . . ."

"မှန်တယ်အစ်မ . . ဒါပေမယ့် ဒီနှစ်ရက်အတွင်း ကားဈေးတွေက အောက်ကို ထိုးဆင်းနေတဲ့အပြင် ကားအရောင်းအဝယ် ဈေးကွက်တလည်း သိသိသာသာ အေးသွားတယ်"

မဏိဇာနည် ကျွန်တော့်ကို အားကိုးတကြီး လှမ်းကြည့်သည်၊ ကျွန်တော် မဲလုံး၏ ပခုံးကို လှမ်းပုတ်ရင်း -

www.burmeseclassic.com



"တဲ . . မဲလုံးကားဈေးကျတာ မကျတာတွေ ပြောမနေနဲ့တော့ . . လောလောဆယ် ဒီကားကို မင်းရောင်းတဲ့ဈေးနဲ့ ပြန်ယူထားလိုက် . . ပြီးမှ ပြန်ရောင်းပေါ့ကွာ . . မင်းပြန်ရောင်းရင် ခဏလေးနဲ့ လွယ်ပါတယ် . . ခုကျတော့ ကားဝယ်ရောင်းကိစ္စတွေ ဘယ်နားလည်မလဲကွ၊ နောက်ပြီး ဒီကားတစ်စီးထွက်ဖို့အရေး အချိန်တွေလည်း အများကြီး မပေးနိုင်ဘူး၊ သူ့မှာ အခြားအလုပ်တွေက အများကြီးကွ"

ကျွန်တော် တောင်းဆိုသည်ကို စဉ်းစားဟန်ဖြင့် မဲလုံးနှစ်မိနစ်ခန့် ခပ်တွေတွေ လုပ်နေသေးသည်။ ပြီးမှ -

"ကောင်းပြီလေ . . ကိုမင်းပိုင်စိုးဇေနဲ့ ပတ်သက်နေတယ်ဆိုတော့လည်း လုပ်ပေးရတော့မှာပေါ့ . . ဒါပေမယ့် တစ်ခုရှိတာက . ."

"တဲပါ မဲလုံးရာ တစ်ခုရှိတာက နှစ်ခုရှိတာကတွေ လုပ်မနေနဲ့တော့ ဒီကိစ္စ မြန်မြန်ဖြတ်လိုက်ရအောင် ငါလည်း အခြားအလုပ်တွေ ရှိသေးတယ်ကွ၊ ရော့ ငါ့ကားသော့"

အင်တင်တင်လုပ်နေသော မဲလုံးကို ကျွန်တော့် ကားသော့ပေးလိုက်ပြီး ကျွန်တော်က မဏိဇာနည်ကား ရှေ့ခန်းမှ တက်ထိုင်လိုက်သည်။ မဏိဇာနည် နားမလည်နိုင်သလို အမူအရာဖြင့် ကျွန်တော့်ကို လှည့်ကြည့်သည်။





"ပိုက်ဆံကို မင်းအိမ်ကို ယူလာခိုင်းရမလား၊ ဒါမှမဟုတ် မင်းရုံးခန်းကို ယူလာခိုင်းရမလား"

"ရုံးခန်းပဲ ယူလာခိုင်းလိုက်ပါ"

"ကောင်းပြီ . . တဲ . . မဲလုံးရေ . . ပိုက်ဆံကို ဒေါ်မဏိဇာနည်ရဲ့ ရုံးခန်းပဲ ယူလာခဲ့တော့၊ ငါလည်း အဲဒီကပဲ စောင့်နေမယ်၊ ဪ ဒါနဲ့ ရုံးခန်းလိပ်စာ"

ကျွန်တော် မဲလုံးကို မှာကြားပြီး မဏိဇာနည်ကို လှည့်ကြည့်သည်၊ မဏိဇာနည်လည်း သူမ၏ ရုံးခန်းလိပ်စာကို မဲလုံးအား ပြောပြလေသည်။

"တဲ . . ဒါဆို မင်းရုံးခန်းကိုပဲ မောင်းတော့ . . မဲလုံးတို့နဲ့ ပိုက်ဆံသွားယူပြီး ချက်ချင်း ရောက်လာလိမ့်မယ်"

မဏိဇာနည် ကျွန်တော့်ကို အံ့ဩ အထင်ကြီးသော အကြည့်ဖြင့် တစ်ချက်ငဲ့ကြည့်ပြီးမှ ကားကို မောင်းထွက်လေသည်။ ကျွန်တော် ကားနောက်မှီကို လှန်ချပြီး ခြေဆန့်လက်ဆန့်ကာ မျက်လုံးပိတ်ပြီး ဇိမ်ယူလိုက်သည်။

"ဒီမယ် . . ဒီမယ်"

မဏိဇာနည် ကားမောင်းနေရင်း ကျွန်တော့်ကို ခေါ်သော်လည်း ကျွန်တော် တုံ့ပြန်မထူးခဲ့။

"ဒီမယ် . . ဒီမယ်"



www.burmeseclassic.com

www.burmeseclassic.com



မဏိဇာနည် ကျွန်တော့် အင်္ကျီလက်မောင်းစကို ဆောင့်ဆွဲ၍ ခေါ်သဖြင့် ကျွန်တော် မျက်လုံးတစ်ဖက် မှေးပြီး ဖွင့်ကြည့်ရင်း

"ဟို့နာမည် ဒီမယ် ဒီမယ် မဟုတ်ဘူး မင်းပိုင်စိုးရေ"

"ရှင့်ဘာသာ ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးဘူး . . ကျွန်မ ကားပေါ်မှာ ဒီလိုပုံစံနဲ့ မနေပါနဲ့ ကားနောက်မှီကို ပြန်ဆွဲပြီး ကျနော့်ရရ ထိုင်ပါ"

ကျွန်တော်လည်း နှုတ်ခမ်းတစ်ချက်မဲ့ပြီး ကားနောက်မှီ ပြန်ဆွဲရသည်။ သူမထံမှ ဘာအသံမျှ ဆက်လက် ထွက်ပေါ် လာခြင်း မရှိတော့။ ထို့ကြောင့် ကျွန်တော်ကပဲ ချောင်းဟန့် သံပေးပြီး

"အဟမ်း ဗြော် ဒါကြောင့်လည်း ရှေးလူကြီးသူမတွေက ပြောတာ . . မိန်းမနဲ့ကား အတူတူပဲတဲ့ အမြင်လှအောင် အပေါ်ယံ ရှိုင်းထားတာကို ကြည့်ပြီး သဘောမကျမိစေနဲ့တဲ့ စေ့စေ့စပ်စပ် နှိုက်နှိုက်ချွတ်ချွတ်ကြည့်ပါတဲ့ . . နို့မဟုတ်ရင် အော်ရိဂျင်နယ်ဆိုလို့ တစ်ခုမှ မရှိတော့ဘဲ လဲတပ်ဖြုတ်ဆက် လုပ်ထားတာနဲ့ ညားတတ်တယ်တဲ့"

"ရှင် . . ရှင် . . ကျွန်မကို စောင်းပြောနေတာလား"

"ဟင် . . ဘာဖြစ်လို့လဲ"





"အော်ရိဂျင်နယ်ဆိုလို့ တစ်ခုမှ မရှိတော့ဘူးဆိုတာ ဘာ သဘောနဲ့ ပြောတာလဲ"

"မင်းမှာ အော်ရိဂျင်နယ်ဆိုလို့ တစ်ခုမှ မရှိတော့ဘူးလား"

"ဘာလို့ မရှိ . . မရှိ . . ဟင် ရှင် ရှင် မယုတ်မာနဲ့နော် စကားတောင်းကောင်းပြော'

"တို့ ဘာပြောလို့လဲ . . မင်းဘာသာ ပြောနေတဲ့တာပဲ"

"တော်ပြီ . . တော်ပြီ . . ရှင်နဲ့ စကားပြောရတာ အကုသိုလ်များတယ်"

သူမ ကျွန်တော့်ကို မကြည့်မိအောင် ကြိုးစားရင်း ပါးစပ် စေ့စေ့ပိတ်ကာ ကားကိုသာ ဂရုစိုက်မောင်းတော့သည်။

ကျွန်တော် ပြုံးလျက်

"ဗြော် . . မိန်းမနဲ့ကား မကွဲပြားပါတကား . . ဗြော် မိန်းမနဲ့ကား မကွဲပြားပါတကား"

ဟူ၍ သူမ ကြားအောင် အထပ်ထပ်အခါခါ ရေရွတ်နေ လေသည်။ သူမ ကျွန်တော့်ကို မကြည့်ဘဲ မျက်စောင်း (၅)ခါတိတိ ထိုးသည်ကို ကျွန်တော် သေသေချာချာ သတိထား မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

"အင်း ဗိုက်ဆာဆာနဲ့ စားလို့လားမသိဘူး တော်တော်စားကောင်းတယ်"

ကျွန်တော့် ပါးစပ်ကို တစ်ရှူးဖြင့် သုတ်ပြီး တစ်ဦးတည်း ရေရွတ်သလိုလိုနှင့် မဏိဇာနည်ပါ သိစေရန် ပြောလိုက်သည်။

ကျွန်တော့် ရှေ့တွင် ထပ်ထားသော ထမင်းပန်းကန် (၅) ပန်းကန်ကို ကြည့်ပြီး မဏိဇာနည် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေချေ၏။ သူမ စိတ်ထဲမှလည်း အလကားရတာနဲ့ ထမြှနှစ်ဖြစားတော့တာပဲ ကားရောင်းပေးပြီး ပွဲခလည်းယူသေးတယ်ဟု၍ ပြောနေမည်ဆိုတာ ကျွန်တော် တွေးသိနေပြန်သည်။

ကျွန်တော် မဏိဇာနည်ကို လောကွတ်ပြုသောအားဖြင့်

"ဒါနဲ့ မဏိစန္ဒာရော စားလို့ ကောင်းရဲ့လား"





ဟု၍ မေးသည်ကို မဏိဇာနည်က

"ကျွန်မ နာမည် မဏိဇာနည်ပါ မဏိစန္ဒာ မဟုတ်ပါဘူး"

ဟု ချက်ချင်း တုံ့ပြန်ပြောဆို၏။

"ဪ မဏိစန္ဒာ မဟုတ်ဘူးလား . . တော်သေးတာပေါ့ တော်ကြာ၊ မဏိစန္ဒာဆိုရင် ကုမ္ဘဏ်တွေက ရုပ်ရှင်ခေါ်ရိုက်နေဦးမယ်"

ကျွန်တော့် စကားကို မတုံ့ပြန်သော်လည်း မဏိဇာနည် မျက်နှာပေါ်ဝယ် အပြုံးလေး ရေးရေးထင်သွားသည်။ ကျွန်တော်လည်း ရေခဲရေတစ်ခွက် ငုံ့သောက်ပြီး မဏိဇာနည်ကိုကြည့်ကာ

"ဒါနဲ့ မင်းက ဒီ မြန်မာထမင်းဆိုင်မှာ စားနေကျလား"

"အင်း"

"ဟုတ်တယ်နော် ဒီဆိုင်က ထမင်းဟင်း အရသာတော်တော် ကောင်းတယ်၊ တို့လည်း နောက်ဆိုရင် ဒီဆိုင်မှာပဲလာ စားမှာပဲ ဒါနဲ့ မင်းက ဒီဆိုင်မှာ နေ့ရော ညရော စားသလား"

"ဒါကတော့ ပြောလို့မရဘူး ကြုံသလိုပေါ့၊ ဒီမယ် ရှင့်ကို ပြောထားရဦးမယ်၊ ကျွန်မတို မင်းက မင်းကနဲ့ အပေါ်စီးနေမသုံးနှုန်း မပြောဆိုပါနဲ့ နားထောင်ရတာ အဆင်မပြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါဆိုရင်လည်း မဏိလို့ပဲ ခေါ်မယ်လေ ရတယ် မဟုတ်လား"

မဏိဇာနည် ဘာမှ ပြန်မပြောသဖြင့် ထိုသို့ ခေါ်ခြင်းကို ခွင့်ပြုကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။

"ဒါနဲ့ . . မင်း . . အဲလေ . . မဏိကိုလည်း တစ်ခု ပြောထားရဦးမယ် . . တို့ကို ရှင်ကရှင်ကနဲ့ ကြမ်းကြမ်းတမ်းတမ်း မသုံးနှုန်း မပြောဆိုပါနဲ့ . . နားထောင်ရတာ နားဝင်ပီယံ မဖြစ်လို့ပါ။ တို့နာမည် မင်းပိုင်စိုးဇေ၊ ကိုမင်း . . ကိုပိုင် . . ကိုစိုး . . ကိုဇေကြိုက်သလို ခေါ်လို့ရတယ်"

"အံမယ် မခေါ်ပါဘူး ရှင့်နာမည် မင်းပိုင်စိုးဇေဆိုရင်လည်း ကိုမင်းပိုင်စိုးဇေလို့ပဲ ခေါ်မှာပေါ့'

"အဲလို နာမည်အပြည့်အစုံခေါ်ရတာ မဏိပင်ပန်းမှာ စိုးလို့ပါ"

"ကိစ္စမရှိဘူး . . . ရတယ်"

"ဒါဆိုရင်လည်း ပြီးရောလေ"

နှစ်ဦးသား တစ်ယောက်နဲ့တစ်ယောက် စကားမပြောမိကြဘဲ တိတ်ဆိတ်သွားကြပြန်သည်။

အတန်ငယ်ကြာမှ မဏိဇာနည်က -

"ဒါနဲ့ ယူက ကားပွဲစားပဲလား"





ဟူ၍ စကားစ,၏။ မဏိဇာနည် ကျွန်တော့်ကို ရှင်ဟုလည်း မသုံး၊ နားမည်ရှေ့မှာ ကိုတပ်ပြီးလည်း မခေါ် ယူ ဟူ၍သုံးနှုန်းပါ၏။

"ကားပွဲစားတင်မကဘူး အာရ်ကေရလို့ကတော့ သင်္ဘောပွဲစား . . လေယာဉ်ပျံပွဲစားပါ လုပ်တယ်"

"အဟုတ် လေလုံးကလည်း ထွားလိုက်တာ ဒါနဲ့ အာရ်ကေဆိုတာ ဘာကို ပြောတာလဲ"

"အာရ်ကေဆိုတာ အကျိုးဆောင်ခကို ပြောတာ . . ပွဲခပေါ့လေ"

"ဒါဆို သင်္ဘောတို့ လေယာဉ်ပျံတို့ကို ပွဲစားလုပ်တော့ အာရ်ကေမြက်မြက်ကလေး ရမှာပေါ့ ဟုတ်လား"

"ရတာပေါ့၊ တကယ်ပြောတာ မယုံဘူးလား တို့နိုင်ငံခြားသင်္ဘောလိုက်တုန်းက . . အခြားသင်္ဘောကုမ္ပဏီက အေးဂျင့်တစ်ယောက်ကို တို့လိုက်နေတဲ့သင်္ဘော ရောင်းမယ်လို့ သတင်းပေး ပွဲစားလုပ်မိလို့ တို့ သင်္ဘောပိုင်ရှင်က တို့ကို ပွဲစားအလုပ်ကောင်းတယ်ဆိုပြီး သင်္ဘောပေါ်ကနေ တစ်ခါတည်းကို မောင်းချလိုက်တော့တာပဲ"

"ဩော် ဒါဆို ယူက တော်တော် အောင်မြင်တဲ့ အင်္ဂတာနေရှင်နယ် ပွဲစားပဲ ခစ်ခစ်ခစ်"

www.burmeseclassic.com



မဏိဇာနည် ကျွန်တော့်စကားကို သဘောကျစွာ ရယ်မောပါတော့သည်။

ရယ်သံ စဲသည်နှင့် ကျွန်တော့ကို စေ့စေ့ကြည့်ကာ -

"ဒါပေမယ့် အခု ကိုမဲလုံးကျတော့ ယူပြောလိုက်တာနဲ့ ကားကိုရောင်းသူ ရောင်းတဲ့ဈေးအတိုင်း ချက်ချင်း ပြန်ဝယ်သွားပါလား"

"ဪ ဒါကတော့ တို့က သူ့ကို ကားနှစ်စီးသုံးစီး လုပ်ပေးဖူးတာပဲ . . သူလည်း တော်တော်လေး စားလိုက်ရတယ်လေ၊ အဲဒီကျေးဇူးက ရှိသေးတာကိုး"

"ဘာပဲပြောပြောပါ၊ ယူ့ကို ကျေးဇူး တကယ်တင်ပါတယ်၊ ငွေကြေးကိစ္စထက် အချဉ်ဆိုပြီး မလိမ့်တစ်ပတ်ရိုက်ခံလိုက်ရတဲ့ သမိုင်းကို ဘဝမှာ မရေးချင်လို့ပါ"

"တို့သဘောပေါက်ပါတယ် . . ဘယ်သူမဆို လူလည်လုပ်ခံရပြီဆိုရင် တန့်နဲ့နဲ့ ခံပြင်းနေမိမှာ အသေအချာပဲ"

"ဟုတ်တယ် အဲဒါကိုပြောတာ . . အခုမှ နေသာထိုင်သာရှိတော့တယ် တကယ်ပါပဲ"

ကျွန်တော်လည်း ခေါင်းတဆတ်ဆတ် ညိတ်ပြီးနောက် တစ်ခုခုပြောမည်ပြုပြီးမှ မဏိဇာနည်ထံမှ စကားသံ ဆက်လက် ထွက်ပေါ်လာသဖြင့် မပြောဖြစ်တော့။





"ဒါနဲ့ တို့ကို ကားတစ်စီးလောက် ရှာပေးနိုင်မလား"

"အရေးတကြီး လိုနေပြီလား"

"ဟုတ်တယ် မြန်လေကောင်းလေပဲ ဘာကြောင့်လဲဆို
တော့ ကိုယ်လည်းသုံးရသလို နိုင်ငံခြားဧည့်သည်တွေပါတဲ့
ခါ တော်ရုံ တန်ရုံ ခရီးလောက်ကျတော့ ကိုယ့်ကားပဲ
ပေးလိုက်ရင် တို့အတွက် ကားခပါ ထပ်ရတာပေါ့"

"ရော် ဘာလို့ ဒီလောက် လောဘနည်းရတာလဲ သူဌေး
နောက်ကျနေဦးမယ်"

"ဒီခေတ်ကြီးထဲမှာ အဲလောက်ရှာနိုင်မှ တော်တာကြတာ
ဘာသိလို့လဲ"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ ဘယ်လို ကားမျိုးလိုချင်လို့လဲ"

"ဆူပါဆလွန်းပဲ လိုချင်တယ်"

"ဒါဆို တို့တားပဲ ယူလိုက်ပါလား"

"ယူတကယ် ပြောတာလား တို့က ယူ့ကားကို တွေ့က
ည်းက သဘောကျနေတာနော်"

"ဪ ကား သဘော လေယာဉ်ပွဲစားကို တကယ်လား
နေရသေးတယ်"

"ဒါဆို ဘယ်လောက်ပေးရမလဲ"

"ဘယ်လောက်လျှော့ပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဦးနှစ်ဘက် မနစ်နာတဲ့ ဈေးပေါ့ မဲလုံးကို တားဖြ
ရောင်းထားလို့ ရတဲ့ငွေနဲ့ဆိုရင် မဏိ သိပ်ကြီး ထပ်စိုက်စရာ
မလိုပါဘူး ပါးပါးလေးပါ"

"ကောင်းပြီလေ၊ ဒါဆိုရင် တို့ ဒီနေ့ပဲ ငွေအပြတ်ချေမယ်

"မက္ကင်းနစ်တွေ ခေါ်ပြီး ကားကို ကြည့်ခိုင်းမလား"

"တို့ ယူကို ယုံပါတယ်"

"တို့တလည်း တို့ကို အခုလို ယုံကြည်တဲ့အတွက် မဏိ
ကျေးဇူးတင်ပါတယ်"

"ယူကလည်း တို့ရဲ့ စိတ်မှာ ဝန်ထုပ်ဝန်ပိုးအဖြစ်နဲ့ ခံဖြ
ပေါက်ကွဲနေစေမယ့် အရေးကို ကူညီဖယ်ရှားပေးတဲ့အတွ
ကျေးဇူး အထူးတင်ပါတယ်"

ကျွန်တော်တို့နှစ်ယောက် တိုင်ပင်မထားပါဘဲ တစ်ယော
ကို တစ်ယောက် ကြည့်မိကြသည်။

တစ်ယောက်ရဲ့ အကြည့်မှာ တစ်ယောက်က အံ့ဩ
ကောင်းအောင် နစ်မျောသွားကြသည်မှာ ထူးဆန်းဖွယ်
ကောင်းလေစွ။







## အခန်း (၉)

"အားပါး အစ်ကိုလေးကတော့ ပိုင်တယ်ဗျာ အခု အစ်ကို
ေလး စီးနေတဲ့ကားလည်း ပေါက်ဈေးနဲ့ရောင်းထွက်သွားပြီ. .
ဦးတော့ နတ်သမီးလေးနဲ့ အိစီကလီ ကဏ္ဍကနေ အပီအပြင်
တဏ္ဍကိုလည်း လျှောက်လှမ်းခွင့်ရဦးမယ်. . အားကျတယ်ဗျာ"

မဲလုံး ကျွန်တော်ရှေ့မှာ ကော်ဖီတစ်ခွက်လာချပေးရင်း
ကျွန်တော့်ကို ချီးကျူးစကားတွေ ပြောပြီး စွတ်မြှောက်နေသည်။

"ဒါနဲ့ အစ်ကိုလေး. . ကျွန်တော် တစ်ခု မရှင်းတာက
ဇော်ဇာနည်ဆီက (၁တ/ . . . )ကို ကျွန်တော့်ဆီ တစ်ဖက်
ညည့်နဲ့ ရောင်းတယ်ဆိုတာက ထားပါတော့. . ဒါပေမယ့်
ဇော်ဇာနည်ဆီက ဘာကြောင့် ပွဲခယူရတာလဲ. . အမှန်
တော့ တစ်ပြားမှ မယူဘဲ အလကားတောင် လုပ်ပေးရဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အဲဒါကြောင့် မင်းကိုညွှတယ်ပြောတာပေါ့. . ငါ့က သူ့ဆီက တစ်ပြားမှ မယူဘဲ အလကား ပတ်သက်လိုက်လုပ် ပေးနေရင်. . ငါ့သူ့ကို ကြောင်နေမှန်း သိသာသွားပြီး. . အခြားယောက်ျားတွေနဲ့ တစ်တန်းတည်း သတ်မှတ်လိုက် မှာပေါ့. . ပြီးတော့ မလိုအပ်ဘဲ သံသယစိတ်ဝင်လာလို့ လိုက်စုံစမ်းရင် တို့ဆင်ထားတဲ့ ခွင်ကြီး မိသွားမှာပေါ့. . အဲဒါဆို သေပြီပဲ"

"အစ်ကိုလေးရဲ့ အကွက်စေ့မှုကတော့ လက်ဖျားခါတယ် ဗျာ. . ဒါနဲ့ အစ်ကိုလေးအတွက် ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာ တွေ ရင်းပေးလိုက်ရတာ အစ်ကိုလေး သိတယ်နော်. . နတ်သမီး မိန်းမချောလေးက ကျွန်တော့်ကို အထင်သေးတဲ့ အကြည့် အထင်သေးတဲ့ စကားတွေနဲ့ နှိပ်ကွပ်သွားတာတော့ ကျွန်တော်ရင်နာတယ် အစ်ကိုလေးရာ"

"အောင်မယ် အဲဒီတော့ ငါက မင်းကို ဘာပြန်လုပ်ပေး ရမှာလဲ"

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး အစ်ကိုလေးအတွက် ကျွန်တော် ဘာမဆို ရင်းရဲတယ်ဆိုတာ အစ်ကိုလေးသိရင် ကျေနပ်ပါပြီ . . ညကျရင်သာ ဘီယာလေး တစ်ခွက် နှစ်ခွက်





သုံးလေးငါးခွက်လောက် တိုက်ရင် ရပါပြီ"

"အေး အရေးကြီးတာက အခုပဲ ထွန်းထွန်းကို ခေါ်ပြီး အင်းစိန်အောင်ဆန်းဘက်ကိုသွား . . အဲဒီမှာ စူပါရှုဖ်တစ်စီး ရောင်းဖို့ရှိတယ်ပြောတယ် သွားကြည့်ပြီး အိုကေတယ်ဆိုရင် ဈေးရအောင်နှိုက်ပြီး ငါ့ဆီ ဖုန်းဆက် သဘောကျရင် တစ်ခါ တည်း ငွေချေမယ် ပြီးမှ ကားသစ်လေးနဲ့ ဘီယာဆိုင် ချီတတ်မယ်"

မဲလုံးခေါင်းညိတ်ပြပြီး ကျွန်တော့်ရှေ့မှထကာ ထွန်းထွန်း ဆီ ဖုန်းလှမ်းဆက်သည်။ မဲလုံး ထွန်းထွန်းနဲ့ ချိန်းဆိုပြီး၍ ခုန်းချရုံရှိသေးသည်၊ ဖုန်းကမြည်လာသည်။

"နေ . . နေ မဲလုံး မင်းသွားစရာရှိတာ သွားတော့ . . ငါပဲ ဖုန်းကိုင်လိုက်တော့မယ်"

ကျွန်တော် ပြောပြောဆိုဆို ထိုင်နေရာမှ ထပြီး ဖုန်းကိုင် လိုက်သည်။

"ဟဲလို"

တစ်ဖက်မှ

"ကိုမင်းပိုင်စိုးဇေနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ . . မင်းပိုင်စိုးဇေ ပြောနေပါတယ်"

"သြော် ယူလား တို့ပါ . . မဏိဇာနည်ပါ"

"ဟား. . တို့ အိပ်မက်များ မက်နေသလား မသိပါဘူး. .



www.burmeseclassic.com

www.burmeseclassic.com



မဏိဇာနည်လို နတ်သမီးလေးတစ်ပါး တို့ဆီ ဖုန်းဆက်လာမယ်လို့ မျှော်တောင် မမျှော်လင့်ရဲဘူး"

"ယူက အဲလောက် မမြှောက်နဲ့လေ ဒီကလည်း ပုထုဇဉ်ပဲ မြှောက်ပေးရင် မြောက်တတ်တယ်ဆိုတာ ကြိုပြောထားမယ်နော်"

"တကယ်ပြောတာ အခုရော နတ်ပြည်ဘယ်နှစ်ထပ်ကနေ ဖုန်းလှမ်းဆက်နေတာလဲ"

"နှစ်ဆယ့်ငါးထပ်က အဟင်း အဟင်း"

"အော် . . ကွန်ထရပ်ရှင်း လုပ်ငန်းတွေက နတ်ပြည်မှာတောင် အတော်အလုပ်ဖြစ်နေတဲ့သဘောရှိတယ်"

"ခစ် ခစ် ခစ်"

ဖုန်းကြိုးတစ်လျှောက် စီးမျောပါသော မဏိဇာနည်၏ ရယ်သံမျှဉ်းမျှဉ်းလေးသည် ဂီတတေးသွားတစ်ပုဒ်သာဖြစ်ကြောင်း အငြင်းပွားဖွယ်မမြင်။

မဏိဇာနည်၏ ရယ်သံလေးထဲ ကျွန်တော် ကြည်နူးမျောဝင်လို့မှ မဆုံးခင် အနားမှ ရပ်ပြီး ပြုံးဖြီးဖြီးလုပ်နေသော မဲလုံးကို တွေ့ရသဖြင့် တယ်လီဖုန်းစကားပြောခွက်ကို လက်အုပ်ပြီး "ဟိတ်ကောင် သွားတော့လေ ဘာရပ်လုပ်နေတာလဲ"ဟု လှမ်းမန်ရသေးသည်။





ထိုအခါမှ ဇက်ကလေးပုပြီး ပြုံးဖြီးဖြီးဖြင့် ထွက်ခွာသွားသော မဲလုံးကို ကျွန်တော် ပေစောင်းစောင်းလိုက်ကြည့်နေစဉ်မှာပဲ ဖုန်းထဲမှ ဂီတသံလေး ထွက်ပေါ်လာပြန်သည်။

"ဒီမယ် . . တို့စကားအကောင်းပြောမလို့"

"တို့နာမည် ဒီမယ် မဟုတ်ဘူးဆိုတာ အကြိမ်တစ်ရာငါးခါလောက် ပြောပြီးပြီလေ"

"ဟုတ်ပါတယ် ကျွန်မ မှားသွားပါတယ် . . ကျွန်မ ကိုမင်းမင်းစိုးဇေဆီက အကူအညီ တစ်ခုတောင်းချင်လို့ပါ"

"အော် ဝလိုလား . . ဝလိုဆိုလည်း ပြောစေဗျာ"

"တို့မနက်ဖြန် နိုင်ငံခြားသား ဧည့်သည်လင်မယားကို ပြည်ကို နေ့ချင်းပြန်ပို့ချင်လို့ အဲဒါ . . ကားမောင်းသမားတစ်ယောက်လောက် အရေးပေါ် ရှာပေးနိုင်မလားဟင်"

"ဟုတ်လား . . နိုင်ငံခြားသား ဧည့်သည်တွေနဲ့ အတူဘယ်သူပါမှာလဲ"

"တို့ကိုယ်တိုင်ပါမှာ . . ဒီဧည့်သည်လင်မယားက မြန်မာပြည်ကို နှစ်တိုင်းလာနေကျ တို့မိတ်ဆွေဆိုတော့ သူတို့သွားတဲ့နေရာဆို တို့ကိုယ်တိုင် လိုက်ပို့မှကောင်းတာ . . အခြားဧည့်သည်တွေဆိုရင်တော့ ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ လွှတ်တန်လွှတ် ဂိုဏ်း ငှားပေးတန် ငှားပေးပေါ့ ကိုယ်တိုင် လိုက်ပို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဧည့်သည်တွေလည်း ရှိတာပေါ့"

"ကောင်းပြီလေ . . ဒါဆိုရင် အဲဒီကားကို တို့ကိုယ်တိုင် မောင်းပေးတော့မယ်"

"ဟင် . . အားနာစရာကြီး"

"အားမနာပါနဲ့ . . တို့က မဏိအတွက်ဆိုရင် အလိုလိုရေ ရင်းကို ကူညီပေးချင်နေတာ . . ဒါနဲ့ ကားမောင်းခတော့ ရမယ် မဟုတ်လား"

"အင်းပေါ့ . . ထုံးစံအတိုင်း ပေးမှာပေါ့"

"ထုံးစံထက်နည်းနည်းတော့ ပိုပေးလေ"

"ဘယ်လောက် ပိုလိုချင်လဲ ပြောလေ ရပါတယ်"

"အင်း . . ကားခအပြင် ညစာထမင်းကျွေးရမယ်"

"ဪ ဒီလောက်တော့ ပါးပါးလေးပါ ရပါတယ်"

"ဒါဆို အိုကေနော်"

"အိုကေ"

ကျွန်တော် ဖုန်းချပြီးသည်နှင့် အိပ်ခန်းထဲ ပြေးဝင်ပြီး မာရီယာကာရေးချ်၏ သီးချင်းခွေကိုဖွင့်ကာ နဖူးပေါ်လက် တင် စိတ်ကူးယဉ်ခန်း ဝင်နေလိုက်တော့သည်။

※ ※ ※







## အခန်း (၁၀)

"ယူ့ ဘီယာသောက်တတ်ရင်မှာလေ . . တစ်နေ့လုံး ကား မောင်းလာရတော့ ပင်ပန်းနေမှာပေါ့"

"ဟင့်အင်း ပင်လည်းမပင်ပန်းဘူး ဘီယာလည်း မသောက် တော့ဘူး . . ထမင်းပဲ စားတော့မယ်"

"ဘာလဲ . . တို့ရှိနေလို့ ဘီယာသောက်ရမှာ အားနာနေ တာလား"

"မလိုအပ်ဘဲ တို့ အားမနာတတ်ပါဘူး . . မဏိနဲ့ စကား ပြောတဲ့အခါ တို့စကားတွေဟာ ဘီယာက သွေးထိုးပေးလို့ ထွက်ရတဲ့ စကားတွေပဲ ထင်မှာစိုးလို့"

"ဪ ဒီလိုလား ဒါဆိုလည်း ထမင်းပဲမှာလိုက်တော့မယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြလို့ မဆုံးခင်မှာပင် မဏိသနည်

www.burmeseclassic.com



ထမင်းဟင်းတွေ မှာနေပြီဖြစ်သည်၊ ကျွန်တော် ရေခဲရေ တစ်ခွက်ငှဲ့ထည့်ရင်း-

"မဏိရဲ့ မိတ်ဆွေလင်မယားက မြန်မာစကားတော်တော် ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တယ်နော်"

"ပြောတတ်ရုံတင်မကဘူး . . မြန်မာစာ အရေးအသားကလည်း ညက်သလားမမေးနဲ့"

"ဩော် ဟုတ်လား ပြီးတော့ ဘုရား တရားလည်း တော်တော်ကြည်ညိုတယ်နော် တို့ကြည့်နေတာ . . ပြည်ရွှေဆံတော် ဘုရားပေါ်မှာ ပန်းရေဆီမီးပူဇော်တာတို့ ဘုရားကို လှည့်လည်ကြည်ညိုပူဇော်တာတို့က တကယ့်ကို ရှိရှိသေသေပဲ"

"ဟုတ်တယ် . . သူတို့ လင်မယား နှစ်ယောက်စလုံးက ဗုဒ္ဓဘာသာတွေလေ . . မနက်ဖြန် သူတို့ လင်မယား နှစ်ယောက်စလုံး တရားစခန်းဝင်ကြဦးမှာ . . ဆယ်ရက်လောက်ကြာမယ်"

"ကဲပါ ဇာလာလောဆယ် ထမင်းပဲ စားပါဦး"

မဏိဇာနည်က ပြောပြောဆိုဆို ဇွန်းခက်ရင်း တစ်စုံကို တစ်ရှူးဖြင့် သေချာသုတ်သင်ပြီး ကျွန်တော့် ပန်းကန်ထဲ ထည့်ပေးသည်၊ ထို့နောက် ဟင်းခွက်တွေထဲ တင်းတွေကို ယူပြီး ကျွန်တော့် ထမင်းပန်းကန်ထဲ ဦးစွာထည့်ပေးပြန်သည်၊

ကျွန်တော် ဇွန်းခက်ရင်းဖြင့် ထမင်းကို ထိုးဆွယူပြီးမှ မစား





သေးဘဲ မဏိဇာနည်ကို တစိမ့်စိမ့် ကြည့်ပြီး -

မဏိဇာနည် နေရခက်ဟန်ဖြင့် -

"ဘာကြည့်နေတာလဲ စားလေ တို့က အချိန်သိပ်ရတာ မဟုတ်ဘူး အိမ်ပြန်ရဦးမယ်"

"ဩော် . . မဏိက တို့ကို ဟင်းဦးချပြီးမှ စားတာတွေ့လို့ ဒါ ကိုယ့်ထက်တစ်မနက်တစ်ရက်ပဲ ကြီးပလေစေ ရိုသေရမှန်းသိတတ်တဲ့ ကလေးမ၊ ဒီထက် ကြီးပွားချမ်းသာဦးမယ်ဆိုတဲ့ ကြည်နူးစိတ်လေးနဲ့ ကြည့်နေမိတာပါ"

"တို့ ငယ်ငယ်လေးထဲက တို့မိဘတွေက သင်ကြားဆုံးမထားတာ . . ထမင်းစားတဲ့အခါ သက်ကြီးရွယ်အိုတွေကို အရင်ဆုံး ဦးချပြီးမှ ကိုယ်က စားရမယ်တဲ့"

"အင်း"

မဏိဇာနည်စကားကြောင့် ကျွန်တော် မစားရသေးဘဲ ထမင်းက နင်ဘွားရသည်၊

✲ ✲ ✲

ဒီညလည်း ပြည်ခရီး အသွားအပြန် ကားမောင်းရသဖြင့် ဝင်ပန်းပြီး ဗိုက်လည်း ပိုဟာသွားဟန်တူသည်၊ ထမင်း (၃) ပန်းကန်ကုန်သွားပြန်သည်၊ မဏိဇာနည် ကျွန်တော် ဘေးထား



www.burmeseclassic.com

www.burmeseclassic.com



သော ပန်းကန်တွေကို ကြည့်ရင်း မျက်လုံးပြူးသွားသည်။

စားသောက်ပြီးသောအခါ မဏိဇာနည်က ကျွန်တော့်ကို အိမ်အထိ လိုက်ပို့သည်။ အိမ်နားရောက်သော်လည်း ကျွန်တော် ကားပေါ်မှ မဆင်းသေးဘဲ မဏိဇာနည်ကို ကြည့်ကာ -

"ဒါနဲ့ မနက်ဖြန် မဏိရဲ့ မိတ်ဆွေလင်မယားနဲ့အတူ မဏိပါ တရားစခန်းလိုက်ဝင်ရမှာလား"

"ဟင့်အင်း . . မဝင်ပါဘူး တို့က မနက်ဖြန် အခြားနိုင်ငံခြားဧည့်သည်တွေကို မန္တလေးလိုက်ပို့ရဦးမှာ"

"ဘာနဲ့ သွားမှာလဲ"

"လေယာဉ်နဲ့"

"လေယာဉ်ပျံကို လိုက်မောင်းပေးရဦးမလား။ လိုအပ်ရင် ပြောနော် အားမနာနဲ့"

"ခစ် ခစ် ခစ်"

ညရဲ့ ဆိတ်ငြိမ်မှုနှင့်လိုက်ဖက်စွာ မဏိဇာနည်ထံမှ ရယ်သံချိုမြလေး ထွက်ပေါ်လာသည်။ ကျွန်တော်လည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရ ဆုပ်ကိုင်လိုက်သည်။

"တကယ်ပြောတာ . . မဏိရဲ့ ရယ်သံလေးနဲ့ မဏိရယ်လိုက်တဲ့အခါ ပေါ်လွင်လာတဲ့ သွားတက်လေးရယ်ဟာ သိပ်ချစ်စရာကောင်းတာပဲ"





"တော်ပါတော့ ဆရာသမားရယ် . . ကားခလည်း ရှင်းပြီးပြီ . . ထမင်းလည်း ကျွေးပြီးပြီ . . ထပ်ပြီး မမြှောက်ပါနဲ့တော့ တော်ကြာဒီက မြှောက်ပြီး ယူ စားချင်တာ လိုက်ဝယ်ကျွေးရလို့ ရှိသမျှ ပိုက်ဆံကုန်ပြီး မွဲသွားပါဦးမယ်"

"တကယ်ပြောတာ . . မဏိရဲ့ စကားပြောတဲ့ ပုံစံလေးတလည်း အရမ်းချစ်ဖို့ကောင်းတာပဲ အထူးသဖြင့် မဏိရဲ့ မျက်နှာဝိုင်းဝိုင်းလေးနဲ့ လိုက်ဖက်အောင် ကောက်ပြီး ပုံသွင်းထားတဲ့ ဆံပင်လှိုင်းတွန့်လေးတွေဟာ တစ်ဖက်သားရင်မှာ လှိုင်းထသွားစေလောက်အောင် အရမ်း ချစ်ဖို့ကောင်းတာပဲ သိလား"

"ယူက တို့ကို ရည်းစားစကား ပြောနေတာတော့ မဟုတ်ပါဘူးနော်"

"ဟုတ်တယ် တို့ မဏိကို ရည်းစားစကား ပြောနေတာ"

"ရှင်"

မဏိဇာနည် အံ့သြသွားဟန်တူပါသည်။ သူမက နောက်ပြောင်လိုသော သဘောဖြင့် ပြောလိုက်သော်လည်း ကျွန်တော်က အတည်အတံ့ တုံ့ပြန်လေသောအခါ ကျွန်တော့်ကို တွေတွေကြီးကြည့်၏။ သူမ ကျွန်တော့်ကို ပြောရန် စကားလုံးတွေ မစုစည်းနိုင်ခင် ကျွန်တော့်ဘက်က ဆက်ပြောနိုင်ရန် အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြောင်း ကျွန်တော် ကောင်းစွာနားလည်ထားသည်။ ထို့ကြောင့် -

"မဏိကို တို့ သိပ်ချစ်တယ်. . မဏိကို မြင်ကတည်းက သိပ်ချစ်မိတယ်. . ဒါကြောင့်လည်း ရင်ထဲမှာ မျိုသိပ်ကိန်းအောင်းမထားနိုင်ဘဲ ချစ်တဲ့အကြောင်း ပြောလိုက်မိပြီ. . ဒီလို ပြောလိုက်ခြင်းဟာ တို့ ဘဝအပိုင်းမှာ အမဲစက်တစ်စက်အဖြစ် မဏိက သတ်မှတ်ရင်လည်း တို့ ကျေကျေ နပ်နပ်လက်ခံပါ့မယ်. . တို့ဟာ အကျိုးလိုလို့ ညောင်ရေလောင်းတာပဲဆိုဆို. . ဒီယုံမြင်လို့ ဒီချုံထွင်တယ်ပဲ၊ ရိုးရိုးပေးတာနဲ့ မကာမိအောင် ပြန်ယူတဲ့ အခွင့်အရေးသမားပဲလို့ စွပ်ပဲစွဲစွဲ တို့ ခေါင်းညိတ်လက်ခံပါ့မယ်. . သေချာတာ တစ်ခုကတော့ တို့ မဏိကို ချစ်တယ်"

ကျွန်တော် စကားဆုံးသည်နှင့် မဏိဇာနည်၏ လက်တစ်ဖက် ဆုပ်ကိုင်လိုက်သည်။ မဏိဇာနည် ရုန်းဖယ်ခြင်းမရှိဘဲ ကျွန်တော့်ကို ကြည့်နေသည်။

"မဏိ တို့ရဲ့ အချစ်ကို လက်ခံပေးပါလို့ တောင်းဆိုပါရစေ၊ မဏိကို တို့ဘဝမှာ ပထမဦးဆုံး ချစ်မိတာမို့ . . ချစ်မိတဲ့ အလိုဆန္ဒအရ တို့ ဘာကိုမှ ချင့်ချိန်ဝေဖန်နိုင်စွမ်းမရှိဘဲ၊ တို့ အချစ်ကို လက်ခံပါလို့ပဲ အလိုက်ကန်းဆိုး မသိစွာ တွင်တွင် တောင်း





ဆိုပါရစေ"

"ယူ . . တို့ကို တစ်နေ့ ဒီလို ပြောလာမယ်ဆိုတာကို ရိပ်မိပါတယ်၊ ဒါပေမယ့် ဒီလောက် မြန်လိမ့်မယ်လို့ မထင်ထားဘူး၊ အင်းလေ မှန်တာ ဝန်ခံရရင် ယူ့ရဲ့ ထူးခြားတဲ့ အပြောအဆိုအနေအထိုင်ဟာ အခြားယောကျ်ားလေးတွေနဲ့ မတူတဲ့အတွက် တို့ဘက်က စိတ်ဝင်စားခဲ့မိတာပဲ၊ ဒါပေမယ့် တို့ကို စဉ်းစားခွင့်ပေးပါဦး"

"ဟုတ်ပါတယ် စဉ်းစားရမှာပေါ့ . . စဉ်းစားပါ . . ဒါပေမယ့် တို့ရောဂါ မရင့်ခင်တို့ကို အဖြေပြန်ပေးပါနော်"

"ယူ့ရောဂါ ဘယ်တော့လောက်ဆို ရင့်မှာလဲ"

"ပြောမရဘူး . . နောက်တစ်နာရီလောက်နေရင် တို့ရင့်နိုင်တယ်"

"ဒါဆိုရင်တော့ မတတ်နိုင်ဘူး . . တို့ပေးမယ့် အချိန်ကျမှဆိုရင်တော့ ဆေးက မမီနိုင်တော့ဘူး"

"ဒါဆို မဏိက ဘယ်တော့ အဖြေပေးမှာလဲ"

"ကမ္ဘာတစ်ပတ် ပတ်ပြီးမှ"

"ဟား . . အဲဒီလိုကြီးတော့ မရက်စက်ပါနဲ့ မဏိရာ ဒီကကောင်က သိပ်အသည်းမာတာ မဟုတ်ဘူး"

"သြော် . . ယူကလည်း လည်မလိုလိုနဲ့ အ,လိုက်တာ . .



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ကြီးထဲမှာ လေယာဉ်ပျံနဲ့ ကမ္ဘာတစ်ပတ် ပတ်တာ (၇) ရက်ထက် ပိုမကြာပါဘူး"

"ဟင် ဒါ . . ဒါဆို"

"တို့ . မန္တလေးက ပြန်လာတဲ့ နေ့ကျရင် တွေ့ကြမယ်လေ"

"မဏိ . . မဏိပြောချင်တာက မဏိမန္တလေးက ပြန်လာတဲ့နေ့ကျရင် တို့ကို အဖြေပေးမယ်ပေါ့"

"ကြည့် . . ဒီလောက် ပြောနေတာတောင်"

"ဝမ်း . . ဝမ်းသာလိုက်တာ မဏိရယ်"

"ကြိုပြီး ဝမ်းသာမနေနဲ့ဦးလေ၊ ဒီက ပေးမယ့်အဖြေက ဘာမှန်း မသိဘဲနဲ့"

ကျွန်တော် ဆုပ်ကိုင်ထားသော မဏိဇာနည်ရဲ့ လက်တစ်ဖက်ကို ဆွဲယူပြီး ကျွန်တော့် ဘယ်ဘက်ရင်ဆုံမှာ ကပ်လိုက်သည်။

"အို . . ယူ ဒါ . . ဒါ ဘာလုပ်တာလဲ"

မဏိ တို့ကို အဖြေပေးတဲ့အခါ ဘယ်လို အဖြေမျိုးပေးသင့်တယ်ဆိုတာ မဏိနှလုံးသားက ရှင်းရှင်းလင်းလင်း သိရအောင် တို့ ရင်ခုန်သံတွေကို တိုင်းတွာထားစေချင်လို့ပါ"

"ဟွန်း ဒါမျိုးကျတော့ သိပ်တတ်"

မဏိဇာနည် မျက်စောင်းလေးထိုးပြီး လက်ကို ရုန်းဖယ်သည်။





"တဲ လက်ကို လွှတ်ပါတော့ ဒီမှာ အိမ်ပြန်ရဦးမယ်"

ကျွန်တော်လည်း အလိုက်တသိဖြင့် လက်ကို လွှတ်ပေးလိုက်ပြီး-

"ကောင်းပြီလေ ဒါဆို တို့လည်း အိမ်ပေါ်တက်တော့မယ်"

ဟု ဆိုကာ တားပေါ်မှ ဆင်းလိုက်သည်။

ကားတံခါးကို ပြန်ပိတ်ပေးပြီးနောက်

"မဏိ"

ဟု ညင်းညင်းမွှမွှ ခေါ်ရာ မဏိဇာနည်က ဘာလဲဆိုသည့် သဘောဖြင့် မျက်ခုံးပင့်ပြသည်။

"သိပ်ချစ်တယ်တွာ"

မဏိဇာနည်ချစ်စရာ ကောင်းအောင် နှုတ်ခမ်းလေးစူပြီး မျက်စောင်းလေးထိုးကာ ကားမောင်းထွက်သွားပါတော့သည်။

ကျွန်တော် လက်တလေးပြပြီး နေရာမှာတင် ကျန်ရစ်ခဲ့သည်၊ ညလမ်းမီးတိုင်ရိပ်အနီးဝယ် လက်ပြနှုတ်ဆက်နေသော ကျွန်တော့်ကို မဏိဇာနည်နောက်ကြည့်မှန်မှတစ်ဆင့် တွေ့မြင်ကြည်နူးနေလိမ့်မည်ဆိုတာ သေချာလွန်းနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

ကျွန်တော် အိမ်တံခါးပေါက်ရောက်သည်နှင့် မဲလုံးက တံခါးဖွင့်ပေးသည်ကို ထောက်ခြင်းအားဖြင့် ကျွန်တော်နှင့် မဏိဇာနည် အိမ်ရှေ့မှာ ကားရပ်ပြီး စကားပြောနေကတည်းက ကျွန်တော်တို့ကို မဲလုံး တွေ့မြင်ပြီ ဖြစ်ဟန်တူသည်။

"အာစရိ မျက်နှာကြီး ပြုံးရွှင်နေတာကို ကြည့်ခြင်းအားဖြင့် အာစရိ မဏိဇာနည်နဲ့ အဆင်ပြေလာပြီလို့ ကျွန်တော် ဗေဒင်အတတ်ဟောလိုက်မယ်"

"မင်းရဲ့ ဆရာပဲလေ . . သဘောပေါက်တယ် မဟုတ်လား"

"ပေါက်ပါတယ်ဗျာ ပေါက်ပါတယ်"

ကျွန်တော် နှစ်ယောက်ထိုင် ဆိုဖာပေါ် ပစ်လှဲချလိုက်ပြီး





မဏိဇာနည်နှင့် ကျွန်တော်တို့ ယနေ့ ပုံရိပ်များကို စိတ်ကူးဖြင့် ပြန်ဖော်တာ ကျေနပ်နေမိသည်။

မဲလုံးက ကျွန်တော့်အနီးတွင် လာထိုင်ရင်း . . .

"အစ်ကိုလေးကို ကြည့်ရတာ မဏိဇာနည်နဲ့အတူ ခရီးသွားရတာ တော်တော် ပျော်လာတယ် ထင်တယ်"

"အတူခရီးသွားရရုံလောက်နဲ့ ဘယ်ပျော်လိမ့်မတုန်း၊ အင်တာန် လှပညက်ညော နူးညံ့သိမ်မွေ့တဲ့ လပ်ဖ်ဆင့်လေးတွေကြောင့် အတိုင်းထက်အလွန် ပျော်နေတာ"

"အစ်ကိုလေးကတော့ မဏိဇာနည်နဲ့တွေ့တာနဲ့ အားလုံးကို မေ့ပြီးပျော်နေ၊ ကျွန်တော်မှာတော့ ပြဿနာပေါင်းစုံကို ရင်ဆိုင်ရှင်းနေရတယ်"

"ဟေ ဘာပြဿနာတွေ တက်နေလို့လဲ"

ကျွန်တော် လှဲနေရာမှ ထထိုင်ပြီး မဲလုံးပြောလာမည့် ပြဿနာပေါင်းစုံကို နားစွင့်နေလိုက်သည်။ မဲလုံးကလည်း ပြောမည့်အရေး ချက်ချင်းမပြောသေးဘဲ သောက်လက်စ ဖျော်ရည်ကို တစ်ငုံယူသောက်လိုက်သေးသည်။ မဲလုံးဈေးကိုင်ဆိုကြောင်း ကျွန်တော် ဘာမှ မပြောဘဲ ဆိုဖာပေါ် ပြန်လှဲလိုက်သည်။ ထိုအခါမှ မဲလုံးဆီက စကားထွက်လာတော့သည်။

"ဒီနေ့ တစ်နေ့လုံး ဖုန်းတွေ တဂွမ်းဂွမ်းလာတယ် . .



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ်ဝတီကလည်း ရုပ်ရှင်ကြည့်မယ်ပြောထားပြီး ပေါ်မလာ လို့တဲ့ ဒေါ်တွေခါးနေတယ် . . နောက်ပြီး ဘရဏီကလည်း ဒီနေ့ ဆုံမယ်ပြောပြီး မရောက်လာလို့တဲ့ ပွမ်းနေတယ်"

"ကဲပါ ဟုတ်ပါပြီ၊ အခုလည်း ဘယ်ကဖုန်းလာ ငါမပြောဘူး၊ မင်းပဲ ကိုင်လိုက် ထုံးစံအတိုင်း ကြည့်သာ လိုက်ပေါ့ကွာ"

"လုပ်ပြီ အစ်ကိုလေးကတော့ ထုံးစံအတိုင်း ကျွန်တော့် ခေါင်းပြောင်းပြန်ပြီ"

"ဟဲ ဟဲ ဒါဆိုလည်း မင်းရော ငါရော ဘယ်သူမှ ခေါင်း ခံမနေနဲ့တော့ . . တယ်လီဖုန်းပလပ်သာ ဖြုတ်ထားလိုက်"

"ဟာ အစ်ကိုလေး . . တယ်လီဖုန်း ပလပ်ဖြုတ်လို့ ထုံ မရဘူးလေ"

"ဟေ ဘာဖြစ်ရပြန်လို့တုန်း"

"ဒီနေ့ အစ်ကိုလေးရဲ့ မွေးသမိခင် ကျေးဇူးရှင် . . လေးရွှေမြို့တော်ကနေ ဖုန်း (၄)ခါတိတိဆက်တယ်ဗျား"

"ဟုတ်လား . . ဘာတွေများ ထူးထူးခြားခြား မှာ သေးလဲ"

"မကြာသေးကာလမှာ အစ်ကိုလေးနဲ့ လူကြီး သဘောတူထားတဲ့ မြတ်ရွှေအိမ်စည်ဆိုတဲ့ ကောင်မလေး





ရန်ကုန်ကို ရောက်လာပါလိမ့်မယ်တဲ့၊ အဲဒါ သူသွားလိုရာ လာလိုရာ မှန်သမျှ တစ်ချက် မငြူစူစတမ်း လိုက်ပို့ပေးပါတဲ့ အဲဒါ ဒီညဖြစ်ဖြစ် မနက်ဖြစ်ဖြစ် ဖုန်းထပ်ဆက်ဦးမယ်တဲ့၊ ဘယ်မှမသွားပါနဲ့တဲ့"

ကျွန်တော် ဆိုဖာပေါ်မှာ လှဲနေရာမှ ပြန်ထိုင်လိုက်သည်။

"အော် မြတ်ရန်ကုန်လာမယ်တဲ့လား ကောင်းတာပေါ့၊ ဒါလည်း သူ့ကို မတွေ့ရတာ ကြာလို့ လွမ်းနေတာနဲ့ အတော်ပဲ"

မဲလုံး မျက်လုံးပြူးသွားလျက်

"ဟာ အစ်ကိုလေး အဲဒီတစ်ယောက်လည်း လွမ်းလိုက် ပြန်ပြီလား"

"လွမ်းတာပေါ့ကွ ညိုချောလေး . . ဒီလောက် ချစ်စရာ ကောင်းတာ"

မဲလုံး မျက်လုံး ပိုပြူးသွားလျက်

"ဟင် . . ဒီတစ်ယောက်ကလည်း ချစ်စရာကောင်းတာ ပဲလား"

"ချစ်စရာကောင်းလို့ ကောင်းတယ်ပြောတာ . . မင်းကလည်း ဘာထူးဆန်းနေရတာလဲ"

"ဒါဖြင့်ရင် . . မဏိဇာနည်နဲ့ဆိုရင်ကော ဘယ်သူ ချစ်ဖို့ ကောင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက် တစ်မျိုးစီချစ်ဖို့ ကောင်းတာပဲ"

"ဒါဖြင့်ရင် ဘရဏီတို့ ဆုမြတ်ဝတီတို့နဲ့ ဆိုရင်ကော"

"မေးမနေနဲ့ ငါချစ်သူတွေအားလုံးတစ်ယောက်တစ်မျိုးစီ ချစ်ဖို့ကောင်းပြီးသား"

"ဒါဖြင့်ရင် ဘယ်သူကို အချစ်ဆုံးလဲ"

"အားလုံး အချစ်ဆုံးတွေချည်းပဲ"

"ဟောဗျ . . အစ်ကိုလေးကတော့ လုပ်ချလိုက်ပြန်ပြီ . . ကျွန်တော်တောင် ဘာပြောရမှန်း မသိတော့ဘူး"

"မသိရင်လည်း မပြောနဲ့တော့ သွားအိပ်တော့"

"ဘယ်အိပ်လို့ရပါ့မလဲ အစ်ကိုလေးရာ၊ ရည်းစားတွေ အများကြီး တစ်ပြိုင်နက်တည်းထားပြီး ဘယ်လိုဖြေရှင်းမလဲ ဆိုတာ ကျွန်တော် အစ်ကိုလေးအစား ရင်မောနေရတာ ဪ ပြောရင်းနဲ့ သတိရလာပြန်ပြီ . . နေ့လယ်တုန်းကလည်း နွေးနွေးနေခြည် ဖုန်းဆက်သေးတယ်"

"ဟေ နွေးနွေး ဖုန်းဆက်သေးတယ် . . အေးကွာ သူနဲ့ ကလည်း မတွေ့ရတာကြာပြီ လွမ်းလိုက်တာ"

မဲလုံး မျက်နှာကြီး မဲ့သွားလျက် စကားဆက်၏။

"သူလည်း မကြာခင် လက်ထောက်ကထိကအဖြစ်နဲ့ မုံရွာ တက္ကသိုလ်ကနေ ရန်ကုန်တက္ကသိုလ်ကိုပြောင်းပြီး တာဝန်





မ်းဆောင်ရတော့မယ်တဲ့"

"ဟုတ်လား ကောင်းတာပေါ့ . . ဪ နွေးနွေး ကြွေရှင် း . . သိပ်ချစ်စရာကောင်းတဲ့ ရည်းစားလေး အချစ်ဆုံး . . အသည်းတုံးလေ . . ဪ . ."

ကျွန်တော် ကျေနပ်စွာ ရေရွတ်နေသည် နားထောင်ပြီး ားနိုင်ဟန် မဲလုံးနှာခေါင်း ရှုံ့ နှုတ်ခမ်းမဲ့ကာ အိပ်ခန်းထဲ င်းကန်းစောင်းကန်း ဝင်သွားတော့သည်။

ကျွန်တော်နှင့် ကျွန်တော်၏ ချစ်သူများစွာကတော့ င်စုံပွင့်သော ပန်းဥယျာဉ်ခင်းထဲမှ ပျော်လို့ရွှင်လို့ရယ်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

ကျွန်တော်၏ သူငယ်ချင်းတစ်ဦးဖြစ်သော မြင့်ဖော် ပုဂ္ဂလိကဘဏ်ကြီး တစ်ဘဏ်မှ တစ်ဆင့် နယ်မှ ညီဖြစ်သူ ငွေလွှဲလို၍ ကျွန်တော့်ကို အဖော်လိုက်ခဲ့ရန် အတင်း သဖြင့် ကျွန်တော်လည်း အားနာနာနှင့် လိုက်သွားရသည်။

သို့သော် ထိုပုဂ္ဂလိက ဘဏ်ကြီးသို့ မြင့်ဖော်နှင့်အ လိုက်သွားမိခြင်းသည် လွန်စွာ အကျိုးရှိကြောင်း ကျွန် သိလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် အပြောအဆို ရည်မွန်ပြီး သွ လက်ချက်ချာသော ရွှေလွှာနဒီဆိုသည့် ဘဏ်ဝန်ထမ်းမ သည် အင်မတန် ချောမောလှပသလောက် ခန္ဓာကိုယ်အချိုး အစားကလည်း ပြေပြစ်တင့်တယ်လှသောကြောင့် ဖြစ်သည်





ထိုကြောင့် ရွှေလွှာနဒီနှင့် နီးစပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည့် တာဝန်သည် ကျွန်တော့်ပခုံးပေါ်သို့ တိတိပပ ကျရောက်လာပြီဖြစ်သည်။

"မဲလုံး . . မဲလုံး . . ဒီကို အမြန်လာဦး . . လုပ်စရာရှိတာတွေ အားလုံး ထားခဲ့ပြီး ချက်ချင်းလာခဲ့ . . အရေးကြီးလို့"

ကျွန်တော့် အော်ကြီးဟစ်ကျယ် အသံကြောင့် မဲလုံးမီးဖိုခန်းထဲမှ သုတ်သုတ်ပျာပျာ ပြေးထွက်လာသည်။

"ဘာဖြစ်လို့လဲ အစ်ကိုလေး"

"ဒီမှာ . . ငါ့ဘယ်ဘက်ရင်ဘတ်ကို စမ်းကြည့်စမ်း မြန်မြန်"

"အစ်ကိုလေး ကျွန်တော် မစမ်းချင်ဘူးနော်၊ ကျွန်တော် သိနေတယ်နော်"

"စမ်းကြည့်ပြီးမှ ပြောစရာရှိတာ ပြောစမ်းပါ မဲလုံးရာ၊ လာ . . လာ စမ်းကြည့်"

ကျွန်တော် မဲလုံးရှေ့သို့ သွားပြီး ရင်ဘတ်ကို ကော့ပေးလိုက်သည်။ မဲလုံး ရှုံ့ရှုံ့မဲ့မဲ့မျက်နှာဖြင့် ကျွန်တော့် ရင်ဘတ်ကို မစမ်းချင်ဘဲ စမ်းကြည့်သည်။

"ကြားလား ထူးဆန်းတဲ့ ရင်ခုန်သံတွေ"

"သိနေတယ်နော် အစ်ကိုလေး . . ကျွန်တော်သိနေတယ်"

"မင်းက ဘာကို သိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ကောင်မလေး ချောချော တစ်ယောက်ကို တွေ့ပြီး အပြတ်ခံစားပြီး ချစ်စရာကောင်းလိုက်မြန်ပြီ မဟုတ်လား"

"မင်း တော်တယ်. . ဒါကြောင့် မင်း ငါ့တပည့်ဖြစ်နေတာ"

"ကျွန်တော် မတော်ချင်ဘူးနော် အစ်ကိုလေး"

"မတော်ချင်လည်း မရဘူး တော်တဲ့လူက တော်ကိုတော်နေတာ ဒါကြောင့်လည်း ငါ့မှာ မင်းလို လူတော်တစ်ယောက်ကို အားကိုးနေရတာ"

"အစ်ကိုလေး အားကိုးမှာကို ကျွန်တော် အကြောက်ဆုံးပဲ၊ ကျွန်တော်သိနေတယ်နော်"

"ကဲပါ တာမှ ပြောမနေနဲ့တော့ . . မနက်ဖြန် မင်း ပဲခူး သွားရမယ်"

"ပဲခူးသွားရဦးမယ်"

"အေး ပိုက်ဆံသိန်းနှစ်ဆယ်လောက် ယူသွားပြီး (. . .) ဘဏ်ကနေ တစ်ဆင့် ငါ့ဆီ အဲဒီငွေတွေ ပြန်လွှဲပေးရမယ် ငွေလွှဲပြီးတာနဲ့ ပြန်မလာနဲ့ဦး . .

ငါ အဲဒီငွေ သိန်းနှစ်ဆယ်ကို နည်းနည်း ထပ်ဖြည့်ပြီး ပဲခူးကိုပြန်လွှဲမယ် ပဲခူးမှာ မြင့်ဇော်ရဲ့အစ်ကို ဘသက်အောင် ရှိတာပဲ. . ဘသက်အောင်နာမည်နဲ့ လွှဲပေးလိုက်မယ်. .





ပြီးရင် ငါ ဘသက်အောင်နာမည်နဲ့ လွှဲလိုက်တဲ့ငွေထဲက သိန်းနှစ်ဆယ်တိတိကို မင်းငါ့ဆီ ပြန်လွှဲပေးရမယ်၊ ဟုတ်ပြီလား နောက်မှ လိုအပ်တာကို ငါဆက်ညွှန်ကြားမယ်"

မဲလုံး မျက်နှာငယ်လေးဖြင့် ကျွန်တော်ကြည့်ရင်း

"အစ်ကိုလေး. . မနက်ဖြန် ကျွန်တော် မဏိဇာနည်ဆီက ငြိန်းယူထားတဲ့ တစ်ဂကြီးကို အလိုက်ပေးပြီး အလဲအထပ် ချော်ဖို့ ထွန်းထွန်းနဲ့ ချိန်းထားသေးတယ်လေ"

"မင်းဘာသာ ပဲခူးသွားပြီး ငါခိုင်းတဲ့ ကိစ္စသာ စိတ်ဖြောင့်ဖြောင့်လုပ်ပါ . . ကားကိစ္စ ငါနဲ့ ထွန်းထွန်းနဲ့ လုပ်လိုက်မယ်၊

"အစ်ကိုလေး ကျွန်တော် မသိလို့ မေးကြည့်မယ်နော်၊ အဲဒီ ကောင်းမလေးက (. . )ဘဏ်မှာ လုပ်တာလား"

"ဟုတ်တယ်. . ဒါကြောင့် မင်းကို တော်တယ်ပြောတာပေါ့"

"အစ်ကိုလေး . . ကျွန်တော် မသိလို့မေးကြည့်မယ်နော်၊ အဲဒီကောင်မလေးက အရပ်မြင့်မြင့် ရုပ်ချောချော မဟုတ်လား"

"ဒါလည်း ဟုတ်တာပဲ၊ ဒါကြောင့် မင်းကို တော်တယ်လို့ ပြောတာ မလွန်ပါဘူး"

"အစ်ကိုလေး ကျွန်တော် မသိလို့ မေးကြည့်မယ်နော် . . အစ်ကိုလေးက ရွှေဘိုမင်းသေလို့ ဝင်စားတာလားဟင်"

"ဘာ . . ဘာဆိုင်လို့လဲဟ"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ မဲလုံး၏ စကားကို ကျွန်တော် လိုက်မမီတော့ ဒါကြောင့် မဲလုံးကို တော်လို့တော်တယ်လို့ပြောတာ မလွန်ဘူးဟုထင်သည်။

"ကျွန်တော် ကြားဖူးတာက ရွှေဘိုမင်းကြိုက်တဲ့ အမျိုးသမီးတွေက တောင့်တောင့်ဖြောင့်ဖြောင့်တွေချည်းပဲတဲ့ အဲဒါကြောင့် ရွှေဘိုမင်းကြိုက်ဆိုပြီး ပါးစပ်ရာဇဝင်တွင်ခဲ့တာ . . အခုလည်း အစ်ကိုလေး ကြိုက်လိုက်မှဖြင့် တောင့်တောင့်ဖြောင့်ဖြောင့်လေးတွေချည်းပဲဆိုတော့ အစ်ကိုလေးကို ကျွန်တော်က ရွှေဘိုမင်းများ ဝင်စားသလားလို့ပါ"

"မင်းကွာ တော်တော်ပေါက်ပေါက်ရှာရှာပြောတတ်တဲ့ကောင် ဟား ဟား ဟား"

ကျွန်တော် မဲလုံးစကားကို သဘောကျပြီး တဟားဟား ရယ်နေသော်လည်း မဲလုံးက လိုက်ပင်မပြုံးဘဲ စကားကြောတ ရှည်နေပြန်သည်။

"အစ်ကိုလေး ကျွန်တော် မသိလို့ မေးကြည့်မယ်နော် . . အစ်ကိုလေးတို့ မျိုးရိုးက အနုပညာမျိုးရိုးလား"

"ဟင် . . အဲဒါတော့ ငါမကြားမိပါဘူး၊ ဘာဖြစ်လို့လဲ"

"ဩော် အစ်ကိုလေးရဲ့ အလှအပမှန်သမျှ စားတတ်လွန်းရင်ခုန်တတ်လွန်းတဲ့ ဗီဇကိုကြည့်ပြီး ခန့်မှန်းကြည့်တာပါ"





"တဲ တဲ မဲလုံး ပေမရှည်နေနဲ့တော့ မီးဖိုထဲက ဟင်းတူးနံ့ရတယ် မြန်မြန်သွားကြည့်လိုက်ဦး"

ကျွန်တော် စကားစဖြတ်ပြီး ကျောခိုင်းလိုက်ကာမှ မဲလုံးလည်း မီးဖိုးချောင်ထဲ ပြန်ဝင်သွားတော့သည်။

ဒါတောင် ကျွန်တော် မခံချင်အောင် မကြားတကြား ပြောသွားသေးသည်။

"အင်း . . ဟင်းတူးနံ့တော့ ရတတ်သားပဲ . . အချစ်တူးနံ့တော့ ရတတ်ရကောင်းမှန်း မသိဘူး"

ပြောလည်းပြောတတ်သည့် မဲလုံးစကားကြောင့် ကျွန်တော် မပြုံးဘဲ မနေနိုင်တော့။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၃)

ကျွန်တော် ဘဏ်ဖွင့်ရက်တစ်ပတ်အတွင်း (. . .)ဘဏ်မှ တစ်ဆင့် ငွေထုတ်ငွေလွှဲကိစ္စကို နေ့စဉ်ရက်ဆက် ဆောင်ရွက် လိုက်သည်။

ကျွန်တော်ဘဏ်သို့ ရောက်တိုင်း ကျွန်တော်ဦးတည်သွား သည့် သူမှာ ရွှေလွှာနဒီသာလျှင်ဖြစ်ကြောင်း အထူးဖော်ပြရန် မလိုတော့ပါ။

ရွှေလွှာနဒီကလည်း ကျွန်တော့်ကိုမြင်သည်နှင့် လာ ရောက်ခရီးဦးကြိုပြုပြီး ကျွန်တော်၏ ငွေထုတ်ငွေလွှဲကိစ္စများ ကို တာဝန်ယူဆောင်ရွက်ပေးလေ့ရှိသည်။

ပြီးတော့ ရွှေလွှာနဒီက ကျွန်တော့်ကို ကိုကြီးဟုခေါ်သည်။

ရွှေလွှာနဒီကျွန်တော့်ကို ကိုကြီးဟုခေါ်သည်မှာလည်း





ကျွန်တော်က သူမနှင့် စကားပြောတိုင်းကိုယ့်ကိုယ်ကို "ကိုကြီး က . . ကိုကြီးက"ဟု ပြောလေ့ရှိသဖြင့် သူမလည်း လွှဲမရ ရှောင်မရ ကိုကြီးဟု ခေါ်ရတော့သည်။

ယနေ့တော့ ရွှေလွှာနဒီ၏ အချစ်ကို ကျွန်တော် အရယူ တော့မည်၊ ထို့ကြောင့် "မဲလုံး . . မဲလုံး . . အရေးကြီးကိစ္စ တိုင်ပင်စရာရှိတယ် မြန်မြန်လာ"

ကျွန်တော်၏ အော်ကြီးဟစ်ကျယ် အသံကြောင့် မဲလုံး အိပ်ခန်းထဲတွင် စာဖတ်နေရာမှ ပြေးထွက်လာသည်။

"အစ်ကိုလေး. . ဘာတွေ အရေးကြီးနေပြန်ပြီလဲ"

"အရေးကြီးတာပေါ့ကွာ. . လာ လာ ထိုင်ဦး၊ အေးအေး ဆေးဆေး စကားပြောရအောင်"

"အစ်ကိုလေး ကျွန်တော် သိနေတယ်နော်. . အစ်ကို လေး"

"သိရင်လည်း ဘာမှ မပြောနဲ့ဦး၊ ငါပြောတာသာ အရင် နားထောင်ဦး"

မဲလုံး ခေါင်းတငြိမ့်ငြိမ့်ကုတ်ပြီး ကျွန်တော့်ဘေးရှိ ဆိုဖာ ထိုင်ခုံတွင် ဆောင့်ကြောင့်ဝင်ထိုင်သည်။

"ဒီနေ့က ဘာနေ့လဲဆိုတော့ ဘဏ်ပိတ်ရက်ကွ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်ပိတ်ရက်ဖြစ်တော့ ရွှေလှသာနဒီ ဒီနေ့ ကျောင်းသွားတက်လိမ့်မယ်"

"ဟုတ်ကဲ့"

"ရွှေလှသာနဒီက အဝေးသင်တက္ကသိုလ် တက်နေတာလေကွာ"

"ဟုတ်ကဲ့"

"ဒီတော့ ရွှေလှသာနဒီကျောင်းက အပြန် မင်းနဲ့ငါ သွားစောင့်မယ်"

"ဟုတ်ကဲ့"

"ကျောင်းဖယ်ရီကားဂိတ်နဲ့ ရွှေလှသာနဒီတို့ အိမ်က နည်းနည်း လှမ်းတယ်ကွ"

"ဟုတ်ကဲ့"

"ပြီးတော့ . . ရွှေလှသာနဒီတို့ အိမ်မရောက်ခင် သုံးလမ်းကျော်လောက် လမ်းဆုံတစ်ခုရှိတယ်"

"ဟုတ်ကဲ့"

"ဟိတ်ကောင် မင်းကလည်း ဟုတ်ကဲ့ချည်းပဲ လုပ်နေတော့မှာလား"

"ကျွန်တော့်မှာ အစ်ကိုလေး ပြောသမျှ ဟုတ်ကဲ့ လုပ်ရုံက လွဲပြီး ဘာပြောနိုင်ဦးမှာမို့လဲ . . ဟုတ်ကဲ့"

ကျွန်တော့်ကို ဟုတ်ကဲ့ဖြင့် တစ်နည်းတစ်ဖုံ ဆန္ဒပြနေ





သာ မလုံးကို ကောပစ်လိုက်ချင်သော်လည်း ယနေ့အဖို့တော့ ဆ်လျှော့ထားရလိမ့်မည်ဖြစ်ကြောင်း နားလည်ထားသည်။

"အဲဒီတော့ . . မင်းက လမ်းဆုံနားမှာ ကားရပ်ပြီး စောင့်နေ . . ရွှေလှသာနဒီလာပြီဆိုတာနဲ့ ငါက လမ်းဆုံကို ဖြတ်ကူးမယ် မင်းက ကားမောင်းလာပြီး ငါ့ဝင်တိုက် . . တိုင်"

"ဟာ . . အစ်ကိုလေး အဲဒါတော့ ကျွန်တော် မလုပ်ပါရစေနဲ့ဗျာ . . အစ်ကိုလေး အသေခံရဲပေမယ့် ကျွန်တော် ထောင်ထဲ မဝင်ရဲဘူး"

"လခွီးကဲ့မှပဲ မင်းလည်း စကားဆုံးအောင် နားထောင်ပါဦး . . နေရင်းထိုင်ရင်း ဘယ်သူက ကားအတိုက်ခံချင်မှာလဲကွ"

"မသိဘူးလေ မှုန်နေတဲ့ အချိန်ဆိုတော့ ဘာမှ ပြောလို့ရတာ မဟုတ်ဘူး"

ကျွန်တော် စကားပြောရပ်ပြီး မျက်လုံးပြူးကြည့်လိုက်မှ လုံး ကုပ်ချောင်းချောင်းဖြစ်သွားသည်။

"ငါပြောတာက ငါက မင်းကားရှေ့မှာ ရောက်နေတယ် င်းကလည်း ကားကို ဖြေးဖြေးမောင်းပေါ့ . . အဲဒီအချိန်မှာ လှသာနဒီက ငါ့ကို ဝင်ဆွဲပြီး ကယ်လိမ့်မယ်"

"တကယ် တိုကို ဝင်မဆွဲဘဲ အော်ဟစ်ပြီး သတိပေးရုံပဲ နိုင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် မင်းငါ့နံဘေးက ဖြတ်မောင်းသွားပေါ့ လူတို့တော့ ကားနဲ့ လုံးဝမထိမိစေနဲ့နော် . . အဲ့ဒီအချိန်မှာ ငါတကားနဲ့ ပွတ်မိချင်ယောင်ဆောင်ပြီး လဲကျနေလိုက်မယ်"

"ကျွန်တော်က ကားကို မောင်းပြေးရမှာလား"

"အဝေးကြီးတော့ မင်း မပြေးနဲ့လေကွာ . . အခြေအနေကို ကြည့်ပေါ့ . . သူက ငါ့ကို လာထူပေးတဲ့ အချိန်ကျရင်ကားပြန်ကွေ့လာပြီး ဆေးခန်းလိုက်ပို့ပေးပါ့မယ် ဘာညာပေါ့ညီမ ဒီနားမှာ ဆေးခန်းရှိလား . . ကိုယ့်ကို လိုက်ကူညီပါဦးဘာညာဆိုပြီး သူ့ကို ဆေးခန်းပါအောင် တစ်ခါတည်းခေါ်ခဲ့ဆေးခန်းပို့ပြီးရင် မင်းလစ်တော့ ကျန်တာ ငါ့တာဝန်ဖြစ်သွားပြီ"

"ဟုတ်ကဲ့ပါ အာစရိ ကျွန်တော်အတိတ်ဘဝက ဘာဝဋ်ကြွေးတွေ ရှိခဲ့သလဲမသိဘူး . . ဒီဘဝမှာ ဒုက္ခခံပြီးလာဆပ်နေရတယ် . . အခုလည်း ဒီဇာတ်လမ်းမှာ ကျွန်တော်မဲလုံး လူကြမ်းကြီး လုံးလုံးဖြစ်ပြီး မိန်းမလှတစ်ယောက်ရဲ့အမုန်းဒဏ်ကို ဆက်ခံရပြန်ဦးမယ်"

"အေးပေါ့ကွာ . . မင်းမှာ ဝဋ်ကြွေးရှိနေတော့လည်းဘယ်တတ်နိုင်မလဲ ဝဋ်ကြွေးရှိသမျှ ဒီဘဝမှာတင် ကုန်အောင်ဆပ်ကွာ"

"ဆပ်မယ် . . အာစရိ ဆပ်မယ် . . ဒီလို မိန်းမလှတွေရဲ့





အမုန်းကိုခံဖို့ အမျိုးမျိုး အကြောင်းဖန်နေတဲ့ ဒီဝဋ်ကြွေးမျိုးကိုကျွန်တော် နောင်ဘဝအထိ သယ်မယူသွားဘူး စိတ်ချအာစရိ"

မဲလုံး မဲ့မဲ့ရွဲ့ရွဲ့ပြောဆိုပြီး ကျွန်တော့်အနီးမှ ထသွားတော့သည်။ ထုံးစံအတိုင်း ပါစပ်ကလည်း မကြားတကြား ပြောသွားသေးသည်။

"ပဲခူးက ဒီနေ့ပဲ ပြန်ရောက်လို့ အေးအေးဆေးဆေးအားခွင့်ပေးမယ် မှတ်တယ် အချိန်ပိုဆင်းခိုင်းပြီး လူကို မသေသေအောင်ညှဉ်းဆဲနေတယ်၊ အဲဒီလောက် မီးလောင်လွယ်တဲ့နှာခေါင်း (၂၄)နာရီ ရေခဲအုံပေးထားဖို့ကောင်းတယ်"

မဲလုံးစကားကြောင့် ကျွန်တော့်နှာခေါင်း ကျွန်တော် အုပ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၄)

အခြေအနေကတော့ တွက်ဆမျှော်လင့်ထားသည့် အတိုင်း အားလုံးကွက်တိပင်။

ရွှေလွှာနဒီလည်း ယဉ်ယဉ်ကြော့ကြော့လေး လှမ်းလာနေပေပြီ။ မဲလုံးကလည်း ကားစက်နှိုးထားပြီးပြီ။ တံကောင်းထောက်မ,စွာဖြင့် အခြားသော လူရိပ်လူခြေများကိုလည်း အနီး အနားမှာ မတွေ့ရ၊ နို့ . . မို့ ကယ်စေချင်သူက ရွှေရုပ်ကလေး၊ ဝင်ကယ်သွားသူက အရာကြီးဖြစ်သွားနိုင်သည်။

ကျွန်တော် အထပ်ထပ် အခါခါ လေ့ကျင့်ထားသည့် အတိုင်း ခေါင်းငိုက်စိုက်ချကာ နှေးတုံ့ လေးကန်သော ခြေလှမ်းဖြင့် လမ်းဆုံကို ဖြတ်ကူးလိုက်သည်။ ကျွန်တော့် အမူအရာမှာ စိတ်ဓာတ်ကြီး (၁၀၅)ခါတိတိ ကျနေသည့်ပုံ





မှန်းမြင်ရုံနှင့် သိသာသည်။

မဲလုံးကလည်း လေ့ကျင့်ထားသည့်အတိုင်း ကျွန်တော့်ဆီ ဦးတည်ပြီး ကားကို မောင်းနှင်လာသည်။

"အို . . ကား . . ကား တိုက်တော့မယ်"

မဲလုံးမောင်းလာသော ကားနှင့် ကျွန်တော် ထိပ်တိုက်တွေ့လုလုတွင် မလှမ်းမကမ်းမှာ ရောက်နေပြီဖြစ်သော ပန်းကနိုးရိမ်တကြီး အော်ဟစ် သတိပေးသည်။

ကျွန်တော်လည်း ပန်းဝင်ဆွဲနိုးနိုးဖြင့် ကားရှေ့မှ အယောင်ယောင် အမှားမှား ဖြစ်နေပုံ ဖမ်းလိုက်သည်။

ကြိုတင်တိုက်ထားသည့်အတိုင်း ကျွန်တော် နောက်ဆုတ်ပြီး ဘယ်ရှောင်လျှင်၊ ကားကလည်း ဘယ်ဘက်လိုက်တိုးသည်၊ ကျွန်တော် နောက်ဆုတ် နောက်ဆုတ်ဖြင့် ညာဘက်ရှောင်လျှင်၊ ကားကလည်း ညာဘက်လိုက်တိုးသည်။

ကျွန်တော်နှင့်ကား ထုပ်ဆီးတိုးတမ်း ကစားနေသည့်အလား ဘေးမှကြည့်လျှင် အင်မတန် အသည်းယားစရာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းမည်ဆိုတာ သေချာသည်။

"ကိုကြီး . . ကား . . ကား . . ကား . . ကား"

ရွှေလွှာနဒီ ကျွန်တော့်အတွက် စိုးရိမ်တကြီး အော်ဟစ် သတိပေးနေသည်ကို ပီတိဖြစ်ဖွယ် ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှပင် မဲလုံးက ကားကို ဘရိတ်အုပ်ရပ်လို
သဖြင့် ကျွန်တော် ဘယ်ညာ ဆက်ရှောင်ရင်း လက်နှင့်
မျက်နှာအမူအရာနှင့်ပါ ကားကို ရှေ့ဆက်တိုးရန် သတိပေး
သည်။

သို့သော် မဲလုံးက ကားကို ရပ်မြဲရပ်ထားပြီး လက်ကာ
လိုက်ဟန်ရှိရာကို လက်ညှိုးပြလိုက် လုပ်နေ၏။ မဲလုံးလု
ကြောင့် အလိမ်တွေပေါ်ကုန်တော့မည်ကို စိုးရသဖြင့် ကား
ဆက်မောင်းလာရန် အမူအရာပြ သတိပေးနေရသည်။

မဲလုံး မျက်စိပျက် မျက်နှာပျက်ဖြင့် ကားထဲမှ ခေါင်း
ထွက်လာပြီး လက်ညှိုးညွှန်ပြလျက် -

"အာစရိ . . ဟိုမှာ . . ဟိုမှာ . . ရွှေလွှာနဒီ မူလဲသွား

ဆိုသော သတိပေးစကားကြောင့် ကျွန်တော် 'ဟိုက်'
ဖြစ်ပြီး ချာခနဲ လှည့်ကြည့်ရသည်။

ဟုတ်ပါသည်။ ကျွန်တော့်ကို ကားတိုက်မိပြီထင်ပြီး ရွှေ
ရဲရဲသံရဲရဲ မကြည့်ရဲလောက်အောင် သတ္တိပြောင်မြောက် သ
ရွှေလွှာနဒီတစ်ယောက် အကြောက်လွန် သတိလစ်
ပုံရက်ကလေး လဲကျနေပါတော့သည်။ ခုတ်ရာတစ်ခြား ရှ
တစ်ခြား ဖြစ်ပြီထင်ရဲ့။

"အာစရိ ဘာကြောင်ကြည့်နေတာလဲ၊ သူ့ကို မြန်မြန်





ပေါ်တင်ပြီး ဆေးခန်းပို့ရအောင်"

ဟူသော မဲလုံး၏ တွန်းပုတ် သတိပေးသံကြားမှ ကျွန်တော်လည်း ခေါင်းညိတ်ပြပြီး ရွှေလွှာနဒီကို ကားပေါ် ပွေ့တင်ရတော့သည်။

မဲလုံးလည်း ကျွန်တော့်ကို ကူညီညာပြီး ရွှေလွှာနဒီအား ကားပေါ် တင်ပေးပြီးသည်နှင့် ကားမောင်းသူနေရာ ပြန်ပြေး တာ ကားကို သွက်သွက်မောင်းထွက်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

ဆရာဝန်၏ လိုအပ်သော ပြုစုကုသမှုကို ခံယူပြီးနောက် မကြာမီ ရွှေလှာနဒီ သတိရလာပြီး မျက်လုံးစဖွင့်ကြည့်သည် ကျွန်တော် ဝမ်းသာသွားရသည်။

"နဒီ သတိရလာပြီလား"

"အို အမေ့"

မျက်လုံးဖွင့်ဖွင့်ခြင်း ကျွန်တော့်ကို တွေ့သည်နှင့် ရွှေလှာနဒီ ကြောက်လန့်တကြား ရေရွတ်တော့လျက် မျက် စုံမှိတ်ပြီး မျက်နှာကိုလည်း တစ်ဖက်သို့ လွှဲလေသည် ကျွန်တော် စိတ်ပူသွားရပြန်သည်။

"ဟင် . . နဒီ ဘာဖြစ်လို့လဲ"

"ကို . . ကိုကြီးတ ကားတိုက်လို့ သေသွားပြီ မဟုတ်လား"





"တင့်အင်း ကိုကြီး ဘာမှမဖြစ်ပါဘူး၊ ဘာကားမှလည်း မတိုက်မိပါဘူး"

"တကယ် တတယ် ပြောတာပါ"

"ဪ . . တတယ် ပြောတာပါ နဒီရယ် ဒါကြောင့်လည်း နဒီနဲ့ ခုလို စကားပြောနေနိုင်တာပေါ့"

"ဒါ ဒါဆို တော်သေးတာပေါ့ မသိပါဘူး၊ သရဲများ လာ ခြောက်သလားလို့"

သတ္တိရှင်မလေး ရွှေလှာနဒီလည်း ယခုမှ မျက်လုံးဖွင့် ကြည့်ဖော်ရတော့သည်၊ ရွှေလှာနဒီ လှဲနေရာမှ အားယူထ ထိုင်ပြီး ကျွန်တော့်ကို လှမ်းကြည့်သည့် အခိုက်မှာတော့ ကျွန်တော့်မျက်နှာကို မှိုင်းရီနေစေလိုက်သည်၊

သို့သော် ရွှေလှာနဒီအတွက် ဆရာဝန်ထံမှ လိုအပ်သော ညွှန်ကြားမှုများကိုမူ ဣန္ဒြေရရ တောင်းယူလိုက်သည်၊

"ဒေါက်တာ. . သူ့အတွက် ဆေးထိုး ဆေးစား ဘာများ လုပ်စရာလိုပါသေးလဲ ခင်ဗျား"

"ဪ . . အကြောက်လွန်ပြီး သတိလစ်သွားရုံသက် သက်ပါ . . အခြား ပြဿနာ ဘာမှမရှိပါဘူး. . သောက်ဆေး နည်းနည်းပေးလိုက်ရင် ရပါပြီ"

"ဟုတ်ကဲ့ . . ကျေးဇူးပါပဲ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ရွှေလွှာနဒီနှင့်အတူ ဆေးခန်းကောင်တာသို့ သွားကာ ကျသင့်ငွေရှင်းပေးပြီး ဆေးခန်းထဲမှ ထွက်လာခဲ့သည်။

ရွှေလွှာနဒီလည်း မှိုင်းမှုန်ပြာရီဖြစ်နေသော ကျွန်တော်မျက်နှာကို အကဲခတ်မိဟန်ဖြင့် -

"ကိုကြီး မျက်နှာလည်း မကောင်းပါလား . . ဘာဖြစ်လို့လဲ ဟင်"

"ဟင် . . ဘာ . . ဘာမှ မဖြစ်ပါဘူး"

"ဟုတ်ရဲ့လား . . ကိုကြီး . . ကိုကြီးကိုကြည့်ရတာ တစ်ခုခုဖြစ်နေပုံပဲ"

"နဒီ"

သေခါနီး လူတစ်ယောက်၏ လေသံဖြင့် ကျွန်တော် ခေါ်သည်ကို ရွှေလွှာနဒီ လှည့်ကြည့်သည်။

"ကိုကြီးအတွက် အချိန်နည်းနည်းလောက်ပေးပြီး ဆိုင်တစ်ဆိုင်မှာ ခဏလောက် လိုက်ထိုင်ပေးပါလားဟင်"

"ရပါတယ် ထိုင်လေ ကိုကြီး"

ဆို့နင့်တုန်ခါနေသော ကျွန်တော့်လေသံကို နားထောင်ရုံနှင့် ကျွန်တော့်ဆီက ဘာစကားမှ မကြားရသေး။ ရွှေလွှာနဒီက ကြိုပြီး ကရုဏာ သက်နေဟန်တူသည်။





သည်လိုနှင့် ကျွန်တော်နှင့် ရွှေလွှာနဒီတို့ လူအတန်အသင့် ရှင်းသော အအေးဆိုင်လေးတစ်ဆိုင်မှာ ထိုင်ဖြစ်သည်။

ရှေ့မှာ မှာထားသော အအေးခွက် ကိုယ်စီ ရောက်နေသော်လည်း မည်သူမျှ မသောက်ဖြစ်ကြသေးပေ။

ရွှေလွှာနဒီလည်း ကျွန်တော့်ဘက်က စကားတစ်ခွန်းမျှ ထွက်မလာသေးဘဲ ညှိုးရီ ဆိတ်ငြိမ်နေသဖြင့် ကျွန်တော် ဘာတွေများ ဖြစ်နေပါလိမ့်ဟု သိချင်စိတ် ပြင်းပြနေပြီမှန်း ကျွန်တော် ရိပ်မိသည်။

ထို့ကြောင့် သူမ,ကပဲ ကျွန်တော် ပြောသာအောင် လမ်းဖွင့်သည့်အနေဖြင့် စကား စ,သည်။

"နဒီတို့ ရပ်ကွက်ထဲက အဲဒီလမ်းဆုံနားမှာ ကားအသွားအလာမရှိတော့ ကားတွေက မဆင်မခြင်ဘဲ အရမ်းမောင်းတာ တိုကြီးရဲ့ . . ဒါကြောင့် လမ်းက သိပ်ကျယ်တာလည်း မဟုတ်ဘဲနဲ့ ဘေးဘီဝဲယာကြည့်ပြီး လမ်းဖြတ်ကူးမှ စိတ်ချရတယ်"

"ကိုကြီးဘဝက နေမထူး သေမထူးပါ နဒီရယ် . . အဲဒီတုန်းက အဲဒီကားတိုက်မိပြီး ကိုကြီး တစ်ခါတည်း သေသွားရင် တောင်းမယ်ထင်တယ် နဒီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . မပြောကောင်း မဆိုကောင်း ကိုကြီးရယ် . ."

"တကယ်ပြောတာ . . ကိုကြီးအတွက် လူ့ဘဝကြီးက သိပ် အဓိပ္ပါယ်မရှိတော့သလိုပဲ"

"ဘာဖြစ်လို့လဲ ကိုကြီးရယ် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလည်း အောင်မြင်နေတာပဲ"

"လူတစ်ယောက်ရဲ့ ဘဝဟာ ငွေကြေးတစ်မျိုးတည်းနဲ့ ရှင်သန်နေရတာမှ မဟုတ်ဘဲ နဒီရယ်"

ကျွန်တော်က ဝေသီသော အကြည့်များဖြင့် ရွှေလွှာနဒီကို တစ်ချက်ကြည့်ပြီး သက်ပြင်းရှည်တစ်ချက်ကို ဖွဲ့နွဲ့မိပြန်သည်။ ကျွန်တော့်ပုံစံကို ကြည့်ပြီး စိတ်မထင်လျှင် ယခု ချက်ချင်းပင် သဘောကြောင်းကြံစည်နိုင်လောက်သည်ဟု ရွှေလွှာနဒီ တွေးပူမိနိုင်ကောင်းသည်။

"ပြောရရင် ကိုယ့်ကိုယ်ကို ဒီလောက် ပျော့ညံ့တတ်မှန်း မသိခဲ့ဘူး . . အခုတော့ အချိန်တွေ ကြာလာလေလေ စိတ်တွေက အစိုးမရဘဲ ညှိုးရော်လာလေလေပဲ"

"ကိုကြီး ဘာတွေ ဖြစ်လို့ ဘာတွေ ခံစားနေရတယ်ဆိုတာကို နဒီသိအောင် ရှင်းရှင်းလင်းလင်း ပြောပြပါလား ကိုကြီးရယ်"

"ဟင်း . . ကိုကြီး ပြောပြချင်လွန်းလို့လည်း နဒီကို ဒီဆိုင်





လေးမှာ ခဏလောက် လိုက်ထိုင်ပေးဖို့ တောင်းဆိုရတာပါ . . ကိုကြီးကို ကိုကြီး သိနေတယ်"

"အို ကိုကြီးရယ် . . ဘာလို့ သေစကားချည်းပဲ ပြောပြောနေရတာလဲ . . ဘဝကို အဲဒီလို လွယ်လွယ်အရှုံးပေးတာကို ကြိုက်ပါဘူး"

ကျွန်တော် မျက်စိမှိတ်ပြီး ခေါင်းသုံးချက်ခန့် ညိတ်လိုက်သေးသည် . . . ပြီးမှ

"ကိုကြီး ပုံပြင်လေးတစ်ပုဒ်ပြောပြမယ် . . ကိုကြီးက မင်းသမီး ဒိုင်ယာနာကို သိပ်သဘောကျတာ၊ ဒိုင်ယာနာ ဆွေသားချင်း စာနာ၊ နားလည်တတ်တဲ့စိတ်၊ မေတ္တာတရားကြီးမားတဲ့စိတ်၊ စနစ်ဟောင်း အတွေးအခေါ်ဟောင်းတွေကို တော်လှန်ဆန့်ကျင်ပြီး အင်္ဂလန် ဘုရင်မကြီးရဲ့ တော်ဝင်အသိုက်အဝန်းကို စိန်ခေါ်အံတုရဲတဲ့ စိတ်တွေ ကိုကြီး သိပ်လေးစားခဲ့တာပေါ့"

"ဟယ် တိုက်ဆိုင်လိုက်တာ . . နဒီလည်း မင်းသမီး ဒိုင်ယာနာကို သိပ်သဘောကြတာ ကိုကြီးရဲ့ . . . သူ့ရဲ့ ရှင်းလင်းရေးအတွက် အားတက်သရော ဆောင်ရွက်ချက်တွေက ဝတ်မွတ်ခေါင်းပါးသူတွေအတွက် ထားရှိဆောင်ရွက်ထားတဲ့ ကရုဏာတရားတွေကို အရမ်းလေးစားတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဘွားလ်မင်းသမီးရဲ့ သစ္စာဖျက်မှုကြောင့် ခါးသီးတဲ့ ဝေဒနာတွေကို ရင်စည်းခံပြီး အန္တိ.တိုက်ပြတယ်ဆိုတာကလည်း တကယ်တော့ အင်္ဂလိပ်တွေ အထွတ်အမြတ်ထားတဲ့ တော်ဝင် မိသားစုကြီးရဲ့ အထုပ်ကို ရဲရဲဝံ့ဝံ့ ဖြေချပြလိုက်တာပဲလို့ နဒီတော့ထင်တယ်"

ကျွန်တော့်စကား ထောက်ခံ ဖြည့်စွက်ပြောဆိုသော ရွှေလွှာနဒီကဲ့သို့ ကျွန်တော်လည်း တစ်သဘောတည်း ရှိပါကြောင်း ခေါင်းညိတ်ပြရသည်။ ပြီးမှ . . .

"ကိုကြီးဟာ နဒီအကြောင်း အခုပြောသလိုပဲ ဒိုင်ယာနာရဲ့ စိတ်နေစိတ်ထားကို သဘောကျသလို ဒိုင်ယာနာရဲ့ ရှင်းသန့်တဲ့ ရုပ်ရည်၊ အင်း. . အထူးသဖြင့် ဒိုင်ယာနာထားတဲ့ ဆံပင်ပုံစံကို သိပ်သဘောကျတာ ကိုကြီးထင်တယ် ဒီကမ္ဘာပေါ်မှာ ရှိခဲ့သမျှ ဆံပင်ပုံစံတွေထဲမှာ ဒိုင်ယာနာရဲ့ ဆံပင်ပုံစံဟာ အရိုးရှင်းဆုံးနဲ့ အလှဆုံးဘဲလို့ ထင်တယ်"

"ဟုတ်တယ် . . နဒီလည်း ဒိုင်ယာနာကို ချစ်တယ်ဆိုတာ ဒိုင်ယာနာရဲ့ ဆံပင်ပုံစံကိုပါ ချစ်မိတာ"

ရွှေလွှာနဒီ ရွှန်းလက်တောက်,ပ,သော မျက်ဝန်းများဖြင့် ကျွန်တော်နှင့်အတူ ဒိုင်ယာနာအကြောင်းကို အားရကျေနပ်စွာ ပြောလေသည်။





"ကိုကြီးမှာ ဒိုင်ယာနာ ဆံပင်ပုံစံလို မြတ်မြတ်နိုးနိုးထားတဲ့ ချစ်သူတစ်ယောက်ရှိတယ်. . ကိုကြီးရဲ့ ချစ်သူဟာ ကမ္ဘာပေါ်က လူတော်တော်များများကိုပဲ တကယ့် ဒိုင်ယာနာ ခရေဇီဖိ ဒိုင်ယာနာနဲ့ ပတ်သက်သမျှ အရာရာကို အလေးအနက်ထားတယ်၊ ဒိုင်ယာနာရဲ့ မွေးနေ့ရောက်တိုင်း ဆုမွန်ကောင်းတောင်းနေကျပဲ၊ ဒိုင်ယာနာ ဘဝလေး သာယာနေရင် သူကပျော်ရွှင်နေတတ်ပြီး၊ ဒိုင်ယာနာ စိတ်ထိခိုက်ခံစားနေရင် သူကစာနာသနားပြီး မျက်ရည်ကျတတ်သူပေါ့ . . ဒါပေမယ့် နဒီရယ် . . ဒါပေမယ့် . ."

ကျွန်တော် စကားကို ဆုံးအောင် မပြောဘဲ ခေါင်းငိုက်စိုက်ချလိုက်သည်။ ရွှေလွှာနဒီ သိလိုစိတ် ရေဆူမှုတ်သို့ ရေ ာ်လျက် ကိုယ်ခန္ဓာကို ကိုင်းညွတ်ကာ ဦးခေါင်းနှိမ့်ချပြီး ကျွန်တော့် မျက်နှာကို လိုက်ကြည့်၏။ ထိုအခါမှ ကျွန်တော်သည်း စကားဆက်၏။

"ဒိုင်ယာနာ မသေခင် တစ်ရက်မှာ ကိုကြီးနဲ့သူနဲ့ အင်းယားမှာထိုင်ပြီး စကားတွေ အများကြီး ပြောကြသေးတယ်၊ ဘဝရှေ့ရေးတွေ တိုင်ပင်ကြသေးတယ်၊ ကိုကြီး အရမ်းကိုပျော်ခဲ့တာပေါ့၊ ဒါပေမယ့်၊ ဒါပေမယ့်၊ နောက်တစ်ရက်မှာပဲ အခြားယောက်ျား တစ်ယောက်နဲ့ သူလက်ထပ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"တိုက်တိုက်ဆိုင်ဆိုင် နဒီရယ် . . သူမင်္ဂလာဆောင်တဲ့ နေ့မှာ ဒိုင်ယာနာက ကားမှောက်ပြီး သေဆုံးသွားရှာတယ်။ စဉ်းစားကြည့် ကိုကြီး ဘယ်လောက်ခံစားရမယ်ဆိုတာ"

"ဟုတ်တာပေါ့ ကိုကြီးရယ် ခံစားရမှာပေါ့"

"ကိုကြီး . . ကိုကြီး ပိုပြီး ခံစားရတာက . . ဒိုင်ယာနာ ဆုံးပြီလို့လည်း ကြားရော ကိုကြီးထက်ပိုပြီး ဝမ်းနည်းစိတ် ထိခိုက်နေရှာမယ့် ချစ်သူဆီကို နှစ်သိမ့်ဖို့ အပြေးကလေး ရောက်သွားချိန်မှာ သူက မင်္ဂလာအခမ်းအနား ကျင်းပပြီးစီးလို့ သတို့သား အသစ်စက်စက်နဲ့ ကမ္ဘာကြီးကို မေ့ထားနိုင်လောက်အောင် ပျော်နေချိန် . . ကိုကြီးတို့တောင် သူက ရှင်ဘာလာနှောင့်ယှက်တာလဲ. . ရှင့်မျက်နှာကို ကျွန်မဘယ်တော့မှ မမြင်ချင်ဘူး . . ရှင်ကျွန်မ ရှေ့က အခုထွက်သွားစမ်းတဲ့လေ၊ ကိုကြီးမှာ သူ့ကြောင့် ဒိုင်ယာနာအတွက်နှင့် ကိုကြီးအတွက်ပါ ရောပြီး ခံစားလိုက်ရတာ မပြောပါနဲ့တော့"

"အို ဖြစ်မှ ဖြစ်ရလေ ကိုကြီးရယ်"

"ကိုကြီးမှာ ဒိုင်ယာနာ ရုတ်တရက် သေဆုံးသွားလို့ စိတ်ထိခိုက်နေရတဲ့ ချစ်သူကပါ မျှော်လင့်မထားပါဘဲ သစ္စာဖောက်လိုက်တဲ့အခါ တကယ်ပါပဲ ကိုကြီး ရူးမတတ်ကို ခံစားခဲ့ရတာ





ပိုပြီး ခံစားရတာက. . ချစ်သူတစ်ယောက်လုံး မနက်ဖြန် မျိုးမှာ လက်ထပ်တော့မယ့် ကိစ္စကို လုံးဝ အသိမပေးဘဲနဲ့ နေ့လိုမျိုးမှာ အတူထိုင်ပြီး ရယ်ရယ်မောမော ပျော်ပျော်ရွှင် နဲ့ စကားတွေ ဖောင်နေအောင် ပြောပြီး အိပ်မက်တွေ ခဲ့သေးတာကိုပဲ"

"အင်းနော် . . ကိုကြီးချစ်သူက တော်တော် ရက်စက်တာ သူဘာ့ကြောင့် ဒီလိုလုပ်သွားတယ်ဆိုတာ နဒီတော့ တောင် မစဉ်းစားတတ်အောင်ဘဲ"

"အဲဒါ ပြောတာပေါ့ . . နဒီရယ် သူ ဒီကိစ္စကို အစောကြီး ည်းက ကိုကြီးကို ပွင့်ပွင့်လင်းလင်း ပြောပြထားသင့်တယ်၊ ကိုကြီးမှာ ဖြေသာသေးတယ် အခုတော့ . . အခုတော့ သူ. . သူ. . လုပ်. . လုပ်လိုက်ပုံက တကယ်ပါ. . မ်းလည်း ခံပြင်းတယ်၊ အရမ်းလည်း ဝမ်းနည်းတယ် သူတစ်ယောက်လုံး မင်္ဂလာဆောင်တာတောင် လုံးဝမသိ တဲ့အဖြစ်ကိုလည်း တွေးမိတိုင်း အရမ်းခံစားရတယ်၊ ကြီးမှာတော့ သူ့ကို ယုံကြည်မှုအပြည့်အဝ ထားလိုက်ရတာ . . သူကတော့"

"ကိုကြီးအဖြစ်ကို နဒီ နားလည်ပေးလို့ ရပါတယ်ကိုကြီးရယ်"

ကျွန်တော် တုန်ခါနေသော စကားသံ၊ ပြင်းထန်သော



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက် ရှိုက်သံနှင့် ညှိုးရီမှုန်မှိုင်းသော မျက်နှာကိုသာ ရွှေ
နဒီ၏ ရင်ကို ထိမှန်နေစေပြီးမှန်း ကျွန်တော်ကောင်းစွာ သိ
သည်၊ ပစ်မှတ်ပိုမိုတိကျရေးအတွက် ကျွန်တော် စကားဆ
ရသည်၊

"ဒီခါးသီးတဲ့ ဝေဒနာတွေကို အချိန်ဆိုတဲ့ သမားတော်
ကုစား ပေးလိမ့်မယ်ဆိုပြီး ယုံကြည်ခဲ့ပေမယ့် . . ကင်ဆာ
ပါပဲ . . အချိန်ကြာလေ ရောဂါက ရင့်လေပါပဲ . . ဒိုင်ယာ
သေတဲ့ နှစ်ပတ်လည်နေ့တွေ ရောက်ခါနီးလေ ကိုကြ
စိတ်ဓါတ်တွေ ဖျက်ပြားလေပဲ၊ အခုလာမယ့် တစ်ပတ်အ
မှာ ဒိုင်ယာနာသေတဲ့ နှစ်ပတ်လည်နေ့ ရောက်ပြန်ဦးမ
ကိုကြီး ဘာကိုမှ သတိမရချင်တော့ဘူး ဝေဒနာကို ဘယ်
လည်း မခံစားနိုင်သေးဘူး၊ ဒါကြောင့် ဒါကြောင့် အဲ
မရောက်ခင်မှာပဲ. . တို. . ကိုကြီး"

"အို ကိုကြီး အဲဒီလို စိတ်ထင်ရာတွေ အရမ်းလျှော
မလုပ်နဲ့လေ"

ရွှေလွှာနဒီ စိုးရိမ်ကြီးစွာဖြင့် ကျွန်တော့် ဘယ်ဘက်
ကို ဖမ်းဆုပ်သည်၊ မငိုရုံတစ်မယ် ကျွန်တော်၏ သရုပ်ဆော
ကောင်းမှုမှာ ရွှေလွှာနဒီ မျှောလေပြီ၊

"ကိုကြီး မသေခင် ကျေနပ်စရာတစ်ခုတော့ တွေ့သွာ





တယ် . . လူတွေက ဒိုင်ယာနာသေတဲ့နောက် ဘယ်သူမှ သူ့ကို
ထုတ်တိပတ်တိ သတိမရကြတော့ဘူး၊ အထူးသဖြင့်
ဒိုင်ယာနာ ခရေဇီဆိုတဲ့ ကောင်မလေးတွေပေါ့ . . အခု သူတို့
ခေါင်းမှာ ဒိုင်ယာနာဆိုတာ ယောင်လို့တောင် မတွေ့ရတော့
ဘူး . . ဒါပေမယ့် ဒါပေမယ့် . . ရှားရှားပါးပါး ဒိုင်ယာနာ
ဆံပင်ပုံစံညှပ်ထားတဲ့ နဒီကို တွေ့လိုက်ရတဲ့အခါ ကိုကြီး အံ့
ဩသွားတယ်. . ဒိုင်ယာနာကို အရှင်လတ်လတ် ပြန်တွေ့
လိုက်ရသလိုပဲ . . တစ်ဆက်တည်းမှာပဲ နဒီရဲ့ တော်ဝင်တဲ့
အလှနဲ့ လိုက်ဖက်ညီလွန်းတဲ့ ဒိုင်ယာနာ ဆံပင်ပုံစံလေးက
ကိုကြီးရဲ့ ရင်ကို လှုပ်ခတ်စေတဲ့အခါမှာတော့ ကိုကြီးရဲ့ ဘဝ
အတွက် အဓိပ္ပါယ်ရှိတဲ့ ရှင်သန်မှုမျှော်လင့်ချက်ရောင်ခြည်
သေး လင်းလက်သွားသလိုပဲ၊ တကယ်တော့ ဒါဟာလည်း
ကိုကြီးရဲ့ မိုက်မဲတဲ့ စိတ်ကူးယဉ်မှု သက်သက်မှန်း နားလည်
လိုက်ပါပြီ. . ဘာပဲပြောပြော ကိုကြီး သေပျော်ပါပြီ၊
ကိုကြီးပြောသမျှကို အချိန်ပေးပြီး နားထောင် ခံစားပေးတဲ့
အတွက် ကျေးဇူးတင်ကြောင်း ပြောခဲ့ပါရစေ၊ ကိုကြီး. . သွား
. . သွား . . တော့မယ် နဒီရယ်"

ကျွန်တော် အခုချက်ချင်း သေတွင်းထဲ ခုန်ဆင်းတော့
မည့် လူတစ်ယောက်ကဲ့သို့သော အမူအရာမျိုးဖြင့် ဧရာမ



www.burmeseclassic.com

www.burmeseclassic.com



တုံ့နှေးစွာ ထလိုက်သည်။

"ကိုကြီး ကိုကြီးဘေးမှာ ကိုကြီး စာနာနားလည်တဲ့ ရွှေလှနဒီဆိုတဲ့ မိန်းကလေးတစ်ယောက်ရှိနေတာကို မေ့ထား ပြီး ဒီလိုပဲ လွယ်လွယ်ထွက်သွားမှာလား ကိုကြီးရယ်"

ရွှေလှနဒီ ကျွန်တော့်လက်ကို လွှတ်မပေးဘဲ စကားတို လှိုင်လှိုင်ပြောလာချေပြီ။ ကျွန်တော်မယုံနိုင်လောက် အံ့ဩ နေသော မျက်နှာပေါ်တွင် တောက်ပသော အကြည့်တစ်ချက် ကို ဆင်ယင်လိုက်သည်။

"ဘာ . . ဘာပြော နဒီ ဘာပြောလိုက်တယ်"

"ဒီနေ့ကစပြီး ကိုကြီးရဲ့ ဘဝမှာ အဓိပ္ပါယ်ရှိတဲ့ ရှင်သန် ကို ပြန်ရပြီလို့ဆိုတာ ယုံကြည်လိုက်တော့လို့ ပြောတာ"

"ဟင် တကယ် . . . တကယ် ပြောတာနော်၊ နဒီ ကိုကြီး နားတောင် ကိုကြီး မယုံနိုင်အောင်ပါပဲလား"

ကျွန်တော် ဘယ်ဘက်လက်ကို ဆုပ်ကိုင်ထားဆဲဖြစ်သော ရွှေလှနဒီ၏ ဖြူဆွတ်နူးညံ့သော လက်ဖမိုးပေါ်သို့ ကျွန်တော် ညာဘက်လက်ဖမိုးလေး အုပ်မိုးဆုပ်ကိုင်လိုက်သည်။ ခေါင်း မွှမွှလေး ညိတ်ပြသော ရွှေလှနဒီမျက်နှာပေါ်ဝယ် ရှက်သွေး ရောင် ရင့်ရင့်လေး စီးဆင်းနေသည်ကို တွေ့ရသည်။

"ကျေးဇူးတင်ပါတယ် နဒီရယ် . . ကိုကြီးရဲ့ ဘေးမှာ





ကိုကြီးကို စာနာနားလည်ပြီး နှစ်သိမ့်အားပေးမယ့် သူတစ်ယောက် လိုအပ်နေတာ အမှန်ပါပဲ . . ရွေးစရာဆိုလို့ သေလမ်းတစ်လမ်းပဲ ရှိတော့တယ် . . အခုတော့ ရွှေလှနဒီ ဆိုတဲ့ ကိုကြီးရဲ့ အသက်ကယ်လှေကလေးကို ကိုကြီး ကျေးဇူး အထူးတင်ပါတယ်"

ရွှေလှနဒီ စိုမြသော မျက်ဝန်းများဖြင့် ကျွန်တော့်ကို ကြည့်၏။ ကျွန်တော်လည်း ဘဝ အသစ်တစ်ဖန်အတွက် ချစ်ရည်လွှမ်းသော အကြည့်များကို မျက်ဝန်းထဲမှ ထည့်လျက် ရွှေလှနဒီနှင့် အကြည့်ချင်းဆုံစေလိုက်ပြီး ချိုမြိန်သည့် ရင်ခုန် သံ တစ်စုံကို နားခံနေမိတော့သည်။

ဒါကြောင့်လည်း အားလုံးက ကျွန်တော့်ကိုပြောကြတာ အချိန်မရွေး မင်းသား ထ,လုပ်လို့ရသည်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

“ဩော် . . ဒိုင်ယာနာ . . ဒိုင်ယာနာ သေတာ ကြာပေ
မယ့် ငါ့ကို ချစ်သူတစ်ယောက်ရအောင်တော့ ရှာပေးနိုင်သေး
တယ်၊ ကျေးဇူးကြီးလှပါပေတယ် ဒိုင်ယာနာရယ်”

ကျွန်တော် နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် လှဲလျော
ရင်း တစ်ဦးတည်း ကျေနပ်စွာ ရေရွတ်ပြောဆိုနေသည်
အိမ်တံခါး ဖွင့်ဝင်လာသော မဲလုံးကြားပြီး စိတ်ဝင်စားသွား
ဟန်တူသည်။

“အစ်ကိုလေး . . ဒိုင်ယာနာ နာမည်ကို ဘာကြောင့်
လောက်တောင် ရွတ်နေရတာလဲဗျ . . အစ်ကိုလည်း ဒီည
ရွှေလွှာနဒီတ၏နဲ့ရော တစ်ခါတည်း အိုကေရဲ့လား”

“ပြောပြမယ် . . ပြောပြမယ် . လာ ဒီမှာလာထိုင်”





မဲလုံးပြုံးလျက် အနားမှာလာထိုင်ပြီး ကျွန်တော်ပြောလာ
သို့ စကား စိတ်ဝင်တစား နားစွင့်လေသည်။

ကျွန်တော်လည်း ဒီလိုကွာ . . ဟူ၍အစချီပြီး ရွှေလွှာနဒီ
ဆေးခန်းမှာ သတိပြန်ရချိန်ကစပြီး နောက်ဆုံး ကျွန်တော့်
ချစ်ကို လက်ခံသွားသည်အထိ ဇာတ်စုံခင်းပြလိုက်သည်။

ကျွန်တော့် စကားအဆုံးမှာတော့ မဲလုံး ကျွန်တော့်ကို
ကျူးမဆုံးတော့။

“ဟား . . အစ်ကိုလေးကတော့ ပိုင်တယ်ဗျာ . . ကျွန်တော့်
လည်း အဲဒီ ပညာတွေ နည်းနည်းပါးပါး သင်ပေးပါလား
အစ်ကိုလေးရာ . . တကယ်ပြောတာ . . ကျွန်တော် အစ်ကို
နဲ့ ရွှေလွှာနဒီကို ဆေးခန်းမှာ ချပေးခဲ့ပြီး ကျွန်တော်တွေး
တာက အစ်ကိုလေး ဒီကောင်မလေးရဲ့ အချစ်ကို ဘယ်လို
နည်းနဲ့မှ ချက်ချင်းကြီး မရနိုင်ဘူးလို့၊ တစ်လ နှစ်လလောက်
တော့ အချိန်ပေးရလိမ့်မယ်လို့ပေါ့”

“မဲလုံးရာ ငါနဲ့ ဒီလောက်တွဲနေပြီး . . ငါ့ရဲ့ အရည်အချင်း
ဒီလောက်တောင် လျှော့တွက်ရသလား . . ငါ့ရာဇဝင်မှာ
တလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ လနဲ့ချီပြီး အားထုတ်
တော ဘယ်တုန်းကများ ရှိခဲ့ဖူးလို့လဲ”

“ဟုတ်ပါတယ် အာစရိ . . ဘာကြောင့်လဲ အာစရိကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလွှတ်ပြီး လေးစားနေတာ . . ဒါပေမယ့် အာစရိ ဒီလို အောင်မြင်နေတာ တပည့်ကျော်ကြီး ပံ့ပိုးမှုကြောင့်လည်း ပါတယ်ဆိုတာ မမေ့နဲ့နော်”

“ဘယ်မေ့ပါ့မလဲ ကျေးဇူးရှင်ရယ် . . ဒါကြောင့် ကျေးဇူးရှင်မောင်မဲလုံးကို ဒီနေ့ည ဆိုင်ကောင်းကောင်းမှာ အပြတ် ပြုစုဖို့ စိတ်ကူးမ[illegible] ခင်ဗျာ”

“အားပါး ကောင်းလိုက်တဲ့အစီအစဉ်ပါပဲ . . အမ်သရီး သွားမလား၊ တော်ဝင်နှင်းဆီသွားမလား နန်းထိုက်တော်ဝင် သွားမလား”

“မင်းကြိုက်တဲ့နေရာသာရွေးကွာ . . တစ်ညတည်း သုံး ဆိုင်စလုံးတိုက်ချင်လည်းရတယ် ပြော”

“အိုကေ . . ဒါဆို ကျွန်တော် အဝတ်အစားလဲလိုက်ဦး မယ်”

မဲလုံးတက်ကြွစွာဖြင့် သူ၏ အိပ်ခန်းဘက် ထွက်သွားပြီး တစ်စုံတစ်ခု သတိရဟန်ဖြင့် ကျွန်တော့်ထံ ပြန်လှည့်လာ၏

“အာစရိ . .”

“ပြော”

“ကျွန်တော် ကိစ္စတစ်ခု စဉ်းစားမိလို့ပါ”

“ဘာကိစ္စ စဉ်းစားမိတာလဲ”





“ဒီနေ့ အစ်ကိုလေး ရွှေလှာနဒီကို ခင်းပြတဲ့ ဇာတ်လမ်းက တကယ့်သိုလ်တက်တုန်းက အစ်ကိုလေး သူငယ်ချင်းတစ် ယောက်ရဲ့ ဇာတ်လမ်းမဟုတ်လား . . ကျွန်တော့်ကို ပြောဖူး သလားလို့ပါ”

“ဟုတ်တယ် ငါ့သူငယ်ချင်းတစ်ယောက် ကြုံရတဲ့ မရှုနိုင် မကယ်နိုင်ဇာတ်လမ်းပဲ၊ ဒီကော[illegible]တလည်း လူကြား မကောင်း သူကြားမကောင်းတွေ[illegible]ချစ်သူက ဒီနေ့ညနေလို မျိုး သူနဲ့အင်းလျားမှာ ထိုင်ပြီး စကားတွေဟီတီတာတာ ပြောသွားလိုက်တာ . . ဟော မနက်လည်းကျရော တစ်ခြား တစ်ယောက်နဲ့ မင်္ဂလာဆောင်သွားပါလေရော . . ဟား ဟား ဟား”

“အဲဒါကိုတောင် သူချက်ချင်း မသိဘူးမဟုတ်လား”

“ဟုတ်တယ် တစ်ပတ်လောက်ကြာမှ သိတာ သူ့ချစ်သူ ကျောင်းမတက်တာ တစ်ပတ်လောက်ရှိပြီ . . ဘာများဖြစ်လို့ လဲဆိုပြီး ချစ်သူအိမ်ရှေ့ လူပျိုလှည့်သွားခါမှ သူ့ခမျာ အကြောင်းစုံသိရတာ”

“အဲဒီတုန်းက ဒိုင်ယာနာ့မှာ မသေသေးဘူး မဟုတ်လား အစ်ကိုလေးရဲ့”

“ဩော် မင်းကလည်း ချာလိုက်တာ . . ငါက ရွှေလှာနဒီ ကို သူ့အကြောင်းပြောပြနေတာမှ မဟုတ်တာ . . သူ့ဆီက



www.burmeseclassic.com

www.burmeseclassic.com



နာပေဆိုတဲ့ ဇာတ်ကွက်နဲ့ ဒိုင်ယာနာကိစ္စကို အချိုးညီညီ ပေါင်းစပ်ပြီး ဇာတ်လမ်း အသစ်တစ်ပုဒ်ရေးပေးလိုက်တာ . . ဒိုင်ယာနာ ဆံပင်ပုံစံ ဒီခေတ်ကြီးထဲမှာ မတွေ့သလောက် ဖြစ်သွားပြီလေ . . ဒါပေမယ့် ရွှေလွှာနဒီက ဒိုင်ယာနာ ဆံပင်ပုံစံ ကို ညှပ်ထားတာတွေ့ကတည်းက သူကလေးသည် ဒိုင်ယာနာကို ချစ်ခင်သဘောကျသူဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းမိလိုက် တာကိုးကွ”

“အစ်ကိုလေးမို့ မြင်လည်း မြင်တတ်ပေတယ်ဗျာ . . ကျွန်တော်တို့လည်း လုပ်စားလို့ရအောင် တတွက်နှစ်တွက် လောက် သင်ပေးပါလားဗျာ . . ဒါပေမယ့် ကျွန်တော်ကတော့ တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆို ပိတောက်ပဲ အစ်ကိုလေးလို ချစ်သူအများကြီးထားဖို့ မဟုတ်ဘူး”

“ကဲပါ . . ဟုတ်ပါပြီ၊ အဝတ်အစားအရင်သွားလဲလိုက်ပါဦး၊ သွားကြရအောင်”

“ဟုတ်ကဲ့ပါ အစ်ကိုလေးရဲ့၊ ဒီည အပြတ်ရှင်းပြီးသွားမယ်၊ စားသောက်ဆိုင်က ကောင်မလေးတွေ ပန်းကုံးစွပ်စရာမလို ကျွန်တော့်ကို စောင်းချိတ်ပြီး သီချင်းဆိုစေရမယ်”

မဲလုံးအူမြူးစွာဆိုပြီး အိပ်ခန်းဆီ ပြန်သွား၏ သို့ရာတွင် အိပ်ခန်းဆီမရောက်ခင် တယ်လီဖုန်းမြည်လာသဖြင့် သွားကိုင်





ရသည်။

“ငါမေးရင် ပြန်မရောက်သေးဘူးလို့သာ ပြောလိုက်ကွာ”

ကျွန်တော် မည်သူနှင့်မျှ ဖုန်းမပြောလိုသေးသဖြင့် မဲလုံးကို လှမ်းသတိပေးရသေးသည်၊ မဲလုံးကလည်း နားလည်ပါကြောင်း ခေါင်းညိတ်ပြသည်၊

“ဟဲလို”

“ . . . ”

“ပြန်မရောက်သေးပါဘူးခင်ဗျာ . . ဘာမှာထားခဲ့ချင်ပါသလဲ ခင်ဗျာ”

“ဗျာ . . ခဏ . . ခဏလေးနော်”

မဲလုံး တယ်လီဖုန်းစကား ပြောခွက်ကို လက်ဖြင့်အုပ်ပြီး

“အစ်ကိုလေး . . မဏိဇာနည်တဲ့”

ဟူ၍ လှမ်းပြောကာမှ ကျွန်တော်လည်း ဟိုက်ခနဲ မျက်လုံးပြူးသွားရသည်။ မဏိဇာနည် သည်နေ့ မန္တလေးက ပြန်ရောက်မည့်နေ့ဆိုတာ ကျွန်တော်မေ့နေသည်၊ ထို့ကြောင့် တဖျာတယာ ထပြီး

“ပေး . . ပေး . . ငါဖုန်းပြောမယ်”

ဟု အရေးတကြီးဆိုကာ မဲလုံးဆီက ဖုန်းကို ယူရသည်။

“မဏိရယ် တို့မှာ မဏိရဲ့ ဖုန်းကို ဒီနေ့တစ်နေ့လုံးမျှော်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ"

ဟူ၍ ဖုန်း စပြောသည်နှင့် အလွမ်းသယ်ပြလိုက်ရသေးသည်။ မဲလုံး ကျွန်တော့်ကို မဲ့ရွဲ့ပြီး ကြည့်နေမည်ဆိုတာ လှည့်ကြည့်စရာမလိုဘဲ ကျွန်တော်သိနေသည်။

"တကယ်ပြောတာ မဏိရဲ့ မနက်အိပ်ရာက နိုးပြီဆိုကတည်းက မျက်နှာတောင် မသစ်နိုင်ဘူး ဖုန်းနားမှာ ထိုင်စောင့်နေတာ"

"...."

"ဩော် .. နေ့လယ်ထဲက ရန်ကုန်ပြန်ရောက်နေတာ တို့ဆီဖုန်းတစ်ချက် ဆက်ဖော်မရဘူး၊ နေနိုင်လိုက်တာ မဏိရယ်... သည်က ကောင်မှာတော့ မအိပ်နိုင် မစားနိုင်နဲ့ သတိတွေစွတ်ရပြီး မျှော်နေလိုက်ရတာ"

"......"

"ဩော် အလုပ်ကိစ္စတွေ မပြတ်သေးလို့ဆိုတော့လည်း နားလည်ပေးရမှာပေါ့ .. အခုတောင် မဏိရဲ့ အသံလေး ကြားလိုက်ရလို့ အတော်နေသာထိုင်သာရှိသွားပါပြီ၊ လူချင်းတွေ့ရရင်တော့ ပြောမနေနဲ့တော့"

"....."

"ကောင်းပြီလေ .. ဘယ်ဆိုင်မှာ စားမလဲ"





"......."

"ဩော် မဏိနဲ့တို့ စားနေကျ မြန်မာထမင်းဆိုင်မှာပဲလား"

"......."

"အိုကေ ဒါဆို တို့ ခုချက်ချင်း လာခဲ့မယ်လေ"

"....."

"စိတ်ချ .. မျက်နှာသစ်ရုံမကဘူး ရေပါချိုးပြီးသွားပြီ၊ ဘာလဲ တို့မျက်နှာမသစ်ရသေးဘူးဆိုရင် မနှလေးက ယူလာတဲ့ ကျုံးရေပေးပြီး တို့အချစ် သစ္စာဆိုပြီး မျက်နှာသစ်ခိုင်းမလို့လား"

"....."

"အိုကေ.. အိုကေ.. ဒါဆို.. တို့ ဖုန်းချပြီးတာနဲ့ ချက်ချင်းလာခဲ့တော့မယ်နော်"

ကျွန်တော် တယ်လီဖုန်းချပြီးလိုက်ချိန်မှာ ကျွန်တော့်ကို မျက်လုံး ပေကလပ် ပေကလပ်ဖြင့် ကြည့်နေသော မဲလုံးကို တွေ့ရသည်။

"အဟဲ.. မဲလုံးရေ.. ဒီညတော့.."

"သိနေတယ်လေ.. မဲလုံး သိနေတယ်.. ဒါကြောင့်လည်း အဝတ်အစား မလဲသေးတာပေါ့"

"အဟဲ ဒီညတော့ ငါ မဏိဇာနည်နဲ့ပဲ ညစာ စားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

"သိနေတယ်လေ. . မဲလုံးသိနေတယ်"

"ဒီတော့ မင်းဆိုင်သွားချင်ရင် ထွန်းထွန်းခေါ်ပြီးသာ သွား ထိုင်တော့ကွာ. . ပိုက်ဆံလိုသလောက် ယူသွားလိုက်ပေါ့"

"ကိစ္စမရှိဘူး . . အာစရိ ဒီည ကျွန်တော် အိမ်မှာပဲ စား လိုက်တော့မယ်"

"ဒါဆိုလည်း ငါ့ကို စောင့်စားလေ . . ငါပြန်လာရင် ဟင်း ဝယ်လာခဲ့မယ်"

"ကိစ္စမရှိဘူး . . အာစရိ . . ကျွန်တော်နေ့လယ်ကတည်း က အားလုံးချက်ပြုတ်ထားပြီးပြီ ကိုယ်ချက်ပြုတ် စီစဉ်ထားရ စားဖို့ စိတ်ချရမယ် . . သူများအားကိုးနေ့လို့ကတော့ ဒီည ထမင်းစားရမှာ မဟုတ်ဘူးဆိုတာ မဲလုံးသိနေတယ် အာစရိ"

"ကဲ . . ဒါဆိုလည်း ငါသွားပြီဟေ့"

ကျွန်တော်လည်း မဲလုံးနှင့် စကား ပေမရှည်လိုတော့ သဖြင့် ကားသော့နှင့် ပိုက်ဆံအိတ်ယူပြီး အိမ်မှ ခပ်သွက် သွက် ထွက်လိုက်တော့သည်။

ဒါတောင် မဲလုံးက ကျွန်တော် မကြားကြားအောင် ရေ ရွတ်ပြလိုက်သေးသည်။

"ဩော်. . လူ. . လူ. . မ,ဘက်လိုက်တော့ မိုက်ဘက်ပါ





ဆိုတဲ့စကား သိပ်မှန်တာပဲ . .

မ,နဲ့ပတ်သတ်လာပြီဆိုတာနဲ့ ကျေးဇူးရှင်ကို ကျေးဇူးပြုဖို့ တောင် သတိမရနိုင်တော့ဘူး"

မဲလုံးစကားကြောင့် ကျွန်တော် ပြုံးမိလျက် စိတ်ထဲမှ ပြန်ပြီး ဆဲရေးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

ကျွန်တော် ထမင်းဆိုင်ထဲ ဝင်သွားတော့ မဏိဇာနည် ကြို ရောက်နှင့်နေသည်ကို တွေ့ရသဖြင့် ကျွန်တော် ပြုံးပြလိုက် သလို မဏိဇာနည်လည်း အပြုံးဖြင့် ကြို၏။

ကျွန်တော် နေရာမှာ ဝင်ထိုင်မိသည်နှင့် စားပွဲထိုးလေးက ထမင်းများခူးခပ်ပေး၏၊ မဏိဇာနည် ထမင်းဟင်းများကို ကြိုတင်မှာယူထားပြီဖြစ်ကြောင်းနားလည်လိုက်သည်။

မဏိဇာနည်ကို ကျွန်တော် ပြုံးကြည့်ပြီး စကားစသည်။

"ယူ့ နည်းနည်း ပိန်းသွားသလိုဖြစ်တာကို ကြည့်ခြင်းအားဖြင့် ဒီတစ်ပတ်အတွင်းမစားနိုင် မအိပ်နိုင်ဖြစ်နေတယ်ဆိုတဲ့ ယူ့စကားကို ယုံစားရမလို ဖြစ်နေပြီ"

"အင်း . . မဏိရဲ့ မျက်နှာလေးကို တွေ့လိုက်ရလို့ ဒီည





တစ,ပြီး ကောင်းကောင်းအိပ် ကောင်းကောင်းစားနိုင်တော့မယ် ထင်ပါတယ်"

"ဟုတ်လား . . ယူ ပိုပြီး စားကောင်းအောင် မန္တလေးတနေ ထိုးမုန့်တွေတောင် ဝယ်လာသေးတယ်၊ ကားပေါ်မှာ ပြီးတော့မှ ယူပေါ့"

"ကောင်းတာပေါ့ တို့က ထိုးမုန့်ဆိုကြိုက်သလား မမေးနဲ့"

"ဟုတ်ပါပြီ . . ဒါဆို တကူးတတ ဝယ်လာရကျိုးနပ်တာပေါ့"

"အင်း . . တို့လည်း လွမ်းရကျိုးနပ်တာပေါ့"

မဏိဇာနည် မျက်စောင်းလေး ချစ်ဖွယ်ကောင်းအောင် ထိုးပြီးနောက် ကျွန်တော့်ပန်းကန်ထဲ ဟင်းများ ခပ်ထည့်ပေးသည်။

ကျွန်တော်လည်း အားကျမခံ မဏိဇာနည်၏ ထမင်းပန်းကန်ထဲ ဟင်းများ ခပ်ထည့်ပေးလိုက်သည်။ မဏိဇာနည် ပြုံးနေသည်။

ထို့နောက် နှစ်ယောက်သား စကားမပြောဖြစ်ဘဲ ထမင်းကိုသာ စားဖြစ်ကြသည်။ ကျွန်တော် စားသောက်မှု ပြီးစီးလို့ နှုတ်ခမ်းကို တစ်ရှူးဖြင့် သုတ်နေစဉ် မဏိဇာနည်က အံ့ဩသလို ကြည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com



"ယူ . . ဒီနေ့ ထမင်းစားနည်းလှချည်းလား"

"မနည်းပါဘူး နှစ်ပန်းကန်တောင် ပေးလိုက်တာပဲ"

"အရင်တုန်းက တစ်ခါစားရင် (၅)ပန်းကန်တောင် တုန်းတာပဲ"

ကျွန်တော် ရှက်သွားလျက် မလုံမလဲ ပြုံးလိုက်ရသည်။ ပြီးမှ

"ဪ အဲဒီတုန်းက ဆာဆာနဲ့ဆိုတော့ စားနိုင်တာပေါ့"

"ဘာလဲ အခုတော့ မဆာဘူးပေါ့"

"မဏိဇာနည်ရဲ့ အလှကို မြင်တွေ့ခံစားခွင့်ရတာနဲ့ကင် တို့အတွက် ပြည့်စုံနေပါပြီ . . အဲချစ်တစ်ခုကလွဲလို့ ဘာမှ မလိုအပ်တော့ပါဘူး"

မဏိဇာနည်လည်း ပြုံးပြီး ထမင်းစားခြင်းကို လက်စသတ်သည်၊ ကျွန်တော် မဏိဇာနည်အတွက် သောက်ရေတစ်ခွက် ငှဲ့ပေးလိုက်သည်။

မဏိဇာနည် ကျွန်တော် ငှဲ့ပေးသော ရေကို ယူသောက်ပြီးနောက် ကျွန်တော့်ကို ကြည့်၏၊ ကျွန်တော်ကလည်း မဏိဇာနည် မျက်နှာလေး တွယ်မက်စွာ ကြည့်နေချိန်မို့ အကြည့်ချင်း ဆုံသွားကြသည်။

အတန်ငယ်ကြာမှ မဏိဇာနည်က အကြည့်လွှဲပြီး





"ဒါနဲ့ တို့ မန္တလေးမှာ တစ်ပတ်လောက်ကြာသွားတာ သားတွေများ ညိုသွားသလားဟင်"

တူ၍ မေးသဖြင့် ကျွန်တော်လည်း ခေါင်းခါပြပြီး

"ဟင့်အင်း . . မညိုပါဘူး . . ပိုပြီးတော့တောင် ဖြူဝင်းစိုလာလို့ ပိုပြီးတော့တောင် ချစ်ဖို့ ကောင်းပါသေးတယ်"

တူ၍ ကျွန်တော်လိုရာကို ဆွဲပြောရသည်၊ မဏိဇာနည် ားမပြန်ဘဲ 'ငါသိတယ်နော်'ဟူသော အကြည့်ဖြင့် တော်ကို မထေ့တထေ့ ပြုံးကြည့်နေ၏။

ကျွန်တော် မချင့်မရဲဖြစ်လာလျက်

"ဏိ . . မန္တလေးက ပြန်ရောက်ရင် အဖြေပေးမယ်ဆို တော့လေကွာ"

"အို . . ဒီလောက်တောင် မရိပ်မိဘူးလား"

"ဘာကိုလဲ"

"ဪ . . တို့ မန္တလေးက ပြန်ရောက်တဲ့နေ့ပဲ ယူ့ကို ဒီမှာ ချိန်းပြီ ဆိုကတည်းက ဘာ့ကြောင့်ဆိုတာ သိရမှာပေါ့"

"ဟင် . . ဒါ . . ဒါဆို . . တို့ ဝမ်းသာရတော့မှာပေါ့ လား"

ဏိဇာနည် လှပစွာ ပြုံး၏။

"ဏိမှာ အဲလို ရက်စက်တတ်တဲ့ နှလုံးသား မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တို့ သိပြီးသားပါ”

“ဟွန်း . . အပြောကတော့ ကောင်းတယ် . . တကယ်

“ဒါပေမယ့် မဏိရဲ့ ပါးစပ်က ဖွင့်မပြောချင်ရင်လည်း တို့ စိတ်ဒုန်းဒုန်းချနိုင်အောင် ခေါင်းလေးတော့ ညိတ်ပြပါ . . မဏိ တို့အချစ်ကို လက်ခံတယ် မဟုတ်လားဟင်”

မဏိဇာနည် ရှက်ပြုံးပြုံးနေ၏။ ပြီးမှ ခေါင်းညိတ်ပြ မိန်းမပီပီ အဖြေပေးပြီး အရှက်ပိုနေကြောင်းကို ပြ,သ ညိတ်သောခေါင်းကို ပြန်မဖော်တမ်း ငုံ့ထား၏။

ကျွန်တော်လည်း ချစ်စိတ်တွေ သိပ်သည်းလာလျက် မ ဇာနည်လက်ကလေးတစ်ဘက်ကို ဆုပ်ကိုင်ရန် ပြင်လိုက် သို့သော် ကျွန်တော့် လက်က လမ်းခုလတ်တွင် တန့်သွ သည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ဆီ ဦးတည်လာ သော ဘရဏီကို တွေ့လိုက်သောကြောင့် ဖြစ်သည်။

ကျွန်တော် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလျက် အထဲ ကြည့်ရာ ဘရဏီသည်လည်း မိတ်ဆွေ အချို့နှင့်အတူ ဆိုင်မှာ ထမင်းလာစားခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်

ကျွန်တော် ဘရဏီဆီ ကြွသွားပြီး တစ်ခုခုပြောဖို့ အ မရတော့ပြီ။ ထို့ကြောင့် အနီးဆုံးမှာ ရှိနေသော မဏိဇာ





သာ ခပ်တိုးတိုး သတိပေး စကားဆိုရတော့သည်။

“မဏိ”

ကျွန်တော် ခေါ်သံကြောင့် မဏိဇာနည် ခေါင်းငုံ့ထားရမှ ကြည့်သည်။

ကျွန်တော်လည်း ပုံမှန်မျက်နှာထားဖြင့် -

“အခုလာတဲ့ ဂျင်းဝမ်းဆက် ကောင်းမလေးက ယဉ်ယဉ် း ရူးနေတာသိလား”

“ဟင် . . တကယ်”

“ပြီးတော့ တို့ကို အတိတ်ဘဝက သူ့ချစ်သူ ဆိုပြီးတော့ တ်စွဲလမ်းနေတာ သိလား

“ဟင် ဒါ . . ဒါဆို ဘာလုပ်ကြမလဲ”

“တိစ္စမရှိဘူး . . သူက ကြမ်းကြမ်းတမ်းတမ်းတော့ မဟုတ် း . . အလိုက်သင့် ပြောပေးရင်ရပြီး . . နောက်ပြီး သူ့ကို တ်ထိန်းပေးနေတဲ့ ဆရာဝန်တွေလည်း ပါတယ်ဆိုတော့ မ်စရာတော့ မရှိပါဘူး . . ဟိတ် . . သူ့ကို သွားမကြည့်နဲ့ ပုံမှန်အတိုင်းပဲနေပါ . . ရတယ်”

မဏိဇာနည်လည်း အရူးတော့ ကြောက်တတ်ဟန်တူပါ သည်။ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ကျွန်တော့်ကို ကြည့် တ် ဘရဏီကို ခိုးကြည့်လိုက်နှင့် တုန်လှုပ်နေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

ဘရဏီ၏ ခေါ်သံကြောင့် ကျွန်တော် မော့ကြည့်လိုက် သည်။ ထို့နောက် ယခုမှ တွေ့သည့်ပုံမျိုး ဖမ်းကာ အံ့ဩ လိုက်ရသည်။

"ဟင် ဘရဏီပါလား တစ်ယောက်တည်းလား ထိုင် ထမင်းစားမယ် မဟုတ်လား မှာလိုက်မယ်လေ"

"ဟင့်အင်း မမှာနဲ့ ဟိုမှာ ဒေါက်တာအေးအေးမော် လည်း ပါလာလို့ သူတို့နဲ့ပဲ စားလိုက်တော့မယ်"

ပြောပြောဆိုဆို ဘရဏီ ကျွန်တော့်ဘေးရှိ ခုံလွတ် လုံးတွင် ဝင်ထိုင်သည်။

ဒေါက်တာ အေးအေးမော် (သို့မဟုတ်)ဆရာဝန်ပါ သည်ဆိုသော ဘရဏီစကားအရ ကျွန်တော် မဏီဇာနည် အဓိပ္ပါယ်ပါပါ တစ်ချက် လှမ်းကြည့်သည်။ မဏီဇာနည် လည်း ကျွန်တော့် စကားခိုင်မာသည်ကို လက်ခံပါကြော မသိမသာ ခေါင်းညိတ်ပြသည်။ ကျွန်တော်ဆိုသည့် တော က်များတောင်းချင်တော့လည်း သည်လိုသည်လို တိုက်ဆိုင် တတ်သည်။

"ဪ . . ဘရဏီနဲ့ မိတ်ဆက်ပေးရဦးမယ် . . သူ မည်က မဏီဇာနည်တဲ့"





ကျွန်တော် မိတ်ဆက်ပေးလိုက်ချိန်မှာ ဘရဏီ လောကဝတ် စကားမဆိုနိုင်ဘဲ မဏီဇာနည်ကို မျက်လုံးပြူးကြည့်၏။

ထိုသို့ကြည့်ရခြင်း အကြောင်းမှာ မိတ်ဆက်စကား ပြောနေရင်းနဲ့ တစ်ဖက်မှာလည်း မဏီဇာနည် မမြင်အောင် ကျွန်တော့်နားထင်ကို လက်ညှိုးဖြင့် ထောက်ပြပြီးနောက် လက်ခါပြလိုက်၍ ဖြစ်သည်။

မဏီဇာနည် ကျပ်မပြည့်ဟု သိလိုက်ရသည့်အတွက် ဘရဏီ လန့်သွားဟန်တူပါသည်။ တစ်ဆက်တည်းမှာပင် ကျပ်မပြည့် သူများနှင့်မှ ကြုံဖန်ဆုံတတ်သည့် ကျွန်တော့်အဖြစ်ကို ကြည့်ပြီး ရယ်ချင်လာဟန် တူပါသည်။

ထို့ကြောင့် "ခစ်"ဟူ၍ ရယ်လိုက်ပြီးမှ သူ့ပါးစပ် သူလက်နဲ့ ပြန် စအုပ်လေသည်။ ပြီးမှ ပါးစပ်ကို အုပ်ထားသော လက်ကို ပြန်ဖယ်ခွာပြီး

"ဪ ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် မဏီစန္ဒာ" ဟူ၍ အသိအမှတ်ပြု စကားဆို၏။

သေချာပြီး ဘရဏီ၏ အူကြောင်ကြောင် လုပ်ဆောင်မှုများကို ကြည့်ပြီး ကျွန်တော် ပြောတာ မမှားဘူးဆိုတာ မဏီဇာနည် ပို၍ ပို၍ လက်ခံသွားသည်။

"ဟုတ်ကဲ့ တို့ကလည်း တွေ့ရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အလိုက်သင့် ပြန်ပြောပြီး ခေါင်းညိတ်ပြုံးပြနေရသော်လည်း မဏိဇာနည် တစ်ယောက် ဘရဏီရှေ့မှာ မြန်မြန်လက်ပြေးချင်နေလေပြီ။ ထို့ကြောင့် ကျွန်တော့်ကို မျက်ရိပ်မျက်ခြည်ပြနေ၏။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး သူတို့နှစ်ယောက်ကို ဆက်လက် မိတ်ဆက်ပေးလိုက်၏။

"မဏိရေ သူ့နာမည်က ဘရဏီတဲ့"

"ဩော် ဘရဏီတဲ့လား . . လူကို ခုမှ တွေ့ဖူးပေမယ့် နာမည်ကတော့ ခေတ်ဟောင်းသီးချင်းတစ်ပုဒ်ထဲမှာ ကြားဖူးတာကြာပါပြီ၊ သီချင်းထဲကအတိုင်း နာမည်နဲ့ လိုက်အောင် လူကလည်း အရမ်းလှတာပဲနော်"

"အဟင်း . . မြှောက်နေပြန်ပြီ . . မဏိစန္ဒာကလည်း ရာဇဝင်ထဲကအတိုင်း အရမ်းလှတာပါပဲ"

"ရှင် . . ဩော် . . ဟုတ် . . ဟုတ်လား . . ခစ် ခစ် ခစ်"

တစ်ယောက်ကို တစ်ယောက်ကြောက်ပြီး အပြန်အလှန် မြှောက်နေကြသည်ကို ကြည့်ပြီး ကျွန်တော် ရယ်ချင်လာသည်။

သို့သော် ရယ်လို့မဖြစ်ပါ သူတို့နှစ်ယောက် စကားများများပြောပြီး ကမောက်ကမတွေ ပိုဖြစ်လာလေ ကျွန်တော့်အတွက် စိတ်အေးရလေမို့ ကျွန်တော် ကြံ့စည်ရသည်။

"ဩော် . . ဘရဏီကို ပြောရဦးမယ် . . မဏိတာ နိုင်ငံခြားမှာ မိတ်ဆွေတွေ အများကြီးရှိတယ် . . ဘရဏီ ကြိုက်တဲ့ ကိုးရီးယားမင်းသား ဟန်ထယ်ဆောက်ရဲ့ အစ်မနဲ့ မဏိနဲ့လည်း ဘော်ဒါတွေဗျား"

"ဟယ် . . ဟုတ်လား . . ဟန်ထယ်ဆောက်ရဲ့ အစ်မနဲ့က ဘော်ဒါတွေ ဟုတ်လား . . ဒါဆို ဟန်ထယ်ဆောက်နဲ့လည်း သိမှာပေါ့"

ဘရဏီလည်း စိတ်ဝင်စားဟန်ဖြင့် ကျွန်တော့် လေသံကို နင်းပြီး မဏိဇာနည်အကြိုက် မြှောက်ပြောလိုက်သည်။

မဏိဇာနည်လည်း ဘရဏီ၏ ရောဂါအရ အကြိုက်လိုက်ပြောပေးရသည်ကို သဘောပေါက်ထားသည့် အားလျော်စွာ-

"အင်း . . သိတာပေါ့ . . ညတိုင်း ဖုန်းပြောနေကျပဲဥစ္စာ၊ ဘရဏီ စိတ်ဝင်စားရင် ပြောလေ . . တို့ မိတ်ဆက်ပေးမယ်"

ဘရဏီ စိတ်ထဲမှ ဟယ် . . ရောဂါကလည်း တယ်ဆိုးနေပါလား ဟု ပြောလိုသော်လည်း ပါးစပ်ကမူ -

"ဟယ် . . တကယ် ပြောတာနော် . . သူက လိုလိုလားလားမှ ဆက်ဆံပါ့မလား . . မာနကြီးတယ် ကြားလို့"

"ကိစ္စမရှိပါဘူး . . တို့ ဘော်ဒါဆိုရင် အေးဆေးပါ"

"ဒါဆိုရင် ဗွန်စောနဲ့လည်း မိတ်ဆက်ချင်သေးတယ် . . ဗွန်စောနဲ့ရော ခင်တယ် မဟုတ်လားဟင်"







www.burmeseclassic.com

www.burmeseclassic.com



"ခင်တာပေါ့ . . ကျောင်းနေဘက်တွေပဲဟာ အရမ်းခင်တာပေါ့"

"ဟယ် . . ဝမ်းသာစရာကြီး . . ဂျွန်စောကရော သဘောကောင်းလားဟင်"

"ကောင်းတာပေါ့ ကိုးရိုးယားမင်းသားတွေထဲမှာ ဂျွန်စော သဘောအကောင်းဆုံးပဲ"

"ဒါဆိုရင် ဟန်ထယ်ဆောက်နဲ့ရော ဂျွန်စောနဲ့ပါ ခင်ရတော့မှာပါ ပျော်စရာကြီး၊ နောက်ပြီး ဘယ်မင်းသားတွေနဲ့ သိသေးလဲဟင်"

မဏိဇာနည် စိတ်ညစ်သွားသည်၊ ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်ပြီး အိမ်ပြန်နောက်ကျတတ်လေ့ ရှိသဖြင့် ရုပ်မြင်သံကြားမှ လွှင့်သော ကိုးရိုးယားကား ဇာတ်လမ်းတွေလည်း မကြည့်ဖြစ်။ ယခုလည်း ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေသည်ကို ယဉ်ယဉ်လေး ရှူးနေသော ဘရဏီက တကယ် ထင်နေသည်။ သည်အတွက် နောက်ပြောင်ပြောချင်စိတ်လည်း ပေါက်လာသည်။ ထို့ကြောင့်

"ဘယ်သူနဲ့ သိထားလဲဆိုတော့ အခု ကိုးရိုးယားမှာ နာမည်အကြီးဆုံးဖြစ်နေတဲ့ မင်းသားတစ်ယောက်နဲ့ သိသေးတယ်"

"ဟုတ်လား ဘယ်သူလဲဟင်"





"ဂျွန်စောရဲ့ အစ်ကို ဘွန်ဆော"

ဘရဏီစိတ်ထဲမှ အခြေအနေကတော့ ထင်ထားတာထက်ကို ပိုဆိုးနေပါပေါ့လား ဟူ၍ ရေရွတ်မိသော်လည်း ပါးစပ်ကမူ တစ်မျိုးပြောရသည်။

"ဟယ် ဘွန်ဆောတဲ့လား . . နာမည်ကတော့ အပျံစားပဲ ရုပ်ကရော ဂျွန်စောနဲ့ တူသလားဟင်"

"ဟင့်အင်း သူက ဂျွန်စောအစ်ကိုဆိုပေမယ့် ဂျွန်စောနဲ့ သိပ်မတူဘူး၊ သူ့ရုပ်က မြန်မာဆန်တယ် . . ဘယ်သူနဲ့ တူသလဲဆိုတော့ သူနဲ့ သိပ်တူတာပဲ"

ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြောလိုက်သော မဏိဇာနည် စကားကြောင့် ကျွန်တော် ဟိုက်ခနဲ ဖြစ်သွားရသည်။ မဏိဇာနည်လုပ်ပုံနှင့် ကျွန်တော့်မှာ ကိုယ့်ရှူးကိုယ့်ပတ်ရတော့မည့် ကိန်းပင်။ ဘရဏီကို ကျွန်တော့်ကို အရပ်မျက်လုံးဖြင့် လှမ်းကြည့်သည်။ ကျွန်တော်ကလည်း မဏိဇာနည် ဘယ်လောက်တောင် ဂေါက်နေတယ်ဆိုတာ တွေ့တယ်နော်ဆိုသည့် သဘောဖြင့် မျက်နှာမဲ့ပြီး မေးထိုးပြလိုက်သည်။ ဘရဏီက ပေါက်ပါတယ်ဆိုသည့် သဘောဖြင့် ခေါင်းညိတ်ပြ၏၊ ပြီးမှ . .

"တယ် . . ဘွန်ဆောတ မောင်နဲ့ သိပ်တူတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချောမှာပဲနော်”

ဟု အားရဝမ်းသာဟန်ဖြင့် ရေရွတ်ပြောပြ၏။

မဏိဇာနည်စိတ်ထဲမှာ ကောင်မလေးကတော့ ဘွန်ဒ်ဇော ပြောလည်း ယုံတာပဲ တော်တော့ကို အခြေအနေဆိုးနေပြီကိုး ဟု ပြောမိသည်။ သို့သော် ပါးစပ်ကတော့ အဆင်ပြေအောင် နှင့် သဘောကျအောင် ပြောနေရသည်။

“ဒါနဲ့ ယူ့ကို ကြည့်ရတာ မင်းသမီးတွေထက်တောင် လှသေးတယ် . . မင်းသမီးလုပ်ပါလား . . အရမ်းကို နာမည် ကြီးသွားမှာ သေချာတယ်”

“မင်းသမီး လုပ်ရမယ် ဟုတ်လား”

“ဟုတ်တယ် မကြာခင် ဘွန်ဒ်ဇောတောင် မြန်မာပြည်လာပြီး သူနဲ့တွဲရိုက်ဖို့ မင်းသမီး အသစ်တစ်ယောက်ကို ရှာရွေးချယ် မယ်လို့ ကြားတယ် . . ဘွန်ဒ်ဇောသာ ရွေးချယ်ရင် ယူ့ကိုပဲ ရွေး ချယ်မယ်လို့ အတတ်ပြောရဲတယ်”

“ဟင် ဟုတ် . . ဟုတ်လား ဒါနဲ့ ကားနာမည်တရော ဘာလဲဟင်၊ ဒါရိုက်တာကရော ကိုးရီးယား ဒါရိုက်တာပဲလား”

“အင်း . . ကားနာမည်က . . ကားနာမည်က ရွာဦး ကျောင်းက ခေါင်းလောင်းသံ ဒိုးဒိုးဒေါင်ဒေါင်ညံတဲ့ ဒါရိုက် တာကတော့ မြန်မာဒါရိုက်တာပဲ . . ဒါရိုက်တာ . . ဒါရိုက်





တာက ဩော် သိပြီ၊ ဒါရိုက်တာ ဇော်ဆက်တဲ့”

“ဩော် . . ဒါရိုက်တာဇော်ဆက်ဆိုတာ မင်းသမီးတွေ အများကြီး ကိုင်ပြီးရိုက်တဲ့ ဒါရိုက်တာ မဟုတ်လား”

“အန် . . ဘယ် . . ဘယ်လို”

“ဩော် . . ကန်ကြမယ်ဟေ့ ကောင်းကောင်း ဒီဗီဒီဇာတ် ကားမှာ မင်းသမီး (၁၈)ယောက်တောင် သုံးပြီး ရိုက်ကူးတာ ကို ပြောတာလေ၊ (၁၈)ယောက်စလုံး ခေါင်းဆောင်မင်းသမီးပဲ ဆိုပြီး ကြွေးကြော်ခဲ့တဲ့ ဒါရိုက်တာလေ”

“ဩော် ဒီလိုလား . . အင်း ဟုတ်တယ်၊ ဒါရိုက်တာ ဇော်ဆက်က မင်းသမီးတွေ အများကြီးတောင် တစ်ယောက်မှ လွတ်မသွားစေဘဲ နိုင်နိုင်နင်းနင်း ကိုင်တတ်တယ်ဆိုတော့ တစ်ယောက်တည်းဆိုရင်တော့ ပြောမနေနဲ့တော့ အေးဆေး ပဲ . . အဟင်း”

စကားတွေက ပြောလေ ရှုပ်လေဖြစ်လာသည်။ တော်ပါ သေးသည်၊ သည်အရေးကို ကယ်ဆယ်ရန် အကြောင်းက ပေါ်လာ၍သာ . .

“အစ်မလေး . . ဟိုဘက်ဝိုင်းက အစ်မတွေက ထမင်းလာ ရောက် သုံးဆောင်ဖို့ ပြောခိုင်းလိုက်လို့ပါ ခင်ဗျ”

ဟူသော စားပွဲထိုးလေး အသံကြားသည်နှင့် ဘာကော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်းမတွပင် နေရာမှထလေသည်။

ပါးစပ်ကပင် နှုတ်ဆက်စကား မပြောနိုင်ဘဲ လက်ကလေးသာ ပြသွားနိုင်တော့သည်။

မဏိဇာနည်လည်း ယခုမှ စိတ်သက်သာရာရသော မျက်နှာလေးဖြင့် ကျွန်တော့်ကို ကြည့်၏။ ထို့နောက် သက်ပြင်း ဖြည်းညင်းစွာချ၏။

"ဟင်း"

ကျွန်တော်နှင့် ဘရဏီ ဘယ်ပုံတွေ့ကြသည်ကိုပင် မေးမြန်း စုံစမ်းလိုစိတ် မရှိတော့။

အရေးကြီးဆုံးမှာ ဘရဏီရှိနေရာ သည်ဆိုင်မှ အမြန်ဆုံး ထွက်ခွာနိုင်ရေးပင်ဖြစ်ကြောင်း နားလည်မိသည်နှင့်အညီ ကျသင့်ငွေရှင်းကာ နေရာမှထတော့သည်။

ဘရဏီလည်း မဏိဇာနည်ဆိုင်မှ ထွက်ခွာသည်ကို တွေ့မှ ရင်ဘတ်ကို လက်ဖြင့် အသာဖိပြီး သက်ပြင်းချ၏။

ကျွန်တော့်ကို "ရွှတ် ရွှတ်"ဟူ၍ လှမ်းခေါ်ပြီး ဖုန်းဆက်လိုက်မည်ဆိုသည့် အကြောင်းကို လက်အမူအရာဖြင့် လှမ်းပြ၏။ ကျွန်တော်ခေါင်းညိတ်ပြပြီး ကိုယ့်အကြောင်းနှင့်ကိုယ် ပြုံးနေမိသည်။

ကျွန်တော့်ကို လှည့်ကြည့်သော မဏိဇာနည်က





"သူကတော့ သဘောကျပြီး ပြုံးနေ . . ဒီကတော့ သေချင် စော်ကို နံရောပဲ"

ဟု မဲ့ရွဲ့ပြောရာ ကျွန်တော် သဘောကျပြီး ရယ်မိတော့သည်။ မဏိဇာနည်လည်း ကျွန်တော့် ရယ်သံကြောင့် ဘေးဘီကို ကြည့်ပြီး -

"ဘာလို့ အကျယ်ကြီး အော်ရယ်နေတာလဲ"

ဟုဆိုကာ ကျွန်တော့်ခါးလိမ်ဆွဲပြီး သူမကိုယ်တိုင်လည်း ရယ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၈)

ကျွန်တော့်မှာက တာဝန်ဝတ္တရားတွေက အများသားရယ်။

ကားဝယ်ရောင်းလုပ်ရတာကတစ်ဖက်၊ ချစ်သူများအရေးကို မလစ်ဟင်းရလေအောင် ဆောင်ရွက်ပေးရတာတစ်ဖက်၊ နောင် ကျွန်တော့်ချစ်သူ ဖြစ်လာနိုင်ဖွယ်ရှိသော အလှအပလေးများကို ရှာဖွေအကဲခတ်ရတာတစ်ဖက်။

သတိထားမိတာ တစ်ခုတော့ရှိသည်။

ကျွန်တော်၏ ချစ်သူများသည် ကျွန်တော့်ကို အတော်အကျိုးပေးကြသည်။ သူများတွေ ကားဈေးကွက် အေးစက်နေသဖြင့် ကားတစ်စီးဝင်ဖို့ ထွက်ဖို့ ခက်နေသလောက် ကျွန်တော့်မှာ အရောင်းအဝယ်သွက်နေသည်။ ချစ်သူများအပေါ် ကျွန်တော် ထားရှိသော မေတ္တာတရားနှင့် ချစ်သူများ





က ကျွန်တော့်အပေါ် ထားရှိသော မေတ္တာတရားတို့၏ အစွမ်းအစကြောင့်သာ ဖြစ်တန်ရာသည်။

သည်ရက်ပိုင်းအတွင်း ဆုမြတ်ဝတီကို ရုပ်ရှင်လိုက်ပြပြီးပြီ၊ ဘရဏီကို ကစားကွင်းတွေဆီသို့ ပို့ပေးပြီးပြီ၊ မဏိဇာနည်တို့ အထည်ဆိုင်တွေ အဖော်လိုက်ပေးပြီးပြီ။

သည်နေ့တော့ ရွှေလွှာနဒီကို ရွှေတိဂုံဘုရားဖူး လိုက်ပို့ပေးရမည်။ ထို့ကြောင့် ရွှေလွှာနဒီ အဝေးသင် တက္ကသိုလ်သင်တန်းပြီးချိန်မှာ သွားကြိုပြီး ရွှေတိဂုံဘုရားရင်ပြင်တော်သို့ လက်ချင်းချိတ်ကာ လှေခါးထစ်လေးတွေ ရေတွက်ရင်း တက်ရောက်ဖူးမြော်ကြည်ညိုရသည်။

ဘုရားစောင်းတန်းမှ ဝယ်လာသော တံခွန်ကုက္ကားနှင့် ပန်းများကို ရွှေလွှာနဒီကိုယ်စား ကျွန်တော်က ဘုရားမြတ်ထံမှာ သွားရောက်ကပ်လှူ ပူဇော်ပေးသောအခါ ရွှေလွှာနဒီ ကြည်ကြည်နူးနူးပြုံးပျော်၏။

ဘုရားမှာ ကပ်လှူပူဇော်သည့် ကိစ္စရပ်များပြီးသည်နှင့် ကျွန်တော်လည်း ရွှေလွှာနဒီ နံဘေးမှာ တူယှဉ်ထိုင်လျက် ဘုရားဝတ်ပြုရန် ပြန်လှမ်းခဲ့သည်။

သို့သော် . . .

ရွှေလွှာနဒီ နံဘေးမှာ ထိုင်မိရုံရှိသေးသည် အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



လာရပ်ပြီး ခပ်စိမ်းစိမ်းကြည့်နေသည့် မိန်းမတစ်ယောက်၏ အငွေ့အသက်ကို ခံစားရသဖြင့် မော့ကြည့်ရာ ကျွန်တော် လျှပ်စီးကြိုးကိုင်မိသလို ထိတ်လန့်တကြားဖြစ်သွားရသည်။ ထိုသူမကား အခြားသူမဟုတ် . . မဏိဇာနည်ဖြစ်နေ၍ပင်။

ကျွန်တော့်အတွက် တစ်ခုခံသာသည်က ထိုအချိန်မှာ ရွှေလွှာနဒီ မျက်စိစုံမှိတ်ပြီး ဘုရားဝတ်ပြုနေပြီဖြစ်သည်။

ကျွန်တော်လည်း ချက်ချင်းဆိုသလို အတွေ့အကြုံနှင့် အလေ့အကျင့်က ပေါင်းစပ်သင်ကြားထားသမျှကို အပြည့်အဝ အသုံးချရတော့သည်။

နှုတ်ခမ်းလက်ညှိုးတစ်ချောင်းကပ်လျှက် ခေါင်းရော လက်ပါ ခါပြလိုက်သည်။ ကျွန်တော်၏ ရေးကြီးသုတ်ပျာ အမူအရာကြောင့် မဏိဇာနည်၏ ဒေါသမျက်နှာက ကြောင်တောင်တောင်အရောင်သို့ ရုတ်ခြည်းပြောင်းလဲသွားရသည်။ ကျွန်တော်လည်း အခြေအနေကို အခွင့်ကောင်းယူပြီးနေရာထကာ မဏိဇာနည်၏ လက်တစ်ဖက်ကို ဆွဲပြီး ရွှေလွှာနဒီနှင့် အတန်ငယ် လှမ်းရာဆီ ခေါ်သွားရသည်။

တရားခံကြည့်သလို ကြည့်နေသော မဏိဇာနည်၏ မျက်လုံးများထဲတွင် ယခုတော့လည်း နားမလည်နိုင်သော အရိပ်အငွေ့များ လွှမ်းနေ၏။





ကျွန်တော်လည်း စိတ်ချလောက်ပြီဆိုသော အကွာအဝေးရောက်ခါမှ စကားစ,ရသည်။

"မဏိ . . ဘုရားလာဖူးတာ သက်သက်ပဲလား . . ဧည့်သည်တွေကို လိုက်ပို့တာလားဟင်"

"အဲဒါတွေ မေးမနေနဲ့ တို့သိချင်တာက စောစောက ကောင်မလေးက ဘယ်သူလဲ ဘယ်ကလဲ"

"မသိချင်စမ်းပါနဲ့လား . . မဏိရယ်"

"အို . . မသိချင်လို့ ဘယ်ရမလဲ . . သိကိုသိရမှဖြစ်မယ်"

"အင်းပေါ့လေ . . မဏိက သိချင်နေတယ်ဆိုတော့လည်း ပြောပြရမှာပေါ့ . . သူ့နာမည်က ရွှေလွှာနဒီတဲ့ သူ့ခမျာ သနားစရာပါ . . ယဉ်ယဉ်လေး ရူးနေရှာတာ"

"ဟင် . . ဟုတ် . . ဟုတ်လို့လား"

ကျွန်တော် စကားကို မဆက်တော့ဘဲ ဘုရားအာရုံပြုနေသော ရွှေလွှာနဒီနောက်ကျောကို ကရုဏာသက်ဟန်အပြည့်နှင့် ဝေဝေသီသီ လှမ်းကြည့်နေလိုက်သည်။ ကျွန်တော်နှင့်အတူ ရွှေလွှာနဒီနောက်ကျောကို လှမ်းကြည့်နေသော မဏိဇာနည်ထံမှ စာနာ စကားသံ ထွက်ပေါ်လာသည်။

"အင်း . . သနားပါတယ်နော် ရုပ်ကလေးက လှလှလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မသိချင်ပါနဲ့လို့ တို့ပြောတာပေါ့ . . အခု ဒ
အကြောင်းသိသွားရတော့ မဏိ စိတ်မကောင်းဖြစ်ရပြီ မဟုတ်
လား . . အင်း ဒုက္ခ . . ဒုက္ခ သူ့ခမျာရဲ့ ကံကိုက အဲသ
ပါလာတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ . . သတ္တဝါတစ်
ကံတစ်ခုဆိုတာ တယ်မှန်ပါလား . . တယ်မှန်ပါလား"

ရွှေလွှာနုဒီအပေါ် သနားစာနာစိတ် ယိုဖိတ်နေသေ
မဏိဇာနည် စိတ်ပျော့နေချိန်ကို နင်း၍ ကျွန်တော် စကာ
တစ်လုံးချင်း လေးကန်စွာပြောရင်း ပိုပြီး အသက်ဝ
သွားအောင် ရေရွှတ်သံလေးပါ အဆစ်ထည့် ပေးလို
သေးသည်။

ကျွန်တော့် ပို့ချက် ခရီးတွင်ပါသည် မဏိဇာနည်ထံ
မသက်မသာ သက်ပြင်းချသံများ ကြားနေရသည်။ ကျွန်တေ
လည်း အခြေအနေကို အားရကျေနပ်စွာဖြင့် စကားဆ
ကြည့်လိုက်သည်။

"သူ့ခမျာ . . တို့ကို ကိုကြီး ကိုကြီးနဲ့ သံယောဇဉ်ဖြစ်
ရှာတာ . . ကြည့်ရတာ ဒီနေ့ ပိုဖောက်လာသလိုပဲ . .
ဒါကြောင့် သူ့မိဘတွေက အကူအညီတောင်းတာနဲ့ တို့လည်
သူ့စိတ်လေး ငြိမ်းချမ်းရလေအောင် ဘုရားခေါ် လာ
ဘုရားကု တုပေးနေတာ"





"အင်း . . ကောင်းပါတယ် . . သူ့ဆန္ဒရှိရာကို မညည်း
ညူနဲ့ ကူညီပေးလိုက်ပါ . . ယူလည်း ကုသိုလ်ရတာပေါ့ . . ခြော်
သူ့အကြောင်းပြောရင်းနဲ့ သတိရသွားလို့ . . ဟိုတစ်ယောက်
ရောဟင် . . ဟိုတစ်ယောက်လေ"

"ဟင် . . ဘယ် . . ဘယ်တစ်ယောက်လဲ"

လမ်းကြောင်းပြောင်းသွားသော မဏိဇာနည်စကား
ကြောင့် ကျွန်တော်ပြာသွားရသည်။ သေးဘီကိုလည်း ပြူးတူး
ပြဲတဲလိုက်ကြည့်ရသေးသည်။

"တို့နဲ့ တစ်ခါဆုံတဲ့ ယဉ်ယဉ်လေး ရူးနေတဲ့ တစ်ယောက်
ရှိသေးတယ်လေ . . ဘရဏီဆိုတာလေ . . သူရော အခု
ဘယ်လိုနေလဲ"

"ဘရဏီ . . ခြော် . . ဟုတ်ပြီ . . ဘရဏီကို ပြောတာ
ကိုး . . သူကတော့ ဒီအတောအတွင်း အတော်လေး သက်သာ
သွားပြီလို့တော့ ကြားတယ် . . . တို့နဲ့ မတွေ့တာလည်း
အတော်ကြာပြီ"

"ဒါနဲ့ မသိလို့ မေးစမ်းပါရစေဦး . . ယူကိုယ်တိုင်ရော
ဆေးရုံတွေ ဘာတွေများ တက်ဖူးသေးလား"

"အန် . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . ယူနဲ့သိတဲ့ မိန်းကလေးမှာ သမ္ဘ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝေဒနာတွေချည်းပဲ ဖြစ်နေတာကိုး . . အဲဒါမှာမျာ သိလာကြတာလားလို့ပါ"

"ဟောဗျ. . ကြုံကြုံဖန်ဖန် ပြောရရှာမယ်. . အင်းေ လေ. . ပြောမယ်ဆိုလည်း ပြောစရာဖြစ်နေတာကိုး. . ဝ မှာလည်းပဲ ဘယ်လို အကျိုးပေးလည်း မသိဘူး၊ သူတို့တွေ မှ ကြုံကြုံဖန်ဖန် လာဆုံရတယ်လို့ပဲ"

"တို့က အလကား စ,တာပါယူရယ်. . စိတ်ဝေဒနာသ တွေကို ကိုယ်တတ်နိုင်တဲ့ဖက်က ကူညီစောင့်ရှောက်တ ဆိုတာလည်း သာဓုခေါ်ရမယ့် အလုပ်တစ်ခုပဲလေ . . . ေ ပြောရင်းဆိုရင်း သူဘုရားဝတ်ပြုလို့ ပြီးသွားပြီထင်တယ် . . . ဟိုကြည့်ဒီကြည့်နဲ့ ယူ့ကို ရှာနေတာဖြစ်မယ်"

"ဩော် . . ဟုတ်တာပေါ့ . . တို့သူ့ဆီသွားလိုက်ဦးမ ဒါနဲ့ တို့ကိုတစ်ခုလောက်ကူညီပေးပါဦး"

"ပြောလေ . . တို့က ဘာကူညီရမလဲ"

"တခြားတော့ မဟုတ်ပါဘူး . . ရေသန့်တစ်ဘူးလော ဝယ်လာပြီး . . အဲဒီ ရေသန့်ဘူးထဲက ရေနဲ့ သူ့ကို နည်းနည် လောက် ပက်ဖြန်းပေးပါလား"

"ဟင်. . ဘယ်လို"

"ဩော်. . ဒီလိုလေ. . အန္တရာယ်ကင်းရေအဖြစ်နဲ့ လ





မှာ စိုရုံဆွတ်ပြီး သူ့ကို ဖြန်းပေးဖို့ပြောတာ . . လက်နဲ့တောက် ပြီး ဖြန်းနေတဲ့အချိန်မှာ ပါးစပ်ကလည်း အန္တရာယ်ကင်းဂါထာ လေးဘာလေး ရွတ်ပေးပေါ့ . . ဒါဆို သူတော်တော် သဘော ကျသွားလိမ့်မယ်"

"ဒါ . . ဒါပေမယ့် တို့မှ အန္တရာယ်ကင်းဂါထာတွေ ဘာတွေမှ မရတာ"

"ကိစ္စမရှိပါဘူး . . ပါးစပ်ပွစိပွစိလုပ်ပြီးသာ ခပ်တိုးတိုး ရွတ်ပေါ့. . သူလည်း ကြားတာမှ မဟုတ်တာ"

"ဖြစ်. . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် သူဘုရား ရှိခိုးပြီးတိုင်း သူ့အစ်မတစ်ယောက် က အဲသလို လုပ်ပေးနေကျဆိုတော့ အခုလိုမျိုး မဏိက လုပ် ပေးမယ်ဆိုရင် ခမျာဝမ်းသာမှာ"

"ဒါဆို ဒီလိုလုပ်ပါလား . . တို့အဒေါ်ပါလာတယ်လေ . . အဒေါ်ကို လုပ်ခိုင်းလိုက်မယ်"

"ဟင့်အင်း မလုပ်ခိုင်းနဲ့ သူက မဏိတို့လို ငယ်ငယ်ချော ချောလေးတွေလုပ်ပေးမှ ယုံကြည်တာ သူ့စိတ်ထဲမှာ နတ်သမီး က စောင့်ရှောက်တယ်ထင်လို့ နေမှာပေါ့၊ ဒါကြောင့် မဏိ ကိုယ်တိုင်ပဲ ကူညီပေးပါကွာ. . နော်"

"အင်းပေါ့လေ . . ယူ့ကိစ္စဆိုတော့လေ . . တို့ကူညီမှာပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးရမှာပေါ့”

“ကျေးဇူးပါပဲ မဏိရယ် . . တို့သွားနှင့်မယ်နော်”

မဏိဇာနည်ခေါင်းအညိတ်မှာ ကျွန်တော်လည်း ရွှေလွှာနဒီဆီ ခပ်သုတ်သုတ် လစ်ရတော့သည်။ ရွှေလွှာနဒီက ကျွန်တော့်ကို ဒေါသတကြီး ခါးထောက် ရပ်ကြည့်နေသည်။

“ကိုကြီး ကိုကြီးနဲ့ စကားပြောနေတဲ့ မိန်းကလေးက ဘယ်သူလဲ”

အနားရောက်လျှင်ရောက်ချင်း ရွှေလွှာနဒီထံမှ တင်းမာသော မေးခွန်းတွေ ကြားရတော့သည်။

“ထိုင်ထိုင် . . ကိုကြီး ပြောပြမယ်”

ကျွန်တော်လည်း မဏိဇာနည်ရှိရာကို တစ်ချက် ငဲ့ကြည့်ပြီး ရွှေလွှာနဒီလက်ကို ဆွဲကာ ထိုင်ခိုင်းရသည်။ ရွှေလွှာနဒီလည်း ကျွန်တော်နှင့် ရင်ပြင်တော်ပေါ်မှာ ပြန်ထိုင်ရင်း ကျွန်တော့်ကို ကြည့်လိုက် မဏိဇာနည်ကို ကြည့်လိုက် လုပ်နေ၏။

“သူ့နာမည်က မဏိဇာနည်တဲ့ ယဉ်ယဉ်လေးရှုးနေရှာတာ”

“အို . . ဖြစ်မှ ဖြစ်ရလေ”

“ဘယ်တတ်နိုင်မလဲလေ . . သတ္တဝါတစ်ခု ကံတစ်ခု





ဆိုတဲ့ စကားရှိတာပဲ မဟုတ်လား”

“ဒါပေမယ့် အဲလို မမလှလှ တစ်ယောက်က အဲလိုကြီး ဖြစ်နေတယ်ဆိုတာတော့ အရမ်းနှမြောဖို့ ကောင်းတာပဲ”

“ဩော် . . အတိတ်ဘဝက ပါလာတဲ့ ကံ . . ကံ၏ အကျိုးကို ဘယ်လို ဖန်လာသလဲမှ မသိတာ အရေးကြီးတာက သူရောက်လာရင်သာ အဆင်ပြေအောင်နဲ့ သူစိတ်ချမ်းသာ အောင်သာ ပြန်ဆက်ဆံပေးလိုက်ပါ ကုသိုလ်ရပါတယ်”

“တင် . . သူ့ . . သူက . . ဒီလာဦးမလား”

“အင်းလေ . . ဟော ပြောရင်း ဆိုရင်းနဲ့တောင် လာနေပြီ”

“ဟယ်တော့ ဒုက္ခပါပဲ”

ရွှေလွှာနဒီ ရင်ဘတ်ကို လက်ဖြင့် ဖိရင်း ကျွန်တော့်ကို ကြည့်၏။ ကျွန်တော် အားပေးပြုံး ပြုံးပြလိုက်သည်။

မဏိဇာနည်လည်း ကျွန်တော့်အနား ရောက်လာသည်နှင့် ကျွန်တော်နှင့် ရွှေလွှာနဒီကိုရော ပြုံးပြသော်လည်း စကားတော့ မပြောသေးချေ။ ဘုရားကို အရင်ဝတ်ပြု၏။

မဏိဇာနည် ဘုရားဝတ်ပြုပြီးမှ ကျွန်တော်လည်း ရွှေလွှာနဒီနှင့် မိတ်ဆက်ပေးလိုက်သည်။

“မဏိ . . သူ့နာမည်က ရွှေလွှာနဒီတဲ့”

“အေးကွယ် . . တွေ့ရတာ ဝမ်းသာပါတယ်၊ မမနာမည်



www.burmeseclassic.com

www.burmeseclassic.com



က မဏိဇာနည်တဲ့"

"ဟုတ် . . ဟုတ်ကဲ့ နဒီလည်း ဝမ်းသာပါတယ်"

မဏိဇာနည် ပြုံးလျက် ခေါင်းညိတ်ပြပြီးနောက် ဆီမီးပူဇော်ရာ သံတိုင်စင်သို့သွားကာ ရေသန့်ဘူးကို နဖူးမှာ ထိကပ်ရင်း မျက်စိစုံမှိတ်လျက် နှုတ်မှ တိုးတိုးဖွဖွ ရွတ်ဆိုလေ၏။

ရွှေလွှာနဒီလည်း ဘာမှ နားမလည်သလို ကျွန်တော့်ကို ကြည့်လိုက် မဏိဇာနည်ကို ကြည့်လိုက်သာ လုပ်တတ်တော့ဟန်တူ၏။

ခဏအကြာတွင် မဏိဇာနည် ပြန်ရောက်လာပြီး ရေသန့်ဘူးအဖုံးကို ဖွင့်၏။ ထို့နောက် ဘူးထဲမှ ရေကို လက်မှာ အနည်းငယ် ဆွတ်ပြီး ကျွန်တော့်မျက်နှာရေနှင့် ရွှေလွှာနဒီ၏ မျက်နှာကိုပါ လက်မှရေဖြင့် ပက်ဖြန်း၏။ သောက်ပြီး ရေပက်ဖြန်းနေစဉ် ပါးစပ်ကလည်း ပွစိပွစိရွတ်နေသေး၏။

ရွှေလွှာနဒီ ဘာပြောရမှန်း မသိဘဲ မျက်နှာကို ရေစက်လေးတွေ လာစင်သဖြင့် မျက်လုံးဖွင့်ချည် ပိတ်ချည်သာ လုပ်နေရ၏။

ကျွန်တော်လည်း မျက်လုံးမှိတ်ပြီး မဏိဇာနည် လုပ်ဆောင်ချက်ကို ယုံကြည်မှုရှိကြောင်း ပြသလိုက်ရသည်။

"ဒီရေက ရိုးရိုးရေ မဟုတ်ဘူးကွဲ့. . အန္တရာယ်





ကင်းတယ် အမှောင့်ပယောဂကင်းတယ်. . စိတ်ငြိမ်းချမ်းတယ် . . ကဲ ကဲ ညီမလေး ဒီရေလေး သောက်လိုက်ပါဦး"

"ရှင် သောက် . . သောက်ရဦးမယ်"

မဏိဇာနည်နှင့် ရွှေလွှာနဒီတို့ ပြောဆိုနေကြသည်ကို ကြားသော်လည်း ကျွန်တော် ဖောလျှောလုပ်ပြီး မျက်စိကို မှိတ်ထားလိုက်သည်။

"အင်းပေါ့ . . ဒီရေသောက်လိုက်ရင် ညီမလေးကို ဘာအန္တရာယ်မှ မကျရောက်တော့ဘူး. . သောက်နော်. . ညီမလေးက လိမ္မာပါတယ်ကွယ် . . နော် . . သောက်လိုက်နော်"

"တကယ်. . တကယ်သောက်ရမှာလား"

"အင်းပေါ့. . တကယ် သောက်ရမှာပေါ့"

ရွှေလွှာနဒီ ကျွန်တော့် ပုဆိုးစကို မသိမသာဆွဲပြီး အကူအညီတောင်းသဖြင့် ကျွန်တော် မျက်စိဖွင့်ကြည့်ရာ မျက်လုံးအဝိုင်းသားလေးနှင့် အားကိုးအားထား ကြည့်နေသော ရွှေလွှာနဒီကို တွေ့ရသည်။

ကျွန်တော် ရယ်ချင်သော်လည်း မရယ်ရဲဘဲ သောက်လိုက်ပါဆိုသည့် သဘောဖြင့် မျက်ရိပ်ပြလိုက်၏။ ရွှေလွှာနဒီလည်း မလွန်ဆန်သာပဲ မဲ့သလို ပြုံးသလို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားဖြင့် မဏိဇာနည်ထံမှ ရေသန့်ဘူးကို ယူသောက်ရ၏။

သူ ရေသောက်နေသည်ကို မဏိဇာနည်က စူးစိုက်ကြည့်ပြီး ပါးစပ်ကလည်း ဘာတွေမှန်းမသိ ပွစိပွစိတောက်လျှောက်ပြောနေသဖြင့် ရွှေလွှာနုဒီ ကြောက်ကြောက်နှင့် သောက်ရာ ရေတစ်ဝက် ကျိုးလုသွားသည်။

ဒါတောင် မဏိဇာနည် တားလိုက်၍သာ နို့မဟုတ် လျှင် တစ်ဘူးလုံးတောင် ကုန်သွားမလားမသိပါ။

"ဟော့ . . ညီမလေး . . ရေကို တစ်ခါတည်း ကုန်တုန် မသောက်ပစ်နဲ့လေ"

"ရှင်"

"ဒီရေကို အိမ်ပြန်ယူသွားပြီး အိမ်က သောက်ရေနဲ့ ပြန်ရောပြီး သောက်"

"ဟုတ် . . ဟုတ်ကဲ့"

"သဘောကတော့ကွယ် ဒီရေထဲကို အိမ်ကသောက်ရေတွေ မပြတ်ရောထည့်ပြီး သောက်လို့ရတဲ့ သဘောပေါ့ . . ဆိုလိုတာကတော့ ဒီအန္တရာယ်ကင်းရေကို ကြိုက်သလောက်ပွားသောက်လို့ရတယ် . . ဟုတ်ပြီလား . . ကဲ . . ကဲ အဖုံးပြန်ပိတ်လိုက်နော် . . ညီမလေးက လိမ္မာပါတယ်"

"ဟုတ် . . ဟုတ်ကဲ့"





ရွှေလွှာနုဒီလည်း မဏိဇာနည်ပေးသော ရေဘူးအဖုံးကို လှမ်းယူပြီး ပိတ်ရာ အကြောက်ပိုနေ၍ အဖုံးရှောရှော ရှုရှု ပိတ်မရ၊ ချော်နေသေး၏။ ကျွန်တော် မနေသာသဖြင့် ရွှေလွှာနုဒီလက်ထဲမှ ရေသန့်ဘူးနှင့်ရေသန့်ဘူးအဖုံးကို ယူပြီး ပိတ်ပေးလိုက်ရသည်။ ရွှေလွှာနုဒီ ကျွန်တော့်လက်ကို ကုတ်ရင်း-

"ကိုကြီး . . ကိုကြီး ပြန်ကြရအောင်"

ဟုဆိုသဖြင့် ကျွန်တော်လည်း ခေါင်းညိတ်ပြပြီး မဏိဇာနည်ကိုလည်း အခိပ္ပါယ်ပါပါ ရှာစ်ချက်ကြည့်ကာ-

"ကဲ . . မဏိ . . ဒီမှာ နုဒီ ပင်ပန်းလို့ အိမ်ပြန်နားချင်နေပြီထင်ရဲ့ . . . လိုက်ပို့ပေးလိုက်ဦးမယ် . . မနက်ဖြန်မှ တွေ့ကြတာပေါ့"

ဟု၍ နှုတ်ဆက်စကားဆိုပြီး နေရာမှ ထရသည်။

ရွှေလွှာနုဒီတတော့ မဏိဇာနည်ကို နှုတ်ဆက်စကား ဆိုဖို့နေနေသာသာ လှည့်ပင် မကြည့်ရဲတော့ဘဲ တစ်ချိုးတည်း ထလစ်တော့၏။

ကြောက်ပါသည်ဆိုတာ မဏိဇာနည်က အပြေးလေး လိုက်လာပြန်သဖြင့် ရွှေလွှာနုဒီတွင် ခြေဖျား လက်ဖျားတွေ အေးစက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . ဒီမှာ အန္တရာယ်ကင်းရေ ကျန်ခဲ့လို့ လိုက်ပေးတာ"

"ရှင် . . ဟုတ် . . ဟုတ်"

"မမပြောတာ မမေ့နဲ့နော် ဒီရေကိုပွားပြီး သောက်သောက်ပေးနော်"

"ရှင် ဟုတ် . . ဟုတ်၊ သွား . . သွားလိုက်ပါဦးမယ်"

"အေးကွယ် . . ကျန်းမာပါစေ . . ချမ်းသာပါစေ . . ဘေးအန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပါစေကွယ်"

ရွှေလွှာနဒီ ကျွန်တော့်လက်ကို ဆွဲပြီး လွတ်ရာ လွတ်ကြောင်း မပြေးရုံတစ်မယ်လျှောက်လေသဖြင့် ကျွန်တော်လည်း ကန့်လန့်ကန့်လန်နှင့်ပါသွားရသည်။

သည်ကြားထဲတောင် ကျွန်တော် မဏိဇာနည်ကို လှည့်ကြည့်ပြီး တွေ့တယ်မဟုတ်လား ရွှေလွှာနဒီ စိတ်ပုံမှန်မဟုတ်ဘူးဆိုတာဆိုသည့် သဘောဖြင့် မျက်ခုံးပင့်ကာ မေးထိုးပြလိုက်သေးသည်။

မဏိဇာနည်ကလည်း ဟုတ်ပါရဲ့ . . ကောင်မလေး သနားစရာဆိုသည့် သဘောဖြင့် ကျွတ်သပ်ကာ ခေါင်းညိတ်ပြလေသည်။

ကျွန်တော် ရွှေလွှာနဒီနှင့်အတူ စက်လှေကားအတိုင်း ဆင်းလာရင်း တစ်ချက်ဝေ့ကြည့်ရာ အေးမြသော ညနေ





ခင်းပင် ဖြစ်လင့်ကစား ရွှေလွှာနဒီ မျက်နှာနုနုလေးပေါ်ဝယ် ချွေးသီးလေးတွေ ဥနေသည်။

ကျွန်တော့် ဘယ်ဘက်လက်မောင်းကို ကိုင်ထားသော ရွှေလွှာနဒီ၏ လက်ဖြူဖြူလေး ကျွန်တော်ညာဘက်လက်ဖြင့် အသာအယာအုပ်ကိုင်လိုက်ရာ အေးစက်နေသည်ကို သတိထားမိသည်။

ရွှေလွှာနဒီ ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော် ပြုံးပြသော်လည်း သူမှာ ပြန်မပြုံးပြနိုင်ဘဲ သက်ပြင်းသာ မှုတ်ထုတ်နိုင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၉)

ကျွန်တော် လေကလေး တချွန်ချွန်ဖြင့် အိမ်ပေါ်တက်
သွားသည်။

"အစ်ကိုလေး ကြည့်ရတာ သိပ်ကို စိတ်ချမ်းသာနေတယ်
ထင်ရဲ့"

အိမ်တံခါးလာဖွင့်ပေးရင်း ပြောလာသော မဲလုံး
ကျွန်တော် ချက်ချင်းစကားမပြန်သေးဘဲ လေးဆက်ချွန်လျှ
ဆိုဖာပေါ်မှာ သွားထိုင်လိုက်၏၊ ပြီးမှ

"စိတ်မချမ်းသာ ဘယ်ရှိပါ့မလဲကွ. . အချစ်ရဲ့ တန်ခိုး
တွေ ပြနေတာကိုး"

"ဟင်း . . အစ်ကိုလေးကသာ အချစ်ရဲ့ တန်ခိုးတွေပြ
စိတ်ချမ်းသာနေ . . ကျွန်တော့်မှာတော့ ခေါင်းမီးတောက်





ပြီ၊ ဒီနေ့ အစ်ကိုလေးရဲ့ မွေးသမိခင်ကျေးဇူးရှင်က တယ်လီ
ဖုန်း (၄)ခါတိတိဆက်တယ်"

"ဟော. . ဘာတဲ့လဲ"

"ဖုန်းဆက်တိုင်း အစ်ကိုလေးကို မတွေ့လို့တဲ့ တင်းနေ
တယ်"

"အဲဒါထားပါ. . ဘာမှာခဲ့သလဲပဲ ပြောပါ"

"သန်ဘက်ခါကို မြတ်ရွှေအိမ်စည် ရန်ကုန်ရောက်လိမ့်
မယ်တဲ့"

"ဩော် ဟုတ်ပြီ၊ ငါက မြတ်ရွှေအိမ်စည်ကို လေဆိပ်မှာ
သွားကြိုပေးရမှာလား ဘူတာမှာ သွားကြိုပေးရမှာလား"

"မလိုဘူး . . မြတ်ရွှေအိမ်စည်ရဲ့ အမျိုးတွေ သွားကြိုလိမ့်
မယ်တဲ့"

"တည်းတာကရော ဘယ်မှာ တည်းမှာတဲ့လဲ"

"အင်းလျားလမ်းထဲက သူ့အမျိုးတွေ အိမ်မှာပဲ တည်းလိမ့်
မယ်တဲ့. . အဲဒါကိုလေး သူဖုန်းဆက်လာရင်. . "

"ပေါက်ပြီ. . သူသွားလိုရာ လာလိုရာကို ခလုတ်တစ်ချက်
ထိ ဆူးတစ်ချက် မငြိရစေဘဲ လိုက်ပို့ပေးရမယ် ဆိုပါတော့"

"ဟုတ်တယ်"

"ဒါများ တကူးတက သတိပေး မှာကြားနေစရာမလိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကိုယ့်အချစ်ဆုံးချစ်သူလေးပါဟာ ကိုယ့်မှာ တာဝန်ရှိတာပေါ့"

ကျွန်တော် ပေါ့ပါးစွာ ပြောဆိုနေသည်ကို မဲလုံးဘဝင်မကျဟန်ဖြင့် ခေါင်းတခါခါပြုနေ၏။

ထို့ကြောင့် ကျွန်တော်လည်း မဲလုံးကို မျက်မှောင်ကုတ်ကြည့်ပြီး -

"နေပါဦး . . မင်းက ခေါင်းတခါခါနဲ့ ဘာဖြစ်နေတာလဲ"

"အစ်ကိုလေးအစား ကျွန်တော် ရင်လေးနေတယ်"

"မင်းက ဘာတွေ တွေ့လို့ ဘာတွေ ရင်လေးနေရတာလဲ"

"အစ်ကိုလေး မြတ်ရွှေအိမ်စည်ကိုတော့ သေချာ ဂရုစိုက်မှ ရမှာနော် . . အစ်ကိုလေးရဲ့ မိဘတွေက သူ့ကို တော်တော်ဦးစားပေး အလေးထားနေကြတယ်"

"အေးလေ . . အဲဒါ ဘာဖြစ်လို့လဲ . . ငါလည်း သိသားပဲ"

"အစ်ကိုလေးမှာ သူ့အပြင် အခြားကောင်မလေးတွေ ရှိနေတာကို မြတ်ရွှေအိမ်စည်သာ သိသွားလို့ကတော့ မိုးမီးလောင်ပြီပဲ"

"ကိစ္စမရှိပါဘူး . . မိုးမီးလောင်လည်း မီးသတ်လေယာဉ်နဲ့ သတ်ငြိမ်းတာပေါ့ကွာ"

"ခက်တယ် အစ်ကိုလေး . . . ခက်တယ် . . ကျွန်တော်





ပြောတာကို . . အစ်ကိုလေး သဘောမပေါက်တာ သိပ်ခက်တယ်"

"အေး . . လောလောဆယ်တော့ ငါဗိုက်ဆာနေတာ ခက်တယ် . . ထမင်းစားဖို့သာ အဆင်သင့် ပြင်ထားလိုက်တော့၊ ငါ အဝတ်အစား သွားလဲလိုက်ဦးမယ်"

မလိုအပ်ဘဲ အိုက်တင်တွေ ပိုပြရင်း အိုးကမပူ စလောင်းအပူ ဇာတ်က,နေသော မဲလုံးကိုကြည့်ကာ ရယ်ချင်သော်သည်း မရယ်တော့ဘဲ ကျွန်တော် အိပ်ခန်းထဲဝင်ပြီး အဝတ်အစား လဲလိုက်သည်။

အဝတ်အစားလဲပြီး အိပ်ခန်းထဲမှ ပြန်ထွက်လာသည်အထိ နေရာမရွှေ့သေးဘဲ ခေါင်းတခါခါ ပြုနေသော မဲလုံးကိုတွေ့ရ၍ ကျွန်တော် စိတ်ညစ်သွားရသည်။

"ဟေ့ကောင် မဲလုံး . . ထမင်းခူးခိုင်းထားတာ ခူးပြီးပြီလား"

"ကျွန်တော် သိထားတာက မြတ်ရွှေအိမ်စည်ရဲ့ အစ်မမြတ်ငွေအိမ်စည်နဲ့ အစ်ကိုလေးရဲ့ အစ်ကို မင်းအုပ်စိုးဇေနဲ့က အဆင်မယားနော်"

"အေးလေ . . . အဲဒါ ဘာဖြစ်လဲ"

"အဲဒါ ပြဿနာပေါ့ အစ်ကိုလေးရ . . အခြားမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက ရှောင်လို့ တိမ်းလို့ ရချင်ရဦးမယ်. . မြွတ်ရွှေအိမ်စ
ကျတော့ မြွတ်ငွေအိမ်စည်နဲ့ ပတ်သက်ပြီး ရှောင်တိမ်းလို့
မရဘူး . . အစ်ကိုလေးတစ်ချက် မှားတာနဲ့ မိသားစုနှစ်စုကြ
မီးတောက်သွားလိမ့်မယ်နော်"

"ကဲ . . ကဲ . . မဲလုံး မင်းစေတနာကိုပဲ လေးစားတ
လောလောဆယ်တော့ ထမင်းအရင် စားလိုက်ကြရအော
ဟုတ်ပြီလား"

ကျွန်တော် စကားစဖြတ်ပြီး ထမင်းစားခန်းထဲ ဝင်က
မဲလုံးလည်း နောက်က လိုက်ပါလာတော့သည်။







## အခန်း (၂၀)

ဆုမြတ်ဝတီ သူငယ်ချင်းတွေနှင့်အတူ ဒဂုံစင်တာ ဝင်ပြီး
ယ်ယူလိုသည့် မိန်းမအသုံးအဆောင်ပစ္စည်းများကို လိုက်
ည့်နေစဉ် ဘရဏီနှင့် တည့်တည့်တိုးသဖြင့် ထိတ်လန့်သွား
ည်။ ထို့နောက် သူငယ်ချင်း၏ လက်ကို မသိမသာ
မ်းပုတ် ရင်း ရှောင်းတိမ်းရန် ပြင်ဆင်လိုက်၏။

သို့သော် . . နောက်ကျသွားလေပြီ။

အဘယ်ကြောင့်ဆိုသော် ဘရဏီနှင့် ပါလာသော သူငယ်
င်းက ဆုမြတ်ဝတီ၏ သူငယ်ချင်းတွေကို လာရောက်နှုတ်
က်သောကြောင့်ဖြစ်သည်။

"ဟဲ . . တွေး ရှော့ပင်းထွက်လာတယ်ပေါ့ ဟုတ်လား"

"ဟယ် သင်းသင်းပါလား. . တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘဲ့ူးဟ. . ဟိုမှာ သူငယ်ချင်း တစ်ယောက်ပါ တယ်. . သူနဲ့အတူတူလာတဲ့ ထွေးလည်း သင်းသင်း ညွှန်ပြ ရာသို့ လှည့်ကြည့်ချိန်မှာ ဘရဏီကလည်း သူ့သူငယ်ချင်းတို့ လှမ်းကြည့်ချိန်နှင့် ကြုံကြိုက်သွားလေသည်။

ဆုမြတ်ဝတီကို တွေ့လိုက်ရ၍ ဘရဏီမျက်လုံးပြူးသွား ရသည်၊ ခြေလှမ်းပင် နောက်ကို နှစ်လှမ်းသုံးလှမ်း ဆုတ်မိ သွားသေး၏။

"ဟဲ့ . . သင်းသင်း နင်နဲ့ မိတ်ဆက်ပေးရဦးမယ် ဒါ ငါ့ သူငယ်ချင်း ဆုမြတ်ဝတီတဲ့"

"ဆုမြတ်ဝတီတဲ့လား . . နာမည်ရော လူရော အပျံစား နေ?"

"ဝတီ သူ့နာမည်က သင်းသင်းတဲ့ အထက်တန်းကျောင်း တုန်းကတည်းက ဘော်ဒါတွေပေါ့"

"ဩော် . . ဟုတ် . . ဟုတ် . . ဝမ်းသာပါတယ် တွေ့ရ တာ"

ဆုမြတ်ဝတီ ပါးစပ်ကသာ အလိုက်သင့် ပြောနေသော် လည်း မျက်လုံးကမူ ဘရဏီကိုသာ လှမ်းလှမ်းကြည့်နေ၏။

ဒါကို သင်းသင်းက တစ်မျိုးအဓိပ္ပါယ်ပေါက်သွားပြီး

"ဩော် . . နေဦး နင်တို့ကိုလည်း ငါ့သူငယ်ချင်းနဲ့ မိတ်





ဆက်ပေးရဦးမယ်"

ဟုဆိုကာ ဘရဏီကို သွားခေါ်လာ၏။

ဘရဏီနှင့်မိတ်ဆက်ပေးချိန်မှာ ဘရဏီက ရှေ့ထွက် လာဘဲ သင်းသင်းနောက်မှာ ကွယ်ပြီး ရပ်သလို၊ ဆုမြတ်ဝတီ ကလည်း ထွေးနောက်မှာကွယ်ပြီး ရပ်နေ၏။

"ထွေး . . ဒါ ငါ့သူငယ်ချင်း ဘရဏီတဲ့ ဘရဏီ ဒါက လည်း တို့သူငယ်ချင်းပဲ . .

"ဘရဏီတဲ့လား လှချက်ကတော့ ရှယ်ပဲ . . တို့ကိုလည်း သင်းသင်းနဲ့ ခင်သလိုခင်နိုင်ပါတယ်နော် တို့က တို့သူငယ်ချင်း မိတ်ဆက်ပေးလိုက်ဦးမယ် ဘရဏီ သူ့နာမည်က ဆုမြတ်ဝတီတဲ့"

"ဩော်. . အဟင်း နေကောင်းတယ်နော်"

"ဩော်. . အဟင်း နေကောင်းတယ်နော်"

ဘရဏီနှင့်ဆုမြတ်ဝတီက မိတ်ဆက်ပေးပေးချင်း တွေ့ရ တာ ဝမ်းသာပါတယ် ဘာညာဆိုပြီး မပြောဘဲ တစ်ယောက်ကို တစ်ယောက် နေကောင်းတယ်နော်ဟု အပြန်အလှန်ဆိုသဖြင့် သင်းသင်းနှင့် ထွေးလည်း ကြောင်သွားရသည်။

"သွားလိုက်ဦးမယ်နော်"

"သွားလိုက်ဦးမယ်နော်"

မိတ်ဆက်စကားဆိုပြီးပြီးချင်း နှစ်ယောက်စလုံးထံမှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်နက် ထွက်ပေါ်လာသော နှုတ်ဆက်စကားကြောင့် သင်းသင်းနှင့် ထွေးလည်း တာမှ ပြောချိန်မရဘဲ လမ်းခွဲလိုက်ကြရသည်။ ထွေးက-

“ဟဲ့ . . ဝတီ နင်ဘယ်လိုဖြစ်နေတာလဲ နင့်ကြည့်ရတာ ဘရဏီနဲ့ ပတ်သက်ပြီး တစ်ခုခုသိထားပုံပဲ”

“သိတာပေါ့ဟဲ့ အဲဒီဘရဏီဆိုတာတ ယဉ်ယဉ်လေးနဲ့ ရူးနေတာဟဲ့”

“ဗုဒ္ဓေါ . . ဟုတ်ကော ဟုတ်ရဲ့လားဟယ်”

“ဟုတ်တာမှ ဟုတ် ဟုတ် ဟုတ်ဟုတ်နဲ့တောင် မြည်သေးတယ်”

“သူ ယဉ်ယဉ်လေး ရူးနေမှန်း နင်ဘယ်လို သိတာလဲ”

“ငါ့ ကိုကိုပြောတာ”

“မင်းပိုင်စိုးဇေပြောတာလား”

“ဟုတ်တယ် ကိုကိုကိုတောင် အတိတ်ဘဝက သူ့ချစ်သူပါဆိုပြီး တစ်ကောက်ကောက်လိုက်နေလို့ . . မနည်းရှောင်ပြီး ပြေးနေရတာ၊ တစ်ခါ သူရယ် ငါရယ် ကိုကိုရယ်တောင် ဆုံမိသေးတယ်”

“ဟယ် . . တကယ်”

ထွေး ခေါင်းကုတ်ပြီး ဆုမြတ်ဝတီပြောတာ တကယ် ဟုတ်





မဟုတ် ဇဝေဇဝါဖြစ်နေသည့် အချိန်မှာပင် သင်းသင်းနှင့် ဘရဏီကြားမှလည်း ပြောစရာက ရှိနေပြန်ပါသည်။

“ဟဲ့ ဘရဏီ . . ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးပြီးပြီးချင်း ဘာကြောင့် အလောတကြီး ထွက်လာရတာလဲ . . ပြဿနာ တစ်ခုခုရှိနေလား”

“ပြဿနာက နင့်သူငယ်ချင်း မဟုတ်ဘူး . . နင့်သူငယ်ချင်းနဲ့ ပါလာတဲ့ တစ်ယောက်”

“ဆုမြတ်ဝတီကို ပြောတာလား . . သူက ဘာဖြစ်နေလို့လဲ”

“ယဉ်ယဉ်လေး ရူးနေတာဟ”

“ဟင်း . . ဟုတ်လို့လား”

“ဟုတ်တာမှ ဟုတ် ဟုတ် ဟုတ်ဟုတ်နဲ့တောင် မြည်နေသေးတယ်”

“သူယဉ်ယဉ်လေး ရူးနေတယ်လို့ နင်ဘယ်လိုသိသလဲ”

“မောင်ပြောပြတာ”

“ကိုမင်းပိုင်စိုးဇေ ပြောတာ . . ဟုတ်လား”

“ဟုတ်တယ် . . မောင့်ကိုတောင် အတိတ်ဘဝက သူ့ချစ်သူပါဆိုပြီး စိတ်စွဲလမ်းနေလို့လေ၊ ဟိုတစ်လောကတောင် ငါတို့ အအေးဆိုင် ထိုင်နေတုန်း သူရောက်လာလို့ ငါ့မှာ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ မပြောပါနဲ့တော့"

"ဟယ် . . တကယ်"

သင်းသင်းလည်း ဘရဏီပြောသမျှ ကြားနေရသော်လည်း မယုံချင်တစ်ဝက် သံသယတစ်ဝက်ဖြင့် ခေါင်းကုတ်ရင်း ဆုမြတ်ဝတီကို လှမ်းကြည့်မိ၏။

ဘရဏီလည်း စိုးရိမ်တကြီးဖြင့်

"ဟဲ့ သင်းသင်း သွားမကြည့်နဲ့လေ"

ဟု သတိပေးရင်း ကိုယ်တိုင်လည်း လှည့်ကြည့်မိဖြစ် သွား၏။

ထိုအချိန်မှာပင် ဘရဏီကို လှည့်ကြည့်နေသော ထွေးကို ဆုမြတ်ဝတီက

"ဟဲ့ . . ထွေး သွားမကြည့်နဲ့လေ"

ဟု သတိပေးရင်း သူကိုယ်တိုင်ကပါ လှည့်ကြည့်မိချိန်နဲ့ ကြုံကြိုက်သွား၏။

ဘရဏီနှင့် ဆုမြတ်ဝတီ နှစ်လောက်စလုံး ဇက်ကလေး တွေပုလျက် မျက်နှာကို ချက်ချင်း ပြန်လွှဲမိသည်။

သူတို့နှစ်ယောက်ကို ကြည့်ပြီး သင်းသင်းနှင့် ထွေးမှာလည်း တွေးတောစရာတွေ တစ်ပုံတစ်ပင်ရှိပါသည်။

မရှင်းလင်းတာရှိလျှင် သိပ်ပြီး စိတ်မရှည်တတ်သော ထွေးက လက်ကိုင်ဖုန်း၏ နံပါတ်များကို နှိပ်ပြီး သင်းသင်းဆီ ခေါ်





လိုက်၏။

သင်းသင်းလည်း သူ၏ လက်ကိုင်ဖုန်းမှာ ပေါ်လာသော တယ်လီဖုန်းနံပါတ်ကိုကြည့်ကာ ထွေးထွေး၏ ဖုန်းခေါ်သံမှန်း သိလိုက်သည်၊ ထို့ကြောင့်

"ဟဲ့ . . ထွေး . . အတော်ပဲ ငါလည်း နင့်ဆီကို အခုပဲ ဖုန်းဆက်မလို့ လုပ်နေတာ"

"အေး . . အဲဒါ . . အသာထားဦး . . ငါသိချင်တာလေး တစ်ခု မေးမလို့ . . အခုနင်နဲ့ ပါလာတဲ့ နင့်သူငယ်ချင်း ဘရဏီဆိုတာ ယဉ်ယဉ်လေး ရှူးနေတာတဲ့ . . နင်သိလား"

"ဟယ်တော့ . . တိုက်တိုက်ဆိုင်ဆိုင် ငါလည်း နင်နဲ့ တွဲလာတဲ့ နင့်သူငယ်ချင်း ဆုမြတ်ဝတီက ယဉ်ယဉ်လေး ရှူးနေတာ ဟုတ်လားဆိုပြီး မေးမလို့ လုပ်နေတာ"

"ဟတ် . . ပေါက်ပေါက်ရှာရှာ . . ငါ့သူငယ်ချင်းဆုမြတ်ဝတီက ဘာကြောင့် ယဉ်ယဉ်လေး ရှူးရမှာလဲ ကောင်းလွန်းအားကြီးလို့မှ တောင်းတောင်းကောင်းနဲ့တောင် မြည်နေသေးတယ် စီးပွားရေး တက္ကသိုလ်နောက်ဆုံးတက်နေတာဟ သဘောပေါက်"

"ဟဲ့ . . နင်ပြောသလိုပဲ ငါ့သူငယ်ချင်း ဘရဏီတလည်း ဦးနှောက်မှ ကောင်းလွန်းအားကြီးလို့ ကွန်ပျူတာတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနှစ်တောင် ရောက်နေပြီ”

“ဒါဆို တစ်ခုခုတော့ မှားနေပြီ”

“အေး. . ငါလည်း အဲလိုပဲ ထင်တယ်. . ဘရဏီက ယဉ်ယဉ်လေး ရှူနေတယ်လို့ ဆုမြတ်ဝတီကို ဘယ်သူက ပြောတာတဲ့လဲ”

“ဝတီ့ချစ်သူ ကိုမင်းပိုင်စိုးဇေ ကိုယ်တိုင်ပြောတာတဲ့”

“ဘာရယ် . . မင်းပိုင်စိုးဇေက ဆုမြတ်ဝတီရဲ့ ချစ်သူလား”

“ဟုတ်တယ်လေ ဘာဖြစ်လို့လဲ”

“ဟဲ့ . . ငါသိတာကတော့ ကိုမင်းပိုင်စိုးဇေက ငါ့သူငယ်ချင်း ဘရဏီရဲ့ ချစ်သူပဲ”

“သေချာပြီ ဒါဆို. . တစ်ခုခုမှားပြီဆိုတာ. . ဒီလိုလုပ်၊ တို့လေးယောက်အခု ဒီဒဝုံစင်တာက **Cafe Aroma** မှာပဲ ဆုံလိုက်ကြရအောင်”

“အေး. . တောင်းတယ်. . ဒါမှ အားလုံးရှင်းသွားမယ်”

ဆုမြတ်ဝတီလည်း ထွေးမှတစ်ဆင့် ပြန်ကြားရသော စကားကြောင့်လည်းကောင်း၊ ဘရဏီလည်း သင်းသင်းဆီမှ တစ်ဆင့် ပြန်ကြားရသော စကားကြောင့်လည်းကောင်း ဒေါသလည်းဖြစ် ဝေခွဲမရလည်းဖြစ်သွားရသည်။

သည်လိုနှင့် လေးယောက်သား **Cafe Aroma** မှာ





ဆုံဖြစ်သည်။

“ဒါဆို . ဘရဏီက ကိုကို အဲလေ . . မင်းပိုင်စိုးဇေဆိုတဲ့ လူကြီးကို အတိတ်ဘဝက ချစ်သူဆိုပြီး စိတ်စွဲလမ်းနေတယ် ဆိုတာ မဟုတ်ဘူးပေါ့”

“အမလေး . . ဆုမြတ်ဝတီရယ် မောင်နဲ့ အဲလေ . . သူနဲ့ သိတာ ဒီဘဝမှ သိတာပါ။ ဘယ်လိုလုပ်အတိတ်ဘဝချစ်သူဆိုပြီး စိတ်စွဲလမ်းရမှာလဲ တို့ကိုလည်း အဲဒီလိုပြောတာပဲ. . ဆုမြတ် ဝတီက ယဉ်ယဉ်လေး ရှူးပြီး အတိတ်ဘဝက သူ့ရဲ့ ချစ်သူဆိုပြီး စိတ်စွဲပြီး တကောက်ကောက် လိုက်နေတာတဲ့လေ”

ဘရဏီနှင့်ဆုမြတ်ဝတီလည်း အကြောင်းစုံသိရသည်နှင့် ခံပြင်းသောစိတ်များဖြင့် မျက်နှာတွေ သုန်မှုန်နေကြလေသည်။

“သေချာပြီ ဒါဆိုရင် မင်းပိုင်စိုးဇေက နင်တို့နှစ်ယောက်ကို ပေါ်တင်ကြီး ရိုက်စားလုပ်သွားတာပဲ”

“ဟုတ်ပါ့. . တော်တော်လည်တဲ့လူပဲ၊ နင်တို့နှစ်ယောက်ကို မဆုံမိအောင်ကြိုးစားရင်သာ သူရှုပ်ထားမှန်း ရိပ်မိသွားမှာ၊ အခုလို စကားခံထားပေးပြီးမှ ထမင်တကာ ဆုံပေးလိုက်တော့ သူက အပြစ်မရှိသလို ဖြစ်နေပြီး နင်တို့နှစ်ယောက်မှာတော့ တစ်ယောက်ကို တစ်ယောက်ကြောက်ပြီး အဆင်ချောအောင် ပြောဖို့ ကြိုးစားလေ တလွဲတချော် မဖြစ်လေနဲ့၊ အရှုံကိုလုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရောပဲ"

"တောက်"

"တောက်"

သင်းသင်းနှင့် ထွေးစကားကြောင့် ဘရဏီနှင့်ဆုမြတ်ဝတီလည်း ခံပြင်းစိတ်များပိုမိုထကြွလာကာ 'တက်'ပြင်းပြင်း ခေါက်မိကြတော့သည်။

ထိုအချိန်မှာပင် ဧည့်သည်များနှင့်အတူ **Cafe Aroma** သို့ ဝင်လာသော မဏိဇာနည်မှာလည်း ဆုမြတ်ဝတီ၊ ဘရဏီတို့အနီးမှ ဖြတ်အလျှောက်'တက်' ခေါက်သံကြောင့် လှည့်ကြည့်ရာ နှလုံးရောဂါ ရချင်သွားသည်။

သူ့ကို မြင်သဖြင့် ဘရဏီက ရန်လိုစွာ 'တက်'ခေါက်ခြင်းဖြစ်သည်ဟု မဏိဇာနည် စိုးရိမ်စွာ တွေးမိသွားသည်။ ထိုစဉ် ဘရဏီနှင့် တစ်ဝိုင်းတည်း ထိုင်နေသော ထွေးထံမှ-

"ဟယ် . . မမဏီ"

ဆိုသော နှုတ်ဆက်သံကြောင့် အနည်းငယ်တော့ စိတ်အေးသလိုဖြစ်သွားရသည်။ သို့သော် စိတ်တော့ မချရဲသေးသော လေသံဖြင့် ပြန်နှုတ်ဆက်ရင်း ကြည့်နေရသည်။ ပြောမရ တော်ကြာ ကော်ဖီခွက်နှင့် ကောက်ပေါက်နေလျှင် ဒုက္ခ . .





"ဪ . . ထွေးပါလား . . ဘာလဲ ရှော့ပင်လား"

"ဟုတ်ကဲ့ . . ဒါနဲ့ မမဏီ ကော်ဖီသောက်ပါဦးလား"

"ကျေးဇူးပါပဲ မမမှာ ဧည့်သည်တွေပါသေးလို့ သွားဦးမယ်နော်"

"ဟုတ်ကဲ့ . . မမဏီ"

ဘရဏီလည်း မဏိဇာနည်ထွက်သွားကာမှ စိတ်အေးသွားဟန်ဖြင့် သက်ပြင်းခိုးချရသည်။

ထို့နောက် ထွေးကို လက်လှမ်းကုတ်ကာ

"ဟိတ် . . သူ့နာမည်က မဏိစန္ဒာ မဟုတ်လား"

ဟု လေသံနှိမ့်ပြီးမေးရသည်။

"ဘယ်က မဏိစန္ဒာရမှာလဲ မဏိဇာနည်ပါ"

"ဘယ်သူပဲဖြစ်ဖြစ်ပေါ့ . . သူ့ကို ငါသိတယ်"

"ဟုတ်လား . . သိနေတယ်လား"

"သိတယ် . . ဒါပေမယ့် တို့သိထားပုံက တစ်မျိုးဖြစ်နေတယ်"

"ဘယ်လို တစ်မျိုးဖြစ်နေတာလဲ"

"သူ သူက . . ယဉ်ယဉ်လေး ရူးနေတာဆို"

"ဟယ် . . မဟုတ်တာပဲ နိုင်ငံရပ်ခြားခရီးသွားတွေနဲ့ အမြဲ ဆက်ဆံလုပ်ကိုင်နေရတဲ့ တိုးရိုးယားကုမ္ပဏီ တစ်ခုလုံးတောင် ဦးစီးနေတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ဘရဏီ စကားကြောင့် ထွေး အံ့ဩသွားသလို ဆုမြတ်ဝတီနှင့် သင်းသင်းလည်း မျက်လုံးပြူးသွားရသည်။

သင်းသင်းက သူငယ်ချင်းဖြစ်သူ ဘရဏီကို လက်ထောင်ဆစ်ဖြင့် လှမ်းတို့ရင်း-

"သူ ယဉ်ယဉ်လေးရှူးနေတယ်လို့ နင့်ကို ဘယ်သူပြောတာလဲ"

"မောင် . . အဲလေ . . ကိုမင်းပိုင်စိုးဇေ . . မဏိဇာနည်သူ့ကို အတိတ်ဘဝက ချစ်သူဆိုပြီး စိတ်စွဲနေတယ်လို့ စကားပြောသေးလား"

"အင်း . . ဟုတ်တယ် . . ပြောတယ်"

"သေဟ"

"ဖျတ် . . ဖျတ် . . ဖျတ်"

အားလုံးကိုယ့်နဖူးကိုယ် ရိုက်မိပြီး ပက်လက်လဲ မကျရုံတစ်မယ် ခံစားသွားကြရပြန်သည်။

"ဩော် . . မင်းပိုင်စိုးဇေနဲ့တွေ့ကာမှ ငါ့သူငယ်ချင်းထွေးတင် မကဘူး ငါ့ရဲ့ နှစ်ဝမ်းကွဲ အစ်မကိုယ်တိုင်တောင် အရူးဖြစ်ရတော့တာပဲ"

ထွေး၏ ယူကျုံးမရ ရေရွတ်သံကြောင့် ဆုမြတ်ဝတီနှင့် ဘရဏီလည်း တစ်ယောက်ကိုတစ်ယောက် မလုံမလဲကြည့်





မိကြသည်။

"ငါတော့ မင်းပိုင်စိုးဇေ ဆိုတဲ့လူကို ချီးပဲ ချီးကျူးရမလား အပြစ်ပဲ ဆိုရမလား မသိတော့ပါဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိပြီး တော်ရုံယောကျ်ားကို မစဉ်းစားခဲ့တဲ့ ငါ့အစ်မ မဏိဇာနည်တောင်မှပဲ . . ကြိုက်မယ့်ကြိုက်တော့ မင်းပိုင်စိုးဇေကိုမှ သွားကြိုက်မိပြီထင်တယ်"

ထွေးတစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် အားလုံးကို ပြောပြီး မဏိဇာနည်ကို လှမ်းကြည့်၏။ မဏိဇာနည်ကလည်း ထွေးသူ့ကို လှမ်းကြည့်တာ တွေ့သည်နှင့် မျက်ရိပ်ပြပြီး လှမ်းခေါ်၏။

"ခဏလေး . . ဟိုမှာ မမမဏိခေါ်နေတယ် ငါသွားလိုက်ဦးမယ် . . ကြည့်ရတာတော့ ဘရဏီ ယဉ်ယဉ်လေး ရှူးနေတဲ့ ဆိစ္စကို မေးမယ့်ပုံပဲ"

ထွေးပြောပြောဆိုဆို နေရာမှထပြီး မဏိဇာနည်ဆီ သွား၏။ မဏိဇာနည်လည်း သူနှင့်အတူ ထိုင်နေသော ဧည့်သည်များကို ခွင့်ပန်ပြီး ထွေးကိုခေါ်ကာ သီးခြားတစ်ဝိုင်း သွားထိုင်၏။

ခဏအကြာမှ ထွေးနှင့်အတူ မဏိဇာနည်ပါ ဆုမြတ်ဝတီနှင့် ဘရဏီတို့ဆီ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ . . ဘရဏီ . . ယောက်ျားတစ်ယောက်ရဲ့ လှည့်စားမှုကို ယုံစားမိလို့ . . တို့ ဘရဏီ အမြင်မှောက်မှား သွားမိတယ် . . ဒီအတွက် တောင်းပန်ပါတယ်"

အနားရောက်လျှင်ရောက်ချင်း မဏိဇာနည်က လက် ကမ်းပေးပြီး တောင်းပန်စကားဆိုသဖြင့် ဘရဏီလည်း မဏိ ဇာနည်လက်ကို ဆုပ်ကိုင်ကာ တောင်းပန်စကားဆိုရသည်။

"ဘရဏီလည်း . . မမ မဏိကို တောင်းပန်ပါတယ် မာယာများတဲ့ ယောက်ျားတစ်ယောက်ကို ယုံစားမိတဲ့ အပြစ်တွေပါပဲ"

"ဘာပဲဖြစ်ဖြစ်လေ . . တို့ချစ်မိတဲ့ ယောက်ျားတစ် ယောက်က ဘယ်လိုလူဆိုတာ သိခွင့်ရလိုက်တဲ့အချိန်ဟာ နောက်မကျသေးပါဘူး . . ဒီလိုလူမျိုးကို နောင်ကြဉ်အောင် တို့နှစ်ယောက်ပေါင်းပြီး ဆုံးမ,လိုက်ကြတာပေါ့"

မဏိဇာနည်၏ အဆိုကို သဘောတူကြောင်း ဘရဏီက အံကြိတ် ခေါင်းညိတ်ပြ၏။

"ကိုကို့ကို . . အဲလေ . . မင်းပိုင်စိုးဇေဆိုတဲ့ လူကြီးကို ဆုံးမဖို့ ဝတီလည်း မမမဏိတို့နှင့် လက်တွဲမယ်"

ဆုမြတ်ဝတီတက်ကြွစွာ ဝင်ရောက်အားဖြည့်မှ ဘရ လည်း သတိရသွားပြီး မဏိဇာနည်ကို လက်တို့ပြောပြရသည်





"မမမဏိ . . သူ့နာမည်က ဆုမြတ်ဝတီတဲ့ သူလည်း မင်းပိုင်စိုးဇေ၏ ယဉ်ယဉ်လေး ရှူးနေသော ချစ်သူများထဲက တစ်ယောက်ပဲ"

"ဟင် . . ဟုတ်လား . . ဒီလူ တော်တော် တရားလွန်တာ ပဲ . . တဲ ပြောနေတာကြာတယ် . . လာ . . တို့ သူ့နောက် လိုက်သွားပြီး ဆုံးမရအောင် . . သူဒီအချိန်ဆို ဟံသာဝတီ တားပွဲစားတန်းမှာ ရှိလိမ့်မယ်"

"ကောင်းတယ် . . တွေ့မှ မှတ်လောက်အောင် ဆုံးမပစ် ရမယ်"

"ဒီလို လူမျိုးကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး . . အပြတ်တွယ်ပစ်ရမယ်"

အားလုံးတညီတညွတ်တည်း သဘောတူဆုံးဖြတ်ပြီးသည် နှင့် ကျသင့်ငွေ ရှင်းပေးကာ ကော်ဖီဆိုင်ထဲမှ ခြေလှမ်းဘယ် ညာ ရိုက်ပြီး ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၁)

ဟံသာဝတီကားပွဲစားတန်းရောက်သည်နှင့်မဏိဇာနည်
ဆုမြတ်ဝတီ၊ သင်းသင်းနှင့် ထွေးတို့ အားလုံး ရန်သူ့စခန်း
ဝင်စီးတော့မည့် အထူးကွန်မန်ဒိုများလို မျက်လုံးတွေ အရှော
တဖျပ်ဖျပ် တောက်လာကြသည်။

နယ်မြေကျွမ်းသော မဏိဇာနည်က ရှေ့မှ ဦးဆော
သဖြင့် ကျန်သူများလည်း တစ်ယောက်ကိုတစ်ယောက် ကြ
လိုက်ကြကာ မဏိဇာနည်နောက်မှ မပြတ်သော သတိ ထိ
စိဖြင့် လိုက်သွားကြ၏။

သို့သော် မင်းပိုင်စိုးဇေရှိတတ်သော နေရာကို ရှာ
သော်လည်း မတွေ့ရ၊ မင်းပိုင်စိုးဇေ၏ သတင်းတို ဖေ
မည့် ကားပွဲစား ထွန်းထွန်းနှင့် မဲလုံးကိုလည်း မတွေ့ရ





အနီးဝန်းကျင်မှ ကားပွဲစားများကလည်း မိန်းမလှလေး
တွေကို စုစုရုံးရုံးတွေ့ရသဖြင့် အုံးအုံးကျက်ကျက် ဖြစ်ချင်လာ
သည်။ ထိုအဖြစ် ထိုမိန်းကလေးများ၏ အမူအရာကို ကြည့်ရ
သည်မှာလည်း ကားကိုရှာသည်နှင့်မတူကြောင်း ရိပ်စားမိကြ
ပါလျက် စကားမရှိ စကားရှာပြီး ဝင်ရောဖို့ ကြိုးစားသူတွေက
သည်း ကြိုးစားလာကြသည်။

"ဘာများအလိုရှိပါသလဲ ခင်ဗျား"

"လူ"

"ခင်ဗျာ"

ဆုမြတ်ဝတီထံမှ ကြားရသော တုံ့ပြန်စကားကြောင့်
ခင်ရောဖို့ ကြိုးစားသော ကားပွဲစား ရုတ်တရက် ကြောင်သွားရ
သည်၊ ပြီးမှ အတွေးတစ်မျိုးပေါက်လျက် ပြုံးဖြီးဖြီးဖြစ်လာကာ
တော်လာကို လက်နှစ်ဖက်ဖြင့် ဟန်ပါပါဆွဲ၏။

"ဩော် . . ရပါတယ်ခင်ဗျား ရပါတယ်၊ ဒီဝင်းထဲမှာ ကား
ခင်မကဘူး လူလည်း မျိုးစုံရှိပါတယ်၊ ဒါပေမယ့် ရှိသမျှ
သူတွေထဲမှာ ကျွန်တော်တစ်ယောက်သာလျှင် အချောဆုံး
အဖြောင့်ဆုံး သဘောအကောင်းဆုံးပါ"

"ဘာတွေ လာပြောနေတာလဲ ရုတ်ရုတ် ရုတ်ရွတ် လုပ်
ယ်တော့ မကြဲနဲ့ . . ဝိုင်းရိုက်လို့ နေရာတင် ပုံလျက်သွား



www.burmeseclassic.com

www.burmeseclassic.com



လဲသွားမယ်. . မှတ်"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့"

ဘရဏီဝင်ဟောက်လိုက်သဖြင့် ဝင်ရောရန် အကြံအစည် မအောင်မြင်နိုင်မှန်းရိပ်မိလိုက်သည့် ငနဲသားလည်း ဇက်တလေးပုပြီး နေရာမှ ထွက်ခွာသွားသည်။ ဒါတောင် အခြားကားပွဲစားတစ်ဦးက အတည်ပေါက်ဖြင့် ဝင်နောက်သေး၏။

"ဩော် . . ညီမတို့က အလဲအထပ် ရိုက်ချင်တာလား"

"ဘာ. . ဘာပြောတယ်"

"ကား. . ကားကို ပြောတာလေ . . အလဲအထပ် ရိုက်ချင်လို့လားလို့"

"ကားတော့ အလည်အထပ်မရိုက်ချင်ဘူး၊ လူကို အလဲ ရိုက်ပစ်ချင်တာ"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့ ဒါဆိုရင် ကျွန်တော်နဲ့ မဆိုင်ပါဘူးခင်ဗျ"

မဏိဇာနည်က တစ်ခွန်းမခံ မိုက်သွေးပြလိုက်ကာမှ ငနဲသားတွေ ဘေးရှဲသွားကြသည်။ ငနဲသားတွေ ဖြုံသွားမှန်းသိသဖြင့် ပိုပြီး ဖြုံသွားအောင် မျက်နှာကို ပိုတင်းပြီး မျက်လုံးကိုလည်း မီးတောက်ကာ စွေထားလိုက်သည်။

ထွေးက သူ့ရှေ့မှ လူတစ်ဦးကို စေ့စေ့ကြည့်ရင်း





"ဟိတ်. . နေဦး. . ရှင့်ကို မေးစရာ တစ်ခုရှိတယ်. . ခုန်မှန်ဖြေနော်"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . စိတ်ချပါ . . ကျွန်တော် ကားပွဲစားပါ။ ကျွန်တော့် ပါးစပ်က ဘယ်တုန်းကမှ မဟုတ်တာ မမှန်တာ မပြောပါဘူး"

"ဘာလဲ . . ဂျပိုးကို လိပ်ဖြစ်အောင် လိပ်ကို ဂျပိုးဖြစ်အောင်တော့ ပြောတတ်တယ် မဟုတ်လား"

"ဟုတ် . . ဟုတ်ကဲ့ . . အလုပ်သဘောအရ အဲဒီလောက်လေးပဲ ပြောတတ်ပါတယ်"

"ဒါဆိုရင် . . ရှင့်ကိုမေးမယ် . . မင်းပိုင်စိုးဇေဆိုတဲ့ လူကို သိလား"

"ဩော် . . ဒီက မိန်းမလေးတွေက ကိုမင်းပိုင်စိုးဇေရဲ့ မိတ်ဆွေတွေကိုး"

"ဘယ်က မိတ်ဆွေရမှာလဲ ရန်သူမှ ရန်သူအစစ်တွေ နားလည်လား"

"အဲဗျာ . . ဒါ . . ဒါဆို"

"ဟုတ်တယ် . . အခု သူ့ကို အပြတ်ချေမှုန်းဖို့ လိုက်ရှာနေတာ. . သူ ဘယ်မှာရှိလဲ. . ရှင်သိလား"

"သိ. . သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူဘယ်မှာလဲ"

"သူ . . ဒီမှာ မရှိပါဘူး"

"ရှင်လိမ်မပြောနဲ့နော်"

"တကယ်ပြောတာပါ . . သူဒီနေ့ ပွဲအောင်သွား လို့ အပြင်မှာ . ."

"ဘာပွဲအောင်တာလဲ"

"ဩော် . . သူကားတစ်စီး အရောင်းအဝယ် တည့်သွားလို့ စာချုပ်သွားချုပ်နေတယ်လို့ ပြောတာပဲ"

"ကောင်းပြီ . . ဒါဆိုရင် ရှင်သွားလို့ရပြီ"

ထိုကားပွဲစား အနားမှ ခွာသွားသည်နှင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ သည်။

သင်းသင်းက

"စောစောက လူရဲ့ ပြောပုံအရဆိုရင် . . တို့တစ်တွေ မင်းပိုင်စိုးဇေကို ဒီလို တစ်အုပ် တစ်မကြီးနဲ့ လိုက်ရှာလို့ မကောင်းဘူး . . တို့က သူ့ကို မမြင်ခင် သူက တို့ကိုမြင်ပြီး ပုန်းရှောင်ခွင့်ရသွားနိုင်တယ်၊ ဒါကြောင့် တို့တစ်တွေ တစ်ယောက်စီ လူစုခွဲပြီး ဒီကားဝင်းထဲမှာပဲ ပတ်ရှာကြရအောင်"

ဆုမြတ်ဝတီက နားမလည်ဟန်ဖြင့်-





"ဟင် . . သူမှ ဒီကားဝင်းထဲမှာ မရှိတာ . . ရှာတော့ မောရုံပဲရှိမှာပေါ့"

"ဩော် . . နင်ကလည်း အ,လိုက်တာ . . ငါက ဒီကားပွဲစား စကားမယုံလို့ပေါ့ဟဲ့"

"ဟုတ်သားပဲ . . ဒီလိုကျတော့လည်း ငါ့သူငယ်ချင်းက တော်သွားပြန်ရော"

"တဲ . . ဒါဆို တို့တစ်တွေ ချိတက်ပြရအောင် အားလုံး နောက်ထပ် မိနစ် (၂၀)တိတိ အကြာမှာ ပြန်ဆုံကြရမယ်"

"ဘယ်မှာ ဆုံမှာလဲ"

"တို့ ကားတွေထားခဲ့တဲ့နားမှာပဲ ပြန်ဆုံကြရအောင်"

"ကောင်းတယ်"

မိန်းကလေး (၅)ယောက်လည်း လူစုခွဲပြီး မင်းပိုင်စိုးဇေ ရှာပုံတော် ဖွင့်ကြတော့သည်။

သို့သော် . .

သို့သော် . . သတ်မှတ်ထားသည့် အချိန်မှာ . .

ဆုံရပ်ကို အသီးသီး ပြန်ရောက်ကြသော်လည်း မင်းပိုင်စိုး ဇေနှင့် တူတာဆိုလို့ အရိပ်ကိုပင် မတွေ့မြင်ခဲ့ရကြောင်း သူတို့ ၏ မျက်နှာအသီးသီးက သက်သေခံနေကြသည်။

အားလုံးတစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှိနေကြရာမှ မဏိဇာနည်က တစ်စုံတစ်ရာ စဉ်းစားမိဟန် ဖြင့် . . .

"ကောင်းပြီ တို့တစ်တွေအားလုံး သူ့အိမ်ကို လိုက်သွားမယ်ဆိုရင်"

ဟု၍ စကားကိုဆက်မပြောဘဲ အားလုံးကို ဝေ့ကြည့်ရာ ကျန်သူအားလုံးကလည်း . . .

"မင်းဘယ်ပြေးမလဲ မင်းပိုင်စိုးဇေ"

ဟု၍ တညီတညွတ်တည်း စကားဖြည့်ပေးရင်း ပိုင်ပိုင်နိုင်နိုင် ပြုံးလိုက်ကြသည်။

ထို့နောက် ခေါင်းညိတ်ပြကြကာ ကားအသီးသီးပေါ်သို့ တက်ပြီး ကားမောင်းထွက်သွားကြတော့သည်။







အခန်း (၂၂)

"ကလင်"

လူခေါ်ခေါင်းလောင်းသံကြောင့် မဲလုံးတံခါးဖွင့်ပေးလိုက်ရာ ဆုမြတ်ဝတီကို တွေ့ရသဖြင့် အံ့ဩသွားသည်။ ရုတ်တရက်မို့ ဘာပြောရမည်မှန်းမသိ။

ဆုမြတ်ဝတီက မဲလုံးကို ကျော်ပြီး အိမ်အတွင်းသို့ ဝေ့ဝဲကြည့်ကာ

"ကိုမင်းပိုင်စိုးဇေနဲ့ တွေ့ချင်လို့ပါ"

ဟု၍ အရေးမကြီးဟန်ဖြင့် ဆို၏။

ထိုအခါမှ မဲလုံးလည်း ပြုံးပြီး စကားပြန်၏။

"အစ်ကိုလေး . . အိမ်မှာ မရှိပါဘူးခင်ဗျ"

"ဒါဆို သူ ဘယ်မှာ ရှိမလဲ . . သိနိုင်မလား . . ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ စကားပြောစရာနည်းနည်းရှိလို့ပါ”

“လောလောဆယ်တော့ ကျွန်တော်လည်း မပြောတတ်သေးဘူး ခင်ဗျ.. ဒီနေ့ ကားတစ်စီး ရောင်းဖို့ဆိုင်ထားတာလေးရှိလို့ပါ .. အရေးတကြီး ကိစ္စရှိရင် ကျွန်တော်ကို မှာထားခဲ့ပါလား.. ကျွန်တော် အစ်ကိုလေး.. လေး.. နဲ့”

“ကို .. မဲ .. လုံး”

မဲလုံး စကားဆုံးအောင် မပြောနိုင်တော့ပါ။ အိမ်အကွယ်မှ ထွက်ပေါ်လာသော မဏိဇာနည်၏ ဒေါသတကြီးအော်ဟစ်သံနှင့်အတူ ဘရဏီတို့ပါ တွေ့ရှိလိုက်ရ၍ဖြစ်သည်။

မဲလုံး ထိတ်လန့်တကြားဖြစ်လျက် အိမ်တံခါးကို အလျှင်အမြန် ဆွဲပိတ်လိုက်သော်လည်း ဆုမြတ်ဝတီက ပိုမိုလျှင်မြန်စွာဖြင့် တံခါးကို ပိတ်မရအောင် ပြန်ဆွဲထားသည်။

“အဟဲ .. ဘယ် .. ဘယ်သူများလဲလို့ .. မမဏိဇာနည်ကိုး .. အဟဲ”

မဲလုံး အားမတန် မာန်လျှော့သော လေသံဖြင့် မျက်နှာချိုသွေးရတော့သည်။ သို့သော် မဏိဇာနည်၏ ဒေါသတို့ ပြေလျော့သွားအောင် စွမ်းဆောင်နိုင်စွမ်းမရှိသည်ကတော့ အမှန်ပင်ဖြစ်သည်။

“ဒီမယ် .. မဲလုံး”





“ခင် .. ခင်ဗျား .. ကျွန်တော် ဘာများကူညီပေးရပါ့မလဲ ခင်ဗျား”

“တော်စမ်းပါ .. ရှင်ကူညီမှာကို နှလုံးနာလွန်းလို့”

“ဩော် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့”

“ဘာ .. ဟုတ်ကဲ့ .. ဟုတ်ကဲ့လဲ”

“ဩော် .. ဟုတ်ကဲ့ .. မဟုတ်ကဲ့ပါဘူး”

“ရှင်တို့ အကြံ ဒါအကုန်ပဲလား”

“မကုန်သေးပါဘူး ခင်ဗျား”

“ဘာ .. မကုန်သေးဘူး ဟုတ်လား”

“ဩော် .. ကုန်ပါပြီ ခင်ဗျ.. ကုန်ပါပြီ .. ဘာမှ မကျန်တော့ပါဘူး”

“တောက်”

မဏိဇာနည် ပေါက်ကွဲနေသည်ကိုကြည့်ပြီး မဲလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။ ဘရဏီ၊ ဆုမြတ်ဝတီ.. သင်းသင်းနှင့်ထွေးတို့သည်လည်းကောင်း မဏိဇာနည်၏ အရိပ်အခြည်ကို ကြည့်ပြီး လိုအပ်လျှင် ဝိုင်းဝင်ကြမ်းဖို့ အသင့်ပြင်ထားကြသည်။

“ကျွန်မမေးမယ်.. ရှင်မှန်မှန်ဖြေနော်.. လိမ်ညာဖို့တော့ စဉ်းစားနဲ့ .. ရှင့်ရှိသမျှ သွားတွေ ဌာနေပျောက်သွားမယ်”

www.burmeseclassic.com



"ဟုတ်ကဲ့ . . ဖြေပါ့မယ် . . မဲလုံးနဲ့ အမှန်တရားဟာ တစ် သားတည်းပါပဲ ခင်ဗျာ"

"မင်းပိုင်စိုးဇေနဲ့ ကျွန်မနဲ့ နီးစပ်အောင် ရှင် ကျွန်မကို ကားစုတ်ကြီး လိမ်ရောင်းခဲ့တာ မဟုတ်လား . . ပြီးတော့မှ မင်းပိုင်စိုးဇေက စေတနာရှင်ကြီး ဝင်လုပ်ပြီး ကျွန်မနဲ့ ရင်းနှီးအောင်လုပ်ကြ . . ပြီးတော့ ကျွန်မ အချစ်ကိုပါ ညာယူ . . ဒါရှင်တို့ ဆရာတပည့်နှစ်ယောက်ရဲ့ အကြံမဟုတ်လား"

"ထားရင်လည်းနေ၊ သတ်ရင်လည်းသေရမယ့် မဲလုံးဟာ သောနုတ္တိုရ်မုဆိုးနဲ့ အလားသဏ္ဌာန်အတူတူပါပဲ . . အစွယ်လိုချင်သူက မိဖုရား . . စေခိုင်းသူက မင်းကောရာဇ် . . ဒီတော့ကာ . . ကျွန်တော် မဲလုံးမှာဖြင့် . . ဖြင့်"

"တော် တိတ် . . ဒါ ဆဒ္ဒဆင်မင်းဇာတ်တော် က,နေတာ မဟုတ်ဘူး အပိုတွေ လျှောက်ပြောမနေနဲ့"

"ဆဒ္ဒန်ဆင်မင်းဇာတ်တော် က,နေတာ မဟုတ်သော်လည်းပဲ . . ကျွန်တော် မဲလုံးမှာ သောနုတ္တိုရ် မုဆိုးနဲ့မခြား . . ကျွန်တော့်ဆရာသခင် ကျေးဇူးရှင် အစ်ကိုလေး မင်းပိုင်စိုးဇေရဲ့ တာဝန်ပေးခိုင်းရာ မှန်သမျှကို ဦးလည်မသုန် ထမ်းရွက်ပေးတဲ့ အမှုတော်ထမ်း တစ်ဦးပေမို့ . . ဒီအရေးမှာလည်းပဲ . . ပဲ . ."





"ဩော် . . ဒီလောက် လျှာရှည်တာ . . တဲ့ဟယ်"

"ခွပ် . . ခွပ် . . . ခွပ်"

"အောင်မလေး သေပါပြီဗျ"

မဲလုံးစကားဆုံးအောင် မပြောနိုင်တော့ဘဲ ဖင်ထိုင်လဲကျသွားရတော့သည်။ မဏိဇာနည်၏ ညာဝိုက်လက်သီးက မဲလုံး၏ ဘယ်ဘက်မေးရိုးပေါ် ကျရောက်သွားသည်နှင့် တစ်ပြိုင်နက်တည်းဆိုသလို ကျန်သမီးပျိုလေးများ တက်ညီလက်ညီ ဆွမ်းကြီးလောင်းမှုကလည်း မဲလုံးအတွက် တစ်သက်တာ မှတ်သားလောက်ပါတယ် ဖြစ်သွားရပေသည်။

လဲရာမှ ပြန်မထနိုင်ရှာသေးသော မဲလုံးကို သင်းသင်းနှင့် ထွေးက ထိန်းချုပ်ထားပြီး မင်းပိုင်စိုးဇေ၏ချစ်သူများကတော့ မင်းပိုင်စိုးဇေကို တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေကြလေသည်။

အိမ်မှာ မင်းပိုင်စိုးဇေ မရှိမှန်းသေချာကာမှ မဲလုံးထံ ပြန်ရောက်လာကြကာ . . .

"ဒီမယ် ရှင့်ဆရာ လူလိမ်လူညာကို ပြောလိုက် . . ကျွန်မတို့ လက်က လွတ်အောင်သာ ပြေးပေတော့လို့ . . မိလို့ကတော့ အတိုးရော အရင်းရော ဆပ်မယ်လို့"

"ဒီမယ် . . ကိုမဲလုံး အခု ရှင့်ကို ကျွန်မတို့ ဆုံးတော



www.burmeseclassic.com

အမြည်းပဲ ရှိသေးတယ် . . ရှင့်ဆရာကျရင် ရှင့်ထက်အဆ ထောင်သောင်းမက ခံစားရမယ်ဆိုတာ ပြောပြလိုက်”

“ဒီမယ် . . မိန်းကလေးတွေရဲ့ အချစ်ကို ညာယူပြီး အရှုလုပ်တမ်း စကားတတ်တဲ့ မင်းပိုင်စိုးဇေဆိုတဲ့ ရှင့်ဆရာသမား အတောင် ပေါက်ပြီး ပျံသန်းနိုင်ရင်တောင် ကျွန်မတို့လက်က မလွတ်ဘူး သဘောပေါက်လား”

“ဒီမယ် . . ရှင့်ဆရာ ညဏ်ကြီးရှင်ကို အသေအချာ ပြောပြလိုက်ပါ . . ရန်ကုန်ဆေးရုံကြီးရဲ့ အရေးပေါ်ဌာနမှာ သူ့အတွက် ဘွတ်ကင်လုပ်ထားပြီးပြီလို့”

စသည့် . . စသည့် မိန်းမချောလေးများ၏ ကျောချမ်းဖွယ် ခြိမ်းခြောက်သံများကို နားထောင်ရင်း မဲလုံးခမျာ ခေါင်းထညိတ်ညိတ်ဖြင့် “ဟုတ်ကဲ့”ချည်းသာ လိုက်နေရပေသည်။

မချောတို့လည်း ခြိမ်းခြောက်ဟိန်းဟောက်လို့ ဝ,သွားတာမှ အိမ်ထဲမှ ခြေလှမ်း ဘယ်ညာရိုက်ပြီး ပြန်ထွက်သွားကြတော့သည်။ မဲလုံးလည်း ဆရာပေါင်းမှားသော သူ့ဘဝကို သူယူကျုံးမရဖြစ်ကာ အော်ဟစ် ငိုပစ်ချင်စိတ် ပေါက်သွား ရလေသည်။







## အခန်း (၂၃)

မဏိဇာနည်နယ်သို့ ငွေလွှဲပို့ရန်အတွက် (. . .)ဘဏ်သို့ ာရသည်။ ဘဏ်အတွင်းသို့ ရောက်သည်နှင့် “မင်္ဂလာပါရှင် ြီဆိုပါတယ် . . လိုအပ်တာကို ကူညီဆောင်ရွက်ပေးပါရစေရှင်”ဟူသော နူးညံ့ညင်သာ ဘဏ်ဝန်ထမ်းမလေး၏ အသံကြောင့် ကြည်နူးသွားရသည်။

တစ်ဆက်တည်းမှာပင် ဒီအသံ ကြားဖူးသလိုလို ရှိတယ်ဟုသော အတွေးဖြင့် ထိုဝန်ထမ်းမလေးကို ငုံ့စောင်းကြည့်မိသည်။

“အလို”

မဏိဇာနည် ထိတ်လန့်မှုနှင့်အတူ အံ့သြစိတ်ပါ ရုတ်ခြည်း ပေါက်ပေါ်သွားရသည်။

ဟုတ်ပါသည် ရွှေလွှာနဒီဆိုသည့် ယဉ်ယဉ်လေးရွှေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကလေးမ၊ သည်မိန်းကလေးမျိုးကို သည်လို ဘဏ်ကြီးမျိုးက ဘာကြောင့်ဝန်ထမ်းခန့်ထားရတာပါလိမ့်၊ အကြည့်များမှားလို့လေလားဟူ၍ သေချာအောင် ထပ်ကြည့်ရာ ထပ်၍သေချာသွားသည်၊ ရွှေလွှာနဒီမှ ရွှေလွှာနဒီအစစ်ရယ်။

ရွှေလွှာနဒီလည်း ကိုင်းထားသော ခါးကို ပြန်၍ အမတ်တွင် မဏိဇာနည်ကို တွေ့လိုက်ရသဖြင့် ပြုံးနေသော မျက်နှာလေး ချက်ချင်းဖြူရော်သွားသည်။

"ဟင်"

အာမေဋိတ်သံနှင့်အတူ ရွှေလွှာနဒီနောက်သို့ မသိမသာ ခြေနှစ်လှမ်းခန့် ဆုတ်မိသည်။ ရွှေလွှာနဒီနှင့် မဏိဇာနည် တစ်ယောက်ကိုတစ်ယောက် ပြုံးပြမလို မဲ့ပြမလို မျက်နှာထားများကြောင့် ကြည့်နေကြသည်ကို သတိထားမိပြီး မဏိဇာနည်အတွင်းရေးမှူးမလေး မေဇော်က "မမ ဘာဖြစ်လို့လဲဟင်" ဟူ၍ မဏိဇာနည်လက်ကို ဆုပ်ကိုင်ပြီး မေးတိုအခါမှ မဏိဇာနည်လည်း သတိဝင်သွားပြီး။

"ဘာ . . ဘာမှ မဖြစ်ပါဘူး"

ဟု ပြန်ပြောရင်း ရွှေလွှာနဒီကို မဝံ့မရဲ ပြုံးကာ-

"သြော် . . ဘယ်သူများလဲလို့ ညီမလေးကိုး . . ညီမလေးနေကောင်းတယ်နော်"





"ဟုတ် . . ဟုတ်ကဲ့ . မမလည်း နေကောင်းတယ် မဟုတ်လား"

"အန် . . ကောင်း . . ကောင်းပါတယ် . . ဒါနဲ့ ညီမလေးက ဒီဘဏ်မှာ အလုပ်လုပ်နေတာလား"

"ဟုတ်ကဲ့မမ ဒါနဲ့ နဒီ ဘာကူညီပေးရမလဲဟင်"

"သြော် ဒီမှာ နယ်ကို ငွေလွှဲချင်လို့ပါကွယ်"

"ဟုတ်ကဲ့ ရပါတယ် . . နဒီ ဆောင်ရွက်ပေးပါ့မယ် . . မမဒီမှာပဲ အေးအေးဆေးဆေး ထိုင်အနားယူနေပါနော်"

"သြော် . . အင်း . . အင်း"

ရွှေလွှာနဒီ မဏိဇာနည်ကို ရှေ့မှ ဦးဆောင်ခေါ်ပြီးနောက် ထိုင်ခုံတစ်လုံးမှာ ထိုင်စေကာ လုပ်ကိုင်ဆောင်ရွက်စရာများရှိသည်ကို သေသပ်မြန်ဆန်စွာ လုပ်ကိုင်ဆောင်ရွက်လေတော့သည်။

ရွှေလွှာနဒီ၏ သွက်လက်ချက်ချာသော လှုပ်ရှားမှုများကို လိုက်ကြည့်နေရင်း မဏိဇာနည် စိတ်ထဲ၌ တစ်မျိုးဖြစ်လာ၏။

မင်းပိုင်စိုးဇေ ပြောသလို ယဉ်ယဉ်လေး ရူးနေသည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါရဲ့လားဟု သံသယဖြစ်လာရသည်။

"မမ ဒီမှာ လွှဲမယ့်ငွေကြေး အရေအတွက်နဲ့ အမည် မှတ်ပုံတင်အမှတ် ဖုန်းနံပါတ်တွေဖြည့်ပေးပြီး ဒီနေရာမှာ လက်မှတ်

www.burmeseclassic.com



ထိုးပေးနော်”

“ဟင် . . ဘာ . . ဩော် . . ေး အေး”

မဏိဇာနည် ချိန်ဆ တွေးတောခန်း ဝင်နေစဉ် ရွှေလွှာနဒီ အပြုံးဖြင့် ပြန်ရောက်ပါပြီ၊ လက်မှတ်ထိုးရန် စာရွက်များကို ယူလာပေး၏။ မဏိဇာနည် လိုအပ်တာထက် ပိုပြုံးပြပြီး ရွှေလွှာနဒီညွှန်ပြသော နေရာတွင် လိုအပ်တာရေးဖြည့် လက်မှတ်ထိုးပေးလိုက်သည်။

မဏိဇာနည် စာရွက်ပေါ်တွင် ရေးဖြည့်ပြီး လက်မှတ်ထိုး နေစဉ် ရွှေလွှာနဒီက စိုးရိမ်စိတ်ဖြင့် အသေအချာ ဂရုစိုက် ကြည့်ရှုနေ၏။ ကောင်းကောင်းမွန်မွန် မလုပ်ဘဲ စိတ်ဖောက် လာပြီး တောင်ခြစ်မြောက်ခြစ်လျှောက်ခြစ်လုပ်ရင် ဒုက္ခတွေ့ လည်း ရွှေလွှာနဒီ တွေးပူမိသေး၏။

မဏိဇာနည် လက်မှတ်ထိုးပြီးသော စာရွက်များကို ချက်ချင်းပြန်မပေးသေးဘဲ ရွှေလွှာနဒီကို အကဲခတ်လိုဟန်ဖြင့် မျက်လွှာပင့်ကြည့်၏။ အကြည့်ချင်းဆုံသွားကြသဖြင့် တစ်ယောက်ကိုတစ်ယောက် ရှိန်သွားကြကာ အသားလွတ် ရယ်ပြမိကြပြန်သည်။

“အဟဲ”

“အဟဲ”





ရယ်ပြမိကြပြီးသည်နှင့် မျက်နှာလွှဲမိကြပြန် သည်။ ပြီးမှ ရွှေလွှာနဒီက သတိကြီးစွာထားကာ-

“မမ ခဏလေးနော်. . နဒီ ဆောင်ရွက်စရာ ရှိတာ လေးတွေ ဆက်လက် ဆောင်ရွက်လိုက်ပါဦးမယ်”

ဟု ပိုပိုသာသာပြုံးကာ သိမ်သိမ်မွေ့မွေ့ ဆို၏။ မဏိဇာနည် လိုအပ်သည်ထက် ခေါင်းကို ပိုညိတ်ပြပြီး “အေးကွယ် ကျေးဇူးပါပဲ”ဟု တုန့်ပြန်စကားဆိုပြီး စာရွက်လေး များကို ရွှေလွှာနဒီလက်ထဲ ထည့်ပေးလိုက်သည်။ တာဝန် ဝတ္တရားများကို သိမ်မွေ့ကျင်လည်စွာ ဆောင်ရွက်နေသော ရွှေလွှာနဒီကိုကြည့်ရင်း ယဉ်ယဉ်လေး ရွှးနေသည်မှာ မဖြစ်နိုင်ဟု မဏိဇာနည် တွေးမိ၏။

“ဒီကောင်မလေး ဝေါက်နေတယ်ဆိုတာ မဖြစ်နိုင်ဘူး ထင်တယ်”

ရွှေလွှာနဒီ နောက်ကျောကိုကြည့်ရင်း ရေရွတ်လိုက်သော မဏိဇာနည်၏ အသံကြောင့် မေဖော် ကြောင်သွားရသည်။ ထို့ကြောင့်

“ရှင့် . . မမ . . ဘာဖြစ်လို့လဲဟင်”

“ဩော် . . စောစောက ရွှေလွှာနဒီဆိုတဲ့ တောင်မလေး ကို ပြောပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလွှာနဒီ ဘာဖြစ်လို့လဲဟင်"

"ခမျာ ယဉ်ယဉ်လေးနဲ့ ရူးနေတယ် ပြောတာပဲ မဖြစ်နိုင်ဘူး ထင်တယ်"

"ဟင် . . ဟုတ်လား ဘယ်သူပြောတာလဲဟင်"

"သူပြောတာပဲ"

မဏိဇာနည်က မင်းပိုင်စိုးဇေကို ရည်ညွှန်းပြောဆိုသော်လည်း မေဇော် အတွေးတစ်မျိုးပေါက်သွားလျက်-

"ရှင် သူကိုယ်တိုင်က သူယဉ်ယဉ်လေး ရူးနေတယ်လို့ ပြောတယ် ဟုတ်လား . . အင်း ဒါဆိုရင်တော့ သေချာပါပြီ"

"ဟဲ့ သူများသားသမီးကို ဘာတွေသွားပြီး စွတ်သေချာနေရတာလဲ . . ဘယ်သူက ကိုယ့်ကိုယ်ကို ဝေါက်နေပါတယ်လို့ ပြောပါ့မလား"

"အန် . . သူပြောတာပဲလို့ မမပဲ ပြောပြီးတော့"

မဏိဇာနည် မေဇော့်ကို စကားမဆက်တော့ဘဲ ရွှေလွှာနဒီကို လှမ်းကြည့်မိပြန်သည်။ မျက်စိထဲတွင် မင်းပိုင်စိုးဇေ မျက်နှာက ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် ယဉ်ယဉ်လေး ရူးနေသည့် အရူးစာရင်းထဲ မိမိကိုယ်တိုင် ထည့်သွင်းခံခဲ့ရသည်ကို သတိရသွားသည်။

"ဟင် ဇေနွ . . ရွှေလွှာနဒီလည်း ငါတို့နဲ့ ဘဝတူပဲဖြစ်





လိမ့်မယ်"

ရွှေလွှာနဒီကို လှမ်းကြည့်နေရင်း ထွက်ပေါ်လာသော မဏိဇာနည်၏ စကားသံကြောင့် မေဇော်လန့်ဖျပ်ပြီး မဏိဇာနည်နှင့် ခပ်ကွာကွာသို့ ရွှေ့ထိုင်လိုက်မိသည်။

"ရှန်မမ . . မမတို့က ဘဝတူတွေ . . ဒါ . . ဒါဆို . . မမလည်း . . မမလည်း"

လတ်ညိုးတထိုးထိုးဖြင့် ထိတ်ထိတ်ပျာပျာ ရေရွတ်နေသော မေဇော့်အမူအရာကြောင့် မဏိဇာနည် သတိပြန်ဝင်သွားပြီး ရှက်သွားလျက် ဘေးဘီသို့ ဝေ့ဝဲကြည့်ရင်း မေဇော်ကို လှမ်းဟန့်ရသည်။

"ဟိတ် . . မေဇော် ဘာတွေ လျှောက်ပြောနေတာလဲ ဣန္ဒြေရရနေစမ်း"

"ဟုတ် ဟုတ်ကဲ့ . . ဒါပေမယ့် မမက . . မမက . . တို . . ဟို"

"ဟဲ့ . . ဘာတွေ မဟုတ်က ဟုတ်က အတွေးပေါက်ပြီး လျှောက်ပြောဦးမလို့လဲ . . ငါဆိုလိုတာကတစ်မျိုး . . ဟွန်း သိလည်း မသိဘဲနဲ့"

"ဩော် . . ဒီလိုလား . . ဒါဆို တော်သေးတာပေါ့ အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မဇော် စိတ်သက်သာရာ ရဟန်ဖြင့် မဏိဇာနည်အနီးသို့ ပြန်ရွှေ့ထိုင်သည်။

မဏိဇာနည်ကမူ မင်းပိုင်စိုးဇေ လှည့်ဖျားမှုကို သတိရသွားပြီး ပေါက်ကွဲလျက် မျက်နှာထားတင်းမာလာ၏။

ရွှေလွှာနဒီ လုပ်ကိုင်ဆောင်ရွက်စရာများပြီးစီးသည်နှင့် မဏိဇာနည်ထံ ခြေဦးပြန်လှည့်ရမည်ကို တွေးမိပြီး ခြေလေးကန်ချင်သွား၏။ သို့သော် စိတ်ထဲမှာမူ "ဩော် .. မဏိဇာနည်ဆိုတဲ့ အမျိုးသမီးကို အကြောင်းမသိတဲ့ လူဆို ဂေါက်နေတယ် ဘယ်လိုမှ ထင်ရက်ကြမှာ မဟုတ်ဘူး.. ကြည့်စမ်းပါဦး.. သူလုပ်ကိုင်စရာရှိတာကို လူသာမာန်လို လုပ်ကိုင်နေတာပဲ အရူးတွေထဲမှာ ယဉ်ယဉ်လေး ရူးနေတဲ့ သူတွေဟာ ပိုပြီး စိတ်ဝင်စားဖို့ကောင်းသလိုပဲ" ဟူ၍ တွေးမိပြီး မဏိဇာနည်ကို လှည့်ကြည့်လိုက်သည်။

ထိုအချိန်မှာ မဏိဇာနည်ကလည်း မင်းပိုင်စိုးဇေ ပယောဂ ပူးကပ်ဝင်နေသည့်မို့ မျက်နှာထားသိသိသာသာ တင်းမာနေချိန်နှင့် ကြုံကြိုက်နေလေသည်။ ထို့ကြောင့် ရွှေလွှာနဒီ ကြောက်စိတ်ဝင်သွားလျက် "ဟိုက်.. ကြည့်ရတာ စိတ်ဖောက်လာပြီထင်တယ်.. ငါ့ကို ဒေါသတကြီး ကြည့်နေတယ် ဒုက္ခပါပဲ"ဟု အတွေးဝင်သွားကာ အနီးရှိ လုပ်ဖော် ကိုင်ဖက်





ဝန်ထမ်းတစ်ဦးကို လက်လှမ်းတို့မိသည်။ ထိုဝန်ထမ်း အမျိုးသမီးလည်း "ဘာလဲဟင်"ဟူသော သဘောဖြင့် ရွှေလွှာနဒီကို လှည့်ကြည့်ပြီး မျက်ခုံးပင့်ပြသည်။

"ဟဲ့ .. ယု .. ငါ့ကို တစ်ခု ကူညီစမ်းပါ"

"ပြောလေ နဒီ .. ယု ဘာကူညီရမလဲ"

"ဟို .. ဟိုမှာ .. ငါ့ကို စူးစူးဝါးဝါး ကြည့်နေတဲ့ အမျိုးသမီးကို တွေ့တယ်မဟုတ်လား"

"ဟယ် ဘယ်တစ်ယောက်ကို ပြောတာလဲ"

"ဟိုမှာလေ .. ဒီဘက်လှည့်ပြီး ထိုင်နေတယ် .. ကုတ်အင်္ကျီအနက်နဲ့ အမျိုးသမီးလေ"

"မှန်း .. ဩော် ... ဟုတ်ပြီ .. တွေ့ပြီ .. ပြော .. ယု ဘာကူညီရမလဲ"

"ဒီငွေလွှဲ ချလံလေး သွားပေးပေးပါလား"

"ဟယ် .. နင်တာဝန်ယူထားတာ မဟုတ်လား .. နင်ကိုယ်တိုင် သွားပေးမှ ကောင်းမှာပေါ့ဟဲ့"

"ဒါတော့ ဒါပေါ့ .. ဒါပေမဲ့"

"ဒါပေမယ့်.. ဘာဖြစ်လို့လဲ"

"သူက ဂေါက်နေတာဟဲ့"

"ဟင် ဟုတ်ပါ့မလား .. ကြည့်ရတာ မဟုတ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ဟုတ်ပါတယ်ဆိုမှ ဒါပေမယ့် ပေါ်တင်ကြီး ဝေါက်နေတာတော့ မဟုတ်ဘူးပေါ့၊ ယဉ်ယဉ်လေး ရှူးနေတာ တဲ့လေ"

"ဟေ . . ဟုတ်လား"

ရွှေလွှာနဒီ စကားကြောင့် ယုလည်း ဇဝေဇဝါဖြင့် မဏိဇာနည်ကို အကဲခတ်ရပြန်သည်။ ရွှေလွှာနဒီ ပြောတာ ဟုတ်သည် မဟုတ်သည် မပြောတတ်သော်လည်း တာဝန်က ရှိသေးသည်မို့

"ကဲ ဒါဆိုလည်း တို့နှစ်ယောက်စလုံး သွားလိုက်ကြတာ ပေါ့၊ မကောင်းဘူးလား"

"အင်း"

ရွှေလွှာနဒီ ခေါင်းညိတ်ပြပြီး ယုနှင့်အတူ မဏိဇာနည်ဆီ သွားရသည်။

"မမ ဒီမှာ ငွေလွှဲပြီးစီးကြောင်း လက်ခံချလံလေး"

မဏိဇာနည်အတွေးလွန်နေသည်မို့ ရုတ်တရက် မခြားမေဇော်ကလည်း ဘေးဘီသို့ ဂရုမထားမိဘဲ မဏိဇာနည်ကိုသာ မျက်ခြည်မပြတ် အကဲခတ်နေသည်ဖြစ်ရာ ရွှေလွှာနဒီတို့ ရောက်လာသည်ကို သတိမပြုမိဘဲရှိ၏။

ယုလည်း မဏိဇာနည်ကို အကဲခတ်နေရာမှ နံဘေးရှိ





မေဇော်ကို မြင်သွားပြီး အားရဝမ်းသာဖြစ်လျက် မေဇော်၏ လက်ကို ဆုပ်ကိုင်နှုတ်ဆက်မိလေသည်။

"ဟိတ် မေဇော် မေဇော် သူငယ်ချင်း"

ထိုအခါမှ မေဇော်လည်း လန့်နိုးလာသူ တစ်ယောက်လို ယုကို မော့ကြည့်မိပြီး ဝမ်းသာသွားရသည်။

"ဟင် . . ဟာ . . ယု . . ယုပါလား"

မေဇော်၏ နေရာမှ ရပ်လျက် ယုလက်ကို ပြန်လည်ဆုပ်ကိုင်ရင်း ဝမ်းသာကြောင်း ပြသည်။

"ကြည့်ပါဦး မေဇော်ရယ် မတွေ့ရတာ အတော်တောင် ကြာသွားပြီ"

"ဟုတ်ပါရဲ့ တို့တစ်တွေ ဆယ်တန်းအောင်ပြီးကတည်းက တွဲသွားကြတာနော် . . အခုလို တွေ့ရတာ ဝမ်းသာလိုက်တာ ယုရယ်"

မေဇော်နှင့် ယုတို့တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ရင်းနှီးစွာ စကားတွေ ဖောင်ဖွဲ့ပြောကာမှ မဏိဇာနည်လည်း သတိဝင်လာပြီး ရှေ့မှာရပ်နေသော ရွှေလွှာနဒီကို ကြည့်တာ ပြုံးပြရသည်။

"မမ . . ဒီမှာ ငွေလွှဲချလံလေ . ."

"ဟင် . . ဩော် . . အေးအေး ကျေးဇူးပါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ရပါတယ် မမ နဒီကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီကွယ်"

ရွှေလွှာနဒီလည်း လွတ်ပြီကျွတ်ပြီမှတ်လျက် မဏီဇာနည်အပါးမှ ခပ်သွက်သွက် ခွာတော့သည်။ ယုကိုပင် အသိပေးမသွားတော့။ ယုနဲ့ မေဇော်လည်း တွေ့ဆုံမည့်နေ့ကို ချိန်းဆိုပြီးသည်နှင့် လူချင်းခွဲလိုက်ကြသည်။

"ကဲ ဒါဆိုလည်း တို့ကိုခွင့်ပြုဦး ယု . . ယုမှာလည်း တာဝန်ချိန်ကြီးမဟုတ်လား"

"ကောင်းပါပြီ . . ဒီည (၇)နာရီ မေဇော့်ဆီက ဖုန်းမျှော်နေမယ်နော် . . ပြောစရာစကားတွေ အများကြီးသိလား"

ယုက မေဇော်ကို နှုတ်ဆက်စကားဆိုရင်း မဏီဇာနည်ကိုတစ်ဆက်တည်း ပြုံးရင်း အလုပ်ခွင်ဆီသို့ ပြန်သွား၏။

မဏီဇာနည်က မေဇော့်ကို အားတိုးအားထားကြည့်ရင်း

"မေဇော်"

"ရှင် . . မမ"

"ခုနက ယုဆိုတဲ့ ကောင်မလေးက မေဇော်သူငယ်ချင်းပေါ့ ဟုတ်လား"

"ဟုတ်တယ် မမ . . သူငယ်တန်းကတည်းက ဆယ်တန်းအထိ တွဲလာတာ"





"ဒါဆို အတော်ပဲ သူ့ကို အလုပ်ဆင်းချိန်ကြရင် ဒီဘက်ဘေးက ကဖီးဆိုင်မှာ ဆုံကြရအောင်လို့ သွားချိန်းလိုက်ပါလား"

"မမ ညှော်သည်တစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတဲ့ ကိစ္စဆကော"

"ကိစ္စမရှိဘူး ဖုန်းဆက်ပြီး လှမ်းတောင်းပန်လိုက်မယ်၊ အခုလောလောဆယ် အဲဒီထက် ပိုအရေးကြီးတဲ့ ကိစ္စတစ်ခုဖြေရှင်းရဦးမယ်"

"အဲဒါ ကျွန်မသူငယ်ချင်း ယုနဲ့ ဘယ်လို ပတ်သက်နေလို့လဲမမ"

"ပတ်သက်တာပေါ့ ယုရဲ့ သူငယ်ချင်း ရွှေလွှာနဒီအကြောင်း သိချင်လို့လေ"

"မမပြောတော့ ရွှေလွှာနဒီက ယဉ်ယဉ်လေးရှူးနေတာဆို"

"တို့လည်း အဲဒါကို သံသယရှိနေတာ"

"ရှင် . . ကျွန်မ ဘယ်လို နားလည်ရမလဲ မသိတော့ဘူး"

"ကဲ ကဲ မေဇော်နားလည်အောင် တို့ရှင်းပြမယ်၊ ဒီမှာခဏပြန်ထိုင်"

"ဟုတ်ကဲ့ မမ"

နှစ်ယောက်စလုံးနေရာမှ ပြန်ထိုင်မိသည်နှင့် မဏီဇာနည်



www.burmeseclassic.com

www.burmeseclassic.com



လည်း "ဒီလို ဒီလို" ဟုအစချီကာ မင်းပိုင်စိုးဇေ တပတ်လှည့် အကြောင်းရိုက်မှုများ ယဉ်ယဉ်လေးရှူး ဇာတ်လမ်းများပေါ် ပေါက်လာပုံကို ရှင်းပြရတော့သည်။

ထိုအခါမှ မေဇော်လည်း အံ့သြတကြီးဖြင့် ဇာတ်ရည် လည်သွား၏။

"ဒါ . . ဒါဆို . . ရွှေလွှာနုဒီလည်း မရှူးဘဲနဲ့ ယဉ်ယဉ် လေး ရှူးခိုင်းတာနေမှာပေါ့"

"ဒါကို ရှင်းရှင်းလင်းလင်း သိချင်လို့ တို့ပြောနေတာပေါ့ ကွဲ . . မေဇော်သူငယ်ချင်းယုကို အလုပ်ကဆင်းရင် တွေ့ဖြစ် ရအောင် သွားချိန်းလိုက်ဦး တို့ ကဖီးဆိုင်က အရင်သွားစောင့် နှင့်နေမယ်"

"ဟုတ်ကဲ့ . . မမ"

မေဇော် နေရာမှ ထကာ ယုဆီ လျှောက်လှမ်းသွားသည် နှင့် မဏိဇာနည်လည်း ကဖီးဆိုင်ဆီ ခြေလှမ်းပြင်လေတော့ သည်။

⁂







အခန်း (၂၄)

ယုတို့စောင့်ရင်း မေဇော်က မေးသဖြင့် မဏိဇာနည် လည်း မင်းပိုင်စိုးဇေနှင့် ပတ်သက်သော ဇာတ်ကြောင်းကို ပြန်လှန်နေရသည်။

"အဲဒီ မင်းပိုင်စိုးဇေဆိုတဲ့ လူရုပ်ကတော့ ရိုက်သတ်ပစ်ဖို့ ကောင်းတယ်၊ တကယ့်ပဲ . . သူလို မျက်နှာများတဲ့လူရဲ့ အချစ် ကိုမှ ရွေးပြီး လက်ခံမိရတယ်လို့ . . ဖြစ်ရလေ မမရယ်"

မေဇော်ကြိတ်မနိုင်ခဲမရသော ရေရွတ်မှုကို လေးကြိမ် မြောက် ရေရွတ်ပေါက်ကွဲမိပြန်သည်။

"ကံဆိုးတယ်ပဲ ပြောရမှာပေါ့ မေဇော်ရယ် . . အေးလေ ကံဆိုးသူက တို့တစ်ယောက်တည်း မဟုတ်ပါဘူး . . မင်းပိုင် စိုးဇေရဲ့ အချစ်ကို လက်ခံမိတဲ့ မိန်းကလေးအားလုံးပါပဲ၊ တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



က သစ္စာလည်းမဲ့ခံရသေးတယ် . . ပြီးတော့ ယဉ်ယဉ်လေး ရှူးတဲ့ဘဝကိုလည်း ရောက်ရသေးတယ်၊ တောက် . . ဘယ်လောက်များ ဒေါသထွက်ဖို့ကောင်းသလဲဆိုတာ ပြောတောင် မပြောတတ်တော့ဘူး”

မဏိဇာနည်လည်း အခါတစ်ရာမကသော ရေရွတ်ပေါက်ကွဲမှုဖြင့် စိတ်နာမှုကို ပိုမိုထင်ရှားစေပြန်သည်။

ထိုအချိန်မှာပင် ယုရောက်လာသဖြင့် စကားစပြတ်သွားသည်။ ယု ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်မိသည်နှင့် မေဇော်က မဏိဇာနည်နှင့် မိတ်ဆက်ပေးသည်။

“မမ . . သူ့နာမည် ယုယုတဲ့ ကျွန်မနဲ့ ငယ်သူငယ်ချင်းပေါ့ ယု . . ဒီက မမနာမည်က မဏိဇာနည်တဲ့ တို့ကုမ္ပဏီရဲ့ အမ်ဒီပေါ့”

“အခုလို တွေ့ရတာ ဝမ်းသာပါတယ်ကွယ်”

“ဟုတ်ကဲ့ ယုလည်း မမနဲ့ တွေ့ဆုံရတဲ့အတွက် ဝမ်းသာပါတယ်၊ ယုကိုလည်း မေဇော်လိုပဲ ညီမလေးတစ်ယောက်လို ခင်မင်နိုင်ပါတယ်”

မဏိဇာနည်နှင့် ယု လောကွတ်စကား အပြန်အလှန် ဆိုနေစဉ် မေဇော်က ယုအတွက် ကော်ဖီတစ်ခွက် မှာပေး၏ ပြီးမှ-





“ကဲ ယုရေ လိုရင်းပဲ ပြောကြရအောင် ဒီလိုဟေ့ . . ငါ့မမက နင်တို့ဆီက ရွှေလွှာနဒီအကြောင်း သိချင်လို့တဲ့ နင်နဲ့ ရွှေလွှာနဒီက ခင်ကြတယ် မဟုတ်လား”

“ရပါတယ် မမက သူ့ရဲ့ ဘယ်အကြောင်းကို သိချင်တာလဲ ယု သိသလောက်ပြောပြပါ့မယ်”

ယုလည်း မေဇော်စကားကြောင့် မဏိဇာနည်ကို အကဲခတ်သလိုကြည့်ရင်း စကားပြန်၏။ မဏိဇာနည် အားနာပြုံးတစ်ချက်ပြုံးလိုက်ရင်း

“အင်း ဘယ်လိုပြောရမလဲဆိုတော့ ဒီလိုလေ ရွှေလွှာနဒီ ပတ်သက်ပြီး တို့သိတာက တစ်မျိုးဖြစ်နေတယ်”

“ဘယ်လို တစ်မျိုးဖြစ်နေတာလဲ မမ”

“ဟို . . ဟိုလေ . . စိတ်တော့ မရှိပါနဲ့ကွယ် . . တို့နဲ့ ရင်းနှီးဖူးတဲ့ လူတစ်ယောက်က ပြောလို့ပါ၊ ရွှေလွှာနဒီဟာ ယဉ်ယဉ်လေး ရှူးနေတယ်ဆိုတာလေ”

“ရှင်”

မဏိဇာနည်စကားကြောင့် အံ့သြသွားရသည်။ ယု အံ့သြမပြယ်သေးခင်မှာပင် မဏိဇာနည်က စကားဆက်မိ၏။

“ရွှေလွှာနဒီ ယဉ်ယဉ်လေး ရှူးနေတယ်ဆိုတာ မမကိုယ်တိုင်က လက်ခံရခက်ခက်ရယ် . . ယုတို့ချင်းတော့ ပေါင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာကြာပြီ မဟုတ်လား . . ရွှေလွှာနဒီ အခြေအနေဘယ်
ရှိတယ်ဆိုတာ သိမှာပေါ့"

သည်တစ်ခါ အားနာပြုံးပြုံးရသူမှာ ယုဖြစ်သည် ယုစ
စရန် ခက်ဟန်ဖြင့် မျက်နှာလေးမဲ့ပြီး ညာဖက်နားထင်ကို
ခလယ်နှင့်အသာကုတ်၏။ ပြီးမှ-

"ဟို . . ဟို မမစိတ်တော့ မဆိုးနဲ့နော်. . ယုကို
နဒီကလည်း အဲသလိုပဲ ပြောတယ်သိလား"

"ဟုတ်လား . . ဘယ်လိုပြောတာလဲ"

"မမ စိတ်မဆိုးနဲ့နော် ယုလည်း သူသိထားတာ
ပြောတာ"

"မဆိုးပါဘူးကွယ် ပြောသာပြော"

"ဟိုလေ . . နဒီက ယုကို ပြောတယ်သိလား . . မ
လေ . . ဟိုလေ . . ယဉ်ယဉ်လေး ရှူးနေတာတဲ့"

"ဘာရယ် ထင်တယ် . . ငါထင်တယ် . . တောက် . .
ရိုင်းလိုက်လေ"

"အန် မမ . . စိတ် . . စိတ်မဆိုးဘူးဆို"

မဏိဇာနည် 'တက်'ခေါက်ပေါက်ကွဲမှုကြောင့် ယု လန့်
သွားပြီး မျက်စိမျက်နှာပျက်ကာ မေဇော်လက်ကို အား
အားထား လှမ်းကိုင်လိုက်သည်။ မဏိဇာနည်လည်း





အပြုအမူ ကိုယ် သတိထားမိသွားပြီး လေသံလျှော့ရ၏။

"မမ စိတ်မဆိုးပါဘူး . . ယုတို့ ရွှေလွှာနဒီတို့နဲ့ မဆိုင်
ပါဘူး ဟိုလူရှုပ်လူပွေကို စိတ်ဆိုးတာပါ . . ထင်တယ် . . ဒင်း
ယက်ချက်ဆိုတာ ထင်ပြီးသား . . ဒါကြောင့် သေချာအောင်
မေးကြည့်တာ၊ အခုတော့ ထင်တဲ့အတိုင်း ကွက်တိပဲ"

"ဘယ်လူရှုပ်လူပွေလဲ မမ"

"ဘယ်သူဖြစ်ရမှာလဲ မင်းပိုင်စိုးဇေဆိုတဲ့ ဒသဂီရိ လက်
သင်ပေါ့"

"ရှင် . . မင်းပိုင်စိုးဇေဆိုတာ ဟို . . ဟို . . နဒီရဲ့ ချစ်သူ
တို့ ပြောတာလား"

ယု အမေးကို မဏိဇာနည် နှုတ်က မပြောဘဲ ခေါင်းညိတ်
ပြရုံပြသည်။ ထို့ကြောင့် မေဇော်က ပြည့်စုံအောင် ဖြည့်စွက်
ပြောကြားပေးသည်။

"မင်းပိုင်စိုးဇေဆိုတဲ့ လူက နဒီရဲ့ ချစ်သူတင်မကဘူး . .
မမရဲ့ ချစ်သူဆိုလည်း ဟုတ်တာပဲ . . အဲ . . နဒီနဲ့ မမရဲ့
ချစ်သူတင်မကဘူး . . ဘရဏီတို့ ဝတီတို့ဆိုတာတွေလည်း
ရှိသေးတယ်"

"ဟယ် . . တကယ်"

"မအံ့သြနဲ့ဦး . . ဒါတောင် တို့မသိတဲ့ မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်သေးတယ်"

"ဟောတော့"

"အရမ်းမအံ့ဩလိုက်နဲ့ဦး ယုရေ . . ဒီထက် အံ့ဩစရာ တွေ ရှိသေးတယ်၊ ငါပြောပြမယ် . . ဒီလိုဟ . . ဒီလို"

မေဇော်က မဏိဇာနည်ကိုယ်စား မင်းပိုင်စိုး အကြောင်းကို လိပ်ပတ်လည်အောင် ရှင်းပြရတော့သည်။ မေဇော် ပြောသမျှ ပါးစပ်အဟောင်းသား နားထောင်နေသော ယုလည်း စကား အဆုံးမှာတော့ ပေါက်ကွဲရတော့သည်။

"တောက် . . ဒီလူတော်တော်လွန်တယ်"

မဏိဇာနည်က ယု၏ ပေါက်ကွဲရေရွတ်မှုပြီးဆုံးအောင် စောင့်ပြီးမှ အလိုရှိရာကို ဝင်ပြော၏။

"ကဲ . . ဒီလောက်ဆို . . ယုလည်း သဘောပေါက်သွား ပြီ မဟုတ်လား . . ဒီတော့ မမကို ယုသူငယ်ချင်း ရွှေလွှာနု နဲ့ လူချင်းတွေ့ရအောင် စီစဉ်ပေးပါဦး"

"အဲ ဟုတ်ပါရဲ့ နဒီလည်း ဒီနားလေးက လက်ဖက်ရည် ဆိုင်မှာ ယုဆီက သတင်းကို စောင့်နေလေရဲ့"

"ဘယ်လို"

"ယုဆီက သတင်းဟုတ်လား"

ယုစကားကြောင့် မဏိဇာနည်တော မေဇော်ပါ ကြောင်





မ်းသွားကြသည်။ ယုလည်း ထိုအခြေအနေကို ရိပ်မိသဖြင့် စကားကို ရှင်းအောင် ဆက်ပြောရသည်။

"သြော် ဒီလိုပါ . . မမက ယုနဲ့ တွေ့ချင်တယ်ပြောတော့ နဒီကလည်း မမတို့နဲ့ လမ်းခွဲပြီးရင် သူ့ဆီလာပြောပါဦးဆိုပြီး စောင့်နေတာလေ"

"သြော် . . ဒီလိုလား . . နောက်ပြီး တို့အပြောအဆို အမူအရာကိုလည်း သေချာအကဲခတ်ခဲ့ဖို့ မှာလိုက်ဦးမှာပေါ့နော်"

"အဟင်း . . ဟုတ်တယ် . . ပြောသာပြောရတယ် . . မေဇော် အတင်းကြီးချိန်းလို့သာ ယုလာရတာ . . ကြောက်တော့ ခပ်ကြောက်ကြောက်ရယ်"

"တို့ကို ယဉ်ယဉ်လေး ရူးနေတယ်ဆိုပြီးတော့ပေါ့လေ"

"အဟင်း . . အခု အကြောင်းရင်းမှန်ကို သိသွားပြီးဆိုတော့ မကြောက်တော့ဘူးမဟုတ်လား"

"အဟင်း . . ဟုတ်တယ် . . အဟင်း"

"ဒါဆိုရင်လည်း ယုသူငယ်ချင်းကို သွားခေါ်တော့လေ သွယ်၊ စကားပြောကြရအောင်"

"ဟုတ်ကဲ့ မမ . . အဟင်း"

ယုနေရာမှ ထသည်နှင့် မေဇော်က သူပါလိုက်မည်ဆိုကာ လိုက်သွားသဖြင့် မဏိဇာနည် တစ်ဦးတည်း ဆိုင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သည်။

အတန်ငယ်ကြာသောအခါ ယုတို့ မေဇော်တို့နှင့်အတူ ရွှေလွှာနဒီပါ ရောက်ရှိလာသည်။ ယုနဲ့မေဇော်တို့ပြောထား သဖြင့် ရွှေလွှာနဒီလည်း အကြောင်းစုံသိထားပြီးဖြစ်ဟန်ရှ သည်။ မျက်နှာမှာ ဒေါသရောင်လွှမ်းနေသည်။

အားလုံးနေရာအသီးသီးမှာ ဝင်ထိုင်မိကြသည့်တိုင် မည်သူမျှ စကားမဟမိကြ။ စားပွဲထိုးလေးက ရွှေလွှာနဒီထံ "အစ်မ ဘာသုံးဆောင်မလဲ"ဟုဆိုသဖြင့် အားလုံးသတိပြန်ဝင် လာကြ၏။ ရွှေလွှာနဒီက "နောက်မှမှာမယ်"ဟု အကြောင်း ပြန်ကြားပြီးနောက် မဏိဇာနည်ကို ကြည့်ကာ-

"မမ.. မမ အပေါ် နဒီ အမြင်မှား အထင်မှား ဖြစ်ခဲ့တာ တွေ တောင်းပန်ပါတယ်နော် .. စိတ်မရှိပါနဲ့"

"ကိစ္စမရှိပါဘူးကွယ် .. မမကိုယ်တိုင်လည်း နဒီကို တောင်းပန်ရဦးမယ် နဒီကို တစ်မျိုးတစ်မည်ထင်ခဲ့တာ မမထို ခွင့်လွှတ်ပါကွယ်"

မဏိဇာနည်နှင့်ရွှေလွှာနဒီတစ်ယောက်ကိုတစ်ယောက် အပြန်အလှန် တောင်းပန်နေကြသည်ကို ကြည့်ပြီး မေဇော်နှင့် ယုက-

"အို .. ဒါက မမနဲ့ရော နဒီနဲ့ရော မဆိုင်ပါဘူး .. ထို





ရှုပ် မင်းပိုင်စိုးဇေကြောင့် ဖြစ်ရတဲ့ ကိစ္စတွေပါ"

"ဟုတ်ပါရဲ့ ဒီလူမို့ ပိပိရိရိ လိမ်လည်လှည့်ဖြားတတ်တယ်၊ တယ့် ကြောင်ပါးကြီးလို့ မပြောရဘူး.. ဟွန်း"

မဏိဇာနည်နှင့် ရွှေလွှာနဒီ တစ်ယောက်တစ်ယောက် နားလည်သော အကြည့်ကိုယ်စီဖြင့် ကြည့်မိကြသည်။ မိမိတို့မှာ မင်းပိုင်စိုးဇေ ပြောသမျှ အဟုတ်ကြီးထင်ကာ စ်ယောက်ကိုတစ်ယောက် ဂေါက်နေသူတွေမှတ်ပြီး တ်ဆဲခဲ့ကြသည်။ ရွှေတိဂုံဘုရားပေါ် အဖြစ်အပျက်ကို ပြန် ကာင်ပြီး ကိုယ်စီရှက်မိကြသည်။ မင်းပိုင်စိုးဇေ ပြောသလို စ်ယောက်ကိုတစ်ယောက် ဂေါက်ထင်ပြီး အလိုက်အထိုက် ရှုဆက်ဆံရင်း ကိုယ်တိုင်က အရူးဖြစ်သွားရသည်။

မဏိဇာနည်လည်း ရှက်သည်၊ မိမိမှာ ပယောဂဆရာလိုလို ာလိုလို အန္တရာယ်တင်းရေဆိုသောအရာဖြင့် ပါးစပ်က တွ ကရာပွစိပွစိလုပ်ပြီး ရွှေလွှာနဒီကို ပက်ဖြန်းပေးခဲ့ရသည်။ တယ်တော့ လူရှေ့သူရှေ့မှာ မိမိသာ အရူးဖြစ်ခဲ့ရချေသည်။

ရွှေလွှာနဒီလည်း တို့အတူ၊ မဏိဇာနည် ရေပက်ဖြန်းနေ ဉ် ကြောက်စိတ်ဖြင့် မျက်စိမျက်နှာပျက်နေရသည်မှာ ကျပ် ကြည့်၍သာ ဟူ၍ ပတ်ဝန်းကျင်က ထင်လိမ့်မည်။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

မဏိဇာနည်နှင့်ရွှေလှာနဒီထံမှ နာကျည်းခံပြင်းမှု တောက်ခေါက်သံကိုယ်စီ ထွက်ပေါ်လာသည်။

"မမ နဒီတော့ ဒီလူကို လုံးဝမကျေနပ်ဘူး . . သူ့ကြောင့် နဒီမှာ လူကောင်းပကတိကနေ အရူးဖြစ်ခဲ့ရတယ်၊ တကယ်ကို လုံးဝကို မကျေနပ်ဘူး"

"ဟုတ်တယ် မမလည်း နဒီလိုပဲ ဒီလူကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ အပြတ်ကို ချေမှုန်းပစ်ရမယ် . . အိုပြောနေကြာတယ် . . မပြောရင် မကြာဘူး . . အခုပဲ သူ့အိမ်လိုက်သွားပြီး မှတ်လောက်အောင် ဆုံးမလိုက်ရအောင်"

မဏိဇာနည်နေရာမှ ဝုန်းခနဲ ထပြီး ဦးဆောင်ထွက်သွားသဖြင့် ရွှေလှာနဒီ မေဇော်နှင့် ယုတို့သည်လည်းနောက်မှ ထပ်ကြပ်မကွာ လိုက်ကြလေသည်။

သူတို့နောက်မှ ထပ်ကြပ်မကွာလိုက်လာသူ စားပွဲထိုးလေးဖြစ်သည်။

"အစ်မတို့ အစ်မတို့"

"ဘာတုန်း"

လေးယောက်သား ခက်ထန်သောအသံ မာကြောသောမျက်နှာထားကိုယ်စီဖြင့် လှည့်ကြည့်ရာ စားပွဲထိုးလေး





လန့်သွားရသည်။ ထို့ကြောင့် မျက်နှာကို အတတ်နိုင်ဆုံးချိုထားပြီး

"ဟိုလေ . . ကျ ကျသင့်ငွေလေး ရှင်းပေးခဲ့ပါဦး ခင်ဗျ"

"ဒါများ စောစောကတည်းကတော့ မပြောဘူး အခုကြောင်ကြောင်နဲ့ . . ရော့"

"ဗျာ . . ဟုတ် . . ဟုတ်ကဲ့ ကျွန်တော်မျိုးကြီးသေသင့်ပါတယ်"

"အင်း ဟုတ်တယ် . . မင်းပိုင်စိုးဇေလည်း သေသင့်တာပဲ"

"ခင်ဗျား ဘယ်သူ ပြောဲ ဟုတ်ကဲ့ မင်းပိုင်စိုးဇေလည်း ကျွန်တော်နဲ့အတူ သေသင့်ပါတယ်"

"သိရင်ပြီးရော"

လေးယောက်သား ပေါက်ကွဲမှု အမြင့်ဆုံးလွှင့်ထူရင်း မင်းပိုင်စိုးဇေကို ချေမှုန်းရေးအတွက် ချီတက်ခဲ့ကြတော့သည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၅)

လူခေါ်ဘဲလ်သံကြောင့် မဲလုံးတံခါးဖွင့်ပေးလိုက်ရာ မဏိဇာနည်နှင့်အတူ ရွှေလွှာနဒီကိုပါ တွေ့လိုက်ရ၍ မဲလုံး အံ့သြထိတ်လန့်သွားရပြန်သည်။

"ကိုမင်းပိုင်စိုးဇေနဲ့ တွေ့ချင်လို့ပါ"

"အစ် . . အစ်ကိုလေး အိမ်မှာ မရှိပါဘူးခင်ဗျာ၊ အပြင် သွားနေတယ်၊ တော်တော် နောက်ကျမှ ပြန်ရောက်ပါလိမ့် မယ်၊ မှာစရာရှိရင် ကျွန်တော့်ကို မှာခဲ့လို့ရပါတယ်"

မဲလုံး အတတ်နိုင်ဆုံး ယဉ်ကျေး ပျူငှာစွာဖြင့် ရွှေလွှာနဒီ ကို စကားပြန်နေသော်လည်း မျက်လုံးများကမူ ရွှေလွှာနဒီကို သာ ကြည့်နေ၏။

ရွှေလွှာနဒီလည်း မဲလုံးကို မြင်ဖူးပါသည်ဆိုပြီး စဉ်းစား





နေရာမှ မြင်ကွင်းက ဖျတ်ခနဲ ပေါ်လာတော့သည်။

ဟုတ်သည် သည်လူမှ သည်လူအစစ်ရယ်။

မင်းပိုင်စိုးဇေကို ကားနှင့်တိုက်မိသလိုလို ပွတ်သလိုလို လုပ်သွားသော သူမှာ ယခုမြင်တွေ့နေရသည့် မဲလုံးဆိုသည့် သူ ရွှေလွှာနဒီ ဒေါသတွေ အထွတ်အထိပ် ရောက်သွားတော့ သည်။

"ဪ . . လက်စသတ်တော့ ရှင်ကိုး"

"ခင်ဗျား . . ကျွန်တော် ဘာဖြစ်လို့ပါလဲ ခင်ဗျား"

"ဘာဖြစ်ရမှာလဲ . . ရှင်နဲ့ ရှင့်ဆရာ စီစဉ်ပြီး မင်းပိုင်စိုးဇေ ရဲ့ အလိုတူ အလိုပါတွေကိုး"

"ဘာကို ပြောနေတာလဲ မသိဘူး . . ကျွန်တော် နားမ ရှင်းလို့ပါ"

"ဘာအခုမှ ရှုးချင်ယောင်ဆောင်နေတာလဲ . . ရှင့်ဆရာ မင်းပိုင်စိုးဇေကို ရှင်က ကျွန်မရှေ့မှာ ကားနဲ့တိုက်မိမလိုလို . . ပွတ်မိမလိုလိုလုပ်ပြီး ရှင့်ဆရာနဲ့ ကျွန်မကို နီးစပ်အောင် ကြံခဲ့တာကိုပြောတာ"

"ဪ . . . အဲဒါလား . . အဲဒီကိစ္စက ဒီလိုရှိပါတယ် . . ကျွန်တော် မဲလုံးဆိုတာက မင်းပိုင်စိုးဇေဆိုတဲ့ ဆရာသခင် ရဲ့ အမိန့်အာဏာကို လွန်ဆန်ဝံ့သူ မဟုတ်ရတာကြောင့်

www.burmeseclassic.com



သူညွန်ရာကို ဘာဆိုဘာမှ စောဒက မတက်ခွင့်မရှိဘဲ သူ ဆန်စား ရဲရတယ်ဆိုသလိုပေါ့ . . ဒါကြောင့် . . "

"သြော် . . ဒါဆို . . . ရှင့်ခမျာ . . ဆရာမကောင်း တပည့်ခေါင်းဆိုတဲ့ ကိန်းကို ကြုံနေရရှာတာပေါ့"

"ဟုတ်ပါတယ် . . ဟုတ်ပါတယ် . . အခုပြောသလိုပါပဲ"

"ကောင်းပြီ . . ဒါဆို ရှင့်ကို စာနာ နားလည်စွာနဲ့ ဂုဏ်ပြုလိုက်မယ် . . ရော့"

"ခွပ်"

"အောင်မလေး သေပါပြီဗျ"

ရွှေလွှာနဒီ၏ ညာဖြောင့်လက်သီးက မဲလုံး၏ မေးရိုးဆီ တည့်မတ်စွာ ဝင်ရောက်သွားလေရာ မဲလုံးဖင်ထိုင်လဲကျသွားရ သည်။

ရွှေလွှာနဒီ၏ လက်သံပြောင်သော ပေါက်ကွဲမှုကို ကြည့်ပြီး မဏိဇာနည်သဘောကျ ဖြုံးသွား၏။ သို့သော် မဲလုံး ခမျာ လက်စွမ်းပြခံရပေါင်းများနေပြီမို့ ဆက်လက် လက်စွမ်းပြမည် ပြင်နေသော ရွှေလွှာနဒီကို ဖျောင်းဖျရ၏။

"တဲပါ . . ညီမလေးရယ် . . . ဒေါသတွေကို ခဏသိမ်း ထားပါဦး . . တကယ်အပြစ်ရှိတဲ့ လူနဲ့တွေ့မှ စိတ်ရှိလက်ရှိ ပေါက်ကွဲပစ်လိုက် . . ဟုတ်ပြီလား"





မဲလုံးလည်း မဏိဇာနည်၏ စကားကြောင့် စိတ်သက်သာ ရာ ရသလိုဖြစ်ပြီး ထားရင်နေ သတ်ရင်လည်း သေရမည့် သနားစရာ မျက်နှာထားကို ပိုပိုသာသာ လုပ်ပြထား၏။

ရွှေလွှာနဒီကမူ မဏိဇာနည် တားသဖြင့်သာ စိတ်လျှော့ လိုက်ရသော်လည်း သိပ်ပြီး ကျေနပ်သေးဟန်မတူ၊ မိုက်ကြည့် ကြည့်ပြီး ခြိမ်းခြောက်သွားသေး၏။

"ဒီမယ် ရှင့်ဆရာ လူလိမ်လူညာကို အသေအချာပြောပြ လိုက် . . ကိုယ့်အမှားကို ကိုယ်ဝန်ခံပြီး ကျွန်မတို့ပေးတဲ့ အပြစ် ကို ခံယူမယ်ဆိုရင် နည်းနည်း သက်သာမယ်လို့ . . ဒီလိုမှ မဟုတ်ရင်တော့ သူ့ပါးစပ်ထဲက သွားတွေ အကုန်လုံး ဘုရားဖူး ထွက်သွားရမယ် မှတ်လို့"

"ဟုတ် . . ဟုတ်ကဲ့ ကျွန်တော် သေသေချာချာ ပြောပြ လိုက်ပါ့မယ်"

မဲလုံး နောက်သို့ပင် ရွှေ့ဆုတ်ရင်း တလေးတစား စကား ပြန်၏။

မေဇော်နှင့်ယုလည်း-

"ဟုတ်တယ် . . နဒီပြောသလိုပဲ . . ရှင့်ဆရာကို ပြန်ပြော ပြလိုက်ပါ . . ဒါပဲ"

"ဟုတ် . . ဟုတ်ကဲ့ စိတ်ချပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မဲလုံးထံမှ တတ်ပေးစကားကို ကြားကာမှ မဏိဖာနည်
ယည်း ကျေနပ်သွားဟန်ဖြင့် . .

"လာ . . ညီမလေး . . မမတို့ သွားကြရအောင် ပြီး
တစ်ခေါက်ပြန်လာမယ်"

ဟုဆိုကာ ရွှေလွှာနဒီ လက်ကို ဆွဲပြီး ပြန်လည်ထွက်ခွာ
သွား၏။

မဲလုံးလည်း တိုအခါမှ တံခါးကို ပြေးပိတ်ပြီးနောက်
မဖိုးပိုင်းစိုးဇေကို မေတ္တာပို့နေလေတော့သည်။







## အခန်း (၂၆)

"တလင် . . တလင်"

ကျွန်တော့် လက်ထဲမှ ဟန်းဒ်ဖုန်းနံပါတ်လေးများအား
နှိပ်ပြီး အိမ်မှာရှိနေသော မဲလုံးဆီ ဖုန်းလှမ်းခေါ်လိုက်သည်။

"ဟဲလို . . အမိန့်ရှိပါခင်ဗျား"

မဲလုံးဆီမှ တယ်လီဖုန်း ထူးသံကြားသည်နှင့် ကျွန်တော်
လိုရာကို ပြောရတော့သည်။

"မဲလုံးရေ ငါပါကွ"

"ဟား . . အာစရိ ဖုန်းကို ကျွန်တော် ခေါ်နေတာ ကြာလှ
ပြီး. . ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ ဒီမှာ ကျွန်တော်တော့
ပြဿနာတွေ လှိမ့်တက်နေပြီ"

"မင်း ပြဿနာတွေကို ခဏထားဦး လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကား အုံနာဘုတ်ယူပြီး ကျောက်မြောင်း ကျွားကွက်သစ် လမ်းထဲကိုလိုက်ခဲ့ ဒီမှာ ငါ့ကားရောင်းထွက်သွားပြီ စာချုပ်ချုပ်တော့မလို့”

“ဟာ. . အာစရိ ကျွန်တော် ထွက်လာလို့မဖြစ်ဘူး ထင်တယ်”

မဲလုံးစကားကြောင့် ကျွန်တော်နည်းနည်း တင်းသွား၏။ ထို့ကြောင့် ဒေါသသံဖြင့်

“ဘာကွ. . မင်းဘာကြောင့် ထွက်မလာနိုင်ရတာလဲ. . ဘာလဲ ငါကိုယ်တိုင် လာယူရမှာလား”

“အာစရိလည်းလာလို့ မဖြစ်ဘူး”

“ဟိတ်ကောင် စကားကို ရှင်းရှင်းပြောစမ်း ဘာတွေ ဖြစ်နေလို့လဲ”

“ဖြစ်တာမှ တကယ့်အကြီးကြီးတွေ အိမ်ပေါ် ကျွားတက်တာထက်တောင် ဆိုးသေးတယ်”

“ဟိတ်ကောင် လိုရင်းပြောစမ်းကွာ . . လေလျှောက်ရှည်မနေနဲ့”

“လိုရင်းတိုရှင်း ပြောရရင်တော့ ဒီနေ့ နေလယ်ပိုင်းလောက်တုန်းက ဘရဏီရယ် ဆုမြတ်ဝတီရယ် မဏိဇာနည်ရယ် အမည်မသိ အမျိုးသမီးနှစ်ဦးရယ် အိမ်ရောက်လာကြတယ်”





“ဟာ. . ဟုတ်လား. . သူတို့ချင်းရော တွေ့သွားကြသေးလား”

“တွေ့သွားရုံလောက်ဆို မပြောဘူး . . အခုဟာက အားလုံး အတူတကွ ညီညွတ်စုစည်းစွာ ချီတက်လာကြတာ”

“ဟော့ . . သူ . . သူတို့ချင်းက ဘယ်လိုက ဘယ်လို ပေါင်းမိသွားကြတာလဲ”

“ဒါတော့ ကျွန်တော်လည်း မမေးလိုက်မိဘူး. . အာစရိ သိချင်ရင် ကျွန်တော် သွားမေးပေးမယ်လေ. . သူတို့ အခုအထိ အိမ်ရှေ့မှာ ရှိသေးတယ်. . အိမ်ထဲကိုလည်း မှန်ဘီလူးနဲ့ မျက်ခြည်မပြတ်ကြည့်နေတယ်”

“ဟော . . အဲလောက်တောင်ပဲလား”

“အဲဒီထက်တောင်ပိုသေးတယ် . . ကျွန်တော့်ကိုတောင် စစ်ယောက်တစ်ချက် ဝိုင်းပြီး ဆုံးမထားလို့ ကျွန်တော့်ခမျာ အားခန်းသွားပြချင်တာတောင် သူတို့နဲ့ ထပ်ဆုံပြီး ထပ်မံဆုံးမခံရမှာကြောက်လို့ အိမ်ထဲက အိမ်ပြင်မထွက်ရဲဘူး”

“ဟော . . အဲလောက်တောင်ပဲလား”

“အဲဒီထက်တောင် ပိုသေး. . သေး”

“အေးလေ ဘာပဲဖြစ်ဖြစ် . . သူတို့ (၄)ယောက်ဖြစ်မှန်တွေ သိသွားပေမယ့် ရွှေလှာနဒီနဲ့ နွေးနွေးနေခြည်



www.burmeseclassic.com

www.burmeseclassic.com



တို့က မသိသေးလို့တော်သေးတာပေါ့"

"မတော်ဘူး အာစရိ မတော်ဘူး . . နွေးနွေးနေခြည်နဲ့ ရွှေလှနဒီလည်း ခုနလေးကပဲ အတူတကွ ရောက်လာကြပြီး ကျွန်တော့်ကိုတောင် သမသွားသေးတယ်"

"ဟေ . . သူတို့နှစ်ယောက်ကရော ဘယ်လိုဘယ်ထို... ပေါင်းစုမိသွားကြတာလဲ"

"အဲဒါလည်း ကျွန်တော် မမေးလိုက်ရဘူး . . အာစရိ သိ ချင်ရင် ကျွန်တော် သွားမေးလိုက်မယ်လေ . . သူတို့လည်း အိမ်ရှေ့မှာပဲ ရှိသေးတယ်၊ တစ်ခုတော့ ရှိတယ် . . ကျွန်တော် သူတို့ဆီ သွားဖို့အတွက် ကျွန်တော့်အတွက် သံခေါင်းစွပ်တစ်... နဲ့ သံချပ်ကာအင်္ကျီတစ်ထည်တော့ အရင်ပို့ပေးလိုက်ပါဦး . . နို့ မို့ ကျွန်တော် အခါမတိုင်ခင် ခန္ဓာကြွေမယ့်ကိန်း ဆိုက်ရ... လိမ့်မယ်"

"ဟင် . . ဒါ . . ဒါဆို နဒီတို့ နွေးတို့နဲ့ ဆုမြတ်ဝတီ... လေးယောက်ဆုံမိသွားကြပြီလား"

"သေချာတာပေါ့ အာစရိရယ် . . အခုလောက်ဆို... သူတို့ အချင်းချင်းတစ်ယောက်အကြောင်းတစ်ယောက် ရင်... ပြီး မင်းပိုင်စိုးဇေဆိုတဲ့ ဒသဂီရိလိုလူရဲ့ ခေါင်းဆယ်လုံး... တစ်လုံးမကျန် အစိတ်စိတ်အမြွာမြွာ ရိုက်ခွဲဖို့ ဗျူဟာတွေ ...





...ဦးလောက်ရောပေါ့"

"ဟိုက် . . မလွယ်ကြောပါပဲလား"

"သေချာတာပေါ့ . . အာစရိရယ် . . ကျွန်တော်တောင် ...ရာပါဆိုပြီး ဝိုင်းတွယ်ထားတာ ဘယ်လို ခံစားရတယ်ဆိုတာ ...ကြည့်စေချင်တယ် . . ကာယကံရှင်ဖြစ်တဲ့ အာစရိဆိုရင် ...ာ့ တွေးတောင် မတွေးဝံ့တော့ဘူး"

...မဲလုံး၏ ညိုမဲဖူးရောင်နေသော မျက်နှာကို မြင်ယောင် ...ကြည့်မိပြီး . . ကျွန်တော့် ရှေ့ရေးအတွက် ကျွန်တော် ရင်လေး ...းသည်။

"ဪ . . အစ်ကိုလေး . . ဒီနေ့မနက်ကပဲ မြတ်ရွှေအိမ် ...ည် ဖုန်းဆက်တယ် သူ ရန်ကုန်ရောက်နေပြီတဲ့ . . အဲဒါနဲ့ ...န်တော်လည်း အစ်ကိုလေးရဲ့ ဟန်းဒ်ဖုန်းနံပါတ် ပေးလိုက် ...ယ်"

"ဟုတ်တယ် . . ငါနဲ့ ဖုန်းရပြီးပြီ . . ဒီနေ့ညနေတောင် ...တို ညစာလိုက်ကျွေးရဦးမယ်"

"...ကြည့်လည်း လုပ်ဦးနော် အာစရိ . . တော်ကြာ မဟာ ...သူအချစ်တော်ကြီးများနဲ့ သွားတိုးနေလို့ ဒုက္ခများနေ ...မယ်"

"စိတ်ချပါကွာ . . ငါ့မှာ လက်ဆုပ်လက်ကိုင် မြစရာဆို



www.burmeseclassic.com

www.burmeseclassic.com



လို့ မြတ်ရွှေအိမ်စည်ဆိုတဲ့ ချစ်သူလေးတစ်ယောက်ပဲ တွေ့တာပဲဟာ"

"အင်း . . အဲဒီတစ်ယောက်ကိုလည်း မျက်နှာပျက်အော မလုပ်မိစေနဲ့ဦး . . သူနဲ့မှ မျက်နှာပျက်ရပြီဆိုရင် . . အစ် လေး မိဘတွေနဲ့ရော အစ်ကိုလေးရဲ့ အစ်ကို မင်းအုပ်စိုး မျက်နှာပျက်ကြရမှာ . . နောက်ပြီး သူ့ရဲ့ မိဘတွေနဲ့ပါ မျက် ဆက်ပျက်ကြရမှာ"

"ငါသိပါတယ် မဲလုံးရာ . . ငါ့ကို ဆရာ မလုပ်စမ်းပါ အရေးကြီးတာ ငါ့မှာ ငါ့ကို ပေါက်ကွဲပြီး လိုက်ရှာကြတဲ့ ချစ် တွေရှိနေသေးတယ်ဆိုတာကို မြတ်မသိဖို့ပဲ၊ ဒီတော့ မင်းကလည်း ငါ့ကို ဝင်ကူညီပေးဦး"

"စိတ်ချ အာစရိ . . စိတ်ချ . . မဲလုံးရှိသမျှ ဝင့်တွေ ဒီဘဝမှာတင် အကုန်ဆပ်မယ် . . ဒါပေမယ့် မဲလုံးအတွ အသက်အာမခံကြေးလေးတော့ သွင်းထားပေးပါ အာ ရယ်"

"ရှီးတဲ့မှပဲ . . မင်းကလည်း အရေးထဲမှာ"

"အရေးထဲမှာလည်း အရေးကြီးစကား ပြောရတာ အာစရိ . . မဲလုံးနောက်မှာ မဲလုံးကို မှီခိုနေရတဲ့ မိဘညီအစ် မောင်နှမတွေ ရှိသေးတယ်လေ"





"တဲ . . တဲတော်ပြီ၊ မင်းနဲ့ စကားရှည်နေရတာနဲ့ အချိန်ကုန်တယ် ငါ . . ဖုန်းပိတ်လိုက်တော့မယ်"

"ဟာ . . အာစရိ အုံနာဘုတ်ကိစ္စ ဘယ်လို လုပ်မလဲ"

"ကိစ္စမရှိဘူး . . ငါထွန်းထွန်းကို လာယူခိုင်း လိုက်တော့မယ်"

ကျွန်တော် စကားဆုံးသည်နှင့် ဖုန်းပိတ်လိုက်ပြီး တစ်သက်နှင့်တစ်ကိုယ် မရှိုက်ဖူးသော သက်ပြင်းတွေကို တွင်တွင်သာ ရှိုက်မိတော့သည်။

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၇)

"မြတ် ဘာစားမှာလဲ ကြိုက်တာမှာလေ"

"ဟင့်အင်း . ကိုလေး ကြိုက်တာမှာ . . ကိုလေးမှာ မြတ်စားမှာပဲ"

ကျွန်တော် မီးနူးကို လှမ်းဆွဲယူပြီး သင့်လျော်ရာ ဖွယ်သောက်ဖွယ်များမှာကြားလိုက်သည်။

ကျွန်တော်နှင့်မြတ် အဆင့်မြင့် စားသောက်ဆိုင် တစ်ဆိုင်မှာ ရောက်ရှိနေကြခြင်းဖြစ်သည်။ မြတ်က ဆိုင် သေသပ်သော အခင်းအကျင်းကို လိုက်ကြည့်နေ ကျွန်တော်က မြတ်၏ မျက်နှာလေးကို အားမနာတမ်း နေမိသည်။

မြတ်လည်း သူမကို ကျွန်တော် တစူးစိုက်စိုက်ကြည့်





သည်မှန်းရိပ်မိလျှင် . . .

"ဟိတ် . . ကိုလေး . . အဲဒီလိုကြီး ကြည့်မနေနဲ့ကွာ . . မြတ်မနေတတ်ဘူး"

ဟူ၍ ရှက်ပြုံးလေး ဖော်ကျူးရင်းဆိုသော်လည်း ကျွန်တော်က မျက်နှာကို လွှဲဖယ်ခြင်း အလျဉ်းမရှိဘဲ ကြည့်မြဲ ကြည့်နေ၏။

"ကိုလေး . . အဲလိုကြီး စိုက်ကြည့်မနေနဲ့လို့ ပြောနေတယ်လေကွာ. . မြတ် မနေတတ်ပါဘူးဆို"

"တစ်နေ့ထက် ပိုလှလှလာတဲ့ မြတ်ကို ဘယ်လိုကြည့်ကြည့်. . ကြည့်လို့မှ မဝနိုင်တာ. . အဲဒီတော့ ကြည့်မိတဲ့ သူမှာ အပြစ်ရှိလား. . မကြည့်ဘဲ နေလို့မရအောင် လှတဲ့သူမှာ အပြစ်ရှိလားဆိုတာ မြတ်ပဲ ဖြေပေးပါဦး"

"သွားပါ. . လူချင်းတွေ့မှပဲ လျှောက်ပြောနေတယ်. . မြတ်မန္တလေးမှာ ရှိတုန်းကတော့ ဖုန်းလေးတစ်ချက် ဆက်ဖို့တောင် သတိမရဘဲနဲ့"

"ဩော်. . မြတ်ရယ်. . ဖုန်းမဆက်ဖြစ်ပေမယ့်. . ကိုလေးစိတ်ကတော့ မန္တလာသူ ညိုချောလေးဆီကို စက္ကန့်မလပ် ရောက်နေရတာပါ"

"သွားပါ . . အပိုတွေ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ မြတ်ရယ်. . မြတ်နဲ့ ကိုလေးတို့ရဲ့ ဘဝရှေ့ရေးအတွက် ဒီမှာ အလုပ်တွေကို အပြတ်ကြိုးစား လုပ်နေလို့လည်း မြတ်ဆီကို အချိန်မှန်မှန် ဖုန်းမဆက်နိုင်တာပါ. . ကိုလေးဆက်တော့လည်း မြတ်နဲ့က လွဲနေတာက များနေတာကိုး"

"မသိပါဘူး . . နံဘေးနားမှာ ရန်တုန်သူ အချောအလှလေးတွေ ရှိနေလို့ မြတ်ကိုများ သတိမရတာလားလို့"

"ကိုလေးရဲ့ အဖော်အဖြစ် ကိုလေးရဲ့ နံဘေးမှာ မြတ်ကလွဲလို့ ဘယ်မိန်းကလေးကိုမှ နေရာမပေးထားဘူးဆိုတာ အသေအချာ ယုံလိုက်စမ်းပါ မြတ်ရယ်"

မြတ်ကျေနပ်စွာ ပြုံးပြီး ကျွန်တော့်ကို မြတ်နိုးစွာ ကြည့်၏။ ထိုအချိန်မှာပင် စားသောက်ဖွယ်ရာများကို ယူဆောင်လာသော စားပွဲထိုးလေးရောက်လာလို့ ခေတ္တပြတ်သွားရသည်။

ကျွန်တော် မြတ်ရွှေအိမ်စည်၏ ပန်းကန်ထဲ ဟင်းလျာများ ခပ်ထည့်ပေးရင်း

"ဒါနဲ့ ဒက်ဒီတို့ မာမီတို့က ကိုလေးကို ဘာများမှာလိုက်သေးလဲ"

"မှာတာတွေကတော့ အများကြီးပဲ၊ မှာတာတွေထဲမှာ အရေးကြီးဆုံးက ကိုလေးနဲ့ မြတ်ကိစ္စပဲ"





"ကိုလေးနဲ့ မြတ်ကိစ္စဟုတ်လား"

"အင်းလေ . . ကိုလေးနဲ့ မြတ်တို့ရဲ့ မင်္ဂလာကိစ္စကို မြတ်တို့ လူငယ်ချင်း ပြီးပြတ်အောင် ဆွေးနွေးခဲ့ပါတဲ့၊ ဖြစ်နိုင်ရင် လတ်ထပ်ထိမ်းမြားမယ့် ရက်ကိုပါ တစ်ခါတည်း သတ်မှတ်ခဲ့ပါတဲ့၊ အမြန်ဆုံး မင်္ဂလာဆောင်ပေးချင်ပြီတဲ့"

"ဟင် . . ဟုတ်လို့လား"

"ဘာရယ် ကိုလေး . . ဟုတ်လို့လားဆိုတဲ့ စကားက ဘာစကားလဲ"

ကျွန်တော့်နှုတ်မှ လွှတ်ခနဲ ရေရွတ်မိသော စကားအမှားကြောင့် မြတ်ရွှေအိမ်စည် တင်းသွားဟန်တူပါသည်။ ကျွန်တော့်ထံမှ ဖြေရှင်းချက်ကို တောင်းသည့် အနေဖြင့် ကျွန်တော့်ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေ၏။ ထို့ကြောင့် ကျွန်တော်လည်း ကျွန်တော့်အမှားကို ဖျာဖျာသလဲ ဖာထေးရ၏။

"ဪ . . ကိုလေးဆိုလိုတာက ဒီလိုပါ . . ကိုလေး ကိုယ်တိုင်ရှာဖွေစုဆောင်းလို့ရတဲ့ ငွေကြေးမနနဲ့ပဲ မြတ်ကို ထိုက်ထိုက်တန်တန် တင်တောင်းပြီး မင်္ဂလာပွဲကိုလည်း ခမ်းခမ်းနားနား ကျင်းပချင်လို့ပါ . . ပြီးတော့ မြတ်ကိုလည်း တစ်သက်လုံး လိုလေသေးမရှိအောင် ထားသွားချင်တဲ့ စိတ်တလည်း ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ . . လောလောဆယ်တော့ ကိုလေးမှန်းထားတဲ့ အတိုင်းအတာကို မရောက်သေးဘူးလေ . . အဲဒါကြောင့်ပါ”

ကျွန်တော့် အလျှောက်ကောင်းမှုကြောင့် မြတ် ကျေနပ်သွားသယောင်ရှိသော်လည်း စကားကိုတော့ အထွန့်တက်မြဲတက်သေးသည်။

“ဘာလဲ ကိုလေးက ဘီလ်ဂိတ်လောက် ချမ်းသာလာမှ မြတ်ကို လက်ထပ်မှာလား”

“ဟုတ်တယ် . . ဖြစ်နိုင်ရင်တော့ ဘီလ်ဂိတ်လောက် ချမ်းသာလာအောင်ကို ကြိုးစားပြချင်သေးတယ်”

“ကဲပါ . . ကိုလေးရယ် . . အဲဒီလောက်ကြီးလည်း လောဘမကြီးပါနဲ့ . . ကိုလေး မြတ်ကို တကယ်ချစ်တယ်ဆိုရင် ပြီးတာပါပဲ . . ကျန်တာတွေက အရေးမကြီးပါဘူး”

“တကယ်ချစ်တာတော့ ချစ်တာပေါ့ မြတ်ရယ် . . ဒါပေမယ့် ဘဝတစ်ခု ထူထောင်ပြီဆိုရင်တော့ . . တော့”

“ဒီမယ် ကိုလေး . . မြတ်နဲ့ကိုလေး လက်ထပ်မယ့် အရေးမှာ ဘာစီးပွားရေးကိစ္စမှ ထည့်မပြောနဲ့တော့ . . မြတ်မိဘတွေကိုယ်တိုင်က မန္တလေးမှာ နာမည်ကြီး ကျောက်မျက်ရတနာကုန်သည်တွေ၊ ပြီးတော့ မြတ်ကိုယ်တိုင်လည်း အောင်မြင်တဲ့ ရွှေဆိုင်ကြီး တစ်ဆိုင်ရဲ့ ပိုင်ရှင်၊ ဒီတော့ မြတ်နဲ့ကိုလေး အခ





တထား ဆွေးနွေးရမှာက ဘယ်နေ့ လက်ထပ်ကြမှာလဲဆိုတာပဲ”

မြတ်ရွှေအိမ်စည်၏ စကားကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဟုတ်တော့လည်း ဟုတ်သည်၊ ကျွန်တော်ကသာ လတ်တလော မိန်းမ ယူချင်စိတ်မရှိသေးတာကြောင့် ဟိုဒီလျှောက်ပြောရင်း ရှောင်ဖို့ကြိုးစားနေခြင်းသာ ဖြစ်သည်။ ငွေကြေးအားဖြင့် သူ့ဘက်ရော ကျွန်တော့်ဘက်ပါ ပူပန်စရာရှိသည်မဟုတ် ဆိုပေမယ့် သိသည်မဟုတ်လား . . ကျွန်တော်ပဲလေ။

“မြတ်ပြောတာကို ကိုလေး လက်ခံပါတယ်၊ ဒါပေမယ့် မြတ်တစ်ခု စဉ်းစားဖို့က မြတ်နဲ့ ကိုလေး လက်ထပ်ပြီးရင် မန္တလေးမှာ နေမလား . . ရန်ကုန်မှာ နေကြမလား ဆိုတာပဲ . . ဘာကြောင့် ကိုလေး ဒီစကားပြောရတာလဲဆိုတော့ . . မြတ်ရဲ့ စီးပွားရေး လုပ်ငန်းက မန္တလေးမှာ အခြေခိုင်နေပြီဖြစ်လို့ ရန်ကုန်မှာ ပြောင်းရွှေ့လုပ်ကိုင်ဖို့ ချက်ချင်း မလွယ်ကူနိုင်သလို ကိုလေးရဲ့ စီးပွားရေး လုပ်ငန်းက လည်း ရန်ကုန်မှာပဲ အခြေချနေပြီဆိုတော့ မန္တလေး မှာဆိုရင် ကိုလေးဘာမှ လုပ်တတ်ကိုင်တတ်မယ် မထင်ဘူး”

“ဒီအတွက် မပူပါနဲ့ ကိုလေးရယ် . . ကိုကြီး လည်း မမနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျပြီးတဲ့နောက် မန္တလေးမှာပဲ မမနဲ့အတူ ရွှေဆိုင်တစ်ဆိုင်ကို ဦးစီးလုပ်ကိုင်နေတာမို့ ဖြောင့်လို့. . အခုဆိုရင် မန္တလေးမှ မန္တလေးပဲ. . ဘယ်မှသွားခိုင်းလို့တောင် မရတော့ဘူး"

ကျွန်တော် ဆင်ခြေတက်စရာ စကား ရှားသွားရ ပြန်သည်။ ကျွန်တော့အစ်ကို မင်းအုပ်စိုးဇေကို မြတ်တို့ ညီအစ်မက ကိုကြီးဟုခေါ်ပြီး ကျွန်တော့်ကို ကိုလေးဟု ခေါ်ကြသည်။

ကျွန်တော့် မိဘများ တိုင်းအဆင့် ဌာနဆိုင်ရာ အရာရှိအဖြစ် မန္တလေးသို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရာမှ မြတ်ရွှေအိမ်စည်၏ မိဘများနှင့် ရင်းနှီးခင်မင်မိကြသလို မြတ်ရွှေအိမ်စည်၏အစ်မ မြတ်ငွေအိမ်စည်နှင့် ကျွန်တော့် အစ်ကို မင်းအုပ်စိုးဇေတို့လည်း အကြောင်းပါသွားကြသည်။ အဆစ်အနေဖြင့် မြတ်ရွှေအိမ်စည်နှင့် ကျွန်တော်လည်း ချစ်သူတွေ ဖြစ်သွားကြသည်၊ ထိုအရေးကို အမြန်ဆုံး လက်ထပ်ပေးချင်နေကြ၏။ ခက်သည်က ကျွန်တော် အိမ်ထောင်သည် မဖြစ်လိုသေး၊ သည်လိုပဲ ပေါ့ပါးစွာနေလိုသေးသည်။

"မြတ်ပြောတာလည်း ဟုတ်ပါတယ်. . ခက်တာက ကိုလေးက ရွှေတို့ ကျောက်မျက်ရတနာတို့ အကြောင်းကို နား





လည်းမလည်ဘူး . . ပွင့်ပွင့်လင်းလင်း ပြောရရင် စိတ်လည်း မဝင်စားဘူး ဖြစ်နေတယ်"

"ကိစ္စမရှိပါဘူး. . ဒါကို စိတ်မဝင်စားလည်း အခြားစိတ်ဝင်စားစရာ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိပါတယ်. . ကိုလေး လုပ်ချင်တဲ့ စီးပွားရေး လုပ်ငန်းတွေ့ရင်သာပြော. . မြတ်ဆီမှာ ရှိသမျှ ပုံအော့ပေးလိုက်မယ်"

"အင်း မြတ်ဆီက ဒီစကားကြားရတာ အားရစရာပဲ . . ဒါပေမယ့် ခက်တာက . . ကိုလေးက ကားဝယ်ရောင်းပဲ လုပ်တတ်တာ . . ကားဝယ်ရောင်း အလုပ်ကျတော့လည်း အခြားနေရာတွေမှာထက် ရန်ကုန်မှာက ပိုအဆင်ပြေသလားလို့ပါ"

"ကိုလေး စိတ်မဆိုးနဲ့နော် မြတ် မြတ်ရဲ့ အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောမယ်"

"ပြောပါ မြတ်ရဲ့ ချစ်သူချင်းတွေပဲ စကားပလ္လင်ခံစရာ မလိုပါဘူး"

"ကောင်းပြီ၊ ဒါဆိုရင် မြတ်ပြောမယ်. . ကားဝယ်ရောင်း လုပ်တယ် ကားပွဲစားလုပ်တယ်ဆိုတာ စီးပွားရေးလုပ်ငန်း တစ်ခု မဟုတ်ဘူးလို့ မြတ်နားလည်ထားတယ်. . ဒါပေမယ့် ဒါကိုပဲ ကိုလေးက လုပ်ချင်တယ်ဆိုရင်လည်း မန္တလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်းပဲ သူ့နည်းသူ့ဟန်နဲ့ လုပ်လို့ဖြစ်နေတယ်"

"မြတ်ပြောတာလည်း သဘာဝကျပါတယ်၊ ဒါပေမယ့်"

"ခဏလေး. . ကိုလေး. . မြတ်စကားမဆုံးသေးဘူး"

မြတ်၏ ဟန်တားမှုကြောင့် ကျွန်တော် ပြောလိုရာ ဆက်မပြောနိုင်ဘဲ မြတ်ဆက်ပြောမည့် စကားကိုသာ နားစွင့်ထားရသည်။

"အခု မြတ်ရန်ကုန်ကို လာတာအကြောင်းနှစ်ရပ်ရှိတယ်၊ ပထမတစ်ရပ်က ရန်ကုန်မှာ ဆိုင်ခွဲဖွင့်ရင် ဘယ်လိုနေမလဲဆိုတာ ယှာလေ့လာတာ၊ အိုကေရင်လည်း ရန်ကုန်မှာနေမယ် ဒုတိယ တစ်ရပ်က ကိုလေးအခြေအနေကို လာလေ့လာတာ"

"ကိုလေး အခြေအနေကို လာလေ့လာတာ . . ဟုတ်လား"

"ဟုတ်တယ် . . မြတ်ရဲ့ မိဘတွေနဲ့ ကိုလေးရဲ့ မိဘတွေက မြတ်တို့ရဲ့ လက်ထပ်မင်္ဂလာရက်ကို သတ်မှတ်တော့မယ် လုပ်နေလို့ မြတ်က ခဏနေပါဦး မြတ်ကိုယ်တိုင် ကိုလေးနဲ့ အသေအချာ ဆွေးနွေးပါရစေဦး. . နှစ်ဦးနှစ်ဘက် သဘောထားတိုက်ဆိုင်မှ စီစဉ်ကြပါဆိုပြီး ပြောခဲ့တာ"

"ဪ . . မြတ်ရယ် . . မြတ်နဲ့ကိုလေးကြား သဘောထားမတိုက်ဆိုင်ဆိုလို့ မရှိနိုင်ဘူးလို့ ထင်ပါတယ်"

"မြတ်လည်း အဲလို နားလည်ထားပါတယ် . . ဒါပေမယ့်





မြတ်စိုးရိမ်တာက . . ကိုလေးမှာ မြတ်ထက်ချစ်ရမယ့်သူများ ရှိနေပြီလားဆိုတာပါ"

"ကိုလေး ပြောပြီးပါပကော . . ကိုလေးရဲ့ တစ်ဦးတည်းသော ဘဝရဲ့အဖော်ဟာ မြတ်ပါလို့ . . ကိုလေး မြတ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မြတ်သိပါတယ် . . အထူးသဖြင့် မြတ်ရဲ့ ဆံပင်ကို အခုလို ခေတ်ဆန်ဆန် ဆံထုံး ထုံးထားတတ်တဲ့စတိုင်လေးကို ကိုလေး ဘယ်လောက် မြတ်နိုးတယ်ဆိုတာ မြတ်သိပါတယ်"

မြတ်ရွှေအိမ်စည် ကြည်နူးစွာ ပြုံးရင်း ကျွန်တော့်ကို ကြည့်၏၊ ပြီးမှ. . .

"မြတ် . . ကိုလေးကို ယုံပါတယ် . . ယုံလို့လည်း ကိုလေးအချစ်ကို လက်ခံခဲ့တာပါ"

"ဒီအတွက် မြတ်ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တာ နောက်မှတင်လည်းရတယ်. . အခု အရေးပြုးတာက ကိုလေးနဲ့ မြတ် ဘယ်တော့လောက် လက်ထပ်ကြမလဲ ဆိုတာပဲ"

သည်စကားက ပြန်ရောက်လာပြန်ပြီး ရှောင်လွှဲလို့ မရနိုင်ပြီမှန်း သိသဖြင့် ကျွန်တော်လည်း အရေးတယူ စဉ်းစားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ စားပွဲခုံကို လက်သည်းဖြင့်

www.burmeseclassic.com



တဒေါက်ဒေါက် ခေါက်နေလိုက်သည်။

မြတ်ရွှေအိမ်စည်ကလည်း ကျွန်တော့် အခြေအနေကို ရိုး မိဟန်ဖြင့် ကျွန်တော် မတိမ်းသာအောင် ဖိအားဆက်ပေး၏။

"ကိုကြီးကတောင် မှာလိုက်သေးတယ် . . မြတ် မနွှယေး ပြန်လာရင် ကိုလေးကိုပါ အပါခေါ်ခဲ့တဲ့ . . အဲလိုမှ မဟုတ် ရင် သူကိုယ်တိုင် ရန်ကုန်လိုက်လာရလိမ့်မယ်တဲ့"

"ဟင် . . လိုတ် . . လိုက်လာကြပြီ ဒုက္ခပါပဲ"

ကျွန်တော် မြတ်ကို စကားမပြန်ခင် ဆိုင်တံခါးဝတို့ အမှတ်တမဲ့ ဝေ့ကြည့်မိရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် ထိတ်လန့်တကြား ဖြစ်သွားရသည်။ ဟုတ်သည် တွေ့ရာ သချိုင်း မားမဆိုင်းဟု ဟစ်ကြွေးပြီး ကျွန်တော့်ကို ရှာပုံတော် ဖွင့်နေကြသော ကျွန်တော်၏ ချစ်သူများ . .

"ဘာဖြစ်တယ် ကိုလေး . . ကိုကြီး ရန်ကုန်လိုက်လာမယ် ပြောတာနဲ့ပဲ ဘာကြောင့် ဒီလောက်တောင် ထိတ်လန့်တကြား ဖြစ်သွားရတာလဲ ရှင်းရှင်းပြောပါ . . ကိုလေး မြတ်နဲ့ လတ် မထပ်ချင်ဘူး မဟုတ်လား"

ကျွန်တော် ရေရွှတ်မှုကို မြတ်ရွှေအိမ်စည် အတွေးတစ်မျိုး ပေါက်သွားပြီး ရန်စကားပြော၏။

ကျွန်တော်လည်း ကျွန်တော့် ခန္ဓာကိုယ်ကို မြတ်ရွှေအိမ်





စည် မသိမသာကွယ်ပြီး ရှင်းပြရသည်။

"မြတ် . . ကိုလေး ပြောတာ သေချာနားထောင် . . သူတို့ တို့ သွားမကြည့်မိစေနဲ့နော် . . အခုလို ပုံမှန်အတိုင်းပဲနေ'

"ဟင် . . ဘာ . . ဘာဖြစ်လို့လဲ"

"အခု ဆိုင်ထဲကို ယဉ်ယဉ်လေးရှူနေတဲ့ မိန်းတလေးတွေ ဝင်လာပြီ"

"ဟယ် . . ဒုက္ခပါပဲ . . ဘယ်လိုလုပ်ကြမလဲ"

"ပြဿနာမရှိဘူး ကိုလေးပြောတဲ့ အတိုင်းသာနေ . . သူတို့က သူတို့ကိုယ်သူတို့ ဟိုးအတိတ်ဘဝတုန်းက ကိုလေးရဲ့ မိဖုရားတွေလို့ စိတ်စွဲပြီး ကိုလေးနောက်ကို တကောက် ကောက် လိုက်နေကြတယ်"

"ဟင်း . . တကယ် . . တကယ်"

"အဲဒါ ကိုလေးက လက်မခံလို့ ပေါက်ကွဲပြီး သတ်မယ် ဖြတ်မယ် တကဲကဲ လုပ်နေကြတာ"

"ဟင် . . ဒါ . . ဒါဆို မြန်မြန်ထွက်ပြေးကြရအောင်လေ"

"ပြေးဖို့ အချိန်မမီတော့ဘူး ပုန်းမှပဲရတော့မယ်"

"အင်း . . ဒါဆို မြတ်လည်း ကိုလေးနဲ့အတူ လိုက်ပုန်းမယ်"

"မြတ် ပုန်းစရာမလိုဘူး သူတို့ အလိုရှိနေတာက ကိုလေး"

ကျွန်တော် မြတ်ကို စကားတိုးတိုးဆိုရင်း ပုန်းစရာနေရာ



www.burmeseclassic.com

www.burmeseclassic.com



ရှာသော်လည်း မတွေ့။ ယခု ထ,ပြေးလို့လည်း ဖြစ်မည်မဟေ

သူတို့ အဆိုင်း လျှောက်လှမ်းလာချိန်မှာတော့ ကျွန်မေ ပုန်းစရာနေရာတစ်ခု တွေ့သွား၏။ အခြားတော့မဟု ကျွန်တော်နှင့် မြတ်မွှေးအိမ်စည် စားသောက်နေသော စ ဝိုင်းကြီး အောက်ပင်ဖြစ်သည်။ ထိုစားပွဲကို ခင်းထားသေ စားပွဲခင်းက စားပွဲအောက်ခြေအထိ ရှည်လျားသည်မို့ ထ ရှောင်ပုန်းဖို့ အဆင်ပြေနိုင်ကောင်းသည်။

ကျွန်တော့်ကို စိုးရိမ်စိတ်ဖြင့် လှည့်ကြည့်သော မြတ် အိမ်စည်ကို ကျွန်တော့်နှုတ်ခမ်းတွင် လက်ညှိုးတစ်ချေ အချက်ပြပြီးနောက် စားပွဲခုံအောက်သို့ ထိုင်ခုံမှ လျှော ဝင်ရောက်လိုက်သည်။

ကျွန်တော် စားပွဲခုံအောက်မှာ ပုန်းတွယ်ပြီးလို့ ကြော မှာပင် ကျွန်တော်၏ ချစ်သူများလည်း အနားသို့ ရောက် ကြသည်ကို သတိထားမိသည်။

"ဟင် မတွေ့ပါလား . . ဒီဆိုင်ထဲမှာ ရောက်နေတယ် တာရော သေချာရဲ့လား"

ဆုမြတ်ဝတီ၏ အသံမှန်း ကျွန်တော် တန်းသိလိုက်သည်။

"သေချာပါတယ် . . တို့နောက်ယောင်ခံလိုက်ခိုင်းထား လူကိုယ်တိုင်က သတင်းပို့လိုက်တာပဲ"





ဒါကတော့ မဏီဇာနည်ရဲ့အသံ၊ မဏီဇာနည်ရဲ့ စကားကြောင့် ကျွန်တော်ဖြုံသွားရသည်။ ကျွန်တော့်ကို နောက်ယောင်ခံလိုက်နေတဲ့လူ ရှိပြီဆိုသော အသိက ကျွန်တော့်ကို ကျောမလုံသလို ခံစားစေရသည်။

"ဒါဆို သန့်စင်ခန်းထဲများ ရောက်နေသလား မသိဘူး"

ဘာရဏီ၏ ခန့်မှန်းပြောဆိုချက် . . .

"ဒါနဲ့ဆိုင်ရှေ့မှာ ရပ်ထားတဲ့ကားက သူ့ကားဆိုတာ သေချာရဲ့လား. . သူက ကားပွဲစားပီပီ ကားတစ်စီးပြီး တစ်စီး ပြောင်းစီးနေကျဆိုတော့လေ"

ဆုမြတ်ဝတီက ပိုမိုသေချာစေရန် မေးလိုက်မှန်း သိသာသည်။

"သေချာတယ်. . အခုလက်ရှိ သူစီးနေတဲ့ကားက ဆိုင်ရှေ့မှာ ရပ်ထားတဲ့ကားပဲ. . တို့ နောက်ယောင်ခံလိုက်ခိုင်းထားတဲ့လူက ကားအမျိုးအစားရော ကားနံပါတ်ပါ သေချာ သတင်းပေးထားတာ"

မဏီဇာနည်၏ အပိုင်နိုင်ဆုံးလေသံကို ကြားရပြန်သည်။

"ဒါနဲ့ မမဏီပြောတော့ . . သူနဲ့အတူ ကောင်မလေး ချောချောတစ်ယောက်လည်း ပါတယ်ဆို"

ရွှေလွှာနဒီထံမှ ထွက်ပေါ်လာသော စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အကြီးအကျယ် စိုးရိမ်သွားရသည်။ စားပွဲ
စားလက်စ စားပွဲနှစ်ပွဲနှင့် တစ်ယောက်တည်း ထိုင်နေ
မြတ်ရွှေအိမ်စည်ကို သူတို့ သတိ မကောင်းဖြစ်ကြတော့
မှန်း ကျွန်တော် နားလည်လိုက်သည်။

ကျွန်တော်တွေးလို့မှ မဆုံးခင်မှာပင် သူတို့ မြတ်ရွှေအိမ်
အနားသို့ ရောက်လာကြပြီမှန်း ရိပ်မိလိုက်သည်။

"ဒါနဲ့ . . ဒီက ညီမလေး မမတို့ကို တစ်ခုလောက်
ပေးပါလားဟင်"

မြတ်ရွှေအိမ်စည်ကို စကားစ,လာသော မဏိ
ကြောင့် ကျွန်တော် 'ဟိုက်'ခနဲ ဖြစ်သွားရသည်။ မြတ်ရွှေ
စည်သာ ကြောက်ကြောက်လန့်လန့်ဖြင့် ပြောမိပြောရာ
ထွက်ပါက ကျွန်တော့်မှာ ပြေးပေါက်မှား ရပေတော့

မြတ်ရွှေအိမ်စည် ကြောင်ပြီး မောကြည့်နေဆဲမှာ
မဏိဇာနည်ထံမှ စကားက ဆက်လက်ထွက်ပေါ်လာ

"ဟိုလေ . . ဒီဆိုင်ထဲမှာ အရပ်မနိမ့်မမြင့် အသား
နဲ့ ရုပ်ဖြောင့်ဖြောင့် ယောကျ်ားတစ်ယောက်ကိုများ သတိ
မိသလားလို့ပါ"

"ဟုတ် . . ဟုတ်တဲ့"

သွားပြီး မြတ်ရွှေအိမ်စည် အယောင်ယောင်အမှား





ပုံမျိုးနှင့်တော့ ကျွန်တော် ဒုက္ခရောက်ရတော့မည်။
ကျွန်တော့်မျက်နှာမှာ ဇောချွေးတွေတောင် ပြန်လာရသည်။
သူတို့ အားလုံး၏ မျက်လုံးများ အရောင်တောက်လာကြ
ည်မှာ သေချာသည်။ မဏိဇာနည် တက်ကြွအားရသော
သံဖြင့် ဆက်လက်စုံစမ်း၏။

"အို . . ဟုတ်လား . . အဲဒီလူ ဘယ် . . ဘယ်မှာလဲဟင်"

"ရှင်"

မြတ်ရွှေအိမ်စည်လည်း ယခုမှ မိမိအမှားကို မိမိ
သိထားမိသွားပြီး အချိန်မီ ပြန်လည်ဖာထေးရသည်။
ကျွန်တော့်မှာတော့ ရင်တထိတ်ထိတ်ရယ်၊

"ဟို . . ဟိုမှာ"

မြတ်ရွှေအိမ်စည် ညွှန်ပြရာသို့ အားလုံးချာခနဲ လှည့်ကြည့်
ပြီးနောက် အလိုမကျစကားသံများ ထွက်ပေါ်လာကြသည်။

"ဩော် . . ဟုတ်ပါရဲ့၊ အဲလေ မဟုတ်ပါဘူး . . အဲဒါ
ဆိုင်က စားပွဲထိုးပဲ"

"အေးလေ . . တို့က စားပွဲထိုးကို မေးတာမဟုတ်ဘူး . .
ဆိုင်မှာ လာစားတဲ့သူကို မေးတာ"

"ဒုက္ခပါပဲ . . သူလုပ်ပုံနဲ့ ခုတ်ရာတလွဲ ရှရာတစ်ခြား
တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြတ်ရွှေအိမ်စည်၏ ဖြတ်ထိုးဉာဏ်ကောင်းမှု ကြောင့် အနည်းငယ် စိတ်သက်သာရာရသွားသည်။

သို့ပေမယ့် မိကျောင်း၏ သမီးဖြစ်သော မဏိဇာနည် စကားရှည်မှုကြောင့် ကျွန်တော် ပူပန်လာပြန်သည်။

"ဒါနဲ့ . . ညီမလေးက တစ်ယောက်တည်းလား"

"ရှင် . . ဘာ . . ဘာဖြစ်လို့လဲဟင်"

"ဩော် . . ဘာမှ မဟုတ်ပါဘူး . . တစ်ယောက်တည်း ထိုင်နေပြီး စားပွဲကျတော့ နှစ်ပွဲဖြစ်နေလို့ မေးကြည့်တာပါ"

"ဩော် ဒါလား . . ဟုတ်တယ် ကျွန်တော်က ဒီလိုပဲ . . လက်ဖက်ရည်ဆိုလည်း တစ်ခါတည်း နှစ်ခွက်မှာပြီး သောက်တာ . . အအေးဆိုလည်း နှစ်ခွက်ပဲ . . စားစရာဆိုလည်း နှစ်ပွဲမှာပြီးမှ စားတတ်တာ"

"ဟင် . . ဟုတ် . . ဟုတ်လား"

မြတ်ရွှေအိမ်စည် စကားကြောင့် ကျွန်တော့်မှာ သက်သာရာ ရသွားသော်လည်း မြတ်ရွှေအိမ်စည် ခမျာတော့ သက်သာလိမ့်မည် မဟုတ်ပါ . . သူတို့ ယုံကြည်အောင် ကျွန်တော့်ဟင်းကန်ကိုပါ ဆွဲယူပြီး အားပါးတရ စားပြနေပြီမှန်း ကျွန်တော် ကောင်းစွာ သိလိုက်သည်။

"ကြည့်ရတာ ညီမလေးက မန္တလေးသူထင်တယ်နော် . .





ကျွန်တော်ကဆိုပြီး ပြောတတ်တာ တို့သတိထားမိလို့လေ"

"ဟုတ်"

မဏိဇာနည်၏ အမေးကို မြတ်ရွှေအိမ်စည်က "ဟုတ်" တစ်လုံးတည်းပြောပြီး အစားအသောက်ကို မပြတ်စားသောက်နေလိုက်သည်။

"ဒါမျိုး မတွေ့ဖူး မကြုံဖူးပါဘူး၊ လေးစားပါတယ် . . လေးစားပါတယ်"

"အေးလေ . . အံ့ပါရဲ့ တစ်ယောက်တည်းကို နှစ်ပွဲတစ်ခါတည်းမှာပြီး စားသတဲ့ . . ပုံမှန်မှ ဟုတ်သေးရဲ့လား မသိဘူး"

ဘရဏီနှင့် ဆုမြတ်ဝတီ၏ တီးတိုးပြောဆိုသည့် အပြန်အလှန်စကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ ပြီးတော့ မြတ်ရွှေအိမ်စည်ကို အားလည်းနာမိသည်ပေါ့။ ကျွန်တော့်ကြောင့် သူ့ခမျာ အစားကြီးသူ ပုံမှန်မဟုတ်သူဟု အထင်ခံရမှာပြီ။ ကိစ္စမရှိ ပြီးမှပဲ သူကျေနပ်သွားသည်အထိ အတိုးချပြီး လေပြေထိုး တောင်းပန်စကားတွေ ဆိုလိုက်တော့မည်။

"တဲ . . ဒါဆိုလည်း အားလုံးပဲ ဟိုစားပွဲမှာ သွားထိုင်ပြီး တစ်ချက်လောက် စောင့်ကြည့်ကြတာပေါ့၊ ဒါပေမယ့် တစ်ယောက်ကို အအေးတစ်ခွက်ပဲမှာကြနော် တစ်ယောက်တည်း နှစ်ခွက် နှစ်ခွက် မမှာကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ခစ် ခစ်"

မြတ်ရွှေအိမ်စည်ကို စောင်းမြောင်းပြောသော ဘရဏီ စကားကြောင့် အားလုံးရယ်မိကြသည်။

သေချာသည် သူတို့ မြတ်ရွှေအိမ်စည်ကို လုံးဝ မသတ်၊ မြတ်ရွှေအိမ်စည်တစ်ယောက်တည်းလာ စားသောက်သည်ဆို ခြင်းကို သူတို့ လက်ခံချင်ပုံမရ၊ မြတ်ရွှေအိမ်စည်နှင့်အတူ တစ်ယောက်ယောက်တော့ ပါရမည်၊ ထိုတစ်ယောက်သည် လည်း ကျွန်တော်ပဲ ဖြစ်ရမည်ဟု တွက်ဆထားကြဟန်တူသည်။

"တီ တီ. . တီ . . တီ . . တီ"

ထိုအချိန်မှာပင် ကျွန်တော် ခါးကြားမှာ ထိုးထားသော ဟန်းဒ်ဖုန်းက ရုတ်တရက် ထမြည်လာသဖြင့် ကျွန်တော် လန့် ဖျပ်သွားရပြီး ဖုန်းကို အမြန်ပိတ်လိုက်ရသည်။

သို့သော် ဖုန်းသံကတော့ မြည်သွားခဲ့ပြီးပြီ၊ ထို့ကြောင့် ကျွန်တော်၏ ချစ်သူများအားလုံး ဖုန်းခေါ်သံကြားရာ မြတ်ရွှေ အိမ်စည်ထိုင်နေသည့် စားပွဲဆီ လှမ်းကြည့်ကြသည်။

မြတ်ရွှေအိမ်စည်လည်း ကျွန်တော့်ထံမှ ဖုန်းမြည်သံ ကြောင့် ရုတ်တရက် ကြောင်သွားဟန်တူသည်၊ ပြီးမှ သတိရ ပြီး စလင်းဘက်အိတ်ထဲမှ ဟန်းဒ်ဖုန်းကို တောက်ယူကာ ထန့် ပါပါဖြင့် စကားပြောဟန်ဆောင်ရသည်၊ သို့ပေမယ့် ရုတ်တ





ရုတ်မို့ ဘာပြောရမှန်း မသိဘဲ ပါးစပ်ထဲ တွေ့ရာ ပြောရလေသည်။

"ဟဲလို"

". . . ."

"ဟယ် ဒါဒါလား . . ဝမ်းသာလိုက်တာ ဒါဒါရယ် . . ဒီဒီ. . ဒီကို ရောက်နေတယ်ဆိုတာ ဒါဒါ ဘယ်လို သိလဲ၊ ဒါဒါရယ်. . ဒီဒီလည်း ဒီနေ့ပဲ ဒါဒါနဲ့ တွေ့မလားလို့ ခွဲးစားနေတာ ဒါဒါရဲ့၊ ဒါနဲ့ ဒါဒါရော အားလုံး အဆင်ပြေတယ် မဟုတ်လား၊ ဒီဒီလည်း ဒါဒါ့ဆီ ဖုန်းဆက်မယ် ဖုန်းဆက်မယ်နဲ့ မအားတာနဲ့ကို မဆက်ဖြစ်တာ ဒါဒါရဲ့၊ ဒါပေမယ့် ဒီဒီမဆက်ဖြစ်လည်း ဒါဒါက ဆက်လာတယ် ဆိုတော့ ဒီဒီလေ ဒါဒါကို ကျေးဇူးအရမ်းတင်တယ် သိလား"

" . . . . ."

"အိုကေလေ ဒါဆို ဒါဒါနဲ့ ဒီဒီ ဒီနေ့ပဲ တွေ့ကြတာပေါ့ . . အိုကေ ဒါဆို ဒါပဲနော်. . ဒါဒါ. . ဒီဒီ ဖုန်းချလိုက်တော့မယ်"

" . . ."

"စိတ်ချ ဒီဒီ ဒီက ထွက်လာတာနဲ့ ဒါဒါဆီပဲ ဒါရိုက် တန်း လာခဲ့မယ် . . ဒီဒီနဲ့ ဒါဒါနဲ့လူချင်းတွေ့မှပဲ ဒီဒီ့အကြောင်းတို ဒီဒီပြောမယ် ဒါဒါ့အကြောင်းကိုလည်း ဒါဒါပြော. . ဒီဒီနဲ့ ဒါဒါ . . ဒီဒီဒါဒါကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ရွှေအိမ်စည်လည်း ဖုန်းပြောလိုက်ရသည်ကို ကျေနပ်သွားဟန်ဖြင့် ဟန်ပါပါ ပြုံးရင်း ဖုန်းကို စားပွဲပေါ် တင်လိုက်သည်။

"ဟွန်း တစ်ယောက်တည်းကို ဒီဒီဒါဒါ . . ဒါဒါဒီဒီနဲ့ ရှုပ်နေတာပဲ ဘာတွေပြောမှန်းလည်း မသိဘူး"

ဆုမြတ်ဝတီ၏ ရေရွတ်သံကြောင့် ကျွန်တော်ပင် ရယ်ချင်သွားသည်။ ဟုတ်လည်း ဟုတ်သည်။ ဘယ်ကနေ ဘယ်လို ဒါဒါတွေ ဒီဒီတွေဖြစ်သွားရသည်မသိ၊ သို့ပေမယ့် ကိစ္စတော့မရှိ၊ မြတ်ရွှေအိမ်စည်ကို ကျွန်တော် ကျေးဇူးတင်သည်။ သူ ဒီဒီဒါဒါ၊ ဒါဒါဒီဒီ အလုပ်ကောင်း၍ ကျွန်တော် အန္တရာယ်ကြားမှ လွတ်မြောက်ခဲ့ရသည် မဟုတ်ပါလား"

ကျွန်တော် သည်အတိုင်း ဆက်နေလို့မဖြစ်၊ သူတို့တသည်ဆိုင်မှာ ဘယ်လောက်ကြာအောင် အခြေစိုက် နေထိုင်မည်မှန်း ကျွန်တော်မသိရ၊ ထို့ကြောင့် ကျွန်တော်လည်း ဆုံးဖြတ်ချက်တစ်ခု ချရတော့သည်။

ကျွန်တော် မြတ်ရွှေအိမ်စည်ရှေ့တည့်တည့် သွားပြီး စားပွဲခင်းကို အသာမ,လိုက်သည်။

မြတ်ရွှေအိမ်စည် ရုတ်တရက်မို့ လန့်သွားပြီး ဘုရားတ,ရန်ပြင်လိုက်သေးသည်၊ ပြီးမှ တစ်စုံ တစ်ခုကို သတိရသွားပြီး အသံမထွက်မိရန် သူ့လက် နှင့် သူ့ပါးစပ်ကို သူအုပ်လိုက်၏။





မျက်လုံးက ကျွန်တော်၏ ချစ်သူများဆီ ဝေ့ဝဲကြည့်လိုက်သေး၏။ သူတို့ကတော့ သတိထားမိဟန် မတူ၊ ကျွန်တော့် ကို အကြောင်းပြုပြီး သူတို့အချင်းချင်း စကားတွေ ပြောမကုန်နိုင်အောင် ရှိနေပုံရသည်။

မြတ်ရွှေအိမ်စည်ကို တိတ်တိတ်နေပါဆိုသည့် သဘောဖြင့် ကျွန်တော့်လက်ညှိုးကို နှုတ်ခမ်းမှာကပ်ပြီး အချက်ပြရသည်၊ ပြီးမှ လေသံဖြင့်

"မြတ် . . တိုလေး ပြောတာ သေချာနားထောင် . . အခု တိုလေး ဒီကနေ လစ်တော့မယ် . . မြတ်က ခဏလောက် နေပြီးမှ လစ်ပေါ့ . . မနက်ဖြန်မှ တွေ့ကြမယ်လေ . . ဟုတ်ပြီလား"

မြတ်ရွှေအိမ်စည် မသိမသာ ခေါင်းညိတ်ပြသည်၊ ကျွန်တော် လည်း မြတ်ကို မှာစရာရှိတာမှာပြီးသည်နှင့် စားပွဲ ခင်းကို ပြန်ချကာ ကျွန်တော်၏ ချစ်သူများ မတွေ့မြင်နိုင်သော ဆန့်ကျင်ဘက်အရပ်မှ လစ်ထွက်ရန်ပြင်ဆင်ရသည်။

ကားသော့ . . ဟုတ်သည် ကားသော့ စားပွဲပေါ်မှာ . . ၊

ကျွန်တော် မြတ်ရွှေအိမ်စည်ရှေ့တည့်တည့် ပြန်သွားပြီး စားပွဲခင်းကို မ,လိုက်ရပြန်သည်။

သို့သော် မြတ်ရွှေအိမ်စည်က ကျွန်တော် ထွက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကိုသာ လှမ်းကြည့်နေသဖြင့် ကျွန်တော် သူ့ရှေ့မှာ ဖြစ်ရောက်နေသည်ကို သတိမထားမိ။

ထို့ကြောင့် မြတ်ရွှေအိမ်စည်၏ ညာဖက်ဒူးခေါင်းကို လက်ညှိုးဖြင့် အသာကုတ်ရသည်။

"အမေ့"

ရုတ်တရက်မို့ မြတ်ရွှေအိမ်စည် လန့်ဖျပ်ပြီး ထ,အော်၏။ ကျွန်တော်လည်း ထိုသို့ အော်သံကြောင့် ဖောချွေးပြန်သွားရသည်။ ကျွန်တော့် ချစ်သူများလည်း မြတ်ရွှေအိမ်စည် အော်သံကြောင့် လှည့်ကြည့်ကြသည်ထင်သည်။

မြတ်ရွှေအိမ်စည် နပ်တော့နပ်သည်။

"အမလေး . . ရေခဲရေတလည်း အေးလိုက်တာ လွန်ပါရော"

မြတ်ရွှေအိမ်စည် တစ်ဦးတည်း ရေရွတ်သလိုလိုနှင့် အခြားသူများ ကြားသာအောင် ပြောလိုက်ရသည်။

"ရေခဲရေပါဆိုမှတော့ အေးမှာပေါ့"

ဘရဏီ၏ တုံ့ပြန်ရေရွတ်သံကြောင့် ကျွန်တော် ရယ်ချင်သွားသော်လည်း မရယ်ရဲဘဲ အလိုရှိရာကို ဆက်ပြောရသည်။

"မြတ် . . ကိုလေးကို ကားသော့ပေး . . ဒီနေ့အဖို့ မြတ်ကတော့ တက္ကစီနဲ့ပဲ ပြန်လိုက်တော့နော် . . ညကျမှကိုလေး ဖုန်းဆက်လိုက်မယ်"





မြတ်ရွှေအိမ်စည် သဘောပေါက်ကြောင်း မသိမသာ ခေါင်းညိတ်ပြပြီး စားပွဲပေါ်မှ ကားသော့ကို မသိမသာ ယူပေး၏။

ကျွန်တော်လည်း ကားသော့ရပြီးသည်နှင့် မြတ်ရွှေအိမ်စည်ကို တစ်ချက်ကြည့်ကာ 'မြတ်'ဟု တိုးတိုးဖွဖွခေါ်ရာ မြတ်ရွှေအိမ်စည်က 'ဘာလဲဟင်'ဆိုသော သဘောဖြင့် မျက်ခုံး မသိမသာ ပင့်ပြ၏။

"အရမ်း ချစ်တယ်"

မြတ်ရွှေအိမ်စည် ကျွန်တော့် စကားကြောင့် ကြည်နူးရောင်လေး သမ်းသွားသည်။ ကျွန်တော် ထိုမျှနှင့်အားမရသေးဘဲ လက်ဝါးကို နှုတ်ခမ်းထပ်ပြီး ဖလိုင်းကစ်လေးပါ အဆစ်ပေးလိုက်သေးသည်။ မြတ်ရွှေအိမ်စည် ရှက်ပြုံးလေး ပြုံးသွားသည်။

ထို့နောက် ကျွန်တော် မျက်စိတစ်ဖက် မှိတ်ပြပြီး မြတ်ရွှေအိမ်စည်ရှေ့ရှိ စားပွဲခင်းကို အသာပြန်ချကာ နေရာရွှေ့ရသည်။ ကျွန်တော်၏ ချစ်သူများနှင့် ဆန့်ကျင်ဘက် အရပ်မှ စားပွဲကို အသာမ,ပြီး လျှိုထွက်ရသည်။ ကျွန်တော် စားပွဲအောက်မှ ကုန်းကုန်းကုန်းကုန်း ထွက်လာသည်ကို တွေ့လိုက်ရသော စားပွဲထိုး တစ်ဦးက တစ်ခုခုပြောရန် ပြင်ဆင်သဖြင့် ကျွန်တော်လည်း အလျှင်အမြန် လက်ညှိုးကို နှုတ်ခမ်းမှာ ထပ်ကာ တိတ်တိတ်နေရန် အချက်ပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးက ကျွန်တော် ပိုက်ဆံမရှင်းချင်၍ ကောင် လေးကို ထားခဲ့ပြီး အသာလစ်ထွက်လာဟန်တူသည်ဟု ထင် မှတ်နေသလားမသိ၊ ဘယ်လိုလဲဆိုသော သဘောဖြင့် မြတ်ရွှေအိမ်စည်ကို လှမ်းကြည့်သည်၊ မြတ်ရွှေအိမ်စည် သွားပါစေဟူသော သဘောဖြင့် မျက်စမျက်နှင့် မသိမသာ နှမ်းလွဲပြမှ စားပွဲထိုးလည်း ကျွန်တော့်ကို ရှောရှော လမ်းဖယ်ပေးတော့သည်။

ကျွန်တော်လည်း သွားခွင့်ရသည်နှင့် စားပွဲခုံများကို ကွေ့ ပြီး ကုန်းကုန်းကွကွဖြင့် လစ်ရလေသည်၊ မတ်တတ်ရပ်ပြီး မသွားရဲပါ၊ သူတို့ မြင်တွေ့မှာ အသေအချာပင် မဟုတ် လား။

ကျွန်တော် ကုန်းကုန်းကွကွဖြင့် ဆိုင်ပြင်ပသို့ ခပ်သွက် သွက် ထွက်လာသည်ကို မြင်တွေ့သူများ နားမလည်သလို ကြည့်ကြသည်၊ ကျွန်တော်ကလည်း တွေ့သမျှ လူကို ရှုံသလို ပေါသလိုလုပ်ပြီး အသားလွတ်ကြီး ရယ်ရယ်ပြခဲ့ရသည်မှာ ပါးတွေတောင် ညောင်းလို့ရယ်၊





ငြ
ကျယ်မှု



အခန်း (၂၈)

သည်နေ့တော့ မြတ်ရွှေအိမ်စည် အလိုကျရလေအောင် ယုဇနစင်တာကို လိုက်ပို့ပေးရသည်။

ကြိုက်တာဝယ်ပြီး ကြိုက်သလောက် အချိန်ကြာပါစေ ရသည်ဟု ကျွန်တော် လိုက်လျှောမှုပေးထားသည်၊ မိန်းကလေး ဆိုတာမျိုးက ဘာပဲဝယ်ဝယ် စိတ်တိုင်းမကျမချင်း ရွေးချယ် လေ့ရှိသည့်အတွက် အချိန်ကုန်လို့ ကုန်မှန်းမသိ ဖြစ်ရသည်ကို ကျွန်တော် နားလည်သည်။

ထို့ကြောင့် မြတ်သဘော . . မြတ်သဘောဆိုပြီး ကျွန်တော် လောကွတ်တွေ ပိုထားပေးလိုက်သည်။

မြတ်ရွှေအိမ်စည် ရယ်ဒီမိတ် မိန်းမဝတ်အင်္ကျီများကို ရွေးချယ်နေရင်းနှင့် ကျွန်တော့်ကို ထိတ်လန့်တကြား လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ-

"ကို . . ကိုလေး . . ဟို . . ဟိုမှာ သူတို့လေ . . သူ

ဟု၍ ချောက်ချားတုန်လှုပ်စွာ ဆိုလာသဖြင့် ကျွန်တေ
စိုးရိမ်သွားရသည်။

"ဘာဖြစ်လို့လဲ . . ဘယ်သူတွေကို ပြောနေတာလဲ"

"ဟို . . ဟိုမှာလေ"

မြတ်ရွှေအိမ်စည်၏ ညာဘက်လက်ညှိုးတစ်နေရာကို
ပြပြီး ဘယ်ဘက်လက်ညှိုးက သူ၏နားထင် ထောက်
ထောက်ကာပြ၏။

ကျွန်တော် မြတ်ရွှေအိမ်စည် လက်ညှိုးညွှန်ပြရာသို့
ကြည့်ပြီး 'ဟိုက်'ခနဲ ဖြစ်သွားရသည်။

တွေ့လိုက်ရသည်ကား မဏိဇာနည်၊ ဆုမြတ်ဝတီ၊ ဘရ
နှင့် ရွှေလွှာနဒီတို့ဖြစ်နေသည်။ ကျွန်တော့်ကို အကြောင်း
သူတို့ပေါင်းမိကာ ညီညွတ်ရေး ရနေသည်တတော့ အမှန်ဝ

"ကဲ . . မြတ် . . ဝယ်စရာ ကြည့်စရာရှိတာ အေးအေး
ဆေးဆေးသာ လုပ် . . သူတို့ ကိုလေးကို မြင်ပုံ မရသေး
ဒါကြောင့် ကိုလေး ခဏ တိမ်းနေလိုက်ဦးမယ် . . ဝယ်စ
ခြမ်းစရာရှိတာ ဝယ်ခြမ်းပြီးတာနဲ့ ပြန်သွားကြမှာပဲ . . . သူ
ထွက်သွားပြီးမှ ကိုလေးပြန်လာခေါ်မယ် ဟုတ်ပြီလား"





မြတ်လည်း ကျွန်တော့်နည်းတူ သဘောရသည်ဖြစ်ရာ
ချက်ချင်းပင် ခေါင်းပြန်ညိတ်၏။

ကျွန်တော် မြတ်ကို လက်ကာပြပြီးနောက် သင့်တင့်ရာ
အရပ်မှ ပုန်းကွယ်ချောင်းမြောင်းပြီး သူတို့ အရိပ်အခြည်ကို
အကဲခတ်နေရသည်။

သိပ်မကြာခင် သူတို့လေးယောက်သား စကားတပြော
ပြောဖြင့် စင်တာပြင်ပသို့ ထွက်ခွာကြကာ ကားရပ်ထားရာ
ဆီ လျှောက်သွားကြသည်ကို တွေ့ရသည်။

မဏိဇာနည်က ကားမောင်းသူ နေရာတွင် ဝင်ထိုင်၏၊ ဆော
ရိုက ကားရှေ့ခန်းမှာ ဝင်ထိုင်လျက် ဆုမြတ်ဝတီနှင့် ဘရဏီတ
တားနောက်ခန်းမှာ ဝင်ထိုင်လိုက်ကြ၏။

မဏိဇာနည် နောက်ခန်းရှိ ဘရဏီနှင့် ဆုမြတ်ဝတီတို
တစ်ခုခုလှည့်ပြောပြီးနောက် ကားကို မောင်းထွက်သွားလေသည်။

ကျွန်တော်လည်း ယခုမှ စိတ်လက်ပေါ့ပါးသွားကာ
မြတ်ရွှေအိမ်စည်ဆီ သွားရန် ခြေလှမ်းပြင်လိုက်ပြီးမှ နေရာမှ
မခွာ ဖြစ်တော့ပေ . . အဘယ်ကြောင့်ဆိုသော် မဏိဇာနည်
၏ ကားထွက်သွားသဖြင့် လစ်ဟာသွားရာ ကားထားရန်
နေရာသို့ ကားတစ်စီး ဝင်ထိုးလာသောကြောင့်ဖြစ်သည်။

"အပါးပါး . . လှလိုက်တဲ့ တောင်မလေး . . ချိုင် ခုချစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်စရာလေးပါလား”

ကျွန်တော် စိတ်ထဲမှ ရေရွတ်လိုက်မိပြီး ကားမောင်းသူ မိန်းကလေးကို ထပ်ကြည့်မိပြန်သည်။

ကျွန်တော်ဆိုသည့် ကောင်က အဲသလို . .

နှလုံးသား နူးညံ့သူ ပီပီ အလှအပ တရားကို လွယ်လွယ် ကူကူ ခံစားရင်ခုန်တတ်သူ။

ကျွန်တော် တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ နေရာမှခွာကာ ထိုမိန်းကလေးဆီ လျှောက်သွားလိုက်သည်။ ထို့နောက် ကားတံခါးပိတ်ပြီး လျှောက်လှမ်းလာသော ထိုမိန်းကလေးကို မတော်တဆဟန် ဝင်တိုက်လိုက်သည်။ မိန်းကလေး လက်ထဲမှ စာရွက်စာတမ်းအချို့ ပြုတ်ကျသွားသည်။

“ဟာ . . ဆောရီးနော် ဆောရီး . . မမြင်လိုက်မိဘူး”

ကျွန်တော် ကပျာကယာ တောင်းပန်ပြီး သူမ၏ ဖြန့်ကျဲ လွင့်ကျနေသော စာရွက်စာတမ်းများ လိုက်ကောက်ပေးရင်း သူမကို ကြည့်၏။

ကျွန်တော့်ကို တအံ့တသြ တစ်ခုခု ပြောရန် ပြင်ဆင်နေ သော သူမကို ကျွန်တော်က-

“ဟင် . . ညီမက . . အခုတလော အရမ်းနာမည်ကြီးပြီး အောင်မြင်နေတဲ့ ချင်းတိုင်းရင်းသူ မော်ဒယ်မင်းသမီးလေး





ဟုတ်လား”

“ရှင်”

ကျွန်တော်၏ ဘလိုင်းချည်း အကြောင်ရိုက်ချက်ကြောင့် သူမ ယောင်နနဖြစ်သွားရသည်။

“ဩော် . . ညီမက အပြင်မှာ ပိုလှပြီး ပိုချစ်စရာကောင်း တယ်နော်”

“ဟင့်အင်း . . ကျွန်မက အစ်ကိုပြောတဲ့ မော်ဒယ် မင်းသမီး မဟုတ်ပါဘူး”

“ဟင် . . မဟုတ်ဘူးလား . . ဆောရီးနော် . . ကိုယ်လူ မှားပြီး ပြောမိတာ”

“ကိစ္စမရှိပါဘူး . . ရပါတယ်”

“အင်း . . တူတာကတော့ တကယ်တူတာပဲ . . ကိုယ်က အဲဒီမော်ဒယ် မင်းသမီးလေးကို သိပ်သဘောကျတာ”

“ရှင်”

“ဘာပဲဖြစ်ဖြစ်လေး၊ သူနဲ့ တူတဲ့ တစ်ယောက်နဲ့မှ တိုက် ဆိုက်ဆိုင်ဆိုင် ဆုံတွေ့ရတယ်ဆိုတာလည်း ရေစက်ပါပဲ”

“ဩော် . . ဟုတ် . . ဟုတ်ကဲ့”

“ဩော် . . ဒါနဲ့ ကိုယ့်နာမည်က မင်းပိုင်စိုးဇေတဲ့ ညီမ နာမည်တရော ဘယ်လိုခေါ်လဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ . . ကျွန်မ နာမည်ကို လွယ်လွယ်ကူကူ ပြော
တတ် အကျင့်ရှိလို့ပါ”

“ဩော် . . ဒီလိုလား . . ရပါတယ် . . ဒါပေမယ့် အန်
တိုအတွင်း ညီမရဲ့ နာမည်ကို ကိုယ်သိခဲ့ရင်တော့ နားလည်
ပေး လိမ့်မယ်လို့ မျှော်လင့်ပါရစေ”

“ရှင် . . ဘယ်လို . . ဟင် . . ဟို ဟိုမှာ”

မိန်းမချောလေးလည်း ကျွန်တော်နှင့် ပြောနေရာ
ကျွန်တော့ကို ကျော်ပြီး တစ်နေရာသို့ကြည့်ကာ အံ့ဩ
ဆို၏။ ကျွန်တော်လည်း မိန်းမချောလေး ကြည့်ရာ
ပြန်လှည့်ကြည့် ရာ ရင်ထိတ်သွားရသည်။

မြတ်ရွှေအိမ်စည် ကျွန်တော့်တို့ထံ လျှောက်လာနေ
ဒါပေမယ့် သိသည် မဟုတ်လား ကျွန်တော်ပဲလေ။

“တင် . . ပြဿနာပါပဲကွာ”

“ဟင် . . ဘာဖြစ်လို့လဲ”

“အခုလာနေတဲ့ မိန်းကလေးက ယဉ်ယဉ်လေး ရှုနေတာ”

“ရှင် . . ဟုတ် . . ဟုတ်လို့လား”

“ဟုတ်ပါသကောလား . . ကိုယ့်မှာ သူ့ကို ဒီလော
ရှောင်နေတဲ့ကြားက တိုးဖြစ်အောင် လာတိုးသေးတယ်။
ကဲ သူဒီကို မရောက်ခင် ကိုယ်သူ့ဆီ အရင်သွားပြီး ဆော





ိုတ်ပို့ပေးလိုက်ဦးမယ် . . သွားပြီနော်”

ကျွန်တော် ပြောပြောဆိုဆို ထိုမိန်းကလေး ရှေ့မှ ထွက်ခဲ့
ပြီး မြတ်ရွှေအိမ်စည်ဆီ သွားရသည်။

မြတ်ရွှေအိမ်စည် ထိုမိန်းကလေးကို လှမ်းကြည့်ပြီး တစ်ခု
ပြောရန် ပြင်နေစဉ် ကျွန်တော် ဦးအောင်ပြောရသည်။

“ဟိုမှာလေ . . ယဉ်ယဉ်လေး ရှုနေတဲ့ ကောင်မလေး
စ်ယောက်နဲ့ သွားတိုးနေလို့ မနည်းလှည့်ပတ်ပြောပြီး လစ်
ာခဲ့ရတာ”

“ရှင် . . သူ . . သူလည်း ယဉ်ယဉ်လေး ရှုပြန်ပြီလား”

“ဟုတ်ပ ကိုလေး အကျိုးပေးတလည်း ဘယ်လိုမှန်းကို
သိပါဘူး။ သူရောက်မလာခင် ကိုလေးတို့ပြန်ပြန်လစ်ကြရအောင်”

ကျွန်တော့်စကားစဖြတ်ပြီး မြတ်ရွှေအိမ်စည်တို့ ဆွဲခေါ်
ာ ကားဆီသွားရသည်။

ကျွန်တော် ကားမောင်းထွက်လာရင်း ကျွန်တော့်တို့ လိုက်
ကြည့်နေသော မိန်းမချောလေးကို မြတ်ရွှေအိမ်စည် မမြင်
အောင် မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၉)

ကျွန်တော့် လက်ထဲမှ ဖုန်းနံပါတ်လေးများကို နှိပ်လို
သည်၊ ဖုန်းခေါ်သံကြားရပြီး မကြာမီမှာပင် တစ်ဖက်မှ သာ
နူးညံ့သော ဖုန်းထူးသံလေး ညင်းပျံ့ပျံ့ ထွက်ပေါ်လာသည်

"ဟဲလို . . အမိန့်ရှိပါရှင်"

ကျွန်တော် တျေနပ်စွာ ပြုံးလိုက်ပြီး

"သဇင်ဝေမှီနဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ သဇင်ဝေမှီ ပြောနေပါတယ်"

"သဇင် ကိုယ့်အသံကို မှတ်မိလား မသိဘူး"

"ရှင် . . အခု အခု ပြောနေတာ ဘယ်သူများလဲ မသိဘူး

"ကိုယ်ပါ . . မင်းပိုင်စိုးဇေပါ"

"ရှင်"





"သိပ် အံ့ဩသွားသလား . . သဇင်ဝေမှီ"

"ကိုယ် ဒီနေ့ ယုဇနစင်တာမှာ တွေ့တတည်းက ကြိုပြောခဲ့သားပဲ . . အချိန်တိုအတွင်း သိခဲ့ရင် နားလည်ပေးဖို့ မျှော်လင့်ပါတယ်လို့လေ"

"ကျွန်မ မေးတာ အရင်ဖြေပါ . . ဘယ်လိုလုပ်ပြီးသိသွားတာလဲပြော"

"လွယ်လွယ်လေး"

"ဘာလွယ်လွယ်လေးလဲ"

"သဇင်လည်ပင်းမှာ ဆွဲထားတဲ့ ဟန်းဖုန်းကိုကြည့်လိုက်တော့ . . အဲဒီမှာ သဇင်ဝေမှီဆိုတဲ့ နာမည် ဖုန်းနံပါတ်ရယ်တို အတိုင်းသား တွေ့လိုက်ပါရောလား"

"အင်း . . ဘာပဲပြောပြော ကိုမင်းပိုင်စိုးဇေကိုတော့ လေးစားသွားပြီ . . ဒါနဲ့ . . နေပါဦး . . ကျွန်မဆီ ဖုန်းဆက်တာ ဘာတိတ်"

"သတိရခြင်း တိတ်ပေါ့ သဇင်ရယ်"

"အဟက် . . တစ်ယောက်နဲ့ တစ်ယောက် ဘာဆိုင်တာမှတ်လို့"

"ဘာမှ မဆိုင်တဲ့ သူတွေချင်းသာ နောက်ဆုံးတော့ ဆိုင်ကြရတာဟာ လောကရဲ့ နိယာမ တစ်ခုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . ကျွန်မတို့ ရည်စားစကား ပြောနေတာလား တွေ့တာမှ ဒီနေ့မှ တွေ့တာ"

"မှန်ပါတယ် . . ဒီနေ့တွေ့ ဒီနေ့ပဲ ရည်စားစကား ပြောဆိုရင် လူမှုရေး ရှုထောင့်က ကြည့်ရင် လွန်လွန်းပါတယ် . . အဲ . . ဒါပေမယ့် နှလုံးသား ရှုထောင့်က ကြည့်ရင် ဒါဟာ အစစ်မှန်ဆုံးသော ချစ်ခြင်းတရားလို့ ရဲရဲကြီး ကြေညာလိုက်ပါတယ်"

"အဟက် . . ရယ်ရတယ်"

"ရယ်ချင်ရယ်ပါ . . အရာရာ သဘာဝသဘောပါ . . ကိုယ့်ဘာကတော့ သဇင်က ဆိုင်တစ်ဆိုင်မှာ တစ်ခုခု လိုက်ကျွေးပြီး သေသေချာချာ မိတ်ဖွဲ့ချင်တယ်"

"အံမယ် . . ကျွေးချင်မွေးချင်တဲ့ စေတနာတွေ ထက်သန်နေတယ်ပေါ့"

"အတိုင်းထက် အလွန်ပါပဲ"

"ကောင်းပြီလေ . . ဒါဆိုရင်လည်း လူလူချင်း စာနာငဲ့ညှာမှုအရ လိုက်လျောပေးလိုက်ပါ့မယ် . . ဘယ်ဆိုင်မှာ ဆုံကြမှာလဲ"

"အား . . အခုလို လူမှုရေး နားလည်စိတ် အပြည့်ထား ပေးတဲ့အတွက် သဇင်ကို ကျေးဇူးအထူးပါပဲ . . ဆိုင်ကိုတော့





သဇင် စိတ်ကြိုက်ပဲရွေးပါ"

"အင်း . . ဘယ်ဆိုင်ကောင်းမလဲဆိုတော့ . . ဆိုတော့ တိုမြတ်ခင်းပြင် စားသောက်ဆိုင်လေးမှာ ဆိုရင်ရော မနက် (၉) နာရီလောက်လေ"

"ကောင်းလိုက်တဲ့ စိတ်ကူးပါပဲ သဇင်ရယ် . . နေရောင် လင်းပွင့်တဲ့ မနက်ခင်းလေးအောက် ညီညာစိမ်းမြတဲ့ မြက်ခင်းပြင်လေး အလယ်က ရေကူးကန်လေးနဲ့ ပန်းရပြီး လှချင်တိုင်းလှနေမယ့် နတ်မိမယ်လေး တစ်ပါးရဲ့ ပုံရိပ်ကို မြင်ယောင် ကြည့်မိရင်း . . သေချာတယ် . . ဒီညတော့ ကိုယ် အိပ်နိုင်မယ် မထင်ဘူး"

"အဟား . . ပိုပြီဟော့"

"အပိုပါဘူး . . ကိုယ်ပြောတာလိုတောင် လိုသေးတယ် ဆိုတာ ကိုယ်သိနေပါတယ်"

"ဟုတ်ပါပြီတဲ့ရှင် . . ဒါဆိုလည်း ဒီညအဖို့ ဒီလောက် ပြောရရင် တော်နပ်ရောပေါ့ . . မနက်ဖြန် တွေ့ကြဦးမှာပဲ . . ဂွတ်နိုက်နော်"

"အိုကေ . . ဂွတ်နိုက်ပါပဲဗျာ ဂွတ်နိုက်ပါပဲ"

ကျွန်တော် ဖုန်းကို ပိတ်လိုက်ပြီး ဖုန်းပေါ်ရှိ နံပါတ်လေး များကို တော်နပ်ကြည်နူးစွာ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလို . . သဇင်ဝေမှီ . .

နင်လေးရဲ့ ချစ်ဖွယ်ကောင်းသော ရယ်ရွှင်ပြုံးတွဲ့ မပြုံးတွဲ့ မျက်နှာလေးတိုသာ ငါထပ်ခါ ထပ်ခါ မြင်နေရပါပေါ့လား။







## အခန်း (၃၀)

ကျွန်တော် မြက်ခင်းပြင်စားသောက်ဆိုင်တို ရောက်ပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို သဇင်ဝေမှီ ရောက်လာသည်။

သည်လို အချိန်မှာ ကျွန်တော့် ပျော်ရွှင်မှုကို ဘယ်အရာကမှ တန့်ထားနိုင်လိမ့်မည် မဟုတ်ပါ။

"ရောက်နေတာ ကြာပြီလား"

နေရာမှာ ဝင်ထိုင်မိသည်နှင့် မေးစရာရှိလာသော သဇင်ဝေမှီကို ကျွန်တော် ပြုံးလျက် ငေးစိုက်ကြည့်ရင်း

"တိစ္စမရှိပါဘူး. . သဇင်ရောက်လာပြီဆိုရင်ပဲ ကိုယ့်အတွက်တ အရာအားလုံး ပြည့်စုံသွားပါပြီ"

ကြည့် . . သဇင်ဝေမှီမှီသာ ချစ်ဖွယ်ကောင်းသော မျက်စောင်းကို စွဲမက်အောင် ထိုးတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာများ သုံးဆောင်ကြပါမလဲ ခင်ဗျား"

အနားသို့ ရောက်လာသော စားပွဲထိုးကို ကျွန်တော် မကြည့်ဘဲ သဇင်ဝေမှီကိုသာ ကြည့်လျက်-

"သဇင်ကြိုက်တာမှာလေ . . သဇင့်အကြိုက်နဲ့ ကိုယ့်အကြိုက် မကွဲပြားဘူးလို့ ကိုယ်တော့ ယုံကြည်တယ်"

သဇင်ဝေမှီ အပြုံးလှလှ ပန်ဆင်ရင်း "လိုက်(တ်)ဖု(ဒ်)ပဲ မှာလိုက်တာပေါ့"

ဟုဆိုရင်း နှစ်သက်ရာကို မှာကြားလေသည်။

စားပွဲထိုးလေး ထွက်သွားမှ သဇင်ဝေမှီ ကျွန်တော့်ကို လှည့်ကြည့်ရာ ကျွန်တော် သူ့ကို စိုက်ကြည့်နေသည်နှင့် ပက်ပင်းတိုးတော့၏။

"အလို . . ဆရာသမား . . ဒီမနက်စာ ဒဏ်ခံတယ်ဆိုပြီး တော့ ကျွန်မကို အားမနာတမ်း ကြည့်နေတာလား"

"လူမှုရေး ရှုထောင့်ကကြည့်ရင် မသင့်မှန်း ကိုယ်သိပါတယ်၊ အဲ . . နှလုံးသား ရှုထောင့်က ကြည့်ပြန်တော့လည်း သဘာဝကျကျနဲ့ တရားမျှတ နေပြန်ရော"

"ဘာလဲ . . ကျွန်မက . . ဟို . . ချင်းတိုင်းရင်းသူ မော်ဒယ် မင်းသမီးလေးနဲ့ တူနေလို့လား"

"အဲဒီထက်ကိုယ့်ကို ပိုဆွဲဆောင်စေတာက . . သဇင်ရဲ့





ဆံတို ဂုပ်ဝဲလေးမှာမှ ထူးပြီးရှိနေတဲ့ နောက်ကျောမှာ ချထားတဲ့ ဆံပင်ကြွက်မြီးတန်းလေးပဲ"

"အာဟတ်"

"တကယ်ပြောတာ . . သဇင်ရဲ့ ဆံပင်ကြွက်မြီးတန်းလေးဟာ ကိုယ့်ရင်ကို ရစ်ပတ်လှုပ်ခါစေတာများ ကိုယ့်ကိုယ်ကိုတောင် အံ့ဩရတာ"

"ယုံလိုက်ရမှာလား"

"ခြွင်းချက်ပါ ယုံကြည်လိုက်ပါ သဇင်ရယ် . . ကိုယ့်ဘဝကို အတိုင်းအဆမဲ့ လွှမ်းမိုးချယ်လှယ်လိုက်သူဟာ ဆံပင်ကြွက်မြီးတန်းလေး ထားတတ်တဲ့ သဇင်ဆိုတဲ့ ကောင်မလေးကလွဲပြီး အခြားမရှိ . . မရှိ . . ဟင် . . ပြဿနာပဲ"

ကျွန်တော် စကားကို ဆုံးအောင် မပြောနိုင်တော့ နင်သွားရသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဆီကို တူရှုလာနေသော ဆူမြတ်ဝတီကို တွေ့လိုက်ရ၍ဖြစ်သည်။

သဇင်ဝေမှီက ကျွန်တော့် စကားစပြတ်ပြီး ပြူးကြောင်ကြောင် ဖြစ်သွားသည်ကို အံ့ဩဟန်ဖြင့်

"ဟင် . . ဘာ ဘာဖြစ်လို့လဲ"

"ကိုယ်တို့ဆီကို ယဉ်ယဉ်လေး ရှူနေတဲ့ ကောင်မလေး တစ်ယောက် လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဒါဆို ဘယ်လို လုပ်ကြမလဲ"

"ဒီကနေ ပြေးကြမယ်လေ"

"ရှင် . . ပြေးကြမယ် ဟုတ်လား"

"ဟုတ်တယ် သူက နည်းနည်းကြမ်းတယ် . . မပြေးလို့ မဖြစ်ဘူး"

ကျွန်တော် သဇင်လက်ကို ဆွဲပြီး ထွက်ပေါက်သာရှာ လှမ်း ကြည့်ရင်း ဇောချွေးပြန်သွားရသည်။

ဟုတ်ပါသည် ဘရဏီ ကျွန်တော့်ဆီ လာနေပါပြီ

"ဟင် လာပြန်ပြီ . . ယဉ်ယဉ်လေး ရူးနေတဲ့သူ"

"ဟုတ်တယ် . . သူက ယဉ်ယဉ်လေး ရူးနေတယ်ဆိုပေမယ့် သူကြမ်းရင်လည်း ကြောက်ဖို့ ကောင်းတယ် အခြားတစ်နေရာ ပတ်ပြေးကြရအောင်"

ကျွန်တော် ပြေးလမ်းရှာကြည့်လိုက်စဉ်မှာပင် ရွှေလွှာနဒီကို ထပ်မံတွေ့ရပြန်သည်။

တစ်ဆက်တည်းမှာ မဏိဇာနည် ထွက်ပေါ်လာသည်ကို တွေ့ရပြန်သည်။

ကျွန်တော် ခေါင်းကိုက်ရောဂါ ချက်ချင်းရသွားသည်။

"ဒုက္ခပါပဲ . . အခုလာနေတဲ့ မိန်းကလေးတွေ အားလုံးက ယဉ်ယဉ်လေး ရူးနေကြတာ ချည်းပဲ . . ကိုယ့်ကို သူတို့ရဲ့





အတိတ်ဘဝတချစ်သူဆိုပြီး စိတ်စွဲလမ်းနေကြတာ . . အဲဒါကို ကိုယ်က လက်မခံလို့ ကိုယ့်ကို ရန်လုပ်ချင်နေကြတာ"

"ဟင် . . အားလုံး ယဉ်ယဉ်လေး ရူးနေကြတယ် . . ဟုတ်လား . . တိုက်ဆိုင်လှချည်လား"

တိုက်ဆိုင်ပုံကိုနောက်မှ ပြောပြမယ် . . လာ . . လောလောဆယ် အနောက်ဖက်မှာ ပြေးပေါက်တစ်နေရာရှိသေးတယ်၊ အဲဒီက ပြေးကြရအောင်"

ကျွန်တော် သဇင်ဝေမှို၏ လက်ကို ဆွဲပြီး ထပြေးရန် ပြင်လိုက်စဉ်မှာပင် ကျွန်တော် ပြေးမည့် ပြေးပေါက်ဆီမှ မြတ်ရွှေအိမ်စည်ပေါ်လာသည်ကို အံ့ဩခြင်းကြီးစွာ တွေ့ရသည်။

"ဟိုက် . . ဘာတွေ ဖြစ်ကုန်ပြီလဲ"

ဟု ရေရွတ်မိရင်း တစ်ဆက်တည်းမှာပင်

"တဲ . . သဇင်ရေ အခြေအနေအရ ကိုယ့်ကို ခွင့်ပြုဦး . . ပြီးမှ ဖုန်းဆက်လိုက်မယ် . . လောလောဆယ် လွတ်ရာလွတ်ကြောင်း ပြေးလိုက်ဦးမယ်"

ကျွန်တော် သဇင်ဝေမှိုကို အသိပေးစကားဆိုပြီးနောက် ကိုယ်လွတ်ရုန်း ပြေးရန် နေရာမှ ထလိုက်သည်။

သို့သော် . . သို့သော်

သဇင်ဝေမှိုက ဘယ်လက်ဖြင့် . . ကျွန်တော့် လက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကို ဖမ်းဆုပ်ထားပြီး ညာလက်ဖြင့် ကျွန်တော့် အတ
ဂုပ်ပိုးကို ဆွဲထား၏။

"ဘယ်သွားမလို့လဲ နေပါဦး ကိုယ်တော်ချောရဲ့"

"ဟင် . . သဇင်လွှတ် . . လွှတ်လေ . . ဘာလုပ်တာလဲ"

"ရှင့်ကို ဘယ်မှ မပြေးနိုင်အောင် ထိန်းသိမ်းထားတာလေ"

ကျွန်တော် ဘာပြန်ပြောရမှန်း မသိဘဲ သဇင်ဝေမှိုတို
ကြောင်ပြီး ကြည့်နေစဥ်မှာပင် ကျွန်တော်၏ ချစ်သူများ အနား
သို့ ရောက်လာကြပြီး ကျွန်တော် မပြေးသာအောင် ဝိုင်းပတ်
ပိတ်ဆို့ထားကြသည်။ သူတို့ကို ကြည့်ရသည်မှာ နိုင်ငံခြား
ရုပ်ရှင်ကားထဲက အမျိုးသမီး လူမိုက်ပုံတွေ ပေါက်နေကြ
သည်။ တကယ်ဖြေမယ့်ပုံတွေ။

ကျွန်တော် အားလုံးကို လှည့်ကြည့်ပြီး မျက်နှာလို မျက်နှာ
ရ လိုက်ရယ်ပြရသည်။

"ဩော် . . အဟဲ . . ဘယ်သူတွေများလဲလို့ . . အထဲ
နေကောင်းကြတယ်နော်"

"ကျွန်မတို့အတွက် မပူပါနဲ့ ရှင်သာနေကောင်းဖို့ အရေး
ကြီးပါတယ်"

"ဩော် . . အဟဲ . . အခုလို စေတနာထားတဲ့အတွက်
ကျေးဇူးပါပဲ . . . အဟဲ"





ကျွန်တော် အားလုံးကို မချိရယ် ရယ်ပြနေစဥ်မှာပင်
သဇင် ဝေမှိုထံမှ စကားသံထွက်ပေါ်လာ၏။

"သိပ် အံ့ဩသွားသလား ကိုမင်းပိုင်စိုးဇေ"

"အဟဲ . . ဟုတ်တယ်နော် . . အံ့ဩစရာချည်း . . အဟီး"

"ကောင်းပြီ၊ ဒါဆိုရင် ရှင့်ကို ဒီထက် အံ့ဩသွားအောင်
ပြောပြရဦးမယ် . . မမြတ်ရွှေအိမ်စည်နဲ့ ကျွန်မ သဇင်ဝေမှို
နဲ့က ညီအစ်မ တစ်ဝမ်းကွဲ"

"ဟင် . . ဟုတ် . . ဟုတ်လို့လား"

"ဩော် . . ဒါကို ရှင်မသိတာ ကျွန်မ အံ့ဩလို့တို့ မဆုံး
ဘူး . . မမြတ်ရွှေအိမ်စည် တည်းနေတဲ့ အင်းလျားလမ်းက
အိမ်ဟာ ကျွန်မတို့ အိမ်ပဲ"

"ဩော် . . ဟုတ်လား . . ကြည့်စမ်းပါဦး . . ဆွေမျိုးရင်း
ချာကြီးတွေပဲ . . ဒါနဲ့တောင် ကိုယ်တို့ တစ်ယောက်နဲ့တစ်
ယောက် မဆုံဖြစ်ကြဘူးနော်"

"ရှင်နဲ့ ညီမလေးသဇင် မဆုံမိကြလို့လည်း ဒသဂီရိ
လက်သစ် ရှင့်အကြောင်း ကျွန်မတို့ သိခွင့်ရသွားတာပေါ့ . .
ဒီအတွက် တံတရားကိုတောင် ကျေးဇူးတင်ရဦးမယ်"

မြတ်ရွှေအိမ်စည် ပြတ်ပြတ်သားသား စကားကြောင့်
ကျွန်တော် မြတ်ရွှေအိမ်စည်ကို မျက်နှာငယ်လေးနှင့် မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်၊ မြတ်ရွှေအိမ်စည်က ကျွန်တော့်ကို နာကျည်း
စွာ ကြည့်ပြီး ပြောလိုရာ ဆက်ပြော၏၊

"ပြီးတော့ . . ရှင် လိမ်ညာတာ ခံခဲ့ရတဲ့ . . ရှင့်ယဉ်
လေး ရှူးနေတဲ့ သူတွေလို ရှင်ပြောတဲ့ သူတွေနဲ့ ကျွန်မနဲ့
ဘယ်လိုဆက်စပ်မိသွားလဲ သိချင်သေးလား"

ကျွန်တော် ယောင်ယမ်းပြီး ခေါင်းညိတ်ပြသည်
သည်၊

"ရှင် . . ဟိုတစ်နေ့က စားသောက်ဆိုင်ထဲက ထွက်
သွားပြီး မကြာခင်မှာဘဲ သူတို့က ရိပ်မိသွားပြီး ကျွန်မကို
မိတ်ဖွဲ့ရင်း ရှင့်အကြောင်းကို အိတ်သွန်ဖာမှောက် ပြောပြသွ
တယ် . . ကျွန်မ . . မယုံချင်ပါဘူး . . ဒါပေမယ့် မနေ့
ယုဇနစင်တာမှာ ကျွန်မပါတဲ့ ကြားက ကျွန်မ ညီမကို ရအော
ချဉ်းကပ်ပြီး . . ကျွန်မကို ယဉ်ယဉ်လေး ရူးနေတယ်လို့
တယ်၊ ကျွန်မနဲ့တွေ့တော့ ကျွန်မညီမ သဇင်ကို ယဉ်ယဉ်
ရူးနေတယ်လို့ ပြောတယ် . . ပြောစမ်းပါဦး ရှင့်လုပ်ပုံ
ကောင်းသေးရဲ့လားလို့"

"ကောင်း ကောင်းပါတယ်"

"ဘာကောင်းတာလဲ"

အားလုံး ဒေါသတကြီး တစ်ပြိုင်တည်း "ဘာကောင်းတာ





ဲ" ဟုအော်လိုက်သဖြင့် ကျွန်တော် ထန့်သွားရသည်၊

"ဟို . . ဟိုလေ . . အခုလို ကိုယ်နဲ့ ထော်သောင်းပြီး အားလုံး
တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းရင်းနှီးခင်မင် သွားကြတဲ့
အတွက် ကောင်းပါတယ်လို့ ပြောတာ"

"ဪ . . ဟော . . ဒါကြောင့် ကျွန်မတို့အခု ရှင့်ကို
ကျေးဇူးတင်ရဦးမယ်ပေါ့ . . ကောင်းပြီ၊ ဒါဆိုလည်း အခု
မျက်နှာရှိတဲ့ ရှင့်ကို ဝိုင်းပြီး ကျေးဇူးဆပ်လိုက်ကြတာပေါ့"

မြတ်ရွှေအိမ်စည်က ဦးဆောင်ခြိမ်းခြောက်ပြီး ထထိုး
ဆိုလေရာ ကျန်သူများ နောက်ကျမခံဘဲ သင့်တော်သလို
ညာပေးရန် ပြင်ဆင်လိုက်ကြသည်ကို တွေ့ရသည်၊

ကျွန်တော် ဗျာဗျာသလဲ လက်တာပြရင်း

"မြတ် . . မြတ် . . အဲသလို စိတ်ထင်တိုင်း မလုပ်နဲ့လေ၊
လူကြီးတွေ မျက်နှာတ ရှိသေးတယ်လေ . . လူကြီးတွေ
မျက်နှာပျက်အောင် မလုပ်ချင်ပါနဲ့ မြတ်ရယ်

"လူကြီးတွေ မျက်နှာပျက်အောင်လုပ်တာ ကျွန်မ မဟုတ်
ဘူး . . ရှင်မှ ရှင်အစစ် . . တဲ့ ပြောနေကြတယ် . . မပြော
ချင် မကြားဘူး . . တဲ့ဟာ"

"ခွပ်"

"ဗုန်း . . ဒုန်း . . ဗုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ချလွမ်းဒိန်း ဒိန်း"

"ဖပ် ဘတ် ဘတ်"

"ဖြန်း ဖြန်း ဖြန်း"

လက်သံပြောင်သော ရွာစားကျော်တို့၏ သံစုံတီးဝိုင်းများကို အဆက်မပြတ် ကြားရပြီးသည့်နောက် ကျွန်တော့်အသံပင် မထွက်နိုင်တော့ဘဲ ကြယ်မြင် လမြင် တိုင်းပြည်တစ်ယောက်တည်း ရောက်သွားရတော့သည်။

သည့်အရင်က ကောင်းကင်မှာ ကြယ်တွေ လတွေလောက်များများ ရှိလိမ့်မည်ဟု မသိခဲ့ရိုးအမှန်။

ဇ ※ ဇ







## အခန်း (၃၁)

ိမ်းမလှများ၏ အမုန်းတရားသည် လွန်စွာ ကြောက်မက်ါတောင်းကြောင်း ကျွန်တော် တစ်နေ့ထက်တစ်နေ့ သာရပေသည်။ မပြေနိုင်သော အငြိုးအတေးတွေကို ယ်ပိုက်ပြီး အချိန်နှင့်အမျှ လက်စားချေရေးကိုသာ ားကြံဆောင် နေကြသည်မှာလည်း ကျောချမ်းဖွယ် ပင် -

ကျွန်တော် သင်ခန်းစာရလိုက်ပါပြီ။

ဪ . . လူ့ကံဆိုတာကလည်း မြင့်တုန်းကတော့ အလံ ာလူလူလွင့်ပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက်နေ ည်၊ နိမ့်ကံရယ် ကြုံချိန်မှာတော့ အရာရာ ခံဘက်ကချည်း ရတော့သည်၊



www.burmeseclassic.com

ယခု ကျွန်တော့်ကိုပဲ ကြည့်။

တစ်ချိန်က ကျွန်တော့်ကို ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ ဆိုသူများသည် ယနေ့တော့ မုန်းလှချည်ရဲ့ နာလှချည်ရဲ့ ပြီး ခါးခါးသီးသီး ဖြစ်နေကြသည်။

မုန်းရုံနာရုံခါးသီးရုံမျှနှင့်ပြီးလိုက်ကြလျှင်တော့ ကျွန်တော် ခံသာပါသေးသည်။ ယခုတော့ ဤသို့မဟုတ်ပါပြီ၊ ကျိန် တိုက်ပြီး ကျွန်တော့်ဘဝကို အမဲဖျက်သလို လိုက်ဖျက်နေသည် က ဆိုးသည်။

သူတို့၏ ကြွေးကြော်သံကိုလည်း နားထောင်ကြည့်ဦး

ကျွန်တော့်တစ်သက်တွင် နောင်ဘယ်တော့မှ ချစ် ရည်းစားမရစေရ။ လူပျိုကြီး ဘဝနဲ့သာ အထီးကျန် အဆုံးသတ်စေရမည်. . တဲ့လေ။

ကဲ . . ကြည့် . . ဘယ်လောက်များ ရက်စက်ကြသလဲ တာ သူတို့သာ အချိန်တန် အိမ်ထောင်ပြုလျှင် ပြု ကျွန်တော့်ကိုတော့ အိမ်ထောင်ပြုခွင့်မပေးဘဲ နည်းမျိုးစုံ နှောင့်ယှက်ဖျက်စီးမည်တဲ့လေ . . လုပ်ပုံ . . လုပ်ပုံ။

ဩော် . . မိန်းမတွေများ မုန်းစိတ်ဝင်သွားပြီဆိုရင် ၏ မတရား၏။ မစဉ်းစားတတ်တော့ စိတ်ထင်တိုင်းသာ ချင်ကြတော့သည်၊ ခက်ပါဘိ။





ကျွန်တော့်သဘောကတော့ ပြီးတာတွေလည်း ပြီးပါစေ တော့ရယ်လို့ ဆိုချင်ပေမယ့် သူတို့ဘက်ကတော့ ပြုသူအသစ် ဖြစ်သူအတောင်းကို စံထားပြီး မိုက်လုံးကြီးနေကြဦးမည်မှာ အသေအချာ။

တကယ်ဆို သူတို့ 'ကျွန်တော့်ဘက်ကို နည်းနည်းလေး ဖြစ်ဖြစ် ထည့်တွက်သင့်သည်။

ယခုဆို ကျွန်တော့်မှာ ချစ်သူအားလုံးကို လက်လွှတ်လိုက် ရသည့် အချစ်လက်မဲ့သမားကြီးလုံးလုံး ဖြစ်နေလေပြီ။ ထို့အပြင် မြတ်ရွှေအိမ်စည်ကို သစ္စာမဲ့သည့် အရေးကြောင့် နှစ်ဖက်မိသားစု မျက်နှာပျက်ရသည်ဆိုကာ ကျွန်တော့်မိဘ နှစ်ပါးနှင့် အစ်ကိုကြီးတို့က ကျွန်တော့်ကို သံအဆက်အသွယ် ဖြတ်တောက်လိုက်သည်။ တပည့်ရင်း တပည့်ချာကြီး မဲလုံးက သည်း ဆရာမွေးမှားသော သူ့ဘဝကို အချိန်မီ ပြန်အဖတ် ဆယ်ရန်ဟူ၍ အကြောင်းပြပြီး ကျွန်တော့်အပါးမှ ခွာသွား တော့သည်။

စဉ်းစားသာကြည့် ကျွန်တော့်ဘက်က ဆုံးရှုံးမှုမည်မျှ ကြီး နေမည်ဆိုတာကို ပြစ်မှုနှင့်ပြစ်ဒဏ် မကာမိဟုဆိုသော်ရ၏။ ဒါတောင် ချစ်သူဟောင်းများက သက်ညှာမည့်အရိပ်လက္ခဏာ ကို စိုးစဉ်းမျှ မပြသည့်အပြင် ပိုမိုပြင်းထန်စွာ နှိပ်ကွပ်သော



www.burmeseclassic.com

www.burmeseclassic.com



သည်တို့တွေ့ရသည်။

ပြောရရင် ကျွန်တော့်ဆိုသည့် တောင်တလည်း အနားမှာ ချောချောလှလှ တောင်မလေး တစ်ယောက်မဟုတ် တစ်ယောက်ရှိနေမှ နေသာထိုင်သာရှိသည့် လူစားမျိုးရယ်။

ထို့ကြောင့် နောက်ထပ် ရည်းစားလေးနှစ်ယောက်ထားမိပါတယ်၊ ဗုတ္တကို လှလှတွေ့ပါလေရော။

ဖြစ်ပုံက သည်လို . . သည်လိုတွေပါ။

တေရီဆိုသော အလှဝေးလေးနှင့် ကျွန်တော် အင်းလျားကန်ဘေးရှိ ဆိုင်တစ်ဆိုင်မှာ အတူထိုင်ပြီး ချစ်ဖွယ်စကားတွေ ဆိုကောင်းနေတုန်း ပြုန်းဆို ဆုမြတ်ဝတီရောက်လာသည်။

ကျွန်တော် ထိတ်လန့်အံ့အားသင့်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဖြစ်နေစဉ် ဆုမြတ်ဝတီကတော့ ရွှန်းရွှန်းဝေပြုံးပြီး ခုံတစ်ခုံဆွဲယူလို့ ကျွန်တော်နှင့် နီးနီးကပ်ကပ် ထိုင်ရင်း "ကိုကို" ဆိုပြီး ချွဲချွဲပြစ်ပြစ် ခေါ်ပါတော့သည်။

ကျွန်တော့်နားထဲမှာ ဗုံးတစ်လုံး ကွဲသံကြားလိုက်ရပြီး ကျွန်တော်အသက်ရှူ ခေတ္တရပ်သွားရသည်။

တေရီမျက်နှာသည် အံ့ဩခြင်းတတစ်ဝက် ဒေါသတတစ်ဝက်။ သို့သော် ဆုမြတ်ဝတီကတော့ ဘာမှုအရေးထားဟန် မတူပါ။ သူပြောချင်ရာ ဆက်ပြော၏။





"ကိုကို . . ကိုကို . . လို့ဆို"

"ဟင် . . ဘာ . . ဘာလဲ . . ဟင်"

"အခြေအနေဘယ်လိုလဲဟင်"

"ဘာ . . ဘာအခြေအနေလဲ"

"ကိုကို့ လူနာ အခြေအနေမေးနေတာလေ ကိုကိုရဲ့"

တေရီကို မျက်စပစ်ပြီး ပြောလိုက်သော ဆုမြတ်ဝတီတောကြောင့် ကျွန်တော်မြာသွားရပြန်သည်။ ကျွန်တော် ဘာပြောရမှန်းမသိဖြစ်နေစဉ် ဆုမြတ်ဝတီက တေရီကို ခပ်ပြုံးပြုံးကြည့်ကာ-

"ဘယ်လိုလဲတေရီ နေရထိုင်ရတာ သက်သာတယ် ဟုတ်လား"

"သက်သာပါ. . အဲ. . တို့ကို ဘာသဘောနဲ့ ဒီလို မေးတာလဲ"

"ဪ တို့ပြောတာက ဒီလိုပါ၊ ဒီနေ့ တေရီကို ကြည့်ရတာ ကြည်ကြည်လင်လင် ရှိနေသလားလို့ပါ"

"ကြည်ကြည်လင်လင် မရှိရအောင် တို့က ဘာဖြစ်နေလို့လဲ"

"ဒါဆို ဝမ်းသာပါတယ်. . နေကောင်းရင် ပြီးတာပါပဲ. . နေကောင်းအောင် ဂရုစိုက်ပါ တေရီရယ်. . ဒါနဲ့ ကိုကို တေရီတို ဆေးရော အချိန်မှန်မှန်တိုက်ရဲ့လား"

"ဆေး . . . ဪ . . တိုက်တိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေရီနှင့်စကားပြောနေရာမှ ရုတ်တရက် ကျွန်တော့်ကို လှည့်ပြောလိုက်သော ဆုမြတ်ဝတီ၏ အကြောင်းရိုက်မှုကြောင့် ကျွန်တော်လည်း ယောင်ပေါင်ပြီး ပါးစပ်ထဲ ထွက်မိထွက်ရာ ထွက်သွားရသည်။

"ဘာပြောတယ် ကို.. ကေရီကို ဆေးတိုက်ရအောင် ကေရီက ဘာဖြစ်နေလို့လဲ"

ကေရီအသံတုန်တုန်ယင်ယင်ဖြင့် ဒေါသထွက်လာပြီမှန်း သဘောပေါက်လိုက်သည့်အတွက် ကျွန်တော် ခေါင်းတခါခါ ပြု၍-

"ဘာ.. ဘာမှ .. မဖြစ်ပါဘူး ကေရီရဲ့"

ကေရီဒေါသကြောင့် ရဲတက်လာသော မျက်နှာဖြင့် ဆုမြတ်ဝတီကို ခပ်စူးစူးကြည့်၏။

ထို့နောက်

"နေစမ်းပါဦး ယူက ဘယ်သူလဲ ယူတို့နှစ်ယောက်က ဘယ်လိုပတ်သက်နေလဲ"

"တို့နာမည်က ဆုမြတ်ဝတီတဲ့.. ကိုကိုနဲ့ဘယ်လိုပတ်သက်သလဲဆိုတာတော့ ကေရီ မသိချင်စမ်းပါနဲ့ အရေးကြီးတာက ကေရီမြန်မြန်နေကောင်းဖို့ပဲ"

"လာပြန်ပြီလား .. နေကောင်းဖို့ဆိုတဲ့စကား .. တို့က





ဘာ ဖြစ်နေလို့ ဒါကိုပဲ ထပ်ခါထပ်ခါ ပြောနေရတာလဲ"

"ကိုကိုပြောတော့ ကေရီက ဆေးကျောင်းသူဆို.. စာတွေအကျက်လွန်ပြီး ဝေါက်သွား.. အဲလေ .. ဆောရီး .. အိပ်ရေးပျက်တာများ ..များ .. လို့"

"ဘာ .. ဘာပြောတယ် .. စာအကျက်လွန်ပြီး ဝေါက်နေတယ်ဟုတ်လား .. ကိုမင်းပိုင်စိုးဇေ ရှင်ကျွန်မကို အဲသလိုပဲ ပြောထားသလား .. ပြောထားသလား၊ ဟင်း ဟင်း"

"ဟာ .. မပြော .. မပြောပါဘူး ဘာလို့ပြောရမလဲ ဒါပြောရမယ့် ကိစ္စမှ မဟုတ်ဘဲ ကေရီရယ်"

ကေရီပေါက်ကွဲလေပြီ ကျွန်တော့်ကို လှည့်ရန်မူသဖြင့် ကျွန်တော်လည်း ဖျာဖျာသလဲ ငြင်းဆိုရသည်။ သည်အရေးမှာ အခြေအနေကို လိုသလို ဆွဲယူထိန်းကျောင်းသွားသူမှာ ဆုမြတ်ဝတီပင်ဖြစ်သည်။

"ဟုတ်ပါတယ် ကေရီရယ် .. ဒီကိစ္စမျိုးဆိုတာ လူတိုင်းကို လျှောက်ပြောလို့ကောင်းတာမှမဟုတ်တာ.. လူတွေမသိလေ ပိုကောင်းလေပေါ့.. ဟုတ်ဖူးလား"

"ဘာ .. ဘာ .. ပြောတယ်"

"ဩော် .. မပြောပါဘူး၊ တကယ်ပါ ကေရီယဉ်ယဉ်လေး ရူးနေတဲ့အကြောင်းကို ကိုကိုက တို့တစ်ယောက်တည်းကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူချင်းမို့ ပြောပြထားတာပါ . . ကျန်တဲ့လူ ဘယ်သူကိုမှ မပြောထားပါဘူး . . ဟုတ်တယ်နော် ကိုကို . . ကိုကိုဘယ်သူကိုမှ မပြောထားဘူးနော်"

"ဟုတ် . . ဟုတ်ပါတယ် ဆောရီရယ် . . အဲ ဟာ ရှုပ်ကုန်ပြီ၊ ဝတီ ဘာတွေလျှောက်ပြောနေတာတုန်း ကိုကိုလည်း ဘာမှ မပြောဘဲနဲ့ ဒုက္ခပါပဲ"

ဆုမြတ်ဝတီ၏ ထောင်ချောက်ထဲတွင် သားကောင်ဘဝသို့ လုံးလုံးလျားလျား သက်ဆင်းသွားရပြီဖြစ်သော ကျွန်တော့်အဖို့ နေရာတွင် လဲသေလိုက်ဖို့သာ ကောင်းတော့သည်။

"ရှင် . . ရှင် . . တော်တော် မိုက်ရိုင်းတဲ့လူကြီး၊ ရှင့်မှာ ချစ်သူရှိလျက်နဲ့ ကျွန်မအချစ်ကိုလည်း ညာယူသေးတယ်၊ ကျွန်မကိုလည်း ယဉ်ယဉ်လေးရှူးနေတယ်လို့ ပြောထားသေးတယ် . . ရှင့်ကို လုံးဝမကျေနပ်ဘူး . . မုန်းတယ် . . မုန်းတယ် . . အဟင့် . . အဟင့်"

"မဟုတ် မဟုတ်သေးပါဘူး ဆောရီ . . ကို ရှင်းပြမယ် . . ဖြစ်ပုံက ဘယ်လိုလဲ ဆို . . တော့ . ."

"မပြောနဲ့ . . မပြောနဲ့ . . ဘာမှမကြားချင်ဘူး ကဲဟာ ကဲဟာ"

"ဝုန်း . . ဒိုင်း . . ခွမ်း"





ဆောရီ ဒေါသတွေအသားကုန်ပေါက်ကွဲပြီး စားပွဲပေါ်မှာရှိသမျှ ပစ္စည်းများဖြင့် ကျွန်တော့်ကို ပစ်ပေါက်ပြီးနောက် ကျွန်တော့်ရှေ့မှ ငိုယိုထွက်ခွာသွားလေ၏။

ကျွန်တော်တင်းပြီး ဆုမြတ်ဝတီကို လှည့်ကြည့်လိုက်သည်။ ဆုမြတ်ဝတီကတော့ ဘာမှအရေးမပါသလို အေးဆေးပဲ ပြုံးနေသည်။

"ဝတီ ဒါ . ဘာသဘောနဲ့ အခုလို လျှောက်လုပ်ရတာလဲ"

"အို . . ဘာတွေ လာပြောနေတာလဲ ဝတီဘာလုပ်လို့လဲ"

"ဘာလုပ်လို့လဲ ဟုတ်လား . . ဆောရီကို ယဉ်ယဉ်လေး ရှူးနေတယ်လို့ ဘယ်သူကပြောလို့လဲ"

"ဒီကိစ္စမျိုးဆိုတာ ထူးပြီး ပြောနေစရာမှမလိုတာ . . ကိုမင်းပိုင်စိုးရေရဲ့ ချစ်သူမှန်သမျှ ယဉ်ယဉ်လေး ရှူးနေတဲ့သူတွေချည်းပဲဆိုတာ အလိုလို နားလည်ထားကြပြီးသား ဥစ္စာ ဟုတ်ဖူးလား . . ခစ် ခစ် ခစ်"

"တောက်"

"ဘာဖြစ်လို့ ဒီလောက်တောင်ပေါက်ကွဲနေရတာလဲ၊ မှန်တာတွေ ပြောပြနေလို့လား . . အလှည့်ကျရင် မနဲ့ကြံတမ်းဆိုတာ သဘောပေါက်တယ် မဟုတ်လား . . သဘောပေါက်

www.burmeseclassic.com



မှာပါ. . . ခစ် ခစ် ခစ်"

"ဝတီ. . ဝတီ. . မင်းနော်. . မင်း. . မင်း"

"ဩော် ရှင်ကြီးက ဝတီ့ကို မှတ်မိသားပဲကိုး. . ၊ ဒါဆို ဒီထက်ပိုပြီး မှတ်မိစရာတွေ ရှိသေးတယ်. . အခုပေးလိုက်တဲ့ သင်ခန်းစာက အစပဲရှိသေးတယ်. . ဒီထက်ပိုပြင်းထန်တဲ့ သင်ခန်းစာတွေနဲ့ မကြုံချင်ဘူးဆိုရင်တော့ တစ်ယောက်တည်း သမားဘဝနဲ့ပဲ အေးအေးဆေးဆေးပဲ နေစမ်းပါ. . သူများ သားသမီးတွေကို ဒုက္ခမပေးချင်စမ်းပါနဲ့. . ဟုတ်ပြီလား"

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . "

ဆုမြတ်ဝတီ ကျွန်တော့်ကို သတိပေးသလို ခပ်ထန်ထန် တစ်ချက်ကြည့်ပြီး နေရာမှ အထတွင် ရှေ့ခပ်လှမ်းလှမ်းဆီမှ လက်ခုပ်သံများ ထွက်ပေါ်လာသည်။ ကျွန်တော် မအီမလည် လှည့်ကြည့်ရာ ဘရဏီ၊ မဏိဇာနည်၊ ရွှေလွှာနဒီ၊ မြတ်ရွှေအိမ် စည်နှင့် သဇင်ဝေမှိုတို့ကို အောင်ပွဲရ မျက်နှာထားကိုယ်စီဖြင့် တွေ့လိုက်ရသည်။ ကျွန်တော် ဟီးချပြီးသာ ငိုလိုက်ချင်တော့ သည်။ မျက်နှာများခြင်းရဲ့ ပြစ်ဒဏ်ကို ကျွန်တော် ခံနေရပါပြီ။

"များချင်ဦးဟဲ့မျက်နှာ . . များချင်ဦးဟဲ့ မျက်နှာ" ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိတော့သည်။

ဩော် . . နှောင်းမှ တ,သည်ကို နှောင်တဟုခေါ်သည်။





နှောင်တ. . နှောင်တ။

ခက်သည်က ကျွန်တော်ဆိုသည့်ကောင်ကလည်း လွယ် လွယ်နှောင်တ မရတတ် အမှန်သည်းခြေနည်းသည်ဟု ဆိုရ မည်သာ၊ ဆုမြတ်ဝတီတို့တစ်တွေ၏ ကောင်းမှုကြောင့် နကရီ ကျွန်တော့်ကို စွန့်ခွာကျောခိုင်းသွားတာ ဘာမှမကြာသေး ကျွန်တော့်နံဘေးမှာ သိမ့်သိမ့်သီဆိုသော မိန်းမချောလေးတစ် ယောက် ရောက်နေပြန်ပါပြီ။

သိမ့်သိမ့်သီက စတိုးဆိုင်ဖွင့်ထားသည်၊ ထိုစတိုးဆိုင်သို့ ကျွန်တော် မကြာမကြာသွားခြင်းဖြင့် သိမ့်သိမ့်သီနှင့်ရင်းနှီးခင် မင်ခဲ့သည်။ ထိုမှတစ်ဆင့် အစဉ်အလာ မပျက်စတမ်း ကျွန်တော် ချစ်ရေးဆိုခဲ့သည်၊ သိမ့်သိမ့်သီလည်း ဘာသားနဲ့ ထုထားတာမို့လဲ . . ကျွန်တော့် အပြောအဆို ကျွန်တော့် အပြု အမူမှာ အရည်ပျော်ကြရသည်သာ။

ကျွန်တော်တို့နှစ်ယောက် မဟာဗန္ဓုလပန်းခြံလမ်းရှိ Mr Brown ဆိုင်အပေါ်ထပ်မှာ အတူထိုင်ပြီး ကော်ဖီသောက် ရင်း စကားပြောကြစဉ်ကဖြစ်သည်၊

ကျွန်တော် သိမ့်သိမ့်သီ၏ အလှကို ချီးမွမ်းခန်းဖွင့်ရင်း ချစ်တေးသီရန် စကားလုံး ရွေးချယ်ရ၏။

"ဟိတ်. . လူကို ဘာလို့ အဲလောက်ကြီး စိုက်ကြည့်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ. . မနေတတ်ဘူးကွာ"

သိမ့်သိမ့်သီထံမှ စကားသံ ထွက်ပေါ်လာသည်။ ကျွန်တော်က လေးနက်သော မျက်နှာထားဖြင့်-

"ပြောရရင် ကိုယ်ဆိုတဲ့ ကောင်က တော်တော်ညံ့မှန်း အခုမှ သိရတယ် သိလား"

"ဘာကြောင့်"

"ဩော်. . သိမ့်ရဲ့အလှ မြင်သူတိုင်းက ချီးမွမ်းတာယော် ပိုမိုပြည့်စုံလေးနက် စကားလုံးကို ရှာဖွေနေတာ သိမ့်ကို စတွေ့ တည်းကပါပဲ. . ဒါပေမယ့် အခုထိ ရှာလို့ မတွေ့သေးတော့ ကိုယ့်ကိုယ်ကို ဒေါကန်နေတာ"

"ဖြည်းဖြည်းလည်း မြှောက်ပါဆရာရယ်"

"ကိုယ်တကယ်ကို ပြောနေတာ . . တာ"

"ဘာတွေ တကယ်ပြောနေတာလဲ မောင်ရဲ့"

ကျွန်တော် စကားဆုံးအောင် မပြောလိုက်ရပါ။ မထင်မှတ်ဘဲ အနားရောက်လာပြီး ဝင်ပြောလိုက်သော ဘရဏီကြောင့် ကျွန်တော် တစ္ဆေသရဲတွေ့သလို လန့်ဖျပ်သွားရသည်။

"ဟင် . . ဘ . . ဘရ . . ဏီ"

"ဟုတ်တယ်လေ မောင်ရဲ့၊ မောင်ရဲ့ ဘရဏီလေ. . ဒါနဲ့ သူလေးက မောင်ပြောပြောနေတဲ့ မောင်ရဲ့ ညီမလေး





သိမ့်သိမ့်သီဆိုတာလား ချစ်စရာလေးနော် မောင်"

"အင်း"

ကျွန်တော် ဘရဏီကို တစ်လှည့် သိမ့်သိမ့်ကိုတစ်လှည့် ကြည့်ပြီး ဘာပြောရမှန်း မသိဖြစ်နေရသည်။ ဘရဏီက ပြုံးပြုံးရွှင်ရွှင်နှင့်စကားတွေဖောင်အောင် ပြောနေသလောက် သိမ့်သိမ့်သီကတော့ ငိုမလို မဲ့မလို မျက်နှာထားဖြင့် ရှုံ့မဲ့ရှုံ့မဲ့ဖြစ်နေလေပြီ။

"မောင်ကတော့ ပြောပြောနေတာကြာပါပြီ . . သိမ့်နဲ့တို့နဲ့ကို မိတ်ဆက်ပေးမယ်ဆိုပြီတော့လေ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံကြရတော့တယ်၊ ဝမ်းသာလိုက်တာ ယောင်းမရယ်"

"ကို . . မင်း . . ပိုင် . . စိုး . . ဇေ"

သိမ့်သိမ့်သီ အသားတဆတ်ဆတ်တုန်ပြီး ကျွန်တော့်နာမည်ကို တစ်လုံးချင်း ခေါ်၏။ ကျွန်တော် သိမ့်သိမ့်သီကို နှစ်သိမ့်နိုင်ရန် ကြံဆနေစဉ်မှာပင် အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်လာပြန်သည်။

"ဩော် . . သိပ်ပျော်နေကြတယ်ပေါ့လေ . . တုတ်လား"

"တင် . . ရွှေ . . ရွှေလွှာ . . နဒီ"

အခြေအနေကတော့ မှန်းဆလို့ မရလောက်အောင် ဆိုးရွားသွားပြီမှန်း ကျွန်တော်နားလည်လိုက်သည်။ ရွှေလွှာနဒီ



www.burmeseclassic.com

www.burmeseclassic.com



ရန်လိုသော သွင်ပြင်လက္ခဏာအပြည့်ဖြင့် ရောက်လာချေပြီ။ ဘာဇာတ်လမ်း ဆင်ဦးမည်မသိ။

"ဟုတ်တယ် . . ကျွန်မ . . ရွှေလွှာနဒီပဲ၊ ရှင်သိပ်ချစ်လှ ချည်ရဲ့ဆိုတဲ့ ရွှေလွှာနဒီပဲ၊ ရှင်နဲ့ ဘရဏီဆိုတဲ့ မိန်းမ ကျွန်မ ကွယ်ရာမှာ တွဲခုတ်နေကြတယ်ကြားလို့ လိုက်ချောင်းနေတာ ကြာပြီ၊ ခုတော့ လတ်ပူးလက်ကြပ်မိပြီ ရှင့်တို့ ဘာပြင်းချင် သေးလဲ၊ ကဲ . . ယုံအောင် ရှင်းစမ်းပါဦး ကိုကြီးရဲ့"

"အန် . . မဟုတ် . . မဟုတ်သေးဘူးလေ"

"ဘာလဲ မုန်လာဥ လုပ်ချင်သေးလို့လား. . ဒီမယ် ရွှေလွှာ နဒီကို ခပ်ညံ့ညံ့မိန်းမများ အောက်မေ့နေလို့လား။ ဝေးသေး တယ်"

ကျွန်တော် ပြောခွင့်မသာလေပြီ. . ရွှေလွှာနဒီနှင့် ဘရဏီ၏ လုပ်ဆောင်ချက်က ပိုင်နိုင်ထိရောက်လွန်းလှသည်။

"ဒီမယ် ရွှေလွှာနဒီ . . သူခိုးက လူဟစ်ဖို့ မကြိုးစားပါနဲ့ နင်သာ ငါ့ချစ်သူကို ငါ့လက်က လုယူသွားတာ ငါမသိဘူးများ မှတ်နေလား၊ ဒီမယ် ဘရဏီတို့က မုန့်ကိုသာ ဝေစားမယ် အချစ်ကို ဝေမစားဘူးမှတ်"

"အေး . . ရွှေလွှာနဒီတို့ကလည်း အချစ်ချင်းတူရင် စစ်ခင်းယူမယ်ဆိုတာ ယုံထားလိုက် ဒါပေမယ့် စိတ်ဝေဒနာ





သည်လေးရှေ့မှာတော့ ငါရန်မဖြစ်ချင်ဘူး"

"စိတ်ဝေဒနာသည် ဟုတ်လား . . ဘယ်သူလဲ စိတ်ဝေဒ နာသည်က စကားကို ရှင်းရှင်းပြောပါ ရွှေလွှာနဒီ"

"ကိုကြီးဘေးမှာ ထိုင်နေတဲ့ သိမ့်သိမ့်သီကိုပြောတာ"

"သိမ့်သိမ့်သီဟုတ်လား . . သိမ့်သိမ့်သီက စိတ်ဝေဒနာ သည်မှ မဟုတ်တာ . . မောင့်ရဲ့ ညီမလေး . . ငါ့ရဲ့ ယောင်းမဟဲ့ သိရဲ့လား"

"ဘယ်က ကိုကြီးရဲ့ ညီမလေးရမှာလဲ၊ မသိဘဲရမ်းသမ်း လျှောက်ပြောမနေနဲ့ . . ယဉ်ယဉ်လေး ရူးနေလို့ ကိုကြီးက သနားပြီ စောင့်ရှောက်ပေးနေရတာ. . ကိုကြီးကိုယ်တိုင် ငါ့ကို နားလည်ပေးပါပြောထားလို့ ငါလည်း စိတ်ဝေဒနာရှင် အပေါ် ကရုဏာစိတ်နဲ့ တမင် မသိချင် ယောင်ဆောင်ပေးထားတာ ဒါပေမယ့် နင်မပါဘူး. . မှတ်"

ဘရဏီနှင့် ရွှေလွှာနဒီတို့ တစ်ဦးကိုတစ်ဦး ဟန်အပြည့် ဟန်အပြည့် ရန်ထောင်နေကြစဉ် သိမ့်သိမ့်သီနေရာမှ ရုတ် တရက်ထကာ ကျွန်တော်ကို လက်ညှိုးငေါက်ငေါက်ထိုးလျက်

"ရှင် . . လူလိမ် . . လူညာ . . လူရှုပ် . . လူပွေ . . သာဂိရို . . ရှင့်ကိုမုန်းတယ် . . ဆယ်သက် . . ဆယ်သက် . . အဟင့် အဟင့် ကျွန်မ ကံဆိုးတာ ကျွန်မကံဆိုးတာ. . ရှင့်ကိုမို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများတဲ့လူရဲ့ အချစ်ကို ယုံစားမိတာ လူတောင် ပကတိကနေ အရူးဖြစ်ခဲ့ရတယ်။ တစ်သက်မကျေဘူး၊ ရှင့်ကို တစ်သက်မကျေဘူး။ အဟင့် အဟင့်"

"နေ နေဦးလေ ရှင်း. . ပြ. . ပြ"

ကျွန်တော့် စကားမတိုးတော့ပါ သိမ့်သိမ့်သီတစ်ယောက် ကျွန်တော့်ကို အနာကျည်းကြီး နာကျည်းလျှက် ရှိုက်ငိုပြေး ထွက်သွားပါတော့သည်။

ကျွန်တော် အတင်းကြီးတင်းလျက် ဘရက်ကိုနှင့် ရွှေလွှာနှင်း ကို ပစ်ပစ်နှစ်နှစ်ပြောရန် ရန်လိုစွာ ကြည့်လိုက်သည်။

သို့သော် ကျားတစ်ကောင်ဖြစ်မည့်မှ မကြဲသေး ချက်ချင်း ဆိုသလို ကြောင်တစ်ကောင်ဘဝရောက်သွားရသည်။

"ဘာလဲ . . ရှင်က ကျွန်မတို့ကို ဘာလုပ်ချင်သေးလို့လဲ စမ်းကြည့်လေ"

ဆိုသော သတ္တိခဲမလေးနှစ်ဦး၏ ရဲရဲတောက် စိမ်ခေါ်အံ့ နှင့် မရှေ့မနှောင်း မဏိဇာနည်၊ ဆုမြတ်ဝတီ၊ မြတ်ရွှေအိမ်စည် နှင့် သဇင်ဝေမှိုတို့ ရောက်လာကြသည်။ အံ့ဩစရာကောင်း သည်က. သူတို့နှင့် ကေရီပါ ပါလာခြင်းပင်။

"ရှင်က ကျွန်မတို့ကို လှောင်တွက်ထားသလား ကိုမင်းပိုင်မိုး ရေ . . ကျွန်မတို့ စကားတုန်ပြောပြီးပြီနော် . . ရှင်ထပ်ပြီး





သွေးတိုးစမ်းဖို့ မကြိုးစားပါနဲ့တော့"

"ရှင်. . မိန်းကလေးတွေကို ဒုက္ခပေးရတာ တော်လောက် ရောပေါ့၊ ရှင့်ဘုတ်က ပေါ့ပေါ့တန်တန် သဘော ထားပေမယ့် တစ်ဖက်သားမှာ ဘယ်လောက်ခံစားရမလဲဆိုတာ ရှင် စဉ်းစားမိတာ အံ့ရောပဲ"

ကျွန်တော့်ကို တစ်ယောက်တစ်ခွန်း ဟိန်းဟောက်နေကြ သော မချောများကို တစ်ချက်ငေ့ကြည့်ရင်း-

"တစ်သက်လုံး ဒီလိုပဲ နှောင့်ယှက်နေကြတော့မှာလား"

"ဒါနှောင့်ယှက်တယ်လို့ မခေါ်ဘူး. . ရှင့်ရဲ့ လှည့်စားမှု ဘေးကနေ အမျိုးကောင်းသမီးတွေကို ကယ်တင်နေတာလို့ ခေါ်တယ်. . ပြီးတော့ အသေချာဆုံးစကားကိုလည်း ပြောလိုက်ဦးမယ်. . အဲဒါကတော့ ရှင်ထပ်ထားသမျှ ရည်းစား တွေဟာ ရှင့်အကြောင်းသိပြီးတဲ့နောက် ကျွန်မတို့နဲ့ ပူးပေါင်းပြီး ရှင့်ကို ချေမှုန်းသွားလိမ့်မယ်ဆိုတာပဲ"

"ဟုတ်တယ်. . အခု ကေရီလည်း ကျွန်မတို့နဲ့ ဘော်ဒါ ဖြစ်နေပြီဆိုတာ ရှင်တွေ့တယ် မဟုတ်လား . . ဒီလိုပဲ မကြာ ခင်မှာ သိမ့်သိမ့်သီလည်း ကျွန်မတို့ဘော်ဒါအရင်းအချာကြီး ဖြစ်သွားလိမ့်မယ်ဆိုတာ ရှင်ယုံထားပါ"

ဟုတ်ပါတယ် သူတို့ပြောသည့်အတိုင်း ကေရီသည် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဘုက်က ရပ်တည်ကာ သူတို့နှင့် ခံစားချက်တစ်ရပ်တည်း
လျှက် ကျွန်တော့်ကို နာကျည်း ရန်လိုစွာ ကြည့်နေလေသည်
ကျွန်တော်နလံမထူနိုင်အောင် ရှုံးနိမ့်သွားပြီဆိုတာ လုံး
(လုံး၀)သေချာသွားပါပြီ။

"ကောင်းပါပြီ. . အားလုံးကို ကိုယ်အရှုံးပေးပါပြီ. .
ကိုယ့်နံဘေးမှာ ချစ်သူရည်းစားဆိုလို့ နောက်ဘယ်တော့
မတွေ့ရစေဘူးလို့ ကတိပေးပါတယ်"

ကျွန်တော် နေရာမှ လေးကန်စွာ ထရပ်ရင်း သူတို့အား
လုံး ကျေနပ်စေမည့်စကားကို မျက်နှာအောက်စိုက်ပြီး ပြော
လိုက်သည်။ ထို့နောက် အားလုံးကို ကျောခိုင်းပြီး ထွက်ခွာ
တော့သည်၊ သူတို့ခေါင်းတညိတ်ညိတ်ဖြင့် တီးတိုးစကားဆို
ရင်း ကျေနပ်ရစ်ကြမည်မှာ အသေအချာရယ်ပါ။ ထို့ပြင်
စောင့်ကြည့်ရဦးမှာပေါ့ဟူသော သံသယလည်း ကိုယ်စီရှိ
မည်မှာ အသေအချာရယ်ပါ. . ကျွန်တော်ဘာမျှ အထွေ
အထူး မပြောလိုတော့ပါ။ ကျွန်တော့် မိုက်ပြစ်ဒဏ် ကျွန်တော်
ခံရသည်ဟုသာ ကျွန်တော် သဘောထားပါတော့သည်။







အခန်း (၃၂)

"သူငယ်ချင်းနဲ့ မိတ်ဆက်ပေးရဦးမယ် . . . သူ့နာမည်က
နွေးနွေးနေခြည်တဲ့ ကိုယ့်ညီမတစ်ဝမ်းကွဲပေါ့၊ အားလုံးကတော့
ရင်းရင်းနှီးနှီးနေခြည်လို့ပဲ ခေါ်ကြတယ်"

"ဟုတ်တဲ့ ခုလို တွေ့ရတာ ဝမ်းသာပါတယ်. . .
ကျွန်တော့်နာမည် မင်းပိုင်စိုးဇေပါ"

သူငယ်ချင်းဖြစ်သူ စာရေးဆရာ တာရာရဲရင့် မိတ်ဆက်
ပေးသော ထမင်းချိုင့်လာပို့သူ မိန်းကလေးကို ကြည့်ပြီး စိတ်
ညစ်သွားရသည်၊ ပါဝါမျက်မှန်ထူထူ သနပ်ခါးပါးကွက်ကျား
ထူထူ မိန်းကလေးကို ကြည့်ပြီး လှုပုံနှင့် မလိုက်ဖက်စွာ မှည့်
ထားသော နာမည်လှလှလေးကိုပင် မဆီမဆိုင် နှမြောမိအား
တော့သည်၊ လက်ပြင်ကုန်းနေသည်ကို ထောက်ရှုခြင်းအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လမ်းလျှောက်လျှင် ကြည့်ရတာ ဘယ်လိုမှ ပန်တျာလာမည် မဟုတ်မှန်းလည်း သဘောပေါက်လိုက်ပြန်သည်။

"ကဲ နေခြည် . . သူကတော့ ကိုယ်ရဲ့ ကျောင်းနေဖက် သူငယ်ချင်းပဲ . . ကိုယ်တို့ကတော့ ဖေကြီးလို့ပဲ ခေါ်ကြတယ်"

"ဟုတ်ကဲ့ရှင် . . ကိုဖေကြီးရှင့်"

သူမ အခေါ်အပြောကို နားထောင်ရတာ ကန့်လန့်ကြီးဖြစ်နေသည်။

"လောလောဆယ်တော့ ကိုယ့်ဆီမှာ သူပျော်သလောက် နေလိမ့်မယ်"

"ဟုတ်ကဲ့ရှင်. . ကိုဖေကြီးရှင့်"

ကျွန်တော်မှာ ဝတ္တရားအရမို့ အလိုက်အထိုက် ပြောဆိုပြုံးပြနေရသော်လည်း စိတ်ကပါသည်မဟုတ်။ ချောချောလှလှ မိန်းကလေးများဆိုလျှင်တော့ ကျွန်တော်ဆိုသည့်ကောင်က အလိုလို နှုတ်သွက်ပြီးသားရယ်။

"ဒီလိုကွဖေကြီးရ . . ဝါ့ညီမက စာရေးဆရာမ လုပ်ဖို့ တာစူနေတာ. . ဂျာနယ်မဂ္ဂဇင်းတွေမှာ ကြိုကြား ကြိုကြား တော့ ပါဖူးတာပေ့ါလေ. . အခုဟာက လုံးချင်းဝတ္ထု ရေးမယ် ဆိုပြီး ကြိုးစားနေတာ"





"ဪ . . ဟုတ်လား . . ကောင်းတာပေါ့"

ကြည့်ကောင်းအောင် အလိုက်အထိုက် ပြောလိုက်ရသော်လည်း စိတ်ထဲကတော့ ရယ်ချင်သွားသည်။ သည်ဘက်ခေတ် ဘတ်ဆဲလား စာရေးဆရာမလေးတွေရဲ့ ဓာတ်ပုံတွေကို ဂျာနယ်မဂ္ဂဇင်းတွေမှာ ကျွန်တော်မြင်ဖူးပါသည်။ စာရေးလည်း ကောင်းသလို လူတွေက ချောကြလှကြတာများသည်။ လွှမ်းထားထား၊ ပုညခင်၊ အိုမာဆမ်၊ မနော်ဟာရီတို့ဆိုလျှင် မင်းသမီးတွေလားထင်ရသည်။ သည်တော့ ဘတ်ဆဲလားဖြစ်ဖို့ စာရေးကောင်းပြီး နာမည်လှသလို လူကပါလှရမည်ထင်သည်။

အခုတော့ ကြည့်ပါဦး ပုလင်းဖင်ကို မျက်မှန်လုပ်တပ်ထားသည့်အပြင် လတ်ပြင်တလည်း တိုင်းသေးသည်။ ထဘီတိုတိုနှင့် ရှပ်အင်္ကျီပွပွကို တပိုကရို ဝတ်ဆင်ထားသည်။ ပို့ပြီးကြည့်ရဆိုးသည်က ဆံပင်ကို ဘီးတစ်ပတ် လျှိုထုံးထားသည်က အဘွားကြီးအိုး ပေါက်စလားထင်ရသည်။

သည်ပုံနဲ့လား . . ဘတ်ဆဲလား လိုင်းထဲဝင်ချင်ရင် ဖြစ်ပါလိမ့်မယ် အားကြီးကြီး။

ကျွန်တော့် စိတ်ထဲမှ သည်ရွေ့သည်မျှ အပြတ်အားပေးလိုက်ပြီးနောက် သူ့ကို ကြည့်မိပြန်သည်။

သူမတလည်း ပါဝါမျက်မှန် ထူထူအောက်မှ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံဖြင့် ကျွန်တော့်ကို မမှိတ်မသုန် အကဲခတ်နေသည်ကို တွေ့ရသည်။

"ဒီတော့ကွာ ရှင်းရှင်းပြောရရင် ကိုယ်က မောင်ရင့်အကြောင်းတွေ အထိုက်အလျောက် ပြောပြထားလို့ ကိုယ့်ညီမက မောင်ရင့်ဇာတ်ကြောင်းကို စိတ်ဝင်စားနေတာ.. ဝတ္ထုရေးချင်လို့တဲ့လေ"

"ငါ့အကြောင်းကို ဝတ္ထုရေးချင်လို့ဟုတ်လား.. အား မလုပ်ပါနဲ့.. ဘာမှ စိတ်ဝင်စားစရာ မရှိပါဘူး"

"ဟ.. ဘာလို့ မရှိရမှာလဲ၊ မင်းရဲ့ရည်းစားများစွာနဲ့ ယဉ်ယဉ်လေးရှူး ဇာတ်လမ်းတွဲလေကွာ.. ပြီးတော့ မင်းတို့ မင်းရည်စားဟောင်းတွေက ပြန်ပြီး ပညာပေးနေတဲ့ အကြောင်းတွေလေကွာ"

"ဟာ မလုပ်ပါနဲ့ကွာ၊ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရမယ့် ကိန်းကြီး.. ပြီးတော့ ငါနာမည်ပျက်ရခဲ့တဲ့ အရှုပ်အထုပ် ဇာတ်လမ်းကြီးပါ"

"ဒါပေမယ့် အခု မင်းသင်ခန်းစာရသွားပြီလေ.. မျက်နှာများခြင်းရဲ့ မကောင်းမှုကို မင်းသိသွားပြီလေ.. အခုဆို မင်း ဘာတွေ ဘယ်လို ခံစားနေရတယ်ဆိုတာ မင်းကိုယ်တွေ့ပဲ မဟုတ်လား.. ဒီတော့ ငါ့ညီမရဲ့ ပွဲဦးထွက်





လုံးချင်းဝတ္ထု အတွက် မင်းကူညီပေးပါကွာ.. သူကိုယ်တိုင်က ဆန္ဒသိပ်ပြင်းပြနေလို့ပါ"

"ဟုတ်ပါတယ်ရှင် ကိုဇေကြီးရှင့်"

ကျွန်တော်အားနာနာဖြင့် ခေါင်းညိတ်ပြလိုက်မိသည်ထင်သည်။ သူမ ဝမ်းသာကြည်နူးစွာဖြင့် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကျွန်တော့်ကို ကျေးဇူးတင်စွာကြည့်သည်။ ထို့နောက် ထမင်းချိုင့်ထဲမှ ထမင်းဟင်းများကို လဲလှယ်ပေးခဲ့ပြီးနောက် သူမ ပြန်လေသည်။

တံခါးပေါက်အရောက်မှ သူမ ကျွန်တော့်ကို နှုတ်ဆက်သည်က-

"သွားပါဦးမယ်ရှင်.. ကိုဇေကြီးရှင့်"တဲ့လေ။

"ဘယ်လိုလဲ သူငယ်ချင်း . မင်းကောင်မလေးတွေထဲမှာ ငါ့ညီမနဲ့ယှဉ်လို့ရတာ တစ်ယောက်မှ မရှိဘူး မဟုတ်လား"

တံခါးပိတ်ပြီး ကျွန်တော့်အနီးရှိ ခုံတွင် ဝင်ထိုင်ရင်း ရယ်စရာပြောလေသော တာရာရဲရင့်ကို ကျွန်တော် ပြုံးလျက် ပခုံး တွန့်ပြမိသည်။

"နေခြည်အမေနဲ့ ကိုယ့်အဖေနဲ့က မောင်နှမအရင်းတွေလေ.. မင်းသိတဲ့အတိုင်းပဲ ကိုယ့်မိဘနှစ်ပါးစလုံးက နယ်မှာ တာဝန်ကျနေတာဆိုတော့ ကိုယ့်ရဲ့ စာရေး သောက်ရေးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဒေါ်တွေကပဲ တာဝန်ယူထားတာ. . အထူးသဖြင့် ကိုယ့်ညီမ နေခြည်က တာဝန်ယူထားတာပေါ့. . အပြင်မှာ ကိုယ်ကသာ အဆင်ပြေသလို စားသောက်ပါ့မယ်ဆိုတာ မရဘူး. . အချိန်တန်ရင် သူကိုယ်တိုင် ထမင်းချိုင့်လာပို့တော့ တာပဲ၊ ဟား မောင်ရင်ရေ ကိုယ့်ညီမက ရုပ်တသာ ဆိုးတာ အချက်အပြုတ်ကတော့ သိပ်တော်တာ ကိုယ့်ညီမရဲ့ လက်ရာစားပြီးလို့ကတော့ မောင်ရင် တော်ရုံတန်ရုံ ထမင်းဆိုင်လောက်ကတော့ စားလို့ရတော့မှာ မဟုတ်ဘူး"

"ဟုတ်ပါပြီဗျာ . . အညွှန်းနဲ့တင် ဗိုက်ဝ,နေပါပြီ"

"မထူးဘူး ကိုယ့်ညီမအကြောင်း ညွှန်းလက်စနဲ့ ဆက်ညွှန်း လိုက်ဦးမယ်. . မောင်ရင့်များ စိတ်ဝင်စားလာမလားလို့ပေါ့"

"ဟောဗျ . . မလုပ်လိုက်ပါနဲ့ အားဆေးပဲနေပါရစေ"

"ဟား ဟား ဟား ဘာဖြစ်လို့လဲ ဟန်တောင်မဆောင် တော့ဘူး. . ချက်ချင်းကို ငြင်းတော့တာပဲလား ဟား ဟား ဟား"

တာရာရဲရင့် သူ့စကားသူ သဘောကျပြီး တဟားဟား ရယ်နေသည်မှာ တော်တော်နှင့်မပြီးတော့ ရယ်လို့ဝ,တာမှ စကားဆက်၏။

ဆက်ပြောရဦးမယ် ကိုယ့်ညီမက စာဖတ်တော့ အရမ်း ဝါသနာပါတာ၊ ငယ်ငယ်လေးတည်းက အခုထိ စာအုပ်နဲ့မျက်





နှာခွာချိန်က ခပ်ရှားရှားရယ်"

"ယုံပါတယ်. . . လူမြင်တာနဲ့ စာကြွမ်းပိုးမှန်းလည်း တန်းသိပါတယ်"

"သူကိုယ်တိုင်က စာရေးစာဖတ်ဝါသနာပါတဲ့အတွက် စာရေးဆရာဆိုရင်လည်း သူက အင်မတန် လေးစားတာ"

"ဒါဆိုရင် မင်းညီမလေးစားတဲ့ စာရင်းထဲမှာ ငါမပါတာ တော့ သေချာသွားပြီ"

"ဒါပေမယ့် စာရေးဆရာရဲ့ သူငယ်ချင်းဆိုတော့ အဖျား အနားလောက်တော့ လေးစားခံရမှာပါကွာ ဟား ဟား"

"ဒါဆိုလည်း ကျေးဇူးကြီးပါပေတယ် စာရေးဆရာရယ်"

"ကဲ လောလောဆယ်တော့ ကိုယ့်ညီမရဲ့လက်ရာ ဘယ် လိုရှိတယ်ဆိုတာ သိရလေအောင် ထမင်းစားလိုက်ကြစို့"

"အသင့်လျော်ဆုံး အစီအစဉ်ပါပဲတဲ့. . ဗျာ"

"ဟား ဟား ဟား"

တာရာရဲရင့်သည်ရယ်စရာပြောတတ်သလို ကိုယ်တိုင် ကလည်း အရယ်သန်သူဖြစ်သည်။ နာမည်အရင်းကတော့ ရဲရင့်ဖြစ်ပြီး စာရေးဆရာ လုပ်မည်ဆိုမှတော့ တာရာရဲရင့် ဆိုသော ကလောင်နာမည်ကို ယူခဲ့သည်။ သူနှင့်ကျွန်တော်က တက္ကသိုလ်မှာ တွဲဖက်အညီဆုံးသူငယ်ချင်းတွေ ဖြစ်ကျောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားကြတဲ့နောက်ပိုင်း တစ်ယောက်နဲ့တစ်ယောက် သိပ်မဆုံဖြစ်တော့၊ သူ့အလုပ် ကိုယ့်အလုပ် ရှုပ်နေကြသည်ကိုး။ အခုတော့ သူလည်း အောင်မြင်သော စာရေးဆရာ အယ်ဒီတာ တစ်ယောက် ဖြစ်နေလေပြီ။ ကျွန်တော်လည်း အဲ. . အဲ ထားပါ တော့လေ။

တစ်နေ့က ဘီယာဆိုင်မှာ သူနဲ့ကျွန်တော် ပြန်ဆုံမိကြသည်။ သည်မှာတင် သူက ဖိတ်ခေါ်သဖြင့် ကျွန်တော်လည်း စိတ်ပြေလက်ပျောက် သူ့ဆီ ရောက်ခဲ့ရခြင်းဖြစ်သည်။







## အခန်း (၃၃)

ကျွန်တော် ပုဇွန်တောင် ရေကျော်ဘက်ရှိ သူငယ်ချင်း တာရာရဲရင့်၏ တိုက်ခန်းတွင် ရောက်ရှိနေသည်မှာ ရက်အတန်ငယ်ပင် ရနေပြီ။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ရှေးဟောင်း နှောင်းဖြစ်တွေ ပြောကြ၊ သူ့အကြောင်း ကိုယ့်အကြောင်း ပြောကြဖြင့် အချိန်ကုန်လို့ ကုန်မှန်းမသိကြ၊ ဘာဝဲပြောပြော လတ်တလော ကျွန်တော့်အဖို့ နေသာထိုင်သာ ရှိသည်ဟု ဆိုရပါမည်။

ထို့ပြင်တစ်ဝ နွေးနွေးနေခြည်[illegible]လည်း ကျေးဇူးအထူး တင်ရပါလိမ့်မည်။ စားရေးသောက်[illegible]အဆင်ပြေစေသည့် အပြင် ကျွန်တော့်အဝတ်အ[illegible]များကအစ တာရာရဲရင့်၏ အဝတ်အစားများ[illegible]ကောနှောလျှော်ဖွပ် မီးပူတိုက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။

အစက ကျွန်တော် ငြင်းပါသေးသည်။ ထမင်းကို ဆိုင်မှာ စားပြီး အဝတ်အစားကို ဒိုဘီအပ်ပါမည်ဆိုသော်လည်း သူတို့ မောင်နှမ နှစ်ယောက်စလုံးက လက်မခံခဲ့။ အခုတော့ ကျွန်တော်လည်း နေသားကျနေပါပြီ။

နွေးနွေးနေခြည်က အချိန်ရလျှင် ရသလို ကျွန်တော့် ချစ်သူများနှင့် ကျွန်တော့်ဇာတ်လမ်းကို အသေးစိတ် လာရောက် မေးမြန်းလေ့ရှိသည်။ အစ ကနဦးတုန်းက ကျွန်တော် သိပ်မပြောချင်သော်လည်း နောက်ပိုင်းတော့ ကျွန်တော် စိတ်ရှည်လက်ရှည် ပြောပြမိသည်။ တစ်ဦးနှင့် တစ်ဦး ရင်းနှီးလာ၍လည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်နှင့် ချစ်သူတစ်ယောက်၏ ဇာတ်လမ်းတစ်ခု ရောက်တိုင်း နွေးနွေးနေခြည်၏ မှတ်ချက်နှင့် သုံးသပ်ချက်တို့ကို ကြားရစမြဲဖြစ်သည်။

"မကောင်းပါဘူး ကိုဇေကြီးရယ်၊ မျက်နှာများကာ မကောင်းပါဘူး"

ဆိုသော စကားသံလည်း ကြားရစမြဲဖြစ်သည်။ သူသိလို့သည်၊ ဆိုလိုသည် ဆိုလို့လည်း ပြောပြရသေးသည်။ ပြီးတော့ မကောင်းပါဘူးလို့လည်း အပြောခံရသေးသည်။ တိုင်း . . .။





နောက် . . ရှိသေးသည် ကျွန်တော် ယဉ်ယဉ်လေး ရှူး ဇာတ်လမ်းများပြောပြလေသောအခါ သူမ စိတ်ဝင်တစားနား ထောင်သည်၊ ရေးမှတ်သည်။ အထူးသဖြင့် ကျွန်တော် တစ်ယောက်ယောက်နှင့်တွဲလာချိန်မှာ နောက်တစ်ယောက်နှင့် ထိပ်တိုက်တိုးသောအခါ ရှောင်မပြေးဘဲ သူတို့အချင်းချင်းကို တွေ့ဆုံ မိတ်ဆက်ပေးသည့် ကျွန်တော့်လုပ်ကွက်ကို "ပိုင်လိုက်တဲ့ အကြံရယ်"ဟု ချီးကျူးစကားဆိုသည်။ ဝတ္ထုရေးသည့်အခါ ဝတ္ထုရဲ့ ဇာတ်ရှိန်ကို မကျအောင် ဆွဲယူမြှင့်တင်သွားသည်။ ပရိသတ်ကြိုက်မည့် အရေးပါသော ဇာတ်ကွက်များပါပဲ ဟုလည်း ဆိုချေသေး၏။

ပြီးတော့ ဘာပြောတယ် ထင်ပါသလဲ။

"မကောင်းပါဘူး . . ကိုဇေကြီးရယ် . . မကောင်းပါဘူး . . ယောကျ်ားသားတွေအဖို့ အချစ်ကို ဘဝရဲ့ တစ်စိတ်တစ်ဒေသအဖြစ်သာ လက်ခံထားပေမယ့် မိန်းသားတွေ အဖို့တော့ ချစ်ဟာ လုံးလုံးလျားလျား ဘဝပဲလို့ ခံယူထားကြတာ . . အခုလို၊ လှည့်စားခံရတာ သိရင် ဘယ်လောက်များ ဝမ်းနည်းထိခိုက်ကြေကွဲနာကျည်းစွာ ခံစားလိုက်ရလေမလဲ၊ မိန်းမသားတွေရဲ့ ကြေကွဲမျက်ရည်တွေနဲ့ ကိုယ့်ရဲ့ ပျော်ရွှင်မှုကို မရှာချင်ပါနဲ့လား . . မကောင်းပါဘူး ကိုဇေကြီးရယ် . . မျက်နှာများ

www.burmeseclassic.com



တာ မကောင်းပါဘူး”

ကိုင်း . . ကြည့် ကျွန်တော့်မှာက ကျွန်တော့်အကြောင်းကို မပြောလည်းခက်၊ ပြောလည်းခက်၊ ပြီးတော့ ဝတ္ထုကိုနာမည်ပေးထားတာကလည်း ဆယ်မျက်နှာပုံပြင် . . တဲ့လေ။ ဒသဂီရိလို မျက်နှာများလို့တဲ့။

ဆ ဆ ဆ







## အခန်း (၃၄)

ဘွေ

နွေးနွေးနေခြည်တစ်ဦးတည်း ဈေးခြင်းတောင်းဆွဲလျက် ဘတ်စ်ကားမှတ်တိုင် အနီးတွင် ကားစောင့်နေသည်ကို တွေ့လိုက်ရသည်။ ကြည့်ရတာ ဈေးသွားဖို့ဖြစ်မည် ထင်သည်။ ထို့ကြောင့် ကျွန်တော့်ကားကို နွေးနွေးနေခြည်ရှေ့တွင် ထိုးရပ်ပြီး ပြုံးပြလိုက်သည်။ သူမ ကျွန်တော့်ကို မြင်ဟန်မတူ၊ ကြည့်ရတာ မျက်မှန်ပါဝါ ထပ်တိုးရသော မှန်ထင်သည်။ ကျွန်တော် မနေသာဘဲ အသံပေးလိုက်ရသည်။

“ဟိတ် . . မနေခြည်”

“ရှင် . . ဩော် . . ဘယ်သူများလဲလို့ . . ကိုဇေကြီးကိုး”

“မနေခြည် ဘယ်သွားမလို့လဲ”

“(၃၈)လမ်းဈေး သွားမလို့ရှင့်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဒါဆို ကားပေါ်တက်"

"ဟင့်အင်း . . ရပါတယ်ရှင် . . ကိုဖေကြီးရှင့်၊ ကျွန်မ အတက်စ်ကားပဲ စီးသွားတော့မယ်ရှင့်"

"မနေခြည် ဈေးဝယ်လာလို့ ချက်ပြုတ်ပြီးရင် ကျွေးမွေးမယ့်စာရင်းထဲမှာ ကျွန်တော်လည်းပါတယ်မဟုတ်လား"

"ပါပါတယ်ရှင်. . ကိုဖေကြီးရှင့်"

"ဟုတ်ပြီ . . ဒါဆို ကျွန်တော့်အနေနဲ့ ဈေးအထိလောက် လိုက်ပို့ပေးဖို့ အခွင့်အရေးလေးတော့ ရသင့်ပါတယ် ထင်ရဲ့နော်"

"ရှင် . . ဒါ . . ဒါကတော့"

"ကဲပါ . . ကားပေါ်သာတက်ပါ . . တော်ကြာဈေးခေါင်းတွဲချိန်ရောက်သွားလို့ သွားမောကြီးဖြစ်နေဦးမယ်"

"ဟုတ် . . ဟုတ်ကဲ့ရှင့် . . ကိုဖေကြီးရှင့်"

ကျွန်တော် ကားရှေ့ခန်းတံခါးကို လှမ်းဖွင့်ပေးပြီး ဖိတ်ခေါ်ကာမှ နွေးနွေးနေခြည် မငြင်းသာတော့ဘဲ ကားပေါ်တက်လေသည်။ ကျွန်တော့်အဖြစ်ကို ကျွန်တော်တွေးမိပြီး ရယ်ချင်သွားသည်။ ကျွန်တော့်ကားပေါ်မှာ ချောပေ့လှပေ့ဆိုသော မိန်းကလေးကိုသာ တင်ပြီး ဂုဏ်ယူစွာ မောင်းခဲ့ဖူးသည်ချည်း၊ ယခု လို ပုံမလာ ပန်းမလာ မိန်းမတစ်ယောက် ကားပေါ်တင် မောင်းဖူးသည်မှာ ပထမဆုံးအကြိမ် ဖြစ်သည်၊

ဪ . . လူ့တံများ နိမ့်ချိန်ကြုံလာရင် ပြောပါတယ်၊

ကျွန်တော် (၃၈)လမ်း ဆိပ်ကမ်းသာလမ်းအကြားတွင် ကားရပ်ပေးသောအခါ နွေးနွေးနေခြည် ခြင်းတောင်းဆွဲပြီး ကားပေါ်မှ ဆင်း၏၊ ကားတံခါးကို ပြန်ပိတ်ပေးပြီး-

"သွားပါဦးမယ်ရှင် . . ကိုဖေကြီးရှင့်"

ဟု နှုတ်ဆက်သဖြင့် ကျွန်တော်လည်း ပြုံးလျှက် ခေါင်းပြန်ညိတ်ပြလိုက်ပြီး ကားမောင်းထွက်ရန် ပြင်လိုက်သည်၊ ထိုစဉ် တယ်လီဖုန်းခေါ်သံမြည်လာသဖြင့် ကားကို မမောင်းသေးဘဲ ဖုန်းကို ကြည့်လိုက်ရာ မဂ်ဇာနည်၏ ဖုန်းနံပါတ်ကို တွေ့ရသည်၊ ကျွန်တော် သက်ပြင်းခိုးရှိုက်မိပြီး ဖုန်းပြန်ထူးရသည်၊

"ဟဲလို . . မင်းပိုင်စိုးဇေ ပြောနေပါတယ်"

"ဒီလို အချိန်မှာ ဖုန်းခေါ်လိုက်တဲ့အတွက် ကိုမင်းပိုင်စိုးဇေ မအံ့ဩလောက်ဘူး . . ထင်ပါရဲ့နော်"

ကျွန်တော် ဘာမျှ ပြန်မပြောဘဲ ဆက်နားစွင့်နေလိုက်သည်၊

"ရှင် မအံ့ဩပေမယ့် ကျွန်မတို့တတော့ သိပ်အံ့ဩတယ်၊ ရှင့်ဘေးမှာတစ်ချိန် တစ်ချိန်တော့ ချောချောလှလှ ကောင်







www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက် တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားတာ အခု တော့ ဘယ့်နှယ် အဖွားကြီးအိုပေါက်စ ဖြစ်နေပါရောလား"

"ခစ် ခစ် ခစ် ခစ်"

ဖုန်းထဲမှာ အခြားမိန်းကလေးများ၏ ရယ်သံတွေကိုပါ ကြားလိုက်ရကာတည်းက မဏိဇာနည်တစ်ဦးတည်း မဟုတ်မှန်း ရိပ်မိလိုက်သည်။

"ဒီမယ် ရှင့်ကို ဝမ်းသာစရာ သတင်းတစ်ခု ပြောပြရဦး မယ်. . ကျွန်မတို့ ချစ်သူဟောင်းတွေ အနေနဲ့ ရှင့်အပေါ် နာကျည်းနေပေမယ့်လည်း ဒီလောက်ရက်ရက်စက်စက် တိုက် ခိုက်နေဖို့ မကောင်းဘူးဆိုပြီး ကျွန်မတို့ အချင်းချင်း သဘော တူညီမှု ရလိုက်တယ်. . အဲဒါကတော့ ရှင်လူပျိုကြီးဘဝနဲ့ အထီးမကျန်စေလိုတဲ့ စေတနာပါပဲ. . ရှင်အိမ်ထောင်ပြုမယ် ဆိုရင် ကျွန်မတို့ ကျေကျေနပ်နပ် ခွင့်ပြုမယ်. . လုံးဝမနှောင့် ယှက်ဘူး၊ ဒါပေမယ့် ကျွန်မတို့သဘောတူတဲ့ မိန်းကလေး တော့ ဖြစ်ရမယ်. . ကျွန်မတို့ ရှင်ရဲ့ အိမ်ထောင်ဖက်အဖြစ် သဘောတူတဲ့ မိန်းကလေးဘယ်သူဆိုတာ ရှင့်ကို သိမ့်တ ပြောပြလိမ့်မယ်"

ကျွန်တော် ဘာမှ ပြန်မပြောနိုင် ဖုန်းကို ဆက်နားထောင် နေမိသည်။ ချက်ချင်းဆိုသလို အသံပြောင်းသွားသည်။





သိမ့်သိမ့်သီ၏ အသံထွက်ပေါ်လာသည်။

"ကိုမင်းပိုင်စိုးရေ. . ကျွန်မအသံကိုကြားရင် ကျွန်မ ဘယ်သူဆိုတာသိလောက်ပြီပေါ့နော်. . ကဲပါလေ. . အပို တွေပြောပြီး အချိန်ဖြုန်းမနေချင်တော့ပါဘူး. . ရှင်အိမ် ထောင်ပြုမယ်ဆိုရင် ကျွန်မတို့သဘောတူတဲ့ မိန်းကလေးက တော့ နွေနွေးနေခြည်ဆိုတဲ့ အဖွားကြီးအိုပေါက်စပဲ. . ရှင်း ပြီလား"

"ခစ် ခစ် ခစ် ခစ်"

သိမ့်သိမ့်သီ ရွေးချယ်ပေးသော ကျွန်တော့် အိမ်ထောင် ဖက်၏ နာမည်ကြောင့် ကျွန်တော် အံ့ဩသွားရသည်။ ထို့ပြင် တင်းလည်း တင်းသွားရသည်။ ကျွန်တော်ကသာ တင်းနေ၊ သူတို့ကတော့ သဘောကျပြီး ရယ်လို့ပဲ မပြီးနိုင်တော့။

"ကောင်မလေးက မဆိုးပါဘူး ကိုမင်းပိုင်စိုးရေ့"

သဇင်ဝေမှို၏ အသံမှန်းသိလိုက်ရပြန်သည်။

"အချက်အပြုတ် အလျှော်အဖွပ်လည်းတော်တယ်၊ မြန်မာစာနဲ့ မဟာတန်းလည်း ပြီးပြီးသား. . မိဘနှစ်ပါးစလုံး ကလည်း တက္ကသိုလ်ပါမောက္ခတွေ. . နောက်ပြီး သူကိုယ်တိုင် ကလည်း မကြာခင် လုံးချင်းဝတ္ထုတွေ ထွက်တော့မယ်ဆို. . မဆိုးပါဘူး. . ပြောစရာဆိုလို့ သူ့ခမျှာ ပုံတုံးပြီး ရုပ်ဆိုးလှတာ



www.burmeseclassic.com

www.burmeseclassic.com



လေးပဲ ရှိတာပဲ”

“ခစ် ခစ် ခစ် ခစ်”

ရယ်သံလေးများ ကြားရပြန်သည်။

“အင်း . . ကျွန်မတို့ကသာ စေတနာနဲ့ ပြောဆိုတိုက်တွန်းနေရတာ ကိုမင်းပိုင်စိုးဇေက ဘဝင်ကျပါ့မလား မသိဘူး”

ဘရဏီဆီဖုန်းလွှဲပေးလိုက်ပြီးမှန်း အသံကြားရုံနှင့် သိလိုက်သည်။

“ဘာကြောင့်လဲဆိုတော့ ကိုမင်းပိုင်စိုးဇေက တော်ရုံလှတဲ့ မိန်းကလေးလောက်တော့ အာရုံမကျတတ်ဘူးလေ. . တကယ့်ကို ချောမောလှပမှဆိုတဲ့ ကျွန်မတို့လို မိန်းကလေးမျိုးတွေကိုမှ ရင်ခုန်တတ်တာ မဟုတ်လား”

“ခစ် ခစ် ခစ် ခစ်”

ရယ်သံများ ကြားရပြန်သည်။ ရယ်သံများ မစဲခင်မှာပင် မြတ်ရွှေအိမ်စည် စကားသံ ထွက်ပေါ်လာ၏။

“ကိုမင်းပိုင်စိုးဇေသာ နွေးနွေးနေခြည်နဲ့ လက်ထပ်မယ်ဆိုရင် ဦးတို့အန်တီတို့ပါ သဘောတူလက်ခံလာအောင် ကျွန်မကြိုးစားနားချပေးပါ့မယ်. . အဲဒီအတွက်ဘာမှ မစိုးရိမ်နဲ့ ဟုတ်ပြီလား. . အရေးကြီးတာက အရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အလှတရားကို ရှင်ရှာဖွေခံစားတတ်ဖို့ပါပဲ”





“ခစ် ခစ် ခစ် ခစ်”

ရယ်သံတွေ၊ ရယ်သံတွေ၊ ကျွန်တော့်ကို တစ်ယောက်တစ်ပေါက် ဝိုင်းလှောင်နေကြသည်။ ကျွန်တော်ခံပြင်းသော်လည်း မပြောသာပါပြီ။

“ရှင်ဆန္ဒရှိလို့ နွေးနွေးနေခြည်နဲ့ ကျွန်မတို့ မိတ်ဆက်ပေးချင်တယ်ဆိုရင် ကျွန်မတို့ ပန်းဆိုးတန်းလမ်းက ဈေးဒိုးနတ်မှာ ရှိနေပြီ ဟုတ်ပြီလား”

ဒါကတော့ ဇေရီ၏ အသံ၊ ကျွန်တော်ဖုန်းပိတ်လိုက်မည်ပြုရုံရှိသေးသည်၊ ဆုမြတ်ဝတီက နောက်ကျမခံဘဲ ဝင်ပြော၏။

“ကျွန်မတို့ သဘောတူတဲ့ သူကလွဲရင် ရှင်တခြား ကြံမယ်မစဉ်းစားပါနဲ့ . . ရှင့်အနီးဝန်းကျင်မှာ ကျွန်မတို့ရဲ့ နားတွေ မျက်စိတွေ အချိန်ပြည့်ရှိနေတယ်ဆိုတာကို ခေါင်းထဲ အမြဲထည့်ထားပါ”

ဆုမြတ်ဝတီ စကားဆုံးသည်နှင့် ဖုန်းပိတ်လိုက်သည်ကို သိလိုက်သည်၊ ချက်ချင်းဆိုသလို ကျွန်တော့်ကားဘေးမှ ကားနှစ်စီး လာရပ်ရုံ ရပ်ပြီးနောက် မောင်းထွက်သွားကြသည်။ ချစ်ခဲ့ဖူးလေသော မာရ်နတ်၏ သမီးပျိုများ သူတို့အားလုံး၏ မျက်နှာမှာ အပြုံးအရယ်တွေနှင့်အောင်ပွဲဆင်ယင်နေကြသည်

ကျွန်တော် သက်ပြင်းရှိုက်ပြီးနောက် ကားမောင်းထွက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်စဉ်မှာပင် (၃၈)လမ်းထဲမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်ကို သတိထားလိုက်မိသဖြင့် နွေးနွေးနေခြည်အတွက် စိုးရိမ်ပြီး ကားပေါ်မှ အလျှင်စလို ပြေးဆင်းရလေသည်။

"ဒီမှာမဟုတ် မိပြီ မိပြီ"

ဆိုသော အသံတွေကို ကြားရသည် ကြည့်ရတာ အလစ်သုတ်သမားကို ဖမ်းမိသွားတာဖြစ်နိုင်သည်။ အသံကြားရာဆီ လူတစ်ချို့ပြေးလွှားသွားကြသည်။ ကျွန်တော်စိုးရိမ်စိတ်ဖြင့် ဟိုဒီကြည့်နေစဉ် နွေးနွေးနေခြည်ကို ခြင်းတောင်းလေးဆွဲပြီး ဘေးကပ်ရပ်နေသည်ကို တွေ့ရသည်။

ကျွန်တော် စိတ်အေးမယ်ကြံရုံရှိသေးသည်။ တိုးဝှေ့ပြေးလာသူတစ်ယောက်နှင့် တိုက်မိပြီး နွေးနွေးနေခြည် ပစ်လဲသွားတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း နွေးနွေး နေခြည်ထံ ပြေးရလေသည်။

"မျက်မှန် မျက်မှန်. . ကျွန်မ မျက်မှန်"

နွေးနွေးနေခြည် မျက်နှာနှင့် တစ်နေရာဆီ လွင့်စင်သော မျက်မှန်လေးကို လိုက်စမ်းပြီး ပါးစပ်မှလည်း တတွတ်တွတ် ရွတ်နေသေး၏။ ကျွန်တော်နွေးနွေးနေခြည် မတ်တပ်ရပ်သာအောင် အလျင်ဆုံး တွဲထူပေးရ၏။

"မနေခြည် ဘာဖြစ်သွားသေးလဲ၊ ရရဲ့လား"





"ရတယ် . . ရတယ် . . ကျွန်မ . . ကျွန်မ မျက်မှန်လေး"

"နေ . . နေ . . ကျွန်တော်တောက်ပေးမယ် အရေးကြီးတာက မနေခြည် ထိခိုက်ဒဏ်ရာရသေးလား"

"ဟင့်အင်း ဘာမှ မဖြစ်ဘူး . ကျွန်မမျက်မှန်လေးသာ ရှာပေးပါ"

သူ့မျက်မှန်လေးကိုသာ အရမေးနေသော နွေးနွေးနေခြည်၏ မျက်နှာလေးကို ကြည့်ပြီး ကျွန်တော် အံ့ဩမှင်တက်လျှက် ရင်ထဲ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

"စိုးရိမ်ပူပန်ပြီး ရှုက်ခွဲ တုန်လှုပ်ဟန် ပေါ်လွင်နေသော နွေးနွေးနေခြည်မျက်နှာလေးကို ကြည့်ပြီး အမျိုးအမည် မဖော်ပြနိုင်သော ရင်တွင်းခံစားမှုကို ကျွန်တော် ခံစားလိုက်ရသည်။

"တွေ့ပြီလားရှင့် ကိုဇေကြီးရှင်"

"တင် . . ဩော် . . တွေ့ . . တွေ့ပြီ၊ ဒီမှာ ဒီမှာ"

ကျွန်တော် မျက်မှန်လေးကို ကမန်းကတန်း ကောက်ယူပေးလိုက်သည်။

နွေးနွေးနေခြည် မျက်မှန်ကို ချက်ချင်းတပ်လိုက်ရင်း-

"ကျေးဇူးတင်တယ်ရှင် ကိုဇေကြီးရှင့်၊ ဟင် မျက်မှန်ဘာဖြစ်သွားလဲ မသိဘူး မသိဘူး . . ဘာမှမမြင်ရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း နွေးနွေးနေခြည်စကားကြောင့် မျက်မှန်ကို သေချာကြည့်လိုက်မိသည်၊ ပြီးမှ-

"သြော် . . ဘာမှ မဖြစ်ပါဘူး ဖုန်းတွေ အမှိုက်တွေ ကပ်နေလို့ပါ၊ ပေးပေး ကျွန်တော့်ကိုပေး ကျွန်တော် လုပ်ပေးမယ်"

ကျွန်တော် နွေးနွေးနေခြည်လက်ထဲမှ မျက်မှန်ကိုယူပြီး လက်ကိုင်ပဝါဖြင့် သုတ်သင် သန့်စင်ပေးလိုက်သည်။

"ရော့ တပ်ကြည့်ပါဦး . . အိုကေရဲ့လားလို့"

"အိုကေပါတယ်ရှင့် ကျေးဇူးပါပဲရှင် . . ကိုဇေကြီးရှင့်"

"ဒါနဲ့ ဈေးဝယ်လို့ ပြီးသွားပြီလား"

"ဟင့်အင်း ဘာမှတို မဝယ်ရသေးဘူးရှင့် ဘာဝယ်ရမလဲလို့ လိုက်ကြည့်တုန်း ရှိသေးတယ်ရှင့်"

"ကဲ ဒါဆို ကျွန်တော်လည်း မနေခြည်နဲ့အတူ ဈေးလိုက်ဝယ်ကြည့်မယ် . . အတွေ့အကြုံသစ်ရတာပေါ့ . . မကောင်းဘူးလား"

"ကောင်းပါတယ်ရှင် ကိုဇေကြီးရှင့်"

❦ ✻ ❦







## အခန်း (၃၅)

"ဘယ်ကို မောင်းတာလဲရှင် . . . ကိုဇေကြီးရှင့်"

"သြော် . . ကျွန်တော်နဲ့ ပတ်သက်တဲ့ အရေးကြီးဆုံး ကိစ္စတစ်ခု ပြောပြချင်လို့ပါ ဒါကိုသိမှ မနေခြည် အခုရေးနေတဲ့ ဆယ်မျက်နှာပုံပြင် ဝတ္ထုဟာ ပိုပြီး အသက်ဝင်သွားသလို ဇာတ်သိမ်းပိုင်းမှာလည်း အရမ်းလှသွားလိမ့်မယ်"

နွေးနွေးနေခြည် စိတ်ဝင်စားသွားလျှက် မျက်မှန်ထူထူ အောက်မှ မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ကျွန်တော့်ကို ကြည့်သည်။

(၃၈)လမ်းမှာ ဈေးဝယ်ပြီးသည်နှင့် နွေးနွေးနေခြည်ကို အိမ်တန်းပြီး ပြန်မပို့ဘဲ ကျွန်တော်ကားကို ပန်းဆိုးတန်း ဆိပ်ကမ်းဆီသို့ ဦးတည်မောင်းနှင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းလေ . . မနေခြည်"

"ဟုတ်ကဲ့ရှင့် . . ကိုဇော်ကြီးရှင်"

ကျွန်တော် တံခါးဆွဲဖွင့်ပေးကာမှ နွေးနွေးနေခြည်လည်း ကားပေါ်မှ ဆင်း၏။

ဒါတောင် လက်မှာ ဈေးခြင်းတောင်းက ပါလာသေးသည်။ ကျွန်တော် ရယ်ချင်သွားသည်။

"ဟိုလေ . . မနေခြည် ဈေးခြင်းတောင်းကို ကားပေါ်မှာ ထားခဲ့ရင် ကောင်းမယ်ထင်တယ်"

"သြော် . . ဟုတ်ကဲ့ရှင့် . . ကိုဇော်ကြီးရှင့်"

ကျွန်တော် ပြုံးမိပြီး ဆိပ်ကမ်းစကြီဆီ လျှောက်သွားတာ မြစ်ပြင်ကို ကြည့်နေလိုက်သည်။ သနားခါးနံ့ရသဖြင့် လှည့်ကြည့်ရာ ကျွန်တော့်ဘေးမှာ နွေးနွေးနေခြည် ယှဉ်ရပ်နေသည်ကို တွေ့ရသည်။

"မနေခြည်"

"ဟုတ်ကဲ့ရှင့် ကိုဇော်ကြီးရှင့်"

"ကျွန်တော်မျက်နှာများခဲ့တဲ့အကြောင်းတွေကို ပြောပြီးပြီ နော်"

"ဟုတ်ပါတယ်ရှင့် . . ကိုဇော်ကြီးရှင့်"

"အခု ကျွန်တော် မျက်နှာများခဲ့တဲ့အပေါ်မှာ တကယ်ပဲ





နောင်တ ရနေပြီဆိုတာ မနေခြည် ယုံရဲ့လား"

"ရှင်"

"ဟုတ်ပြီလေ . . ကျွန်တော်ဆက်ပြောမယ် . . မနေခြည်ရဲ့ ဝတ္ထုထဲမှာ ပွေခဲ့ရှုပ်ခဲ့တဲ့ ဇာတ်ကောင်ဟာ နောက်ဆုံးတော့ အမှားကို သိပြီး နောင်တရခြင်းနဲ့ ဇာတ်သိမ်းထားသလားဆိုတာ သိချင်လို့ပါ"

"ရှင် . . သြော် . . ဟုတ်တယ် . . အဲဒီအတိုင်းပါပဲရှင့်"

"ဒါဆို အဲဒီဇာတ်ကောင်တော့ သနားစရာပဲ"

"ရှင်"

"ဟုတ်တယ်လေ . . မနေခြည်ပဲ စဉ်းစားကြည့်စမ်းပါဦး အဲဒီ ဇာတ်သိမ်းအတိုင်းသာဆိုရင် ဇာတ်ကောင်ဟာ နောင်တတွေကြောင့်ရတဲ့ ပူလောင်မှုဝေဒနာကို ခံစားနေရတဲ့အပြင် အထီးကျန် ခြောက်သွေ့စွာနဲ့ ဖြတ်သန်းသွားရဦးမယ်ဆိုတော့ သူ့အသက်ရှင်နေရတာ အဓိပ္ပါယ်ရှိပါဦးမလား"

"အင်း . . ဟုတ်ပါရဲ့ . . ဒါကို ကျွန်မ မစဉ်းစားမိလိုက်ဘူး . . ကျွန်မ မတရားရာကျသွားပြီ"

"ကျွန်တော့်သဘောအရဆိုရင် ဇာတ်ကောင်ဟာ နောင်တရသွားပြီး နောက်ထပ် ရည်းစားသနာ လုံးဝမထားတော့ဘူး . . ဒါပေမယ့် သူ့ရင်ထဲက တကယ်ချစ်တဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တွေ့ရှိသွားပြီး ချစ်သူနဲ့ပဲ လက်ထပ်ဝေါင်းသင်းသွားတယ်၊ ပျော်ရွှင်စွာ ဇာတ်သိမ်းပေးလိုက်ချင်တယ် မနေခြည်ရော ဘယ်လိုသဘောရလဲ"

"အင်း . . ဟုတ်တယ်နော် . . ဒါဆို ဇာတ်တ ပိုလှသွားမယ်"

"အဲဒါ ကျွန်တော်ပြောတာပေါ့"

နွေးနွေးနေခြည် သူ့ဇာတ်ကို သူသဘောကျဟန်ဖြင့် ငွေ့ငွေ့လေးပြုံး၏။

'ဒါပေမယ့် မနေခြည်အတွက် အခက်အခဲတစ်ခုရှိမယ်မှန်း ကျွန်တော် သဘောပေါက်ပါတယ် . . အဲဒါတတော့ ကျွန်တော်ထားခဲ့ပြီးသား ရည်းစားတွေဟာ ဘယ်သူတွေ ဘယ်လိုစရိုက် လက္ခဏာရှိတယ်ဆိုတာ မနေခြည်သိပြီးသားမို့ ပြဿနာမရှိပေမယ့် အခု ကျွန်တော် လက်ထပ်မယ့်ချစ်သူဟာ ဘယ်သူဆိုတာ မနေခြည်မှ မသိသေးဘူးလေ"

"ရှင် . . ကိုဇေကြီးမှာ လက်ထပ်ရမယ့် ချစ်သူရှိနေပြီ ဟုတ်လား"

"ဟုတ်တယ် . . အဲဒါကို ကျွန်တော်ပြောပြချင်လို့"

အံ့ဖွယ်ကောင်းလောက်အောင် နွေးနွေးနေခြည်၏ မျက်နှာလေး မှုန်မှိုင်းသွားပြီး မြစ်ရေပြင်တို ငေးစိုက်ကြည့် နေလေ၏။





"မနေခြည်"

" . . . "

"မနေခြည်"

"ရှင် . . ရှင် . . ဟုတ်ကဲ့ရှင် . . ကိုဇေကြီးရှင့်"

"မနေခြည် ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ"

"ဟုတ်ကဲ့ရှင် . . ကိုဇေကြီးရှင့် . . အဲ . . နေ. . နေပါဦး တာပြောလိုက်တယ်"

"မနေခြည် ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ . . ရင်ထဲကနေ တကယ်ချစ်ခင်မြတ်နိုးရတဲ့ ချစ်သူတစ်ယောက်အနေနဲ့ ကျွန်တော် လက်ထက်ခွင့်တောင်းနေတာပါ"

နွေးနွေးနေခြည် ကျွန်တော့်ကို မယုံနိုင်သလို အံ့သြတကြီး စိုက်ကြည့်နေလေသည်၊ ကျွန်တော်နွေးနွေးနေခြည်၏ လက်ကလေးနှစ်ဖက်ကို ကြင်နာစွာ ဆွဲယူဆုပ်ကိုင်လိုက်သည်။

"ကျွန်တော့်သဘောအရဆိုရင် မနေခြည် အခုရေးနေတဲ့ ဆယ်မျက်နှာပုံပြင်ဆိုတဲ့ ဝတ္ထုမှာ စိတ်သစ် လူသစ်နဲ့ အချစ်ကို ရှာဖွေတွေ့ရှိသွားတဲ့ ဇာတ်ကောင်ကို သူ့အကြောင်း ဝတ္ထုရေးနေတဲ့ စာရေးဆရာမလေးနဲ့ပဲ ပေးညားပြီး ဇာတ်သိမ်းပေး လိုက်ချင်တယ်"

"ကောင်းတောင်းပေါ့မလားရှင် . . ကိုဇေကြီးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းတာပေါ့ ဘယ်လိုပြောလိုက်တာပါလိမ့် အချို့နေရာတွေမှာ ပရိသတ်က စာရေးဆရာထက် ပိုမြင်တယ်၊ ကျွန်တော် ပရိသတ်နေရာက ကြည့်ပြီးပြောတာ၊ ဘယ်လိုလဲ မနေခြည် ကျွန်တော်ပြောတဲ့အတိုင်း ဇာတ်သိမ်းမယ် မဟုတ်လား"

နွေးနွေးနေခြည် ရှက်ပြုံးပြုံးပြီး မရဲတရဲလေး ခေါင်းညိတ်ပြသည်။

ကျွန်တော် ဝမ်းသာပျော်ရွှင်လျှက် နွေးနွေးနေခြည်တို့ဆွဲယူ ပွေ့ဖက်လိုက်မိသည်။

မြစ်ရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေကြည်နုလေးများက နွေးထွေးအေးမြလှချည်ရဲ့။







(နိဂုံး)

ကျွန်တော်နှင့် နွေးနွေးနေခြည်တို့ နှစ်ဖက်သောသတ္တိသေများနှင့်အတူ တရားရုံးမှ လက်မှတ်ရေးထိုးပြီး ထိမ်းမြားလက်ထပ်ပြီး ဖြစ်သည်။

တရားရုံးမှ တရားသူကြီးမင်းနှင့်တကွ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောဆို နှုတ်ဆက်ပြီး ကျွန်တော်တို့နှစ်ယောက် လက်ချင်းချိတ်ကာ တရားရုံးပြင်ပသို့ ပျော်တပြုံးပြုံးဖြင့် ထွက်ခဲ့ကြသည်။

ကျွန်တော့်ဘက်မှ သက်သေများအဖြစ် ကားပွဲစားထွန်းထွန်းနှင့် တပည့်ကျော်ကြီး မဲလုံး၊ နွေးနွေးနေခြည်ဘက်က သက်သေများအဖြစ် တာရာရဲရင့်၏ မိတ်ဆွေများဖြစ်သော စာရေးဆရာတာရာလင်းနွယ်နှင့် စာရေးဆရာမ

www.burmeseclassic.com



ဝိုင်ရဲနိုနိုတို့က ဆောင်ရွက်ခဲ့ကြသည်။ ကျွန်တော်တို့နှင့်အတူ သူတို့အားလုံးလည်း ပျော်နေကြသည်။

"ဟင်"

"ဟာ"

"အလို"

"အို"

တရားရုံးပြင်ပသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထွက်ပေါ် လာသော အာမေဍိတ်သံများကြောင့် ကျွန်တော်တို့လည်း အသံကြားရာဆီသို့ လှမ်းကြည့်မိကြသည်။

ဘရဏီ၊ ဆုမြတ်ဝတီ၊ မဏိဇာနည်၊ ရွှေလွှာနန္ဒီ၊ မြတ်ရွှေ အိမ်စည်၊ သဇင်ဝေမှို၊ ကေရီနှင့်သိမ့်သိမ့်သီတို့ကို တစ်စု တစ်ဝေးတည်း တွေ့လိုက်ရသည်။ သူတို့အားလုံး၏ မျက်နှာမှာ အံ့ဩရိပ်တွေ မယုံနိုင်ခြင်းတွေ အပြည့်အဝ လွှမ်းမိုးနေ ပေသည်။

နွေးနွေးနေခြည်လက်ကို ဆွဲပြီး ကျွန်တော်သူတို့ ရှေ့မှောက်သို့ ခပ်ကြွားကြွားလေး လျှောက်သွားလိုက်သည်။

"အဟမ်း"

ကျွန်တော့် ချောင်းဟန့်သံကြောင့် သူမတို့တတွေ သတိ ပြန်ဝင်လာကြပြီး ကျွန်တော့်ကို တစ်လှည့် နွေးနွေးနေခြည်ကို





တစ်လှည့် အခါခါကြည့်ကြ၏။

"အားလုံးပဲ မိတ်ဆက်ပေးရဦးမယ် . . သူက ကျွန်တော်ရဲ့ ဇနီး နွေးနွေးနေခြည်တဲ့"

"နွေးနွေးနေခြည် . . ဟုတ် . . ဟုတ်လို့လား"

မယုံကြည်နိုင်သလို သူတို့ မေးကြ၏။

"ဟုတ်ပါတယ် . . နွေးနွေးနေခြည်မှ နွေးနွေးနေခြည် အစစ်ပါပဲ . . ဘာလဲ . . အရင်ကနဲ့ ဘာမှမဆိုင်အဲ လုချင် တိုင်းလှနေလို့ အရမ်းအံ့ဩနေကြတာထင်တယ်"

"ဟုတ်တယ် . . အဲဒါကို အံ့ဩနေကြတာ ယုံကိုမယုံနိုင်ဘူး"

သူတို့တလည်း သူတို့ အံ့ဩမှုကို မကွယ်ဝှက်ဘဲ အရင် အတိုင်း ဖော်ပြကြသည်။ နွေးနွေးက ရှက်ဟန်ဖြင့် "ကိုကို ဇေကြီးတလည်း"ဟုဆို၏။ ကျွန်တော် ကျေနပ်စွာ ပြုံးလိုက် သည်။ ပြီးမှ-

"ဒါတ ဒီလိုပါ . . နွေးနွေးနေခြည်ကိုယ်တိုင်က ငယ်ရာက နေ ကြီးပြင်းလာတဲ့အထိ စာမှ စာရယ်ဆိုပြီး ကျန်တာတို့ စိတ် မဝင်စားခဲ့လေတော့ သူ့မှာရှိတဲ့ အလှကို သူကိုယ်တိုင်က သတိမထားမိခဲ့ဘူးပေါ့ . . အထူးသဖြင့် ပါဝါမျက်မှန်ထူထူ က သူ့အလှကို ဖုံးဆီးနေတာ . . ဒါကြောင့် မျက်မှန် အထူကြီးအစား စတိုင်ကျကျ ပါဝါမျက်မှန် အပါးလေး ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တပ်ခိုင်းပြီး သနပ်ခါးအစား အသားလှခရင်မ် ပါးပါးလေးလူး . . ပြီးတော့ လက်ပြင်ကိုင်းနေတာ ပျောက်သွားအောင် သွားလာနေထိုင်တဲ့အခါမှာ ခန္ဓာကိုယ်မတ်မတ်ထားစေရတယ် . . ပြီးတော့ ခန္ဓာကိုယ်အလှနဲ့ လိုက်ဖက်ညီရာ ဝတ်စားဆင်ယင်စေပြီး ဆံဝင်တို နဖူးအုံထတ်က လှန်တင်ပြီး ဈော့ပြင်ဖြန့်ချထားလိုက်တဲ့အခါ အားလုံးတွေ့တဲ့အတိုင်းပါပဲ . . ကျွန်တော့်ချစ်ဇနီး နွေးနွေးနေခြည်ဟာ နတ်မိမယ်တစ်ပါး ဖြစ်တယ်ဆိုတာကို"

"တော်ပါပေတယ် . . ကိုမင်းပိုင်စိုးဇေရယ် . . တော်ပါပေတယ် . . နောက်ဆုံးတော့လည်း ရှင်ပဲ အနိုင်ရသွားတာပဲပေါ့လေ . . . ကျွန်မတို့လည်း ကျွန်မတို့ ကတိစကားနဲ့ ကျွန်မတို့ ရှင်တို့ ဇနီးမောင်နှံကို မနှောင့်ယှက်တော့ပါဘူး . . ရှင်တို့ ဇနီးမောင်နှံ ရာသက်ပန်ပေါင်းရပါစေလို့ ဆုမွန်ကောင်းတောင်းပေးခဲ့ပါတယ် . . ကျွန်မတို့ကို ခွင့်ပြုပါဦး . . ကွန်ဂရက်တျူလေးရှင်းပါပဲ နွေးနွေးနေခြည်"

"ဟုတ်ကဲ့ရှင့် . . ကျေးဇူးပါပဲရှင့်"

သူတို့အားလုံး နွေးနွေးနေခြည်ကို လက်ဆွဲနှုတ်ဆက်လျက် တစ်ခုခုတီးတိုးကပ်ပြောပြီး ထွက်ခွာသွားကြသည်။

"လောကမှာ စာရေးဆရာထက် အလှတရား[illegible]





မြင်အောင် ရှာဖွေတတ်တဲ့ လူတွေရှိနေသေးတယ်ဆိုတာ . . ကိုယ်တော့ ညီမတစ်ယောက်ရင်းပြီး သိလိုက်ရပြီပေါ့"

"ဟား ဟား ဟား"

တရားရဲရင့်၏ စကားကို အားလုံးသဘောကျပြီး ရယ်မောကြသော်လည်း ကျွန်တော့်မှာ မရယ်နိုင်အားဘဲ နွေးနွေးနေခြည်လက်ကိုဆွဲပြီး-

"နွေး . . သူတို့ ဘာပြောသွားကြတာလဲဟင်"

ဟု သိလိုသည်ကို အတင်းမေးရသည်။ နွေးနွေးနေခြည်က ချိုစွာပြုံးလျက်

"သိပ်သိချင်နေရင်လည်း ပြောပြမယ်လေ . . ကိုဇေကြီးက ယဉ်ယဉ်လေးရှူးနေတာတဲ့ . . ဒါကြောင့် အချိန်မှန်မှန်ဆေးတိုက်ပြီး အထူးဂရုစိုက်ပါတဲ့ရှင်"

"ဟောဗျ . . ဖြစ်ရမယ် . . ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

ရယ်သံလေးတွေ စည်ဝေသွားပြန်သည်။ ကျွန်တော်တို့နှစ်ယောက်အတွက် ပျော်ရွှင်စရာလေးတွေက ကိန်းထပ်ဆင့်ပြီး ဝုန်းကနဲပြုနေကြပြီမှန်း ကျွန်တော်ကောင်းစွာ နားလည်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ကျွန်တော်ထပ်၍ နားလည်မိသည်က ကျွန်တော်နှင့် ချစ်သော နွေးနွေးနေခြည်တို့ အစဉ်အမြဲ ပျော်ရွှင်စေနိုင်ဖို့အတွက် တစ်ချိန်က ကျွန်တော်၏ ချစ်သူများကို ကျွန်တော် အနိုင်မယူခဲ့ပါ။ လွန်လေပြီးသော ချစ်သူများကသာ ကျွန်တော့်ကို တမင်တလာ အရှုံးပေးခဲ့ကြရိုးအမှန်ဆိုတာ . . ။

မျိုးကိုမျိုး



BURMESE CLASSIC
www.burmeseclassic.com